# မှော်ဆရာမှတ်တမ်း

## ကိုကိုလေး

**အမှတ် (၁)**




lucky82 - mmcybermedia.com မှ
စာရိုက်တင်ပေးပါသည်။



မြန်မာဆိုက်ဘာ စာအုပ်စင်

## ၁၉၅၄ ခုနှစ်က ထုတ်ဝေခဲ့သော ပထမအကြိမ်ထုတ်စာအုပ်တွင် ဖော်ပြခဲ့သော ထုတ်ဝေသူ၏ ရည်မှန်းချက်နှင့်ဆန္ဒ

တန်ဖိုးရှိသော အဟောင်းသည် နောင်တစ်ခေတ်တွင် ပြန်လည်ဆန်းသစ်ရမည်သာ ဖြစ်ပေသည်။

ဝါသနာအရ စာပေလောကအတွင်းသို့ ခြေစုံပစ်၍ ဝင်ခဲ့မိသည့်အချိန်ကစ၍ ငယ်ရွယ်စဉ်က ဖတ်ရှုခဲ့ရသော စာပေများနှင့် ခေတ်စာပေတို့ကို အမြဲတစေ နှိုင်းယှဉ်ကြည့်မိပါသည်။

ငယ်ရွယ်စဉ်က ဖတ်ရှုခဲ့ရသော စာပေများကို ဖတ်ကောင်းသည်ဟူသော ခံစားမှုအသိသာ ရရှိခဲ့သည်။ စာဟူသောသမျှ မလွတ်တမ်း သိမ်းကြုံးဖတ်ခဲ့သည်။ မည်သည့်စာသည် မည်သို့ တန်ဖိုးရှိသည်ဟု နားမလည်ခဲ့ပါ။ ရေးပုံက ဘယ်လို၊ ရေးနည်းက ဘယ်ပုံ၊ နည်းနိဿယ ဘယ်လိုယူရမည်ဟု ပိုင်းခြားဝေဖန်နိုင်သော ဉာဏ်မမှီခဲ့ သိတတ်နိုင်စွမ်း မရှိသေးပါ။

စာပေ၏အရသာကို ခံစားတတ်ချိန် ဝေဖန်ပိုင်းခြားနိုင်ချိန်တွင် တစိမ့်စိမ့် အရသာခံ၍ ငယ်စဉ်က ဖတ်ခဲ့ဖူးသော စာအုပ်ဟောင်းများကို ရှာဖွေဖတ်ရှုကြည့်ရာ ခေတ်စာပေများနှင့် ကွာခြားချက်နှင့် တကွ အဟောင်း၏တန်ဖိုးကို အဖိုးမဖြတ်နိုင်ကြောင်း သိရှိလာပေသည်။

စာဖတ်တတ်ခါစအရွယ်ကစ၍ စွဲစွဲမြဲမြဲ ဖတ်ရှုခဲ့သော ဒဂုန်မဂ္ဂဇင်းမှ စာပေများသည် စိတ်ထဲဝယ် ဝိုးတဝါးထင်မြင်ဆဲ၊ လုံးဝလည်း သတိမရ၊ အားလုံးလည်း မပျောက်ပျက်၊ စာအုပ်တွေကိုလည်း ပြည့်စုံအောင် ရှာလို့မရ။

သို့ကြောင့် လောကအလယ်တွင် တကယ်ရှိသည်ဟု ထင်မြင် ယုံကြည့်နေမိသော 'မော်ဆရာ မှတ်တမ်း'ကို ဖတ်ရတာ သိပ်ကောင်းတာပဲဟူသော အစွဲကား ဦးနှောက်ဒိုင်ယာရီထဲတွင် အစဉ်စွဲနေပေသည်။

စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးထံတွင် စာပေဆည်းပူးရန် အကွက်ဆိုက်၍ ဘဝရေစက် ဆုံစည်းလာချိန်၌ စာပေအကြောင်း မေးမြန်းဆွေးနွေးရာမှ စကားစပ်မိသည်တွင် မမခင်က စာရေးပုံရေးနည်း သြဝါဒပေးတော့သည်။

"ဇာတ်ကွက်၊ ဇာတ်အိမ်၊ ဇာတ်လမ်းကို အသေးစိပ် ဂရုပြု၊ မိမိရေးလိုသော အကြောင်းအရာကို အသေးစိပ် လေ့လာပြီးမှ ရေးရသည်။ ကြောက်စရာစာပေကို ရေးလိုလျှင် ကိုယ်တိုင်ပင်ရေးရင်း ကြောက်လာအောင် ရေးရသည်။ မော်ဆရာမှတ်တမ်း ရေးတုန်းကများ တစ်ခါတလေ ကိုယ့်ဟာကိုယ် ရေးရင်း ရေးရင်း ကြောက်လာလို့ မအိပ်ဝံ့တာနဲ့ အနားမှာ အိပ်နေတဲ့ အိမ်သားတွေကို လျှောက်နှိုးရတယ်။ ကိုယ်တိုင်ကြောက်မှလည်း သူများကြောက်မှာပေါ့။ ဒါမှ သဘာဝကျတယ်၊ ပြည့်စုံတယ်"
ဟူသော သြဝါဒကို နာခံရချိန်တွင် အံ့သြခြင်းကြီးစွာနှင့်...

"ဟင်... ဒါဖြင့် ဒဂုန်မဂ္ဂဇင်းထဲမှာ မော်ဆရာမှတ်တမ်းဆိုတာ မမခင်ရေးတာပေါ့။ ကိုကိုလေးဆိုတာ မမခင်ရဲ့ ကလောင်နာမည်ပေါ့"
ဟု ကသောကမြော မေးမိရာ...

"အေး"
ဟူသော တစ်ခွန်းမျှပြော၍ ပြုံးရယ်နေပေသည်။

ဤတွင် ဒဂုန်ခင်ခင်လေး၏ လျှို့ဝှက်နိုင်မှုကို အထူးပင် အံ့သြမိပေသည်။ (၃)နှစ်ကျော်မျှ အတူနေ၍ အရိပ်အာဝါသကို ခိုလှုံကာ အန္တေဝါသိက တပည့်ခံခဲ့သည်။ ကိုကိုလေးဟူသော လျှို့ဝှက်ကလောင်အမည်ကို မသိခဲ့၊ ထင်ပေါ်မှု မလိုလားသူတို့အတွက် နာမည်ကို သိပ်လျှို့ဝှက်တတ်ကြပေသည်။ ထိုလျှို့ဝှက်သော ကလောင်အမည်များအတွက် အချို့ အချောင်မှုမှာ ယခုခေတ်တွင် ရေပန်းသမားများ စားပေါက်ချောင် စားနေပြန်သည်။ သူများရေးတာကို ကိုယ်ရေးတာလုပ်ခါ လျှောက်၍ ကြော်ငြာခြင်း၊ ကိုယ်ရေးတာကိုပင် ကိုယ်တိုင်လျှောက်၍ ကြော်ငြာခြင်းများနှင့် 'တစ်တီတူး'တွေ များပြားနေသော ခေတ်တွင် ဤစကားကို ကြားရချိန်၌ 'ဩော် မပြည့်သော အိုးများသာ ဘောင်ဘင်ခတ်ပေသည်' ဟူ၍ တရားကျမိပါသည်။

သို့ကြောင့်ပင် မမခင်၏ တိမ်မြုပ် ကွယ်ပျောက်စပြုနေသော စာပေတွေကို ပြန်လည်ဖော်ထုတ်လိုစိတ်မှာ မျိုသိပ်ချိုးနှိမ်၍ မရနိုင်အောင် ဖြစ်နေပေသည်။

"ခုခေတ်လူတွေနဲ့ ကလောင်ပေါက်စကလေးတွေဟာ မမခင် ဟိုတုန်းက ရေးတဲ့ဝတ္ထုတွေကို မဖတ်ဖူးကြဘူး။ စာအုပ်အဟောင်းတွေကလည်း စစ်ဘေး စစ်ဒဏ်ထဲ ပါကုန်ကြပြီ။ ဒါတွေကို လူငယ်တွေ ပြန်ဖတ်ရအောင် ကလောင်ရှင်ကလေးတွေ အတုယူနိုင်အောင် မမခင်ရေးတဲ့ ဝတ္ထုဟောင်းတွေ ပြန်လည်ထုတ်ဝေပါရစေ"
ဟူသော ပန်ကြားချက်ကို လက်ခံ၍...
"အေး... လုပ်နိုင်ရင် လုပ်လေ"
ဟူသော ခွင့်ပြုချက်အရ ဒဂုန်မဂ္ဂဇင်းအဟောင်းများကို ရသမျှ စုဆောင်းရှာဖွေ၍ မမခင် (ဝါ) ဒဂုန်ခင်ခင်လေး ရေးသားခဲ့သမျှသော ဝတ္ထုများ၊ မော်ဆရာမှတ်တမ်းများကို တစ်ဖန်ပြန်လည် ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

"မမခင် စုန်း၊ ကဝေ၊ တစ္ဆေ သူရဲဆိုတာ လောကမှာ တကယ်ရှိသလား၊ မမခင် တွေ့ဖူးသလား"
ဟု စောဒကဝင်မိပြန်သည်တွင် မမခင်က ဟက်ဟက်ပက်ပက် ရယ်မောလျှက်...
"ဒီအခန်းကို ရေးရာမှာ ဘုရားဟော သုတ်ဒေသနာတော်တွေဖြစ်တဲ့ ငါးရာ့ငါးဆယ့်၊ နိကာယ်ငါးရပ်၊ အပဒါန် သီလက္ခန်၊ ဓမ္မပဒ၊ အင်္ဂုတ္တိုရ်၊ ပေတ၊ ဝိမာနစတဲ့ ဝတ္ထုကျမ်းဂန်တွေထဲကရော လောကီကျမ်းတွေဖြစ်တဲ့ တဇ္ဇတ္တဒီပနီ ကဝေသာရစတဲ့ စာအုပ်စာတမ်းတွေကို ဇာတ်လမ်း တန်ဆာဆင်ပြီး နာနာဘာဝ၊ တစ္ဆေ သရဲ၊ ဥစ္စာစောင့်နတ်စိမ်း၊ နတ်မိစ္ဆာများနဲ့ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ မောက်လုံး၊ မောက်ပြား၊ မော်ကတော်၊ ထဘီခြုံ၊ ထမံသီစတဲ့ အောက်လမ်းလက်ဝဲဂိုဏ်းတွေ အကြောင်းကို မှတ်တမ်းတစ်ခုပြုပြီး ဒီမှတ်တမ်းကို အခြေခံပြုကာ စိတ်ကူးဉာဏ်နဲ့ချဲ့ထွင်ပြီး ကလောင်နဲ့ တန်ဆာဆင်ထားတာပေါ့ကွယ်"
ဟူသော အဖြေကို မှတ်သားကြားနာရချိန်တွင် ဤသို့ ခိုးခိုးခေါင်ခေါင် စိတ်ကူးဉာဏ် ထက်မြက်လျှက် ကလောင်ကွန့်နိုင်သော ပါရမီကို အထူးပင် ကြည်ညိုလေးစားမိတော့သည့် အလျောက် ဤပုဂ္ဂိုလ်ကြီး၏ ကလောင်လက်ရာများကို မပျောက်ပျက်စေရန် စုဆောင်းသိမ်းလျှက်၊ နောင်ခေတ်လူငယ်များအတွက် မှတ်တမ်းသဖွယ် စာအုပ်စာတမ်းများအဖြစ် စုပေါင်းချုပ်လုပ် ထားလိုခြင်းဖြင့် ပြန်လည်ထုတ်ဝေရေးကို စိတ်ဇောထက်သန်စွာ စိုင်းပြင်းလုပ်ကိုင်မိပေသည်။

သို့ ထုတ်ဝေရာတွင် စာအုပ်များမှာ ပြည့်စုံမှုမရှိ၍ မော်ဆရာမှတ်တမ်းကို ဒဂုန်မဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့သည့် အစီအစဉ်အတိုင်း မဖော်ပြနိုင်ဘဲ ရှိပေသည်။ ပြန်လည်စုဆောင်းရရှိသမျှ စာအုပ်များမှသာ ကူးယူရေးသား၍ ရိုက်နှိပ်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် 'ဒဂုန်ခင်ခင်လေး၏ ကလောင်ရှင်းတမ်း'တွင် လောကတွင် မရှိသော အရာဝတ္ထုကို တကယ်ပင် အသက်ဝိညာဉ်ရှိလေဟန် ကလောင်စွမ်းနှင့် ဖန်ဆင်း၍ ဇာတ်အိမ်တည်၊ ဇာတ်ကွက်ဖွဲ့ကာ၊ ဇာတ်လမ်းဆင်ထားသော ရေးသားနည်းများကို ကလောင်ရှင် ကလေးများ အတုယူနိုင်စေရန်နှင့် စာဖတ် ဝါသနာအိုးများအား စာကောင်း စာညွှန့်များကို တဝကြီး ဖတ်ရှုနိုင်ကြစေရန် ဟူသော စေတနာမွန်နှင့် ပြန်လည်ထုတ်ဝေခြင်းဖြစ်ရာ၊ အနှစ်ငါးဆယ် အတွင်းတွင် ထူးထူးခြားခြား ကလောင် ပြောင်မြောက်ခဲ့သော ဒဂုန်ခင်ခင်လေး၏ လက်စွမ်းများကို ဖတ်ရှုကြရခြင်းဖြင့် ဤသို့ ကလောင်စွမ်း၊ ချွန်ထက်သော အမျိုးသမီးစာရေးဆရာများ ပေါ်ပေါက်လာပါစေဟု ရည်သန်တောင့်တမိပါသည်။ သို့ အမျိုးသမီးများထဲမှ ကလောင်ချွန်သူများ ပေါ်လာပါက ထုတ်ဝေသူ၏ ဆန္ဒပြည့်ဝပြီ ဖြစ်ပါသည်။

စာအုပ် ထုတ်ဝေသည်ဆိုလျှင်ပင် အရေးအကြီးဆုံးသော မျက်နှာဖုံး ပြဿနာက ပေါ်ပေါက်လာလေသည်။ ခုခေတ် ထုတ်ဝေနေသော စာအုပ်စာတမ်း စာစောင်များမှာ ကြွရွကော့ပျံနေသော ရုပ်ပုံနှင့် ဆေးရောင်စုံ မျက်နှာဖုံး လှလှကလေးတွေကိုသာ လူကြိုက်များသည်။ အတွင်းစာသားက ဘာပဲဖြစ်နေနေ မျက်နှာဖုံးလှတို့ကိုသာ ဆေးရောင်စုံ ချယ်၍ ရိုက်နှိပ်ထုတ်ဝေကြသည်။ သို့ကြောင့် မော်ဆရာမှတ်တမ်း မျက်နှာဖုံးမှာ ကြောက်စရာ သရဲရုပ်ကြီးတွေနဲ့ အစွယ်ပြူးပြူး ဘီလူးရုပ်ကြီးတွေနဲ့ ထုတ်ဝေဖို့ မိတ်ဆွေအချို့က ပြောလာကြပြန်သည်။

"ဒီမှာ... ချောချောလှလှ ကြည့်ချင်ရင် နိုင်ငံခြားရုပ်ရှင်တွေ သွားကြည့်၊ အရုပ်ကို ကြည့်ချင်ရင် ကာတွန်းစာအုပ်တွေ ဝယ်ကြည့်၊ မော်ဆရာမှတ်တမ်းစာအုပ်မှာတော့ မျက်နှာဖုံးအရုပ်ကို မရောင်းဘူး။ အတွင်းက စာသားကိုသာ ရောင်းတာပါ။ နောက်ပြီး အမြတ်အစွန်းကို လိုလားလို့ ထုတ်ဝေခြင်းလည်း မဟုတ်ဘဲ စာပေဝါသနာအိုးများ တဝကြီး ဖတ်နိုင်ဖို့၊ စာကောင်းပေညွှန့် မြတ်နိုးသူတို့ သိုမှီးသိမ်းဆည်းထားဖို့၊ စာရေးဆရာဖြစ်ချင်သူ ကလောင်ညွှန့်ကလေးများ အတုယူပြီး နည်းနိဿယ ခံယူနိုင်ဖို့ကိုသာ ရည်ရွယ်ထားတယ်။ ဘာရုပ်ပုံနဲ့မှ မျက်နှာဖုံးသရုပ်ဖော်ဖို့ မလိုပါဘူး"
ဟု ဘုကျကျပင် ပြန်ပြောမိပါသည်။ အမှန်မှာ မွန်မြတ်သော စေတနာ၊ သန့်စင်သော ရည်ရွယ်ချက်ဖြင့် ပုံနှိပ်ထုတ်ဝေသော ကျွန်ုပ်၏ ကရုဏာဒေါသောကြောင့် ဘုတောမိခြင်း ဖြစ်သည်။ ဒါကြောင့်ပင် ကလောင်မိခင်ကြီး ကိုယ်တိုင်ပင် ပန်ကြားရပြန်သည်။

"မမခင် စာအုပ်မျက်နှာဖုံးအတွက် ဘယ်လိုစိတ်ကူးပါသလဲ။ ဗမာ့ခေတ် သတင်းစာထဲမှာ စာမြီးထည့်ပေးတဲ့ မြို့စောင့်သရဲကြီး ဝတ္ထုကို ပရိသတ် အတော်စွဲကြတယ်။ အရုပ်ကပဲ ဆွဲဆောင်မှုရှိလေသလားပဲ"
ဟု ပြောပြတိုင်ပင်ရာ...

"အို... အရုပ်က အရုပ်ပေါ့။ စာကစာပဲ။ အရုပ်တွေ ဘာတွေ လုပ်မနေပါနဲ့ ရိုးရိုးစာသားပဲ မျက်နှာဖုံးဆွဲလိုက်တာပေါ့။ အမျိုးသမီး ပန်းချီဆရာဖြစ်တဲ့ ဒေါ်မမကြီးကိုပဲ ဘဝတူချင်း အားပေးပါကွယ်။

အမျိုးသမီးထဲမှာ ပန်းချီပညာ ဒီလောက် ထွန်းပေါက်နေတဲ့ အနုပညာသည် ရှိမှန်းကိုတောင် လူသိနည်းနေကြတယ်။ မော်ဆရာမှတ်တမ်းနဲ့ ပတ်သက်တဲ့ ပန်းချီကိစ္စတွေကို အားလုံး ဒေါ်မမကြီးကို အပ်ပါ"

ဟူသော ညွှန်ကြားချက်အရ ဤမော်ဆရာမှတ်တမ်းပေါင်းချုပ်စာအုပ်၏ မျက်နှာဖုံးနှင့်တကွ အတွင်းဘလောက်များမှ ခေါင်းစည်းရုပ်ပုံများ အားလုံးမှာ အမျိုးသမီး ပန်းချီဆရာမကြီး ဒေါ်မမကြီး၏ လက်ရာများပင် ဖြစ်ပါကြောင်း ဖော်ပြရပါသည်။

ဤစာအုပ်မှ အစပြု၍ စုဆောင်းရရှိသမျှ မော်ဆရာမှတ်တမ်းနှင့်တကွ ဒဂုန်ခင်ခင်လေး ရေးသားခဲ့သော နှစ်ပေါင်း (၄၀)ကျော်အတွင်းက ဝတ္ထုဟောင်းများကို ဆက်လက် ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ကလောင်ညွှန့်များ ထွန်းကားပေါ်ပေါက်နိုင်ပါစေ။

တန်ဖိုးရှိသော အဟောင်းသည် နောင်တစ်ခေတ်တွင် ပြန်လည်ဆန်းသစ်ရမည်သာ ဖြစ်ပေသည်။

*ကလောင်ရှင်'ပြုံး'*
*ဒဂုန်ခင်ခင်လေးစာအုပ်တိုက်*
*၂၅၃ ဓမ္မစေတီလမ်း*
*ရန်ကုန်မြို့။*

## ဒဂုန်ခင်ခင်လေး၏
## ကလောင်ရှင်းတမ်း

၁၉၁၅-ခုနှစ်တွင် ဤစာရေးသူ၏ အနန္တဂုဏ်ရှင် မွေးမိခင်ဖွားမြင်သဖြင့် လူ့ခွင်လောက၌ ဘဝ၏အစ နိဒါန်းပျိုးခဲ့ရပါသည်။

၁၉၁၇-ခုနှစ်၊ အသက် ၁၂ နှစ်မြောက် ကျောင်းစာသင်ဆဲအချိန်မှာပင် စာရေးချင်သော ဝါသနာက ကလောင်ကိုင်ရန် တိုက်တွန်းနှိုးဆွနေပါသည်။

ထို့ကြောင့် ပျောက်ဆုံးသော ပတ္တမြား ဆိုသည့် ဝတ္ထုရှည်တစ်ပုဒ်ကို ၁၉၁၇-ခုတွင် စတင်ရေးသားမိပါသည်။ ထိုဝတ္ထုတစ်ပိုင်းလောက်ရှိလျှင် ကြားဖြတ်စိတ်ကူးတစ်ချက် ရပြန်သောကြောင့် ရလာသော ဇာတ်ကွက်ကို ပျောက်ပျက်မသွားစေရန် မသန်းရီ ဝတ္ထုဟူသော အမည်နှင့် ဝတ္ထုတိုတစ်ပုဒ် ရေးမိပြန်သည်။

သို့သော် ထိုဝတ္ထုနှစ်ပုဒ်မှာ အတော် ရှည်လျားနေသောကြောင့် ရေးမဆုံးသေးမီ တစ်ပိုင်းလောက်တွင် သူရိယနှင့် ဒဂုန်မဂ္ဂဇင်းမှ ဆုပေးဝတ္ထုများ ကြော်ငြာချက်အရ ဖူးစကက် စာမျက်နှာ ၁၆ ထက်မနည်း ၂၅ ထက်မများသော ဝတ္ထုတို ၂ ပုဒ်ကို ရေးပို့လိုက်ပါသည်။ ဝတ္ထုတစ်ခု၏ အမည်မှာ အလင်းရောင်ဖြစ်၍ တစ်ပုဒ်၏ အမည်မှာ နွဲ့နွဲ့ဟူ၍ အမည် တပ်လိုက်ပါသည်။ ထိုနှစ်ထဲမှာပင် ဝတ္ထု ၂ ပုဒ်လုံး မဂ္ဂဇင်း ၂ စောင်တွင် ရှေ့ဆက်နောက်ဆက် ပါရှိလာပါသည်။

ဝတ္ထုရှည် ၂ ပုဒ်ကိုမူ ၁၉၂၁-ခုနှစ်၌ ကိုယ်တိုင်ထုတ်ဝေသော အမျိုးသမီးဦးစီးသည့် တစ်လ (၂) ကြိမ်ထုတ် ကြည်တော်ဆက် မဂ္ဂဇင်းတွင် ထည့်သွင်းအသုံးပြုလိုက်ပါသည်။

ယင်းသည်မှအစပြု၍ ယနေ့ ၁၉၅၇-ခုနှစ်အထိ လူ့ဘဝ၏ အသက် ၅၂ နှစ်၊ ကလောင်ဘဝ၏ အသက် ၄၀ နှစ်သို့ ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ကလောင်သက် ၄၀ နှစ်အတွင်း စာပေလောက၌ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ မှတ်ဖွယ် အသွယ်သွယ်တို့ကို ကလောင်နှင့် တတ်စွမ်းသလောက် ရေးချယ်ခဲ့ရာတွင် ဒဂုန်ခင်ခင်လေး ဟူသော ကလောင်အမည်ကို အများဆုံးသုံး၍ ၁၉၂၀ ခုမှအစပြု၍ နိုင်ငံရေး လှုံ့ဆော်မှု ဆောင်းပါးများကို တစ်ဖက်တစ်လမ်းရေးသား၍ ကလောင်ခြေလှမ်း ချဲ့ခဲ့ပါသည်။ နိုင်ငံရေးဆောင်းပါးမှာ ရွှေကလောင် ဟူ၍လည်းကောင်း၊ မြကလောင်ဟူ၍လည်းကောင်း၊ ဟုမ္မရှူးလမ်းညွှန်ဟူ၍လည်းကောင်း၊ ကလောင်အမည် တပ်၍ သတင်းစာ၊ ဂျာနယ်များတွင် အတော်များများ ရေးသားခဲ့ပါသည်။

သူရိယမဂ္ဂဇင်းတွင် ဝတ္ထုတို ၄-၅ ပုဒ်မျှသာ ပြတ်တောင်းရေးပို့မိသော်လည်း ဒဂုန်မဂ္ဂဇင်းတွင်မူ သက်ဆိုင်သူတို့၏ မေတ္တာရပ်ခံချက်အရ လစဉ်ရေးပို့ရပါသည်။

ဒဂုန်မဂ္ဂဇင်းတွင် လစဉ်ဝတ္ထုတွင်မက အိမ်သုပညာခန်းတစ်ခန်းနှင့် အဲမောင်းလုံရေး ၃၇ ချင်း သရုပ်ပြဆောင်းပါးခန်း တစ်ခန်းကိုလည်း လစဉ် ရေးပို့လျက် ယုဝတီစက္ခုဆိုသော အခန်းအတွက်လည်း

ရတနာပုံ ထိပ်တင်လိုင်ဟူသော အမည်နှင့် ကွယ်လွန်သူ ပညာရှိကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တိုက်တွန်း တောင်းပန်ချက်အရ ပုဂံဆံထုံး ၅၅ မျိုး သရုပ်ပြဆောင်းပါး အစရှိသည်တို့ကို ရေးပို့ပေးရပြန်ပါသည်။

ယင်းမှတစ်ဆင့် ၁၉၃၃ ခုနှစ်ကစ၍ မော်ဆရာမှတ်တမ်းဆိုသော အခန်းတစ်ခန်း ဖွင့်ရေးရန် စိတ်သန်လာပြန်သောကြောင့် စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ သိုက်သမိုင်း ဝတ္ထုများကို စတင်ရေးသားခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရပါမူ စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲ ဝတ္ထုများကို ရေးသားလိုသော်လည်း ကိုယ်တိုင်က စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲများကို ယုံကြည်မှု မရှိခဲ့သောကြောင့် ဖြစ်ပါသည်။ မိမိကိုယ်တိုင် ယုံကြည်မှုမရှိဘဲ သူတကာများ ယုံကြည်အောင် ဘယ်ကဲ့သို့ ရေးသားရပါမည်လဲဟု အခက်အခဲ ဖြစ်လာပြန်သည်။ သို့ကြောင့် စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ သိုက်သမိုင်းများကို ရေးစာပေ၌ တွေ့ရသမျှ နိုက်နိုက်ချွတ်ချွတ် ရှာဖွေစုဆောင်းဖတ်ရှုခဲ့သည်။ အင်းအိုင် ခလှဲ့၊ လက်ဖွဲ့ ပြုလုပ်နည်း စာပေ ပုရပိုက်အဟောင်းများ၊ ကဝေသာရ ကျမ်းဟောင်း ပေစာဟောင်းများကို လေ့လာရုံမက စုံး၊ ကဝေပညာတတ်သည်ဟု သတင်းဖြစ်နေသူများကို လေ့လာမိသည်။ ယုံကြည်မှုကား ထိုအချိန်အထိပင် မရှိခဲ့ပေ။ သို့တစေလည်း စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲ ဝတ္ထုများရေးသားရန် အချက်အလက်နှင့် ဇာတ်ကွက် ဇာတ်လမ်း ဆင်နိုင်ရန် အထောက်အထားများ စုံလင်ပြည့်ဝလာသောကြောင့် မော်ဆရာမှတ်တမ်းခန်းကို ဖွင့်၍ စုံး၊ ကဝေ၊ တစ္ဆေ၊ သရဲဝတ္ထုများကို ပိုင်ပိုင်နိုင်နိုင် ရေးသားရပါတော့သည်။

မော်ဆရာမှတ်တမ်းအဖို့လည်း ကလောင်နာမည်တစ်မျိုး ရှာရပြန်ပါသည်။ ထိုကလောင်အမည်မှာ ကိုကိုလေးဟူ၍ ဖြစ်၏။ သို့အတွက် ကိုကိုလေးကိုပင် တစ်ဖန်ပြန်၍ အသက်သွင်းရပြန်ပါသည်။

လောကတွင် တကယ်မရှိသော ကလောင်ဆရာ ကိုကိုလေးဆိုသူကို တကယ့်တကယ် ရှိလေဟန်နှင့် ကလောင်တံဖြင့် သူ့ကို အသက်သွင်းထားရပြန်ပါသည်။

သို့ကြောင့် တစ်ဖက်စာမျက်နှာတွင် တွေ့မြင်ရမည်ဖြစ်သော မော်ဆရာမှတ်တမ်းရေးသူ ကိုကိုလေး၏ အမှာနိဒါန်းကို ဆက်လက်ဖတ်ရှုပါက ကိုကိုလေးအား တကယ့်သားမယား အိုးအိမ်နှင့် လူသားစင်စစ်ကြီးအသွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း...

*ဒဂုန်ခင်ခင်လေး*

*၂၃-၇-၅၇*

## မော်ဆရာမှတ်တမ်းရေးသူ ကိုကိုလေး၏
## အမှာနိဒါန်း

၁၉၃၃ အောက်တိုဘာ

ကျွန်တော်သည် ယခု သီတင်းကျွတ်လတွင် ထုတ်ဝေသော ဒဂုန်မဂ္ဂဇင်းမှ အစပြု၍ အထက်အမည်ပါ မော်ဆရာမှတ်တမ်းခေါ် အခန်းကြီးတစ်ခုကို ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပြီးလျှင် လောကတွင် မကောင်းသဖြင့် အနိုင့်အထက် နှိပ်စက်ဖမ်းစား ရမ်းကားရှုပ်ပွေ အပဟိတ်ပဋိသန္ဓေမျိုး ဖြစ်ကြကုန်သော မိစ္ဆာနတ်ဆိုးတစ်မျိုး၊ စုံး၊ ကဝေ၊ တစ္ဆေ၊ ပြိတ္တာ၊ မှင်စာ၊ သရဲမှစ၍ နာနာဘာဝတို့နှင့် ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ အကြောင်းအရာ အတ္တုပတ္တိတို့ကို လစဉ် လစဉ် ရေးသားရတော့မည်ဖြစ်၍ ကျွန်တော်၏ အကြောင်းကိုလည်း အနည်းငယ်မျှ ရေးသားရန် ဝတ္တရားရှိပါသဖြင့် အောက်တွင် ဖော်ပြပါအံ့။

ကျွန်တော်သည် ၁၉၂၅ ခု၊ ဧပြီလတွင် ဟိုက်စကူးဖိုင်နယ် ဆယ်တန်းစာမေးပွဲအတွက် အောင်မြင်သူများအဖို့ ဂေဇက်ထွက်လာသောအခါ ကျွန်တော်နေသော ကျောင်းမှ ကျောင်းသားများ၏ စာရင်းတွင် ကိုကိုလေးဆိုသော ကျွန်တော်၏ နာမည်သည် ထိပ်ဆုံးမှ ပါလာသဖြင့် မိဘများကလည်း (၁၀) တန်းအထိသာ သင်ပေးနိုင်မည်။ မင်း ၁၀ တန်းအောင်လျှင် အလုပ်ထွက်ပြီး လက်ရှိအရောင်းအဝယ် အလုပ်ကို ကူညီလုပ်ကိုင်ရမည်ဟု အမြဲ ပြောထားဖူးသဖြင့် လူမှန်းသိကတည်းက ကျပ်တည်းဆင်းရဲစွာ နေထိုင်ခဲ့ရသော ကျောင်းကြီးနှင့် အပြတ်ကြီးပြတ်ရတော့မည်ဖြစ်သော်လည်း များစွာ ဝမ်းမနည်းလှဘဲ ရှိတော့၏။

ထို့နောက် မိဘများနှင့်အတူ လုပ်ကိုင်ရောင်းဝယ်မှုကို ကူညီနေစဉ်၊ ကျွန်တော်၏ ကိုယ်ရေး ကိစ္စတစ်ခုကို အကြောင်းပြု၍ အထက်လမ်းဆရာကြီး ဦးအောင်ကြီးနှင့် တွေ့ဆုံရာမှ တစ်စတစ်စ ခင်မင်ရင်းနှီးကာ နောက်ဆုံး ၎င်းဆရာကြီးတပည့်အဖြစ်နှင့် ပညာရည်နို့သောက်စို့ မှီခိုခဲ့ရာ ဆရာကြီး ဦးအောင်ကြီးမှာ အထက်လမ်းဆရာသက်သက် အစွမ်းကလည်း လွန်စွာ ထက်လျက် ရက္ခစိုးမှော်၊ ဘုရားမှော် စသော မှော်ဘက်တွင်လည်း မှော်ဝိဇ္ဇာတမျှ စွမ်းခဲ့လှ၍ ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါး၊ နတ်ကြီး (၅) ပါး၊ ဆေးစီရင်နည်း၊ အသုံးချနည်းနှင့် ဂါထာစုတ်ပုံများမှာလည်း ကျွန်တော်တွေ့ခဲ့ရသလောက်တွင် ဆရာကြီး ဦးအောင်ကြီးလောက် အာဏာစက်ပြင်းသော ဆရာတစ်ဦးမျှ မတွေ့ခဲ့ရဖူးသည့်အပြင် ကျွန်တော့်ကိုယ်ရေးကိစ္စတွင်လည်း ဆရာ့ဆရာများ စုံခဲ့လှရာမှ ယခု ဆရာကြီးဦးအောင်ကြီးလက်ထက် ကျရောက်မှပင် အကျပ်အတည်း ဒုက္ခကြီးမှ လွတ်မြောက်ခဲ့ရပေတော့၏။ ဝါသနာဘာဂီဆက်တိုင်းမှီ ဆိုသလို ထိုထိုဘာဝတို့မှလည်း ဘာဂီအထုံ စွဲခဲ့လေသည်မသိ၊ ထိုအခါကစပြီး ဆရာကြီး၏ တပည့်ရင်းခံကာ ထိုလမ်း၊ ထိုပညာကို လွန်စွာ တောင့်တလိုချင်လှသောကြောင့်၊ အိမ်က အဆူအပူအကြိမ်းအမောင်းခံကာ ဆရာကြီးသွားရာသို့ ဆေးအိတ်ကိုထမ်းကာ ပညာခိုမှီးရင်း ခြေရင်း အလုပ်အကျွေးပမာ တပည့်ခံကာ လိုက်ပါသွားခဲ့ဖူးသဖြင့် ဆရာကြီးကလည်း အခကြေးငွေ ပစ္စည်းများကို ပဓာနမထား မတရား ဒုက္ခခံစားရရှာသော သတ္တဝါများကို သနားကြင်နာစွာ ကယ်ဆယ်ကူသလေ့ရှိသည့်အတိုင်း အနယ်နယ်အရပ်ရပ် နှံ့စပ်အောင်ပင် ခေါ်လာသမျှ လိုက်ပါသွားရောက်ခဲ့ရာ ကျွန်တော့်မှာလည်း ပညာသင်တပည့်ဖြစ်၍ ဆရာသွားရာ ကောက်ကောက်ပါခဲ့သည့် အားလျော်စွာ တစ်နှစ်မျှ ကြာလျှင်ပင် အတော်အတန် ပညာခံရထားသည်နှင့် တစ်ခါတရံ ဆရာကူသရန်ရှိသော ဒုက္ခိတသတ္တဝါများကို ဆရာမအားလပ်ပါက ဆရာ့ကိုယ်စားလွှဲအပ်ကူသရန်ပင် တာဝန်ပေးသည်ကို ယူကူသခဲ့ရလေ၏။

ယင်းသို့ဖြင့် လှည့်လည်သွားလာနေခဲ့ရာ အထက်ချင်းတွင်း အောက်ချင်းတွင်းမှစ၍ ဆရာကြီး၏ နာမည်မှာ ဟိုးဟိုးကျော်ခဲ့လေသတည်း ဆရာကြီး၏ နာမည်မှာ လွန်စွာ ထင်ရှားခဲ့ပေ၏။ မြို့ကြီး ရပ်ကြီးများတွင်လည်း ဆရာဦးအောင်ကြီး အမည်ကို မသိဖူးသူ ရှားလေ၏။ ကျွန်တော်ကား ဆရာကြီးသွားရာတွင် တကောက်ကောက်ပါခဲ့သော အန္တေဝါသိက ဆရာ့တပည့်ရင်းကြီး တစ်ယောက် ဖြစ်သောကြောင့် ရောက်ရာတွင် လွန်စွာ မျက်နှာပွင့်လန်းခဲ့ဖူးလေ၏။ ဝါသနာအတိုင်း ပညာရှာရင်း ဆရာနှင့်အတူ တွေ့ကြုံကုသရာ၌ အထူးအဆန်း ကြားမြင်တွေ့ကြုံခဲ့သမျှကို ဆရာ့လက်သုံး ဒိုင်ယာရီမှတ်တမ်းကြီးတွင် အမြဲထည့်သွင်း ရေးသားထားခဲ့သည်ဖြစ်လေ၏။ ထိုကဲ့သို့ ခရီးရှည် လှည့်လည်ခဲ့ကြရာ ကျွန်တော်ထွက်ခွာလာခဲ့သည်မှစ၍ ရေတွက်သော် (၂) နှစ်နှင့် (၇) လ (၁၈) ရက်အရတွင် နေရင်းဌာန ရတနာပုံနေပြည်တော်ကြီးသို့ ဆရာကြီးနှင့်အတူ ပြန်လည်ဆိုက်ရောက်ခဲ့ရာ ကျွန်တော်၏ ဖခင်ပွဲစားကြီး ဦးရာကျော်မှာ မရဏမင်း သူ့လက်တွင်းသို့ သက်ဆင်းမနေ ကွယ်လွန်ပြီးလေသည်မှာ တစ်လကျော်မျှ ကြာပြီဖြစ်ကြောင်း မိခင်နှင့် ဇနီးသည်၏ သနားစဖွယ် ငိုယိုပြောပြမှ ဝမ်းနည်းစွာ နားထောင်နေရလေတော့၏။ ငါခရီးလွန်နေသဖြင့် ငါ၏ ချစ်လှစွာသော ဖခင်ကို မတွေ့မြင်လိုက်ရလေခြင်းဟု အတော်ပင် ယူကြုံးမရ ဖြစ်မိလေ၏။ ကျွန်တော် ရောက်ရာအရပ်က စာရေးသော်လည်း အိမ်က ကျွန်တော့်ထံ စာပြန်ပေးရန် လိပ်ကိုကား အလျဉ်း မထည့်ခဲ့ပေ။ ထို့ကြောင့် အိမ်တွင် အကြောင်းကိစ္စ ထူးထွေရှိသော် မသိရရှိခဲ့သဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိ၏။ သို့သော် ကျွန်တော့်အယူကား ကျွန်တော်ရှိရာအရပ်သို့ တပ်အပ်သိကြလျှင် အဖေသော်လည်းကောင်း၊ အမေသော်လည်းကောင်း၊ ဇနီးသည် မခင်ယုံသော်လည်းကောင်း တစ်နေ့နေ့ ကျွန်တော့်ကို ဖွတ်လာ၍ ခေါ်သွားပါက ဆရာ့ပညာကို မရလိုက်မှာ စိုးရိမ်မိသောကြောင့် မည်သည့်အခါကမျှ မရေးခဲ့ခြင်းဖြစ်ပေ၏။

အိမ်သို့ ရောက်ရှိသောအခါ ဆရာကြီးကို အိမ်ဦးခန်းမှာ ထား၍ ကုသရန်ရှိသည်များကို နှစ်လခန့်အတွင်း လက်ခံကုသနေပြီးလျှင် တစ်နေ့သောအခါ ဆရာကြီးသည် ကျွန်တော်နှင့်တကွ အိမ်သားများကိုခေါ်ကာ ဆရာသွားတော့မည်ဟု တစ်ခွန်းတည်း အမိန့်ရှိလေရာ ကျွန်တော့်မှာ ဆရာကြီးသည် ငါ့အိမ်တွင် နေထိုင်ရသည်မှာ အပြုအစုလို၍ ဆင်းရဲငြိုငြင်သဖြင့် သွားမည် ပြောသည်ဖြစ်အံ့ဟု တွေးတောပူပင်ကာ များစွာ စိတ်မကောင်းဖြစ်မိရာ ဆရာကြီးမှာ ကျွန်တော့်အကြံကို သိသကဲ့သို့ ငါ့တပည့် ဘာမှ ထွေထွေရာရာ မတွေးနှင့် ဆရာသွားမည် ပြောသည်မှာ စုံး၊ နတ်၊ ပယောဂ စသဖြင့် မတရားသဖြင့် ဖမ်းစားနှိပ်စက်ခြင်းခံနေရသော ဒုက္ခိတသတ္တဝါများကို သုံးနှစ်တိတိ ကယ်ဆယ်ပေးရန် ဆရာ့အဓိဋ္ဌာန် ပြုခဲ့သည်မှာ သုံးနှစ်စေ့ရောက်သဖြင့် ရှေ့အဖို့တွင် လူတို့ရပ်ရွာမှ ခွာရှောင်၍ တောကြီးတောင်ကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများကို လှည့်လည်သွားရောက်ကာ ဆရာ၏ ကိုယ်ရေးကိစ္စများကို ကြိုးစားရတော့မည်။ အထက်ဆရာကြီးများနှင့်လည်း တိုင်ပင်နီးနှောစရာ ကိစ္စတွေ များသေးသည်။ သို့အတွက် ငါ့တပည့်ကို ခေါ်ပြောခြင်းဖြစ်ကြောင်း၊ ပြောပြရာ ကျွန်တော့်မှာ ဒီတစ်ခါ မလိုက်ရတော့ဘူးလား ဆရာရဲ့၊ ဆရာမရှိရင် တပည့်အားငယ်စွာ နေရပါတော့မယ်ဟု မျက်ရည်တလည်လည်နှင့် ပြောမိရာ၊ ကျွန်တော့်မိခင် ဒေါ်လေးကြီးနှင့် ဇနီးသည် မခင်ယုံတို့မှာ ဆရာကြီးအား ပွဲစားကြီးသေဆုံးပြီဖြစ်၍ အိမ်တွင် အားကိုးအားထား ယောက်ျားမရှိသဖြင့် ကျွန်တော့်အား ခေါ်မသွားရန် အတန်တန် တောင်းပန်လျှက်ရှိကြလေ၏။

ဆရာကြီးလည်း ပြုံးရယ်ကာ မိမိ ယခုသွားရမည့်ကိစ္စမှာ မိမိတစ်ဦးတည်းနှင့်သာ သက်ဆိုင်သဖြင့် လူပိုလူလျှံ တစ်ယောက်မှ မခေါ်နိုင်ကြောင်း၊ မိမိမရှိသော်လည်း အားငယ်ရန်မရှိကြောင်း၊ ဒုက္ခသည်များကို ကယ်ဆယ်စောင့်ရှောက်ရန် မိမိအသုံးပြုသော ဆေးအိတ်ကြီးနှင့် ဆေးနည်းများ၊ မှတ်တမ်း

စာအုပ်များနှင့်တကွ ဒေဝီ (၇) ပါးရုပ်၊ နတ်ကြီး (၅) ပါးရုပ် စသော နတ်ရုပ်များ၊ ဆေးတောင့် အမျိုးမျိုးများ၊ လက်ဖွဲ့အင်းအိုင်၊ ဂါထာမန္တရားစသည်တို့ ပြည့်နှက်စွာ ထည့်သိုထားသော မှန်စီရွှေချ ဆေးအစ်ကြီးကိုလည်း ဆရာ့ကိုယ်စား ထားခဲ့မည်။ ဆရာ မရှိသော်လည်း ဆရာရှိသကဲ့သို့ပင် ဖြစ်၍ ဝမ်းနည်းအားငယ်ဖို့ မရှိကြောင်း ပြောဆို မှာကြားခဲ့ပြီးနောက် ဆရာကြီးလည်း လင်းအားကြီးလောက်တွင် ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားလေတော့၏။

ထိုအခါမှစ၍ ကျွန်တော်သည် မိခင်နှင့်ဇနီးသည် မခင်ယုံတို့ကို စောင့်ရှောက်ရင်း ဖခင်ပွဲစားကြီး၏ အလုပ်များကို ဆက်လက်လုပ်ကိုင်နေထိုင်ခဲ့ရသော်လည်း ဆရာကြီး၏ တပည့်ဟူသော အရှိန်နှင့် တစ်ခါတစ်ရံ နတ်တိုက်စုံးတိုက် အမှောင့်ပယောဂ အစွဲဝင်သူစသည်တို့မှာ ကျွန်တော့်ထံ လာရောက်ခေါ်ငင်ကြသဖြင့် ခြေကြွမရှိ အခမဲ့စောင့်ရှောက် ကယ်ဆယ်ခဲ့ရလေရာ၊ တစ်ခါတရံ အားလပ်သောအခါ၌လည်း ဆရာကြီးကို အောက်မေ့လွမ်းဆွတ်မိသဖြင့် ဆရာကြီးပေးခဲ့သော ဆေးအစ်ပါ ပစ္စည်းအမျိုးမျိုးတို့ကို ကြည့်ကာ ဆရာ၏ မျက်နှာကို ထင်မြင်မိရုံမျှမက ကျွန်တော်နှင့် ဆရာကြီး သွားလာကုသခဲ့ရပုံများကို တွေး၍ တရေးရေးပေါ်လာကြလေ၏။

ထိုအခါက တွေ့သမျှ ကြုံသမျှ ရေးမှတ်လာခဲ့သော မှတ်တမ်း စာအုပ်ကြီးကိုလည်း ဖွင့်ကြည့်မိလေတိုင်း မျက်မြင်ကိုယ်တွေ့ အကြောင်းအရာစုတို့သည် ယခု လက်ငင်းဖြစ်နေသကဲ့သို့ ထင်မြင်မိလေ၏။ တစ်ခါတရံ အသိမိတ်ဆွေများကို စားမြုံ့ပြန်၍ ပြောရသောအခါ ကျွန်တော်၏ စိတ်များမှာ လွန်စွာ ပျော်ရွှင်လျက်ရှိချေ၏။ ယင်းသို့ တစ်ယောက်စ နှစ်ယောက်စ ပြောရသည်ပင် ဤမျှ ပျော်ရွှင်သေး၏တကား၊ ငါးယောက် ခြောက်ယောက်ကို ပြောရလျှင် ထို့ထက်မကပင် တစ်နိုင်ငံလုံးကို သိအောင်ပြောရလျှင် အတိုင်းထက် အလွန်ဖြစ်တော့၏။

ထို့ကြောင့် ကျေးဇူးရှင် ဆရာကြီး၏ အကြောင်းကို မြန်မာတစ်နိုင်ငံလုံး မောင်းတီးသလို ကြားအောင် ပြောလိုလှသဖြင့် ကျွန်တော် မှတ်တမ်းတင်ခဲ့သော ဒိဋ္ဌကိုယ်တွေ့အကြောင်းအရာ အတ္ထုပ္ပတ္တိများ ဟုတ်တိုင်းမှန်ရာကို ဖော်ပြရေးသားခြင်းဖြင့် ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော် ချီးကျူးကာ အလွမ်းဖြေရပါတော့အံ့သတည်း။

*ကိုကိုလေး (ပွဲစား)*
*ဆိုင်းတန်းရပ်*
*မန္တလေးမြို့။*

# ချစ်သူ့လိပ်ပြာ
## ပထမပိုင်း
(၁၉၃၉ နိဝင်ဘာလတွင် ရေးသည်)

စောမြအေးမှာ ကျောက်မဲမြို့သူကလေး ဖြစ်သော်လည်း ပြင်ဦးလွင်အင်္ဂလိပ်သီလရှင်ကျောင်း တစ်ကျောင်းတွင် ပညာသင်ပြီးနောက် နမ္မတူဘော်တွင်း အလုပ်ဌာနကြီးကို အမှီပြုကာ ဖွင့်ထားသည့် အင်္ဂလိပ် ကုန်တိုက်ဆိုင်ကြီးတစ်ခုတွင် ကုန်ရောင်း စာရေးမကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေသည်မှာ အချိန်ကာလ အတော်ကြာခဲ့ပြီဖြစ်လေ၏။ ရုပ်ရည်ကလေးလှ၊ အရွယ်ကလေးသင့်၊ ချစ်ချင့်စဖွယ် ပီယဝါစာသာယာချိုအေး အပြောအဆိုကလေးများကြောင့် ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျာ်း၊ ကာလသား၊ အဘိုးအိုမကျန် ခေတ်ဆန်ဆန် ပြင်ဆင်ဝတ်စားထားသော စောမြအေးနှင့် တစ်ခါတွေ့ဖူးလျှင် အထူးချစ်ကျွမ်းဝင်၍ သွားသည်သာ များလေတော့၏။

ရှမ်းမလေး ဖြစ်သည်တစ်ကြောင်း၊ အင်္ဂလိပ်သီလရှင် ကျောင်းထွက်ကလေးဖြစ်သည်တစ်ကြောင်း၊ မျက်နှာဖြူကုန်တိုက်ကြီးတွင် အလုပ်လုပ်ရသူဖြစ်၍ အများအားဖြင့် မျက်နှာဖြူ ထီး၊ မတို့နှင့် အများဆုံး ဆက်ဆံ တွေ့ကြုံနေရသူဖြစ်သည် တစ်ကြောင်းတို့ကြောင့် စောမြအေး၏ နဂိုစိတ်ခံ သွက်လက် ဖျတ်လတ်ခြင်းတို့မှာ မြေတောင်မြှောက်ပေးဘိအလား များရာတွင် အဆစ်လောင်းသလို မိတ်ဆွေ အပေါင်းအသင်းကို များချင်တိုင်း များစေသကဲ့သို့ ရှိသောကြောင့် စောမြအေးတစ်ယောက် ရှိသည့်အတွက် ထိုကုန်တိုက်ကြီးမှာ အခြားကုန်တိုက်များထက် ထူးထူးခြားခြား ပို၍ ရောင်းချနေရသည်ကို မန်နေဂျာကြီးကိုယ်တိုင် ကောင်းစွာ သိရှိရသဖြင့် မန်နေဂျာသည် စောမြအေးအား အခြားသော ကုန်ရောင်း စာရေးများထက် အထူး မျက်နှာသာပေးပြီး အခါများစွာလည်း အရောတဝင် ခေါ်ငင်ပြောဆိုခြင်းဖြင့် စောမြအေးနှင့် အထူးရင်းနှီးလျက် ရှိပေ၏။

ထိုမန်နေဂျာကြီးမှာ မစ္စတာဟဲရစ်ဆိုသူ အသက် (၄၀) ကျော်ခန့်ရှိ မြန်မာပြည်ပေါက် အင်္ဂလိပ်ကပြားကြီးတစ်ဦး ဖြစ်၍ အလုပ်အကိုင်ဘက်တွင် အထူးရှိသေစေ့စပ်လျက် အမြင်ကျယ်သူ၊ လာဘ်မြင်သူ ဖြစ်သလောက် သူ၏ အိမ်သူဇနီး မဖက်တီးကြီးကို အထူးကြောက်ရသူ ဖြစ်လေ၏။ မစ္စတာဟဲရစ်၏ ဇနီးမှာ ဖြူဖြူဝဝ မြန်မာရည်ဝသော ကပြားနမကြီး ဖြစ်လေရာ၊ ငယ်ရွယ်စဉ်အခါက မျက်နှာဖြူအိမ်များတွင် ကြာမြင့်စွာ အာယားလုပ်လာခဲ့ဖူး၍ အင်္ဂလိပ်စကားနှင့် အင်္ဂလိပ် အလေ့အထဆိုသမျှ အရည်ကျို သောက်ချလာခဲ့သူ တစ်ဦးဖြစ်ပြီး မစ္စတာဟဲရစ်နှင့် အပျော်လိုလိုနှင့် ညားရာမှလည်း ကံအားလျော်စွာ အတည်လက်ထပ်မယား ဘဝရောက်လာသူဖြစ်လေ၏။ သို့နှင့်လည်း မစ္စတာဟဲရစ်အား ငါးခြောက်ဆိုလျှင် ဖုတ်ပြီး ထုပြီး ဆီဆမ်းပြီးသားဖြစ်အောင် ပိုင်ပိုင်နိုင်နိုင် အစွာကြီးစွာနေနိုင်သည်မှာ မပေါ်ကြီးတွင် ဆေးကောင်းရှိလို့ အဆောင်ကောင်းရှိလို့ဟု အချို့က ပြောကြလျက်၊ မစ္စတာဟဲရစ်မယားကို ပြားပြားဝပ် ကြောက်ရသည်မှာလည်း ဆေးမိနေလို့ဟု ပြောကြပြီး အချို့ဆေးဝါးပယောဂတို့ကို အယုံအကြည်နည်းသူတို့မှာမူကား မပေါ်ကြီးမှာ တစ်ခုကောင်း ရှိလို့ ဒီငတိကြီး စွဲတာပါကွာဟု ပြောသူပြောပြီး အချို့ကလည်း မစ္စတာဟဲရစ်၏ ကြီးစွာသော အချစ်ကြောင့်သာဟု အသီးသီး လူလည်လူတတ်ကြီးလုပ်ကာ ဝေဖန်ချက် ပေးနေကြလေ၏။

သို့နှင့် အခြားသော အလုပ်သမားများမှာ စောမြအေးကို မန်နေဂျာ အရေးပေးခြင်းနှင့် ပတ်သက်၍ မနာလိုဝန်တိုစိတ်များ ဖြစ်ပေါ်လာကြသဖြင့် မစ္စတာဟဲရစ်၏ ဇနီး မစ္စစ်ဟဲရစ်ခေါ် မပေါ်ကြီးအား

သွားရောက် ကုန်းချောခြင်းကြောင့် မပေါကြီးမှာ တစ်ထောင့်မှ တဆူဆူ တပွက်ပွက် မစ္စတာဟဲရစ်နှင့် မျက်နှာချင်းဆိုင်မိတိုင်း ကြိမ်းမောင်း ရေရွတ်တတ်လေရာ၊ မပေါကြီးကလွဲ၍ ဖွဲ့နှင့်ဆန်ကွဲသာထင်ကြောင်း၊ စောမြအေးကို အရေးပေးရသည်မှာ သူရှိသည့်အတွက် ဆိုင်ကြီးတွင် အထူးကုန်ရောင်း သွက်လက်နေပါသောကြောင့် တမင်အရေးပေးထားရခြင်း ဖြစ်ကြောင်း၊ စောမြအေးမှာ ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ နေတတ်၊ ပျော်တတ်သူဖြစ်၍ လူတိုင်းနှင့် အရောတဝင် ခင်မင်စွာ နေထိုင်ပြောဆိုတတ်သော်လည်း သူ့တွင် အချစ်ဆုံးရည်းစားတစ်ယောက် ရှိကြောင်း၊ မိမိကိုယ်တိုင် သိရကြောင်း၊ သို့အတွက် အထင်မမှားစေလိုကြောင်း အခါခါ ထာဝရဘုရားကို တိုင်တည်ပြောဆိုမှ ဒေါ်ပေါကြီး ကျေနပ်သွားသည့်တိုင်အောင် ဒါပဲနော် လူကြီး လူကြီးပီပီနေပါ၊ ကိုယ့်လက်အောက်ငယ်သားတွေနဲ့ ဒါလောက် အရောတဝင်လုပ်မနေပါနဲ့ ကျူပ်မကြိုက်ပါဘူး ဟူသော နောက်ဆက်တွဲ ဥပဒေအပုဒ်ငယ်တစ်ခု အရေးတကြီး ထုတ်လိုက်ခြင်းဖြင့် အဆုံးသတ်ကာ အရှုပ်အထွေးတစ်ရပ် အေးငြိမ်းသွားခဲ့လေတော့၏။

"အန်ကယ် နက်ဖြန် အေးတို့ ပစ်ကနစ်သွားမယ်။ အန်ကယ်လိုက်မလား"

ဟု စောမြအေးက ဘောက်ချာရေးရင်းမှ လှမ်းမေးလိုက်လျှင် မပေါကြီးမျက်နှာကို ရှေးဦးစွာ ပြေးမြင်မိသော မစ္စတာဟဲရစ်မှာ ရုတ်တရက် အဖြေမပေးသာဘဲ အငေးသားနေမိသည်တွင်...

"ဟင် အန်ကယ် လိုက်မယ်မဟုတ်လား။ လိုက်ခဲ့ပါအန်ကယ်ရယ်နော်။ နက်ဖြန် ဆန်းဒေးပဲ အန်ကယ်အားပါတယ်"

"လိုက်တော့ လိုက်ချင်ပါရဲ့။ ဒါပေမဲ့ အိမ်မှာ ဧည့်သည်တစ်ယောက်ကို ကီးစွန့် ချိန်းထားတာ ရှိနေတယ် ကစ်ဒီရဲ့"

(စောမြအေးဟူသော အမည်မှာ မြန်မာအသိမိတ်ဆွေများကသာ အသုံးပြု၍ အင်္ဂလိပ်ကပြားတို့ကမူ ကျောင်းနာမည်အတိုင်း ကစ်ဒီဟု ခေါ်ကြသည်။)

အေး။ ။ "အံမယ် အန်ကယ် ညာပြောတာပါ။ အန်ကယ့်မိန်းမကြီးက ဆန်းဒေးတစ်နေ့အတွက် သူနဲ့ တစ်နေကုန်များ မျက်နှာချင်းဆိုင်နေရမယ်လို့ အော်ဒါချထားတယ်ဆိုရင်လည်း အေးတို့က အတင်းမခေါ်ပါဘူး"

ရစ်။ ။ "အို... ဒီကောင်မလေးဟာ လူရှေ့ သူရှေ့ မဟုတ်တဲ့ တွေ့ကရာတွေ လျှောက်ပြောနေတာပဲ"

အေး။ ။ "အမယ်... ဟုတ်သားနဲ့ အန်ကယ်က၊ ကဲ မဟုတ်ရင် လိုက်မယ်လို့ ပြောပါလား"

ရစ်။ ။ "ဘယ်အချိန်သွားမှာလဲ"

အေး။ ။ "နံနက်စောစော သွားမယ်လေ"

ရစ်။ ။ "ဘယ်အထိသွားမှာလဲ"

အေး။ ။ "နန်းမျှော်မှာ နံနက်စာစားမယ်။ ဟိုကမှ ကားနဲ့ တစ်ခါ သွားပြီး လားရှိုးမှာ ညစာစားမယ်"

ရစ်။ ။ "အမယ်လေး အတော်ပင်ပန်းမှာပေါ့။ နောက်ပြီး ဘယ်သူပါဦးမလဲ၊ ထွန်းတင်ကော လိုက်ဦးမှာလား"

အေး။ ။ "အို ကိုထွန်းတင်က ဇာတ်လိုက်ပဲ အန်ကယ် သူမပါရင် ဘယ်သွားလို့ ဖြစ်မလဲ။ တခြားလူ တစ်ယောက်မှ မပါဘူး။ အေးနဲ့ ကိုထွန်းတင်နှစ်ယောက်ထဲ သွားမှာ။ ဒါကြောင့် အန်ကယ့်ကို လိုက်ခဲ့ပါလို့ ခေါ်တာပေါ့"

ရစ်။ ။ "ဟာ မင်းတို့ သမီးရည်းစား နှစ်ယောက်ကြားထဲ လူကြီးတန်မဲ့ ကားယား၊ ကားယား လိုက်မနေချင်ပါဘူးလေ။ မင်းတို့ဟာ မင်းတို့ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် သွားကြပါ"

အေး။ ။ "အို နှစ်ယောက်ထဲဆို သူက ဇက်ရဲလက်ရဲနေမှာ၊ အန်ကယ်ပါရင် အေးအတွက် ပိုပြီး ကောင်းပါတယ်။ လိုက်ခဲ့ပါ အန်ကယ်။ ကိုထွန်းတင်ကလဲ မင်းအန်ကယ်ကြီး မပါပါအောင် ခေါ်ခဲ့ပါလို့ မှာထားတယ်။ နက်ဖြန်နံနက်စောစော သူ့ကားနဲ့ လာခေါ်လိမ့်မယ်"

ရစ်။ ။ "မင်းတို့ဟာ မင်းတို့ သွားကြပါလေ"

အေး။ ။ "အန်ကယ် ဘာပြောနေနေ၊ နက်ဖြန် ကိုထွန်းတင်လာပြီး အတင်းဆွဲတင်မှာပဲ၊ အန်တီကြီး ဒေါ်ပွရင် ပွပေစေ"

ထွန်းတင်ဆိုသူမှာ ကော်ပရေးရှင်း အလုပ်ဌာနမှ လက်ထောက် အင်ဂျင်နီယာကလေးတစ်ဦး ဖြစ်လေ၏။ အရွယ်သင့်၊ ရုပ်ချော၊ ပညာတတ် လခလည်းကောင်းသော ဘောင်းဘီဝတ် ရှမ်းမြန်မာ ကပြားမလေး စောမြအေးနှင့် တွေ့ဆုံချစ်ခင်၍ မေတ္တာပင်စိုက်ပျိုးကြရာ၌ အထူးအံ့သြဖွယ် မရှိသည့်အပြင် အင်ဂျင်နီယာကလေး မောင်ထွန်းတင်မှာလည်း လူကြီးလူကောင်းများ ရပ်ကွက်တွင် စာရင်း ပါဝင်သူတစ်ယောက် ဖြစ်ခြင်းကြောင့် မစ္စတာဟဲရစ်တို့ ကုန်တိုက်ကြီးမှ၊ အလွန်ရောင်းရသော ဖောက်သည်ကောင်းတစ်ဦး ဖြစ်ကာ၊ မစ္စတာဟဲရစ်ကိုယ်တိုင်နှင့်လည်း အတော်အပေါင်းနာနေသူ ဖြစ်ခြင်းကြောင့်၊ နက်ဖြန် အကယ်၍ မောင်ထွန်းတင်ကိုယ်တိုင် ခေါ်ချေသော်၊ မစ္စတာဟဲရစ်မှာ အတော်ငြင်းရခက်လိမ့်မည်ဟု တွေးမိကာ ချိန်းထားသော မိတ်ဆွေညှော့သည်ကိုပင် တင်ကြို ရက်ချိန်းလွှဲထားလိုက်ရလေတော့၏။

နောက်တစ်နေ့နံနက်တွင်ကား ထင်သည့်အတိုင်းပင် မောင်ထွန်းတင်သည် သူပိုင်နှစ်ယောက်ထိုင် ဘာဂျာပလိန်း ကားကလေးနှင့် စောမြအေးကိုတင်ကာ မစ္စတာဟဲရစ်၏ အိမ်ရှေ့သို့ ဆိုက်ရောက်လာလေလျှင် ဟဲရစ်ကြီးမှာ မိမိပိုင် ဖို့ဒ်ကားကလေးအား နေ့စဉ် ဝတ္တရားမပျက် ကိုယ်တိုင်ကြည့်၍ ဆေးကြောသုတ်သင်ခိုင်းနေရာမှ မရမက ဆွဲခေါ်သော ထွန်းတင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားရသည်ဖြစ်ရာ၊ ပြတင်းပေါက်မှ ခါးထောက်ကာ နှုတ်ခမ်းစူနေသော မစ္စစ်ဟဲရစ်ဒေါ်ပေါ်ကြီးမှာ ငယ်ငယ်ရွယ်ရွယ် လူပျိုချောကလေး ထွန်းတင် တစ်ယောက်လုံး ပါနေသည်ကိုပင်၊ သူ့လင်ဘူဒါကြီးအား အလယ်က ထိုင်လိုက်သွားသော စောမြအေးအတွက် စိတ်မချဖြစ်ပြီး သဝန်အတိုကြီး တိုမိကာ၊ ဗျစ်တောက် ဗျစ်တောက် မြည်တွန်ကြိမ်းဝါးရင်း ကျန်ရစ်လေ၏။

"မစ္စတာထွန်းတင်ရဲ့ ကြမ်းလှချည်လား၊ ဖြည်းဖြည်းမောင်းပါ၊ တောင်စောင်းအကွေ့တွေက အတော်စိုးရိမ်စရာ ကောင်းတယ်"

ဟု ဟဲရစ်ကြီးက ထွန်းတင် ကားမောင်းကြမ်းလှသည်ကို မစီးဝံ့သဖြင့် ကြောက်ရွံ့သော မျက်လုံးနှင့် ကြည့်ကာ မကြာမကြာ အင်္ဂလိပ်ဘာသာစကားနှင့် သတိပေးရင်း လိုက်ပါလာခဲ့ရလေ၏။ ထွန်းတင်ကား အပြုံးမပျက် စကားတပြောပြော ဆေးလိပ်သောက်မပျက်ဆိုသလို ကားကို သွက်လက်ချက်ချာလျင်မြန်စွာ မောင်းနှင်လာရင်း...

"မကြောက်ပါနဲ့ မစ္စတာ ဟဲရစ်ရဲ့၊ ဒီလမ်းတွေ အမြဲ ဒီလိုပဲ မောင်းနေကျပါ။ အေးကို မေးကြည့်ပါလား။ မိန်းကလေးတောင် စီးဝံ့သေးတာပဲ။ မကြောက်ချင်စမ်းပါနဲ့"

ဟု အမောင်းမလျှော့ဘဲ ပြောသဖြင့် စောမြအေးကပါ...

"ဟာ… မောင်တို့နှစ်ယောက်သား သိပ်လိုက်တာပဲ။ ဒါပေမဲ့ နောက်ဆိုရင် မစ္စတာထွန်းတင် မောင်းတဲ့ကားကို ကျုပ်ဘယ်တော့မှ မစီးတော့ဘူး။ ကြောက်ပါပြီ"
ဟု သက်ပြင်းကြီးချကာ ပြောသောကြောင့် ထွန်းတင်က ကားစတီယာရင်ကို မထိတထိ လှည့်ကာ လှည့်ကာ ထိန်းရင်းမှ…

"မစ္စတာ ဟဲရစ် သွေးမပူသေးလို့ ထင်တယ်။ ရေခဲသေတ္တာထဲမှာ ဆိုဒါရော၊ ဝှိက်လေဘယ်ရော ထည့်ယူလာပါတယ်။ လုပ်မလား၊ ကားရပ်လိုက်မယ်လေ"
ဟု ဆိုသောကြောင့် မစ္စတာ ဟဲရစ်မှာ လျှာစိုလာသည့်တိုင်အောင်…

"ဟာ… နေပါစေဦးလေ၊ နန်းမျှော်ရောက်မှပဲ လုပ်ပါတော့မယ်"
ဟု ပြောကာ မိမိကြောက်မိတာကိုပင် ရှက်သလိုလို ဖြစ်သွားရှာတော့၏။

ဆယ့်တစ်နာရီလောက်တွင် နန်းမျှော်တောင်ကြားသို့ ရောက်ကြလေ၏။ ရေတံခွန်တစ်ခုအနီးတွင် စတည်းချလျက် ထွန်းတင်၏ အစေခံတို့ အပြည့်အစုံ ထည့်ပေးလိုက်သော ပစ်ကနစ်ကေ့(စ်)ခေါ် ခရီးဆောင် စားစရာသေတ္တာကလေးကို အလယ်မှာထား၍ ပေါင်မုန့်၊ နို့ဘူး၊ သစ်သီးများ၊ ကြက်သားကြော်၊ ကြက်ဥကြော်၊ ဝက်အူချောင်း၊ ကက်သလိပ်၊ ဘီးစတိတ်စသော စားပွဲဟင်းလျာများကို သုံးယောက်သား ဆာဆာနှင့် စားကြလေ၏။ စောမြအေးမှာ စားစရာတို့ကိုသာ တွင်တွင်စား၍ ထွန်းတင်နှင့် မစ္စတာဟဲရစ်မှာ အစားရော အသောက်ပါ ဖက်သည်ဆိုစေကာမူ ထွန်းတင်မှာ အသောက်တွင် လွန်ကဲလျက် ရှိလေ၏။

"လုပ်ပါ နှစ်လုံးတောင်ပါတယ် မစ္စတာဟဲရစ်ရဲ့ ရော့ ထည့်ပါဦး"

"ဟ… များနေပြီလေ… တော်လောက်ပြီ"

"လုပ်ပါဗျာ တစ်ခါတလေပဲဟာ… ကျွန်တော့်တစ်ဝက်မရှိသေးပါဘူး… လုပ်စမ်းပါ"

"တော်လောက်ပါပြီ မစ္စတာထွန်းတင်၊ ခင်ဗျားလည်း အတော်များနေပြီ။ ကားကို ကောင်းကောင်း မမောင်းနိုင်ဘဲ နေဦးမယ်"

"ဟား… ဟား… ဟား… ဒါတော့ မပူနဲ့ မိတ်ဆွေကြီး၊ ကျွန်တော်ကလေ ကျပ်ကျပ်မူးလေ ကားမောင်းလို့ လက်တွေ့လေပဲ"

"အလိုလေး ဘုရား… ဘုရား၊ ဒီထက်များ ကြမ်းဦးမှာလား မောင်"

"ဒါကြောင့် သွေးပူပြီး နေအောင် ရဲဆေးတင်ထားစမ်းပါ မစ္စတာဟဲရစ်ရဲ့ ရော့… ကဲ… ကဲ ဒီတစ်ခွက်တည်း ကျွန်တော်လဲ တစ်ခွက်ဟုတ်လား။ တစ်ပြိုင်တည်း မော့ချမယ်နော်။ ဘယ်သူက အရင်မကုန်ခင် ကုန်ခင် ကိုင်း(ရယ်ဒီ)"

မစ္စတာ ဟဲရစ်နှင့် ထွန်းတင်တို့ ကိုင်ထားသော ဖန်ခွက်များမှာ တစ်ခဏ၌ အခွံချည်း ကျန်ရစ်လေ၏။

"ဟဲ… ဟဲ ဒီလိုတော့ မစ္စတာဟဲရစ်က အတော်ကြီးပဲ၊ ကဲ အစားစားကောင်းအောင် အေးလည်း နည်းနည်းသောက်"

"အို… ကိုကိုတင်ကလဲ၊ အေး မသောက်ချင်ပါဘူး"

"နည်းနည်းပါကွယ်… ရဲဆေးတင်ရုံကလေးရယ်"

"ဟင့်အင်း"

"အိုင့်ကို ချစ်ရင် နည်းနည်းသောက်ကွယ်"

"ဟင့်အင်း… မူးနေမှာပေါ့"

"အို... ဘာရမှာလဲ၊ ဖွတ်ကို ပွေ့တိုက်မှာပဲ"
ဟုဆိုကာ အတော်မူးနေပြီဖြစ်သော ထွန်းတင်သည် မိမိသောက်ရန် နောက်ထပ်ဆိုဒါနှင့် စပ်ထားသော ဖန်ခွက်ကိုကိုင်ကာ စောမြအေးကို ဖွတ်တိုက်မည်လုပ်လျှင် စောမြအေးလည်း...

"အို... အို ကိုကိုတင် ကြည့်ပါလား၊ အေး မသောက်ချင်ဘူးနေ"
ဟု ပြောပြောဆိုဆို ထပြေးရာ ထွန်းတင်လည်း တဟားဟား ရယ်မောရင်း လိုက်ဖမ်းလေ၏။ တစ်ခဏမျှ ပြေးသူကပြေး၍ ဖမ်းသူကဖမ်းလျက်ရှိရာ၊ နောက်ဆုံးတွင် စောမြအေးမှာ ကျောက်ကမူကလေး နှစ်ခုကြားတွင် အစွင့်သား ဖမ်းမိနေလေ၏။

"ကဲ သောက်ရမယ်ကွ"
ဟု ဆိုဆိုပြောပြော အတင်းဖက်၍ တိုက်နေသော ထွန်းတင် အသံနှင့် ငြင်းဆန်နေသော စောမြအေးအသံတို့မှာ ရေတံခွန်မှ ရေကျသံများနှင့်အတူ အတန်ကြာ ဆူညံရယ်မောနေကြရာမှ မကြာမီ ငြိမ်သက်သွားကြလေရာ ပြုံးပြုံးကြီး ကြည့်ရင်း တစ်ယောက်တည်းကျန်ရစ်သော မစ္စတာဟဲရစ်ကြီးမှာ လူရောအသံပါ ခေတ္တပျောက်ကွယ်နေကြသော ချစ်သူများအတွက် လေးလေးနက်နက် ချဲ့ထွင်စဉ်းစားရင်း ရေတံခွန်ကြီးကို စိုက်ကြည့်နေရာမှ မူးယစ်ယစ် ယောင်ချာချာ ဖြစ်လာပြီး အနီးရှိ ကျောက်တုံးကြီးတစ်ခုကိုမှီကာ တမှေးမှေး တရေးရေးနှင့် တဖြည်းဖြည်း အိပ်ပျော်သွားလေတော့သတည်း။

"မစ္စတာဟဲရစ် ထ... ထ အမယ်လေးဟ၊ အိပ်လိုက်တဲ့ဖြစ်ခြင်း"
ဟု ပြောနေသော ထွန်းတင်၏ အသံကို ကြားရ၍ အိပ်ရာမှ ထလိုက်သောအခါ မိမိလက်ပတ် ဒန်နာရီကြီးမှ သုံးနာရီ ဂဏန်းကို ပြလျက်ရှိလေပြီ။ စောမြအေးနှင့် ထွန်းတင်တို့မှာ ရေတံခွန် စမ်းအိုင်ထဲမှ ရေများ ချိုးပြီးကြရုံမျှမက ကြွင်းကျန်သော နေ့လယ်စာများကိုပင် စားသောက်ပြီး၍ သိမ်းဆည်းစပြုနေသည်ကို တွေ့ရလေ၏။

"ကဲ... မစ္စတာ ဟဲရစ် အိပ်တာနဲ့ သွေးအေးသွားပြန်ပြီ ထင်တယ်။ ရော့... ပူလာအောင် တစ်ခွက်လောက် ချလိုက်ပါဦး"
ဟု ဆိုကာ ထွန်းတင်သည် မိမိသောက်နေသော ဖန်ခွက်ကို အသာချထားပြီး အခြား ဖန်ခွက်တစ်ခုကို ထည့်ပေးပြန်လေ၏။

"မစ္စတာထွန်းတင် ခင်ဗျားလွန်နေမယ်နော်။ ခုထက်ထိ ဆက်ချနေတုန်းဆိုရင် ကားမမောင်းနိုင်ဘဲ နေမယ်"

"နဲဗားမိုင်း... ရော့ပါ ခင်ဗျားလုပ်မှာသာ လုပ်စမ်းပါ ကျုပ်အတွက် ပူမနေစမ်းပါနဲ့"
ဟု ဆိုကာ မိမိလည်း ထပ်သောက်၍ မစ္စတာဟဲရစ်ကိုလည်း ထပ်ခါတိုက်နေပြန်ပြီး ညနေလေးနာရီ နီးနီးရှိမှ လားရှိုးမှ တစ်ဆင့်ထွက်လာကြပြန်လေ၏။ ထွန်းတင်ကား အတော်မူးနေပြီဖြစ်၍ ကားကို ကောင်းစွာမှ မောင်းနိုင်ပါမည်လားဟု စိုးရိမ်မိသော မစ္စတာ ဟဲရစ်မှာ ထွန်းတင် စောစောကထက်ပင် ကျင်လည် သွက်လက်စွာနှင့် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း မောင်းနိုင်လာပြန်သည်ကို တွေ့ရသောကြောင့် အသည်းတယားယားနှင့် မျက်လုံးများ ပြူး၍ ပြူး၍ သွားမိလေတော့၏။

"မစ္စတာ ထွန်းတင် ခင်ဗျားနည်းနည်းမူးနေတယ်။ သတိထားပြီး ခပ်မှန်မှန်မောင်းရင် ကောင်းမှာပဲ"

"ကိစ္စမရှိပါဘူး မစ္စတာဟဲရစ်ရဲ့ ကျွန်တော့်အကျင့်က မူးမှ ပိုပြီး မောင်းကောင်းတယ်။ ဒီလမ်းမှာ ဒီမိုင်အတိုင်း မောင်းနေကျပါခင်ဗျ။ နို့ပြီးတော့ အခုလေးနာရီတောင်ထိုးပြီးနေပြီ။ လားရှိုးမှာ

ညစာစားမီအောင် သွားရမှာနဲ့ ဟိုကတစ်ခါအိမ်အရောက် ပြန်ရမှာနဲ့ဆိုရင် ခုလို မြန်မြန်မောင်းမှ အချိန်ရမယ်ဗျ"

ဟု ပြောကာ မောင်းမြဲတိုင်းသာ တဇွတ်ထိုး မောင်းနှင်လာခဲ့လေ၏။ မစ္စတာဟဲရစ်မှာ ထွန်းတင်မောင်းသော ကားကို ဤတစ်ကြိမ်သာ စီးဖူးသူဖြစ်၍ တစ်လမ်းလုံး မျက်စိပြူး၍ လာခဲ့သလောက် စီးနေကျ၊ လိုက်ပါနေကျဖြစ်သော စောမြအေးတွင်ကား ရိုးနေပြီဖြစ်၍ အရေးမကြီးလှသည့်အသွင်နှင့် ပြုံးပြုံးရွှင်ရွှင် လိုက်ပါလာနိုင်လေ၏။

ထွန်းတင်ကား လမ်းဖြောင့်များတွင် တစ်နာရီလျှင် မိုင်ငါးဆယ်မှ ခြောက်ဆယ်ကြားအထိ မောင်းလျက် တောင်ကမ်းပါးယံ အကွေ့အကောက်များမှာ အရှိန်ကို လျှော့ပါသည်ဆိုရရုံလျှော့ပြီး ကားကြီးစောင်းတောင် သွားမလောက် မြောက်ခနဲ မြောက်ခနဲ ကားဘီးနှစ်ဖက် မြေမထိဘဲ၊ အကွေ့ကြီးကွေ့၍ ပစ်လိုက်တတ်ရာ တစ်ခါတစ်ခါ ကားတစ်ခုလုံး စောင်းလဲသွားတော့မည် ထင်ရပြီးမှ ပကတိအတိုင်း ဘီးလေးလုံးစလုံး မြေသို့ပြန်ကျပြီး ပြေးမြဲပြေးလေသည်တွင်မှ ရင်တမမနှင့် ဘုရားတ၍ လိုက်ခဲ့ရသော မစ္စတာဟဲရစ်၏ ရင်ထဲက အလုံးကြီးကျသွားရှာကာ...

"အင်း... ဒီတစ်ကွေ့တော့ ငါ့အသက်မသေဘူးဟ"

စိတ်ထဲက ပြောမိလေတော့၏။

ယင်းသို့ မူးမူးနှင့် ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်း မောင်းနှင်ခဲ့သည်ဖြစ်ရာ အခါတိုင်း အရက်မူးလေ မောင်းကောင်းလေဆိုသည့်တိုင်အောင် ယခုအကြိမ် ထွန်းတင်၏ ရေချိန်မှာ အခါတိုင်းထက် ပိုလွန်နေသောကြောင့် မောင်းနေကျ မိမိပိုင်ကားနှင့် သွားနေကျ ကျင့်သားရနေသော လမ်းပင် ဖြစ်ငြားသော်လည်း ကားမောင်းစ တစ်နာရီလောက်တွင် မောင်း၍ ကောင်းနေသေးသော်လည်း ခရီးထွက်ခါနီး နှစ်ခွက်ဆင့်ချခဲ့သော အရှိန်က ကားမောင်းစဉ် လေတဟူးဟူး တိုက်ပေးခြင်းဖြင့် မူးယစ်ခြင်းတည်းဟူသော လှေကားအမြင့်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လာသကဲ့သို့ ဖြစ်လာရကား နောက်ဆုံး နေဝင်ရီသရော အချိန်တွင် တောင်မမြင် မြောက်မမြင်နှင့် ကားကို တွင်တွင်မောင်းလာရာ၌ ဒိန်းခနဲ တိုက်ခိုက်လိုက်သည့် တစ်ခဲနက်သံကြီးကို ကြားရပြီး ကားတစ်ခုလုံး အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားသည်နှင့် တစ်ပြိုင်နက် စောမြအေး၏ ငယ်သံပါအောင် အော်လိုက်သော အသံကလေးသည် မှောင်စပြုနေသော တောလမ်းခရီးကြီး အလယ်မှာ ကျယ်လောင်စွာ ပေါ်လာပြီးနောက် လူသံရော၊ ကားသံရော အမှောင်ကြီးအတွင်းရှိ ဣန္ဒြေရှုတင်းလှသော တောအုပ်ကြီးမှာ မိမိခြေရင်းနားတွင် မော်တော်ကားမှောက်သော ဒုက္ခသည်များကို ဂရုမထား အသနားမဖက် အရေးမစိုက်သည့် သဏ္ဌာန် ဟန်ကြီးပန်ကြီးလုပ်၍ နေလေတော့သတည်း။

*****

"ကိုကိုတင်... အေးကို မခွဲပါနဲ့နော်၊ အေးတော့ ကိုကိုတင်နဲ့ မခွဲချင်ဘူး။ ကိုကိုတင်အနားမှာ အမြဲနေပါရစေ၊ အန်ကယ်ကိုလည်း ပြောပါ။ အေးကို အလုပ်ထုတ်မပစ်ပါစေနဲ့၊ အန်ကယ်က အေးကို အလုပ်ထုတ်ပစ်ရင် ကိုကိုတင်နဲ့ အေးနဲ့ တစ်ခါတည်း ကွဲကြရတော့မယ်။ အေးမခွဲနိုင်ဘူး။ ကိုကိုတင်ရဲ့"

ဟု မျက်နာညှိုး မျက်နာငယ်ကလေးတွင် မျက်ရည်အသွယ်သွယ် ကျဆင်းလျက်၊ တသက်သက်ရှိုက်၍ ပြောနေသော စောမြအေးအား...

"အို... အေးရယ်၊ ဘာစကားတွေ ပြောနေရတာလဲ၊ ကိုယ်အေးကို ဘယ်တော့မှ မခွဲဘူး။ မစ္စတာဟဲရစ်ကလဲ အေးကို အင်မတန် ချစ်တယ်။ အားလဲထားတယ်။ သူက အေးကို အလုပ်ထုတ်ပစ်ဖို့

နေနေသာသာ အေး... ကိုကိုနဲ့ လက်ထပ်ပြီးတဲ့နောက် အလုပ် ထွက်သွားမှာကိုတောင် အင်မတန် စိုးရိမ်နေရှာတာ ဒါလင် အသိသားနဲ့ကွယ်"

ဟု ပြောသည့်တိုင်အောင် စောမြအေးမှာ မျက်နှာလေးညှိုးလျက်နင့်ပင်...

"အို... ကိုကိုတင် မသိဘူးနော်။ အေးအကြောင်း အေးသိပါတယ်။ ကိုကိုတင်ရယ်၊ အန်ကယ်ကိုသာ အေးကို အလုပ်ထုတ်မပစ်ဖို့ ပြောပေးပါ။ အေးလဲ အန်ကယ်နဲ့ သွားတွေ့ပြီး ပြောခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကိုကိုတင် ပြောတော့ သာကောင်းတာပေါ့။ ဟုတ်လားနော် ကိုကိုတင်။ အေးသွားလိုက်ဦးမယ်နော်။ တာ့တာ"

ဟု ခယောင့်ခယာမျက်နှာလေးနှင့် နှုတ်ဆက်ပြီး လှမ်းထွက်သွားလျှင်...

"အေး ဘယ်သွားမှာလဲ၊ မသွားပါနဲ့ဦး ကိုကိုတင့်အနား ထိုင်စမ်းပါဦး ဒါလင်ရယ်"

ဟုဆိုရာ လက်လှမ်းဆွဲလိုက်စဉ်...

"မောင်ထွန်းတင် မောင်ထွန်းတင် သတိရပြီလား"

ဟူသော မေးလိုက်သည့် အသံတစ်ခုက နားထဲ စူးဝင်လာသောကြောင့် ထွန်းတင်သည် ရုတ်ခနဲ မျက်လုံးဖွင့်ကြည့်မိရာ မိမိအား ဖြူဖွေးသော အိပ်ရာတစ်ခုပေါ်တွင် ခေါင်းနှင့်ရင်ဘတ်မှာ ကျပ်စီးပြီး တင်ထားကြကာ အနားမှာလည်း ဆရာဝန် ဆရာမနှင့် အသိမိတ်ဆွေများ ဝိုင်းအုံနေကြသည်ကို တွေ့မြင်ရသောကြောင့် အလွန်းအမင်း အံ့သြသွားမိလေ၏။

"ကျွန်တော် ဘာဖြစ်လို့ ဒီကိုရောက်နေတာလဲဟင် ကျွန်တော်ဘာဖြစ်လို့လဲ"

ဟု ပြူးတူးပြဲတဲနှင့် ထ၍ မေးလေ၏။

မိတ်ဆွေဆရာဝန်မှာ ထွန်းတင်ကို အသာအယာအိပ်ရာထဲ ပြန်သိပ်ပေးကာ...

"ကိုထွန်းတင်... ခင်ဗျားသတိရလာပြီနော် ပြုန်းခနဲ မထနဲ့ဦး မူးပြသွားမယ်။ ဒဏ်ရာကတော့ သိပ်မကြီးလှပါဘူး။ ခင်ဗျား မသေတာ အားကြီးကံကောင်းတယ်ဗျာ"

ဟု ပြောသောကြောင့် ထွန်းတင်မှာ မကျေနပ်နိုင်ဖြစ်ကာ ထိုင်ရာမှ ထလျက်...

"အို ကျွန်တော် ဘာလို့ ဒီရောက်ရတာလဲ ဒေါက်တာရဲ့ ဘာဖြစ်လို့လဲ"

ဟု မရမက မေးသည်တွင်မှ...

"ဩော် ကိုထွန်းတင် ခင်ဗျားတို့ မနေ့က လားရှိုးလမ်းမှာ မော်တော်ကားသစ်ပင်နဲ့ ဝင်တိုက်ပြီး မှောက်သွားလို့ ဒဏ်ရာရပြီး မေ့မြောနေကြတယ်လေ။ ည ၁၂ နာရီလောက်မှ မိုင်းက မန်နေဂျာကြီးကားက တွေ့လာလို့ ဒီဆေးရုံကို အားလုံးသယ်ယူလာကြတယ်။ မစ္စတာဟဲရစ်ကြီးလဲ အတော်ကံကောင်းတာ၊ နောက်စေ့ နည်းနည်းလေးကွဲသွားတယ်။ သူလဲ အခုပဲ သတိရလာတယ်။ ဟိုမယ်လေ ခင်ဗျား ခုတင်နဲ့ယှဉ်ရက်ပဲ၊ သူ့မစ္စကြီးကလဲ တမှောင့်ဗျာ။ ခုနက လာပွက်နေလို့ ကျုပ်တို့အတော် ချော့ချောက်ထုတ်လိုက်ရတယ်"

ဟု ပြောမှ ထွန်းတင်မှာ ယမန်နေ့က မိမိတို့ ပျော်ပွဲစားထွက်ကြရာ၌ ကားမှောက်ပုံကို သတိရကာ မိမိကိုယ်ကို ဂရုမစိုက်နိုင်အားပဲ...

"ဟင် ဒါဖြင့် စောမြအေးကော စောမြအေး၊ တော်တော်ထိသွားသလား ကျွန်တော်နဲ့ မစ္စတာဟဲရစ်တော့ ကိစ္စမရှိဘူး သူ့အတွက် စိတ်မအေးဘူး။ ပြောစမ်းပါဦး ဒေါက်တာ စောမြအေး ဘယ်လဲ"

ဟု အရေးတကြီးမေးလိုက်ရာ...

"ရှိပါတယ်ဗျာ ရှိပါတယ် ဟိုဘက်မှာ"

ဟု ဒေါက်တာက ခပ်အေးအေး ပြောသည့်တိုင်အောင်...

"လာဗျာ ကျွန်တော်သွားကြည့်ချင်တယ်။ လိုက်ပို့ပေးပါ ကိုယ်မိုက်လို့ သူ့ခမျာ အနာတရ ဖြစ်ရတယ်"

ဟု ညည်းညူကာ မစ္စတာဟဲရစ်ကိုပင် ဂရုမစိုက်နိုင်သေးဘဲ ထသွားရန် ပြင်နေသောကြောင့်...

"အို... မသွားချင်ပါနဲ့ဗျာ ခင်ဗျား ခေါင်းမူးနေလိမ့်မယ် ဆရာဝန်ကြီးကလဲ မထစေနဲ့လို့ မှာထားတယ်ဗျ"

"ဟာဗျာ... မှာ... မှာ ကျွန်တော်ကိစ္စမရှိပါဘူး။ အေး အတွက် စိုးရိမ်တာပါပဲ။ သူ့ကို ခဏလေး ကြည့်ပါရစေ ဒေါက်တာရယ်"

"နောက်တော့ ကြည့်တာပေါ့ ကိုထွန်းတင် ခင်ဗျားထရင် မကောင်းသေးလို့ပါ"

"တယ်... ခက်တာကိုးဗျ ပြောစမ်းပါဦး အေးမှာ သိပ်ဒဏ်ရာများသလား"

"မများပါဘူးလေ"

"ခင်ဗျားကလဲ... အေးစက်စက်နဲ့ဗျာ"

ဟု ဆိုကာ မရိုးမရွနင့်ပင် မစ္စတာဟဲရစ်ဘက်သို့ လှမ်းကြည့်ကာ...

"မစ္စတာဟဲရစ် သက်သာရဲ့လား။ ကျွန်တော့်ကြောင့် ခင်ဗျားတို့ ဒီလိုဖြစ်ရတာ သိပ်ဝမ်းနည်းပါတယ်ဗျာ မစ္စတာဟဲရစ်"

ဟု လှမ်း၍ တောင်းပန်လျှင် မစ္စတာဟဲရစ်လည်း...

"ကျုပ်တော့ ဘေးထိလိမ့်မယ်ဆိုတာ စောစောထဲက အထင်သားပဲဗျာ။ ဒါပေမဲ့ ကျွန်တော် ထင်သလောက် မဆိုးသေးလို့ အင်မတန် ကံကောင်းတယ်လို့ အောက်မေ့ရမှာပဲ။ ကျုပ် ထင်တဲ့အတိုင်းသာဆိုရင် ခုလိုခင်ဗျားနဲ့ ကျွန်တော်နဲ့ အသက်နဲ့ ပြန်တွေ့ဖို့ မမျှော်လင့်ခဲ့တာကလား။ ဒါထက် ကစ်ဒီတစ်ယောက်တော့ အတော်ကံကောင်းတယ်ဗျာ ဒဏ်ရာဆိုလို့ ဘာမှ မရခဲ့ဘူး။ ခုတင်ပဲ ကျုပ်အနားက ပြန်သွားတယ်"

ဟုဆိုလျှင် ဒေါက်တာမှာ အံ့အားသင့်သလို ကြည့်နေမိလျက် ထွန်းတင်ကမူ အလျင်စလိုနှင့်...

"ဟင်... ခုတင် ထပြန်သွားတယ် ဟုတ်လား။ ကျုပ် မတွေ့လိုက်ရပါကလား။ ဒါလင် စိတ်ဆိုးနေပြီထင်... ဟင် ဟုတ်သေးဘူး။ ကျုပ်ဆီလဲ ခုနက လာတယ် သူ့ကို မခွဲပါနဲ့လို့လဲ ပြောတယ်။ ပြီးတော့ ကြံကြီးစီရာဗျာ မစ္စတာဟဲရစ်ကို ပြောပေးပါတဲ့ သူ့ကို အလုပ် ထုတ်မပစ်ပါနဲ့လို့တဲ့"

"ဟင် ဟုတ်လား၊ ကျုပ်ကိုလဲ ဒီစကား ပြောသွားတယ်။ သူ့ကို အလုပ်ထုတ်မပစ်ပါနဲ့ အန်ကယ်တဲ့။ ကိုကိုတင်ကိုလဲ ကျွန်မနဲ့ ခဏခဏတွေ့ရအောင် ခေါ်ပေးပါတဲ့ သူဘာဖြစ်တာလဲ မသိဘူး။ လန့်ပြီး ဦးနှောက်များ ပျက်နေသလားပဲ မစ္စတာ ထွန်းတင်ရဲ့"

ဟုပြောနေရာ အနားက ဒေါက်တာလည်း တောင်ယောင်ယောင် မြောက်ယောင်ယောင် လုပ်ကာ နားထောင်နေလေ၏။ ထွန်းတင်ကား အားမရနိုင်သေး။

"ဒေါက်တာရဲ့ လုပ်စမ်းပါဗျ။ ကျွန်တော် မထရရင်လဲ အေးကို ခဏခေါ်ပေးပါ။ သူ့မျက်နှာမြင်ရရင် ကျေနပ်ပါပြီ"

ဟု ဆိုလျှင် ဒေါက်တာလည်း ခေါင်းကုတ်ကာ တစ်ခဏတာ စဉ်းစားနေရာမှ...

"သူ... သူ ဆေးရုံမှာ မရှိတော့ဘူးဗျ ဆင်းသွားပြီ"

"ဟင်... ခုနတုန်းကတော့ ရှိတယ်ဆို ခုဆင်းသွားပြန်ပြီတဲ့။ ဒီလို မဟုတ်နိုင်ဘူးဗျာ။ သူကျွန်တော်တို့ဆီ လာမကြည့်ဘဲ ဆင်းသွားမှာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ သတိမရသေးလို့ပါ။ နောက်တစ်ခေါက် ပြန်လာခဲ့မယ်လို့တောင် မှာသွားပါသေးတယ်"

ထွန်းတင်သည် အေးစက်စက်နိုင်လှသော ဒေါက်တာ၏ စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မျက်မှောင်ကုတ်ကာ စဉ်းစားနေမိပြီး ရှေ့စကား နောက်စကား မညီပုံကို အတော်မယုံမကြည် ဖြစ်လာမိရုံမက စောစောက စောမြအေး မိမိနှင့်တွေ့ဆုံပြောဆိုရပုံ မစ္စတာဟဲရစ်ထံမှ ကြားရသော စကားများကို ပြန်လည်ချင့်ချိန်ကာ...

"ဟုတ်မှလဲ လုပ်ပါ ဒေါက်တာရယ်။ ကဲ... ကဲ... မှန်မှန်ပြောစမ်းပါ စောမြအေးတစ်ယောက် ရှိမှ ရှိသေးရဲ့လား"

"ဟာဗျာ... မဟုတ်တာဘဲ ရှိပါတယ်။ ကဲ... ခင်ဗျား အားနည်းနေတယ်။ ခဏအိပ်နေလိုက်ရင် ကောင်းမယ်ဗျာ။ ကျွန်တော်လဲ ဒီ့ပြင် လူနာတွေ လိုက်ကြည့်စရာ ရှိသေးတယ်။ သွားလိုက်ဦးမှပဲ"

ဟု ဆိုဆိုပြောပြော ဒေါက်တာ ထွက်သွားသည်မှာလည်း မိမိနှင့် စကားစပြတ်စေရန် တမင်ဉာဏ်ဆင် ထွက်သွားသည်ဟု အတတ်အထင် တွေးမိသောကြောင့် ထွန်းတင်၏စိတ်ထဲမှာ စောမြအေးအတွက် တသက်သက် မကျေမချမ်း ဖြစ်၍ ကျန်ရစ်လေရာ မိမိ၏ ထိခိုက်ပွန်းပဲ့သော ဒဏ်ရာများကိုပင် လုံးဝ ဂရုမစိုက်နိုင်၊ နာရမှန်း အောင့်ရမှန်း မသိဘဲ မအူမလည် ဆေးရုံ အစေခံတစ်ဦးဦးကို နှုးနှပ်အစ်အောက်မေးရန် ကြံစည်စောင့်စားနေမိလေ၏။

များမကြာမီပင် ဆေးရုံမီတယ် ကုလားတစ်ယောက် ပေါက်လာသည်နှင့် အသာ လက်ယပ်ခေါ်လိုက်ကာ...

"ဟေ့... မီတယ်၊ မနေ့က ငါတို့နဲ့ အတူတူ လာတဲ့ မိန်းမကော၊ ဘယ်ယူသွားသလဲ"

ဟု ဘု... ခပ်ကျကျမေးလိုက်ရာ...

"နံနက်ကပဲ အလောင်းကို သူ့အိမ်ယူသွားတယ် ဆပ်"

ဟု အမှတ်မဲ့ ပြောလိုက်ရာ ထွန်းတင်မှာ ဟိုက်ခနဲဖြစ်သွားပြီး အရေးတကြီးထိုင်ရာမှ ခုန်ပေါက်ထလျက်...

"မစ္စတာဟဲရစ်... မစ္စတာဟဲရစ် အေးမရှိဘူး သေပြီတဲ့။ အမယ်လေး ဒါလင် ဒါလင် ဒါကြောင့် ခုနကလာပြီး စကားပြောတာပါလား။ မစ္စတာဟဲရစ် ခင်ဗျားကိုလာပြီး စကားပြောတာ ဒါလင်ရဲ့ ဝိညာဉ်ပဲ၊ အို... ကျုပ်ဘယ်လိုလုပ်ရမလဲ မစ္စတာဟဲရစ်၊ ကျုပ်အချစ်ကလေးကို ကျုပ်သတ်ပစ်မိပြီ။ အေးရေ အေးကို ကိုကို သတ်တာနော်။ ကိုကိုတင် ရှုးကျန်ရစ်တော့မှာပဲ အေးရဲ့။ ကဲ... မစ္စတာ ဟဲရစ်... ဒီဆေးရုံမှာလဲ မနေချင်တော့ဘူးဗျာ။ အေး တစ်ယောက်လုံးတောင်မှ ဆုံးရသေးတာ၊ ဒီအနာကလေးလောက်များ ဘာအရေးလဲ၊ လာသွားကြမယ်။ ကျုပ်အချစ်ကလေးရဲ့ မျက်နှာကို သေလို့မှ ဝဝ မကြည့်လိုက်ရဘဲ နေတော့မယ် သွားစို့"

ဟု အရေးတကြီး မီးခဲနင်းမိသလို ဆွေ့ဆွေ့ခုန် အပူတပြင်း ခေါ်လေလျှင် မစ္စတာဟဲရစ်မှာလည်း စိတ်ထဲတွင်ယူကျုံးမရဖြစ်ကာ မိမိ၏ ဉာလက်ရုံးတစ်ဖက် ပြုတ်ထွက်သွားသည့်အလား စိတ်ဒုက္ခ များစွာထိခိုက်လျက် တသက်သက် သနားမိကာ မိမိ၏ဒဏ်ရာကို ဂရုမထား အရေးမစိုက် ကတိုက်ကရိုက် အလစ်တွင် ဆင်းပြေးမိကြလေရာ ဆေးရုံ အဝတ်အစားကြီးများကိုပင် လဲရကောင်းစေ သတိမရနိုင်ကြဘဲ အိမ်ထဲသို့ ရောက်လာကြပြီး ခေါင်းကြီးတွေ အောက်ချလျက် မျက်ရည်မဆယ်နိုင်အောင် ရှိကြလေတော့၏။

စောမြအေးမှာ လူချစ် လူခင်များသူကလေး ဖြစ်သည့်အပြင် ထွန်းတင်နှင့် မကြာမီ လက်ထပ်တော့မည် ဆိုသောသတင်းကိုလည်း ရင်းနှီးသူမှန်သမျှ သိရှိကြပြီဖြစ်၍ စောမြအေး ကားမှောက်ပြီး နေရာတွင် ပွဲချင်းပြီး သေရာပြီ။ ထွန်းတင်နှင့် မစ္စတာဟဲရစ်တို့မှာ ဆေးရုံ တင်ထားရသည်ဟူသော သတင်းသည် တစ်ခဏချင်း ပျံ့နှံ့သွားကာ ကြားရသူတို့မှာ စုတ်တသတ်သတ်နှင့်

သနားကြင်နာမဆုံး တစုတရုံးကြီး ရောက်လာကြသူများမှာ ထွန်းတင်၏ ဖြစ်အင်ကို ထပ်မံတွေ့မြင်ရသူများလည်း မသနားဘဲ မနေနိုင်အောင် ရှိလေတော့၏။

ထွန်းတင်ကား စောမြအေး သေရသည်မှာ မိမိကြောင့်ဟု တဖျစ်တောက်တောက် ပြောပြီး ယူကျုံးမရကြီးရှိတိုင်း၊ အံတခဲခဲနှင့် ငိုပွဲဆင်၍ နေလေရာ မစ္စတာဟဲရစ်မှာလည်း စိတ်မကောင်းရှာဘဲ မျက်နှာကြီးညို့မည်း၍ နေလေ၏။ တစ်ဖန်လည်း မိမိတို့ သတိမရခင်က စောမြအေး၏ ဝိညာဉ်လိပ်ပြာနှင့် တွေ့ရာတွင် သူမှာကြားသွားရှာသော စကားလုံးတို့ကို နှစ်ယောက်စလုံး စဉ်းစားမိကြပြန်သောကြောင့်...

"ဒါနဲ့ မစ္စတာ ဟဲရစ် စောမြအေးဟာ ခင်ဗျားရဲ့ အလုပ်သမားနော်။ ဒါကြောင့်သူ့ကို အလုပ်ထုတ်မပစ်ပါနဲ့လို့ လာပြောတာ ထုံးစံက အလုပ်သမား သေတယ်ဆိုရင် အလုပ်ရှင်က အလောင်းမြေမြှုပ်တဲ့အခါ သွားချင်ရာ သွားတော့ဆိုပြီး ခွင့်လွှတ်တဲ့ စာကို ဖတ်ရတယ် မဟုတ်လား။ အဲ... ဒါကို သူမလုပ်စေချင်လို့ တမင်လာပြီး မှာရှာတာပဲ မစ္စတာဟဲရစ်။ ကျွန်တော့်ကိုလဲ အတန်တန်မှာသွားတယ်။ ဒါမှ သူနဲ့ကျွန်တော်နဲ့ အတူတူနေနိုင်မယ်ဆိုလား တွေ့နိုင်မယ်ဆိုလား ပြောသွားတာပဲ။ ဒီတော့ ဘာပဲဖြစ်ဖြစ် သူတမင်တကာ လာပြီးမှာရှာတဲ့အတိုင်း ခင်ဗျား ခွင့်လွှတ်တဲ့စာကို ရေးမပေးပါနဲ့ဗျာနော်။ အမှတ်တမဲ့ နေလိုက်ပါဟုတ်လား"

ဟု ထွန်းတင်က တီးတိုးကြိတ်ကာ ပြောထားခြင်းဖြင့် မစ္စတာဟဲရစ်လည်း သူ့ကိုပါ စောမြအေး၏ ဝိညာဉ်လိပ်ပြာက လာရောက်မှာထားခြင်းဖြစ်၍ နားထောင်ပါမည်ဟု ကောင်းစွာ ဝန်ခံလိုက်လေ၏။

စောမြအေး၏ အသုဘမှာ အထူးစည်ကားသလောက် ထွန်းတင်မှာ ရူးနောက်မခန်း ဖြစ်ရရှာ၏။ မရှက်နိုင် မကြောက်နိုင် တစ်လမ်းလုံး ငိုလာပြီး...

"အေး... ငါမိုက်လို့ သေရတယ်။ ငါရမ်းလို့ ဒါလင်သေရတယ်။ ဒါလင်ကို ငါသတ်တာ"

ဟု လာပြီး မစ္စတာဟဲရစ်ကြီးမှာလည်း မျက်လုံးနီကြီးကို မကြာမကြာ လက်ကိုင်ပဝါနှင့် ထုတ်ကာ သုတ်ရင်း နှာခေါင်းကြီး တရှုပ်ရှုပ်နှင့် လိုက်ပို့ရှာလေ၏။ အချို့လူတစ်စုမှာကား သေသူကိုလည်း သနား၊ ကျန်ရစ်သူ ထွန်းတင်ကိုလည်း သနားနှင့် စပ်ကြားက မျက်ရည်များလည်ကာ...

"ဒါဟာ မစ္စတာဟဲရစ်ကြီးပါလို့ ဒီလိုဖြစ်ကုန်တာအေ့ ထွန်းတင်မူးပြီး ကားမောင်းလို့ ဖြစ်တာ မဟုတ်ဘူး။ မစ္စတာဟဲရစ်ရဲ့ မယားက လင်မရှိတဲ့အခါ အိမ်မှာခိုင်းထားတဲ့ အစေခံတွေ ဒရိုင်ဘာတွေနဲ့ အမြဲအကျင့်ဖောက်ပြန်နေတာကလား။ နောက်ပြီး လင်မို့ အိမ်က ထွက်သွားရင် ဖျစ်တောက်ဖျစ်တောက် မြည်တွန်ကျန်ရစ်တာပဲ။ ဒီမိန်းမကြီး အိမ်က သစ္စာဖောက်နေတော့ ခရီးသွားနေတဲ့ လင်သားကို ထိတာပေါ့။ ထိရုံတင်မကဘူး စပ်ကြားက သမီးရည်းစား နှစ်ယောက်မှာလဲ ကြားက ဓားစာခံ သေကွဲကွဲရတယ်အေ"

ဟု မဲ့ကာရွဲ့ကာ အတင်းပြောရင်း ပို့လိုက်လာကြလေ၏။

"သေနာကောင်ကြီး ကိုယ့်ကိုယ်ကိုယ် မရှက်တယ်။ လူငယ်တွေ ကမြင်းကြောထတဲ့အထဲမှာ ကပ်မြှောင်လိုက် အနံ့ခံသွားရေယိုပြီး မူးမူးရူးရူးနဲ့ နံ့ကြောကြီးဆွဲလိုက်တာ ကံကောင်းလို့ မသာမဖြစ်တာကလား အံ့ပါရဲ့တော်၊ ပြီးတော့ သေခါနီး ဆေးရုံတင်ထားရာက အရှက်မရှိ၊ တိတ်တိတ်ထွက်ပြေးသေးတယ်။ ဆေးရုံအဝတ်ကြီး ဖားယားဖားယားနဲ့ သူမို့ လူကြားထဲ ဝင်ရဲတယ်။ ဟဲရစ်ရယ်၊ ငါတော့ အံ့ရော... အံ့ရော"

ဟု နေ့ရောညရော မျက်နှာချင်းဆိုင်မိတိုင်း ဘောက်တောခံနေရသော ဟဲရစ်မှာ ခံနေကျဖြစ်၍ ရိုးနေသော်လည်း ဘေးကကြားသူများမှာ မစ္စတာဟဲရစ်ကို သနားမိရှာလေ၏။

ထွန်းတင်ကား အရှေ့ပမာ ကွယ်လွန်ရှာသူကလေးကို တွေးပြီး၊ တရေးရေး တစိမ့်စိမ့် လွမ်းပြီး ကုန်တိုက်ကြီးရှိ ချစ်သူနေထိုင်လုပ်ကိုင်သော လက်ရာခြေရာကလေးများကို လာကြည့်သည့်အခါ ကြည့်၊ မြေပုံကလေးနားသို့ သွားထိုင်လို ထိုင်နှင့် တငိုင်ငိုင် တငေးငေး အတွင်းဆွေးဆွေးကာ ငါသတ်တာ ငါသတ်တာဟုသာ မပြတ်ရွတ်၍ နေမိရှာတော့၏။

ယင်းသို့နှင့်ပင် စောမြအေးကို သင်္ဂြိုဟ်ပြီးနောက် ဆယ့်ငါးရက်မြောက်တွင် ထွန်းတင်သည် အလုပ်မှ ခွင့်ယူထားသည့်အားလျော်စွာ မကြာမကြာ လာတတ်သည့်အတိုင်း နံနက်စောစော ကားကလေးနှင့် မစ္စတာဟဲရစ်ရှိရာ ကုန်တိုက်ကြီးသို့ ရောက်လာလေ၏။

"အလို… မစ္စတာထွန်းတင် ရောက်လာပြီလား။ ခင်ဗျား မလာရင် ကျုပ်လာမယ် ကြံနေတုန်း ခင်ဗျားရောက်လာတာ အခန့်သင့်ပဲ။ ခင်ဗျားကို ပြောစရာ တစ်ခုရှိနေတယ်"

"ဘာလဲ… မစ္စတာ ဟဲရစ်ရဲ့"

"လာပါဗျာ ဒီအနားမှာ ပြောလို့ မကောင်းပါဘူး။ ကျုပ်အလုပ်ခန်းထဲ လိုက်ခဲ့ပါ"

ဟုဆိုကာ ခေါ်သွားလေ၏။ ပရိုက်ဘိတ် အလုပ်ခန်းစားပွဲတွင် ထိုင်မိကြသောအခါ မစ္စတာဟဲရစ်က…

"ညက အိပ်မက်လိုလို တကယ်လိုလိုနဲ့ ကစ်ဒီ ကျုပ်ဆီကို ရောက်လာတယ်"

"ဟင်… ဟုတ်လား။ ပြောစမ်းပါဦး"

"သူတစ်ယောက်တည်း နေရတာ သိပ်ဝမ်းနည်းစရာ ကောင်းတာပဲတဲ့။ ကိုကိုတင်နဲ့လဲ မတွေ့ရဘူးတဲ့။ ကိုကိုတင် သူ့ရှိနေတဲ့ နေရာကိုမလာတာဟာ သိပ်ရက်စက်တာပဲတဲ့။ သူ့မှာတော့ တစ်နေ့မှ မမေ့ဘူး အမြဲသတိရနေတာပဲတဲ့။ မျက်ရည်လယ်လယ်နဲ့ ပြောရှာတယ်။ နို့ပြီးတော့ ခင်ဗျားနေတဲ့အိမ်ကို သူလာလို့ မရဘူးတဲ့။ ကျုပ်အိမ်ကိုတော့ လာလို့ရတယ်တဲ့။ ဒါကြောင့် ခင်ဗျားနဲ့ တွေ့ချင်လွန်းလို့ သူနေတဲ့နေရာကို အန်ကယ်နဲ့အတူ လာခဲ့ကြပါတဲ့"

"အို… ဒါလင်… ဒါလင်… သူကျုပ်ကို အထင်မှားနေတယ်။ ကျုပ်လဲ တစ်နေ့မှမမေ့ဘူးဆိုတာ မစ္စတာဟဲရစ် အသိသားပဲဗျာ။ ကျုပ်ကသူ့ကို သာပြီးတွေ့ချင်ပါသေးတယ်။ ဘယ်မလဲ သူ့ကို ဘယ်နေရာမှာ သွားတွေ့ရမလဲ အခုချက်ချင်းသွားမယ်လေ"

"သူနေတာဟာ… အရင်ကားမှောက်တဲ့နေရာက ကညင်ပင်ကြီးမှာတဲ့။ အဲဒီကို လာရင် သူ့ကို တွေ့နိုင်တယ်ဆိုပဲ။ ကဲ… ခင်ဗျားကားနဲ့ပဲ သွားကြမယ်လေ။ အိမ်ကကားယူနေရင် မပေါ်ကြီးသိလို့ ဆူနေဦးမယ်။ ပြီးတော့ တစ်ခုပြောချင်တယ်။ ဒီတစ်ခါ ဖြည်းဖြည်းမောင်းနော်"

"လာပါ သွားမယ် ဖြည်းဖြည်းမောင်းမှာပါပဲလေ၊ ကျွန်တော် ကားမြန်မြန်မောင်းဖို့ကို အတော် စိတ်နာနေတယ်။ ကဲ… သွားစို့"

"အို… အခုလို နေ့ခင်းကြီးမှာ မတွေ့နိုင်ဘူးတဲ့။ ဒီညလသာရင် လာခဲ့ပါတဲ့။ နို့ပြီး ကျုပ်ပါမှ ဖြစ်မယ်တဲ့ ညထွက်ရရင်လဲ မပေါ်ကြီးက တမော့င်ပဲဗျ။ ခင်ဗျားကားကြီး ပြင်မပြီးသေးလဲ ခုစီးလာတဲ့ အော်စတင်ကားကလေးနဲ့ပဲ သွားကြတာပေါ့"

"အို… ကိစ္စမရှိပါဘူးလေ၊ ညနေတိုက်ပိတ်တော့ ခင်ဗျားအိမ်မပြန်နဲ့ တစ်ခါတည်း သွားမယ်။ ဟိုရောက်မှာနဲ့ မှောင်မှာနဲ့ အတော်ပဲ"

ထွန်းတင်ကား ချစ်သူလိပ်ပြာနှင့် တွေ့ရမည့်အတွက် အထူးသဖြင့် ကျေနပ်အားတက်လျက် ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ဖြစ်လာလေ၏။ ထွန်းတင်နှင့် မစ္စတာဟဲရစ်တို့သည် ညနေ ခြောက်နာရီခွဲလောက်တွင် လားရှိုးလမ်းပေါ်၌ ကားကလေးကို ဖြည်းဖြည်းမောင်းနှင်လျက် ရှိကြလေရာ၊

ထွန်းတင်မှာ ကွယ်လွန်သူကလေးကို တရေးရေးမြင်ယောင်ကာ မသေမီက ဤနေရာတွင် မိမိနှင့် နောက်ဆုံး ကားအတူစီးသွားရှိသည်တို့ကို စဉ်းစားလျက် စိတ်မသက်မသာ ဖြစ်နေရှာလေ၏။

သို့နှင့် မကြာမီ ကညင်ပင်ကြီးအနီးသို့ ရောက်လာကြ၍ ကားကို ထိုးရပ်လိုက်ကာ၊ အောက်သို့ ဆင်းလာကြရာတွင် ထွန်းတင်သည် ကညင်ပင်ကြီးတွင် ပွန်းပဲ့နေသော ဒဏ်ရာများကို ကြည့်ပြီး၊ ရင်ထဲတွင် မချိတင်ကဲနှင့် မျက်ရည်များဝဲကာ…

"မစ္စတာဟဲရစ် ကြည့်ပါဦးဗျာ။ သစ်ပင်တုံးကြီးတောင် မခံနိုင်အောင် ပွန်းပဲ့ချိုင့်ဝင်နေလိုက်တာ၊ ဟော… ဒီကျောက်တုံးကလေးပေါ်မှာ ဒါလင်ရဲ့ သွေးစ သွေးနကလေးတွေတောင် ခုထက်ထိ ကျန်ရစ်နေရှာသေးတယ်"

ဟုပြောပြီး ခေါင်းကြီးအောက်ချလျက် အနီးရှိ ကျောက်တုံးတစ်ခုပေါ် သွားထိုင်ပြီး ငိုင်ငိုင်ကြီး တွေဝေနေတော့ရာ မစ္စတာဟဲရစ်ကြီးမှာလည်း ကညင်ပင်ကြီးသို့ ရောက်ခါမှ အဟောင်းကို အသစ်ဖြစ်ကာ စိတ်ကို ပိုမိုထိခိုက်လာပြီး ကံဆိုးရှာသူကလေးအား သနားမဆုံးနိုင်တော့သဖြင့် ထွန်းတင်နှင့် အတူထိုင်ကာ တိတ်ဆိတ်စွာ အပြိုင်ဝမ်းနည်းနေရှာလေတော့၏။

ထိုခဏ၌ ထွန်းတင်၏ စိတ်များမှာ ငုတ်တုတ်ထိုင်နေမိသော ၎င်း၏ ကိုယ်တွင် ထွက်ခွာပျံဝဲပြီး နန်းမျှော် ရေတံခွန်အနီးတွင် ချစ်သူနှင့်နစ်ကိုယ်တည်း ကျီစယ်ကြပုံများကို လည်းကောင်း၊ မူးမူးရူးရူးနှင့် စောမြအေးကို လိုက်ဖမ်းပုံများကို လည်းကောင်း၊ ကွက်ကွက်ကွင်းကွင်း ဇာတ်စုံခင်းပြလျက် ရှိလေတော့၏။

"အေးရယ် သေခြင်းသေရင် ကိုကိုတင်လို လူမိုက်တစ်ယောက်သာ သေထိုက်ပါတယ်"

ဟု ပါးစပ်မှ ယောင်ထွက်လိုက်မိသည်တွင် သတိဝင်လာခဲ့ပြီး၊ အနီးက မစ္စတာဟဲရစ်ကြီးမှာလည်း ဘာမပြော၊ ညာမပြောနှင့် တုဏှိဘောကြီး ဖြစ်နေကာ စူးစိုက်မိရာ အရပ်သို့ မျက်တောင်မျှ မခတ်နိုင်အားဘဲ အငေးသားတွေဝေ မိန်းမောရ၍ နေသည်ကို တွေ့ရလေ၏။ အချိန်မှာကား နေဝင်၍ လထွက်စပြုနေပြီဖြစ်ရာ ၎င်းတို့အနီးအနားတစ်ဝိုက်တွင် မှုန်ဝါးဝါးကလေး လင်းနေလေ၏။ ထွန်းတင်လည်း ငေးစိုက်ပြီး ငိုက်ငိုက်ကြီး တွေဝေနေသော မစ္စတာဟဲရစ်အား…

"ဘယ့်နယ်လဲ မစ္စတာဟဲရစ်ရယ်၊ အေးနဲ့တွေ့ရမယ်ဆို လလဲ သာလာပြီ၊ ဒီမှာ ဒါလင် ရှိရိုးအမှန်ဟုတ်မှ ဟုတ်ပါ့မလား"

ဟု လက်တို့ပြောလိုက်သည်တွင် ငုတ်တုတ်နစ်မြောနေသကဲ့သို့ ဖြစ်နေသော မစ္စတာဟဲရစ်ကြီးမှာ အိပ်ရာမှ ဖျပ်ခနဲလန့်နိုးသူအလား ပြူးတူးပြဲတဲဖြစ်သွားပြီးမှ နောက်တစ်ကြိမ် ထပ်ပြောသော ထွန်းတင်၏စကားကို နားလည်ကာ…

"အို… မစ္စတာ ထွန်းတင် မမြင်ဘူးလား။ ကစ်ဒီ ကျုပ်နဲ့ ဒီနားမှာလာပြီး စကားပြောနေတယ်လေ။ ခင်ဗျားကိုတောင် ပြုံးကြည့်နေသေးတာပဲ။ ခင်ဗျားကလဲ သူလာလို့မှ အားရဝမ်းသာ နှုတ်ဆက်ဖော် မရဘဲကိုးဗျ။ ဘာတွေများ စဉ်းစားခန်းဝင်နေသလဲ မသိပါဘူး"

ဟု ညည်းညည်းညူညူ ပြောသောကြောင့် ထွန်းတင်မှာ မခံချိမခံသာချည်းဖြစ်လာကာ…

"ဘာပြောတယ် မစ္စတာဟဲရစ် ဒါလင် လာတယ်ဟုတ်လား။ ကျုပ်မမြင်ရဘူး။ ကျုပ်ကို ဘာကြောင့် မမြင်စေတာလဲ။ ဒါလင် ဒီမှာရှိတယ်ဆိုလို့ အားရဝမ်းသာနဲ့ လာခဲ့ရတာ ခင်ဗျားအသိသားပဲဟာ"

"အို… ခင်ဗျား မမြင်ရဘူးလား။ ကျုပ်က မြင်တယ် အောက်မေ့တာကိုး။ အို ကျုပ် အိပ်ပျော်သွားမိသလား မပြောတတ်ဘူး။ ဟာ… မအိပ်ပါဘူးလေ ခင်ဗျား ကျုပ်အနားမှာ ထိုင်နေတာပဲ ဩော်… အင်း… အင်း… အိပ်မပျော်ပေတဲ့ နည်းနည်းမေ့သလိုလို ဖြစ်သွားတုန်းမှာ ကစ်ဒီနဲ့ တွေ့လိုက်တာ

ထင်တယ်။ နေဦးဗျ၊ သူပြောသွားတာကို ကျုပ်အကုန်ပြန်မပြောရသေးဘူး။ အေး... ကိုကိုတင်နဲ့အတူ ကားမြန်မြန်ကြီး မောင်းတာ စီးချင်သေးတယ်။ သိပ်ပျော်တာပဲတဲ့။ ကိုကိုတင်ကားနဲ့ သွားတိုင်း အေးလဲ အမြဲလိုက်စီးနေတာပဲတဲ့။ ပြီးတော့ အခုပြန်လို့ရှိရင် အေး အန်ကယ်နဲ့ ကိုကိုတင်နှစ်ယောက်ကြားထဲက ထိုင်ပြီး လိုက်လာခဲ့မယ်တဲ့ နောက်ပြီးတော့ ဘာပြုလို့မှန်း မသိဘူးတဲ့။ ကိုကိုတင်နေတဲ့အိမ်ကို အေးလာလို့ မရဘူး။ အန်ကယ်နေတဲ့ အိမ်တော့ လာလို့ရတယ်။ ဒါကြောင့် အခုတစ်ခါတည်း လိုက်လာပြီး အန်ကယ်တို့အိမ်မှာ တည်းခိုနေပါရစေတဲ့၊ အန်ကယ်ကို အန်တီကြီးက ဆူရင် အေး ကြည့်လုပ်ပေးပါမယ်။ အန်ကယ်ခေါ်ပါနော်လို့ ပြောတယ်။ ဒါနဲ့ ကျုပ်ကလဲ ကစ်ဒီနေချင်ရင် လိုက်ခဲ့ပါ။ အန်ကယ် ကျေကျေနပ်နပ် ခေါ်ပါတယ်လို့ ပြန်ပြောလိုက်တော့ သူလေ အားရဝမ်းသာနဲ့ ခင်ဗျားရပ်ထားတဲ့ ကားနားကို ထွက်သွားတယ်။ နောက်စကားပြောလိုက်သံ ကြားတာနဲ့ လန့်ပြီး လှည့်ကြည့်လိုက်တော့မှ ခင်ဗျားဖြစ်နေတယ်"

"နို့... ကျွန်တော်နဲ့ မတွေ့ရဘူးလား။ ဒါလင် ဒါလင်ကိုကိုတင်ကိုတော့ ဘာကြောင့် လာမပြောတာလဲကွယ်"

ဟု ညည်းညူမိလေ၏။ ထိုခဏ၌ ကားဆီမှ ဘော်... ဘော်... ဘော်... ဟု သုံးခါတိတိဟွန်းနှိပ်သံ ကြားရသောကြောင့် အခြားက ခရီးသွားကားတစ်စီးမှတ်၍ မော်ကြည့်မိကြရာ ဘယ်ကကားမျှ မပေါ်လာဘဲရှိလေ၏။ ထို့နောက် မိမိတို့ ရပ်ထားသော ကားမှ လူမမြင်ဘဲ တစ်စုံတစ်ယောက်က နှိပ်လိုက်သဖြင့် ဒုတိယတစ်ဖန် ဘော်... ဘော်.. ဘော်... နှင့် သုံးကြိမ်ဆင့်၍ မြည်ပြန်လေရာ ထွန်းတင်မှာ အားရဝမ်းသာနှင့်...

"ဟော... မစ္စတာဟဲရစ် ဒါလင် အသံပေးတာပဲ၊ ဒါလင် အို... ဒါလင်ရဲ့ ကိုကိုတင်မြင်ရအောင် ဒါလင့်ဝိညာဉ်လိပ်ပြာကလေးကို ပြစမ်းပါလား ဒါလင်ရယ်"

ဟုဆိုကာ ကားဆီသို့ ပြေးပြီးမြင်လိုဇောနှင့် ကသောကမြောကြီးလိုက်ရှာလေ၏။

လသာသာတွင် အမိုးချကာ ရပ်ထားသော အော်စတင်ကားကလေးပေါ်တွင်မူကား လူထား၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိပါဘဲလျက် ဟွန်းမှ အသံထွက်လာသောအခါ လူသေလျှင် တစ္ဆေဖြစ်သည်၊ အယူလွဲလျှင် သရဲဖြစ်သည်၊ လောလောလတ်လတ်သေလျှင် အစိမ်းစားဖြစ်သည် စသော နာနာဘာဝ ဝိနာဘာဝတို့အား အင်္ဂလိပ်ကပြားပီပီ လားလားမျှ အယုံအကြည်မရှိခဲ့သော မစ္စတာဟဲရစ်ကြီးနှင့် ခေတ်ဆန်ဆန်နှင့် အင်မတန် အင်္ဂလိပ်စိတ်ဝင်နေသောကြောင့် နာနာဘာဝ အစိမ်းတစ္ဆေ ဝိညာဉ်လိပ်ပြာ၊ ဖုတ်ပြိတ္တာတို့အကြောင်းကို နားမှလေသံမခံဖူး၍ မယုံတယုံတွင် ချစ်သူအတွက် ချစ်ဇောတက်လွန်း၍သာ လိုက်ပါလာခဲ့သော ထွန်းတင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြခြင်းကြီး အံ့သြကာ အံ့သြတာနှင့်အမျှလည်း ချစ်သူလိပ်ပြာနှင့် နီးနီးကပ်ကပ် တွေ့ဆုံရသည့်အတွက် ဝမ်းသာ အားတက်ခြင်းကြီးမက ဝမ်းသာအားရ ဖြစ်သွားကြလေ၏။

"ဒါလင် ဒါလင် ကိုကိုတင် မြင်ရအောင် ဒါလင့်ရုပ်ပုံကလေး ပြစမ်းပါ ဒါလင်ရယ် ဒါလင် ဒီအနီးအနားမှာ ရှိနေတယ်ဆိုတာတော့ ကိုကိုတင် ယုံကြည်ပါပြီ"

ဟု ပြောလိုက်လေရာ ထွန်းတင်၏ အနားတွင် တစ်စုံတစ်ယောက် ဖြစ်သွားသကဲ့သို့ အေးခနဲ လေတိုးသွားသလို ထင်ရပြီး တစ်စုံတစ်ယောက်က တစ်ထောင့်ထွာလောက်ရှိသော သစ်ကိုင်းစို တစ်ခုနှင့် ပေါက်လိုက်သည်ကို ခံရလေရာ၊ ထွန်းတင်မှာ အပင်မှ လတ်လတ်ဆတ်ဆတ် ချိုးပြီးစ အစေးများ ထွက်ဆဲဖြစ်သော သစ်ကိုင်းကလေးကို ကောက်ယူကြည့်ရှုပြီး သက်ပြင်းကြီး ရှူမိကာ...

"ဒါလင် ဒါလင် ဒီလိုမထိတထိကလေး ကျီစားသလို လုပ်မနေပါနဲ့ ဒါလင်ရယ်။ ဒါလင်ရဲ့ ပုံသဏ္ဌာန်ကလေးကို ကိုကိုတင် မြင်ချင်လွန်းလို့ပါ။ မြင်သာရုံကလေးဖြစ်ဖြစ် ပြစမ်းပါ ဒါလင်ရဲ့"
ဟု မချိလိုက်လှဲ အသည်းကြားမှ ခွဲထုတ်လိုက်သည့် လေသံနှင့် လရောင်ဝိုးဝါးတွင် ကြိုးကြိုးစားစား ကြည့်မျှော်ပြီး ရော်ရော်ရမ်းရမ်း မှန်းမှန်းဆဆနှင့် ပြောနေမိရာ၏။ ထိုခဏတွင်ပင် လရောင်အောက်၌ တောက်ပပြောင်လက် အရောင်ထွက်နေသော မော်တော်ကားဦး ကလေးပေါ်တွင် မီးခိုးလိုလို တိမ်လိုလို ဖြူဖြူအရိပ်တစ်ခု ရုတ်တရက် ပေါ်လာသည်ကို မြင်ရပြန်လျှင် ထွန်းတင်မှာ ထိုအာရုံကို စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေမိပြီး ပါးစပ်ကလည်း...

"ဒါလင်ရေ အေးရေ ကိုကို့အချစ်ကလေးရေ အချစ်ရဲ့ ဝိညာဉ်လိပ်ပြာကလေးကို ကိုကိုတင် မြင်ရအောင် ထင်ထင်ရှားရှား ပြလိုက်စမ်းပါကွယ်"
ဟုပြောပြီး ကားကလေးအနီးသို့ တိုးမှန်းမသိ တဖြည်းဖြည်း တိုးလာနေမိတော့၏။

မီးခိုးလို ဖြူဖြူအရိပ်ကြီးမှာ ကြည့်ရင်းကြည့်ရင်းပင် အောက်ခြေတွင် မီးခိုးတိမ်လွှာသဏ္ဌာန်အတိုင်း မြင်ရပြီး အထက်နားမှာမူ လူ၏ အရိပ်သဏ္ဌာန်လိုလို ဖြစ်လာသောကြောင့် ထွန်းတင်မှာ မျက်တောင်မှ မခပ်နိုင်ဘဲ အားခဲ၍ ကြည့်နေမိစဉ်၊ ခါးတစ်ဝက်မျှသာသာ ပေါ်လာသော မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန်ကို တွေ့မြင်ရပြန်၏။ ဦးဆံကား ဖားဖားဝေဝေ ချလျက် သစ်ရွက်စမ်းများကို လက်နှစ်ဖက်တွင် စွဲကိုင်ကာ အခိုးအငွေ့များအထက်မှ အထင်အရှား ပေါ်ထွက်လာသည်ကို လရောင်လင်းလင်းတွင် အထင်းသားမြင်ရပြီး၊ ထိုမိန်းမ၏ မျက်နှာပုံသဏ္ဌာန်မှာလည်း စောမြအေးပုံအတိုင်း ဖြစ်လေရာ၊ ထွန်းတင်မှာ ငြိမ်သက်စွာ ကြည့်မနေနိုင်တော့ဘဲ...

"အေးရေ အမယ်လေး ကိုကို့ အချစ်ကလေးရဲ့"
ဟုဆိုကာ ထိုပုံသဏ္ဌာန်ကို လျင်မြန်စွာ လှမ်းဖက်လိုက်သည်တွင် မြင်ရသောသဏ္ဌာန်မှာ ဖျပ်ခနဲ ကွယ်ပျောက်ပြီး မီးခိုးလို ဖြူဖြူအတန်းကြီးမှာလည်း လေထဲတွင် လွင့်ပါး၍ တဖြည်းဖြည်း မှေးမှိန်သွားလေ၏။ ထွန်းတင်မှာ မချင့်မရဲ ကြိတ်မနိုင် ခဲမရနှင့် ကျန်ရစ်ကာ နောက်တစ်ကြိမ် ပေါ်လာဦးမည်လားဟု မိမိအနီးပတ်ဝန်းကျင်တွင် မနေမနား မျက်လုံးကို စေစားလျက်ရှိတော့၏။

"မစ္စတာဟဲရစ် ဒါလင့်ကို ကျွန်တော်ရိပ်ခနဲ မြင်လိုက်ရတယ်။ ဟောဒီ ကားဘော်ဒီပေါ်မှာလေ ကျွန်တော်လှမ်းဖက်လိုက်တော့ ပြုန်းခနဲ ပျောက်သွားတယ်"
ဟုဆို၍ မစ္စတာ ဟဲရစ်ကလည်း စိတ်အားထက်သန်စွာနှင့်...

"ဟုတ်မှာပဲ... ဟုတ်မှာပဲ... ကစ်ဒီရဲ့ ဝိညာဉ်လိပ်ပြာကလေးဟာ ကျုပ်တို့ရဲ့ အနီးအနားမှာ ရှိတယ်ဆိုတာ အများကြီးထင်ရှားနေတာပဲ"
ဟုပြောကာ နှစ်ယောက်သား ကားအနီးတွင် ရပ်စောင့်နေကြပြန်လေ၏။

ထိုခဏ၌ ကားတံခါးတစ်ဖက်မှာ လူတစ်ဦးတစ်ယောက်က ဆွဲဖွင့်လိုက်သလို ဆတ်ခနဲ အလိုလို ပွင့်သွားလျက် ကားရှေ့ထိုင်ခုံပေါ်သို့ လူတစ်စုံတစ်ယောက် တက်ထိုင်လိုက်သကဲ့သို့ သိမ့်ခနဲ ဖြစ်သွားပြီး ပွင့်နေသော တံခါးကိုလည်း လူမမြင်ရဘဲ ဂျောင်းခနဲ တအား ဆွဲပိတ်လိုက်သည်ကို မြင်ရပြန်သောအခါ ထွန်းတင်နှင့် မစ္စတာဟဲရစ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် အံ့အားသင့်စွာ ကြည့်မိကြပြန်၏။ ထိုအခိုက်မှာပင် မစ္စတာဟဲရစ်သည် မိမိနားတွင်းသို့ အသံတစ်ခုကြားရသောကြောင့် လည်စောင်းကာ နားထောင်လိုက်ပြီးလျှင်...

"ဟော... မစ္စတာထွန်းတင် သွားကြစို့တဲ့ ပြောနေတယ် ကဲ... လာလေ သွားကြမယ်

ဟု ပြောလိုက်သည်တွင် ထွန်းတင်လည်း ကားပေါ်တက်ကာ မစ္စတာဟဲရစ်နှင့်အတူ ပြန်မောင်းလာခဲ့လေသတည်း။

"ဟင်… ကြည့်စမ်း ရှင်… အခု ထွန်းတင်ကားနဲ့ ပြန်လာတယ်ပေါ့လေ ဘယ်အထိ ကမြင်းကြောဆွဲလာလို့ ဒီအချိန်မှ ပြန်လာရလဲဟင် အရင်ဖြစ်ခဲ့တာ ပူပူနွေးနွေးကြီး ရှိသေးတယ်။ အမှတ်မရှိ သွားပြန်ပြီပေါ့လေ"
ဟု ဒေါ်ပေါကြီးက ဆီးကြိုကာ နှုတ်ခွန်းဆက်လိုက်သည်တွင်…
"ကျုပ်ကိစ္စရှိလို့ သွားတာ အလကား ဆူမနေစမ်းပါနဲ့လေ"
ဟု လေပြေလေအေးနှင့် မစ္စတာဟဲရစ်သည် သူ၏ အခန်းထဲသို့ ဝင်သွားလေရာ ဒေါ်ပေါကြီးမှာ ဗျစ်တီးဗျစ်တောက် မြည်တွန်တောက်တီးလျက် အဆက်မပြတ် ဆူပူနေပြန်လေ၏။

"ခက်တယ်… ခက်တယ်။ ဒီအဘိုးကြီးဟာ ထွန်းတင်နဲ့ ပေါင်းမှ ကောင်းကောင်း ပျက်စီးနေတော့တာပဲ။ ဟော့ ပြောလိုက်ပါ့မယ်။ ဒီကနေ့ကစပြီး ထွန်းတင်နဲ့ အခေါ်အပြော အပေါင်းအသင်း မလုပ်ရဘူး။ လုပ်ရင်သိကြရောပေါ့"
ဟု ကလေးကို မအေက ဆုံးမသလို ကြိမ်းမောင်းနေဆဲ၌ ဒေါ်ပေါကြီးမှာ မိမိခေါင်းပေါ်သို့ ကြွက်လျှောက်ပေါ်တွင် အလုတင်ထားသော ကြေးလင်ဗန်းကြီးတစ်ခု ဂျွမ်ခနဲ ပြုတ်ကျလာသောကြောင့် နာနာနှင့် နေရာပြောင်းကာ နင်းကန် ဆူပြန်ဆဲပြန်လေလျှင် နောက်တစ်ကြိမ် ရွှေ့ထိုင်လိုက်သော ပက်လက်ကုလားထိုင် ဒေါက်ပြုတ်ကျသွားသောကြောင့် အမယ်လေးတော့ဟု အော်ကာ ကုလားထိုင်ရော လူပါ ကြမ်းပေါ်တွင် ပုံရက်ကျရာမှ လူးလဲကာ ထပြီး ဆူမြဲတိုင်း ဆူကာ ပြတင်းပေါက်ဝတစ်ခုသို့ ထလာပြန်လေ၏။ ထိုတွင် ပြတင်းပေါက်မှ ခန်းဆီးထည့်သော တုတ်ကြီး ပြုတ်ကျလာပြီး ဒေါ်ပေါကြီးနဖူးပေါ်သို့ အဆောတ်ခံရပြန်ရာ ဒေါ်ပေါကြီးမှာ တုတ်ကြီးကို ဆွဲလွှင့်ပစ်လိုက်လေ၏။

မိမိအခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်ကာ သတင်းစာဖတ်နေသော မစ္စတာဟဲရစ်မှာ ဒေါ်ပေါကြီး ဖြစ်ပုံကို မြင်ရလျှင် သတင်းစာကွယ်ကာ ပြုံးပြုံးကြီး ဖြစ်နေလေ၏။

သို့နှင့် ဒေါ်ပေါကြီးမှာ ဆူလေ အထိအခိုက်များလေနှင့် ဖြစ်နေရာ နောက်ဆုံးမောလာ၍ အဆူရပ်ခါမှ အထိအခိုက်လည်း သက်သာသွားလျက် ညဉ့်လည်းနက်သည်နှင့် အိမ်ခန်းသို့ ဝင်လေ၏။

ဒေါ်ပေါကြီးသည် မည်သို့စိတ်ကူးကြောင့်မသိ ကျယ်သော အိပ်ခန်းကြီးအတွင်းမှာ လင်မယားနှစ်ယောက် တစ်ယောက်အိပ် ခုတင် တစ်ခုစီနှင့် တစ်နေရာစီ လိုက်ကာနှင့် ယာယီအခန်းငယ်ဖွဲ့ကာ အသီးသီးအိပ်ကြမြဲ ဖြစ်သည့်အတိုင်း ဒေါ်ပေါကြီးသည် မိမိခုတင်ပေါ်သို့ လဲလျောင်းရင်း အတန်ကြာ အနားယူလျက် ငြိမ်ငြိမ်သက်သက် နေရာမှ ခဏကြာသော် ဖြန်းခနဲ ထပြီး ဒေါ်ကြီးမောကြီးနှင့် မစ္စတာဟဲရစ်အနီးသို့ ရောက်လာကာ စားတော့ ဝါးတော့မည့် မျက်နှာကြီးနှင့် စိုက်ကြည့်လျက်…
"ဟဲရစ်… အခု ဘာလုပ်တာတုံးဟင် နင်က ငါ့ကို ကြောင်တောင်ထားပြီး ပမာမခန့် လုပ်ပြတာလား"
ဟု ကျားဟိန်းသံမျိုးကြီးနှင့် ပြောလိုက်လျှင် သတင်းစာတွင် စိတ်ဝင်စားနေသော မစ္စတာဟဲရစ်မှာ ဒေါ်ကြီးမောကြီး ဖြစ်လာသော ဒေါ်ပေါကြီးကို ကြည့်ပြီး…

"ဘာလဲ မပေါကြီး ကျွန်ပ် ဘာလုပ်သလဲ မမြင်ဘူးလား။ ဒီမှာ သတင်းစာဖတ်နေတယ်လေ မပေါကြီး ကျွန်ပ်ကို ခဏခဏဆဲနေတယ်။ ကျွန်ပ်ဘာမှ အပြစ်မရှိဘူး မဟုတ်လား"
ဟု လေအေးနှင့် ပြောသော်လည်း ဒေါကြီးနေသော မပေါကြီးမှာ...

"ဟင်... နင်အပြစ်မရှိဘူးလား။ ငါ့ကို ကြောင်တောင်ထားပြီး နင့်မယားငယ်ကို အခန်းထဲ ခေါ်သိပ်တာ အပြစ်ကြီးမဟုတ်လို့ နင့်အမေလင်က ပြောသလားဟင်။ ဘယ်မလဲ ဒီကောင်မ ငါကိုယ်တိုင် ဖိနပ်နဲ့ ရိုက်ပြီး လေးပေါင်လေးလက် ဖြလွှတ်မယ် အခုထုတ်ပေးဟဲ့"
ဟု ဒေါသတကြီးနှင့် ဘီလူးမ ပတ်ကြမ်းတိုက်လေရာ မစ္စတာဟဲရစ်မှာ စိတ်ရှုပ်ထွေးစွာနှင့်...

"မပေါကြီး ခင်ဗျား ရူးနေသလား ဒီအခန်းထဲမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်ထဲ အိပ်တယ်။ ဟိုမှာလဲ တံခါးပိတ်ထားတယ်။ ဘယ်က မိန်းမလာမလဲ"

"မညာနဲ့ ငါကိုယ်တိုင် မျက်စိနဲ့ မြင်လိုက်တာ ငါက ကြည့်လိုက်မှန်းသိတော့ ဟောဒီ လိုက်ကာကြားထဲ ရိပ်ခနဲ ကွယ်ပစ်လိုက်တယ်။ ကောင်မ ခပ်ငယ်ငယ်ရယ်၊ ဘယ်မလဲ အခုထုတ်ပေးရင်ပေး မပေးရင် နင့်ခေါင်းမွေး ဆွဲနုတ်ပစ်မယ်သိလား"

"အို... သိပ်ခက်တဲ့ မပေါကြီးပဲ မယုံရင် ခင်ဗျားရှာလေ မရှိဘဲနဲ့ ခင်ဗျားစိတ်ထင်တာကို ကျွန်ပ် ဘယ်လို ရှာပေးနိုင်မလဲ"
ဟုဆို၍ ဒေါ်ပေါကြီးမှာ...

"အေး... အေး ငါကိုယ်တိုင်ရှာမယ်၊ တွေ့ရင် နင်ရော နင့်ကောင်မရော နှစ်ကောင်စလုံး ဓားနဲ့ အသေခုတ်မယ်ဟဲ့"
ဟုဆိုကာ ခုတင်အောက် လိုက်ကာကွယ် ထောင့်ကြိုထောင့်ကြားမကျန် တစ်ခန်းလုံး အပ်ပျောက်ရှာနည်း ရှာပြီး ဘယ်နေရာမှ မတွေ့သည့်တိုင်လည်း မကျေမချမ်းကြီး ဖြစ်နေသေးကာ မစ္စတာဟဲရစ်ရှိရာသို့ ခါးကြီးစုံထောက်၍ ရောက်လာပြန်လေ၏။

"နင့်ကောင်မကို ငါမျက်စိနဲ့ အတပ်မြင်လိုက်တာ အမှန်ပဲ နင်ဘယ်လိုလုည့်ထုတ်ပစ်လိုက်တာလဲ ဟဲရစ်"

"အို... သိပ်ခက်တဲ့ မပေါကြီး"

ကျောကို နောက်မှနေ တစ်စုံတစ်ယောက်က ခပ်ဆတ်ဆတ်ကလေး ဖျန်းခနဲ ချလိုက်ခြင်းခံရ၍ ကပျာကရာ လှည့်ကြည့်လိုက်ရာ မိမိနောက်ရှိ လိုက်ကာကြားထဲသို့ မိန်းမတစ်ယောက် ရိပ်ခနဲ ဝင်သွားသည်ကို မြင်လိုက်ရပြန်သဖြင့်...

"ဟော... ဟော ပြောရင်းဆိုရင်း ငါ့ကျောကို ဖျင်းခနဲချပြီး ဟောဟိုလိုက်ကာကြားထဲ ဝင်သွားတယ်။ အတင့်ရဲလိုက်တာ လင်ခိုးမ ငါ့ကို ပြောင်စရာ အောက်မေ့နေတယ်။ အသေဆွဲလုပ်ပစ်လိုက်မယ်"
ဟုဆိုကာ လိုက်ကာကြားသို့ အပြေးအလွှား လိုက်၍ ရှာလေ၏။

မပေါကြီးသွားသောအခါ လိုက်ကာအတွင်းအပြင် ဘာမျှမရှိပေ။ ထို့ကြောင့် မကျေမချမ်း ဖြစ်နေမိစဉ် မိမိကျောကို ဖျပ်ခနဲ ပုတ်လိုက်ပြန်၍ နောက်လှည့်ကြည့်လိုက်ရာ လိုက်ကာကို ကွယ်လိုက်သော မိန်းမရိပ်တစ်ခုကို တွေ့ရ၍ ကပျာကရာ လိုက်ဖမ်းလျှင် မြင်ရသော မိန်းမမှာ လိုက်ကာကို လှည့်ကာ ပတ်ကာ ပြေးနေသောကြောင့် မပေါကြီးလည်း ဒေါသတကြီးနှင့် အမောတကော လိုက်ကာကို လှည့်ကာပတ်ကာ အပြေးလိုက်ဖမ်း၍ နေရပြန်လေ၏။

မစ္စတာဟဲရစ်မှာ အခြားသူတစ်ဦးကို မမြင်ရဘဲနှင့် မပေါ်ကြီးတစ်ယောက်တည်း လိုက်ကာကို ချာလပတ်လှည့်ပြေးနေသည်ကို မြင်ရသောကြောင့် အံ့သြငေးကြောင်ကာ ကြည့်နေမိစဉ်...

"အန်ကယ်ရေ... အန်တီကြီး ဆူလွန်းလို့ ငြိမ်အောင် အလုပ်ပေးထားလိုက်တယ်။ သူမောလာရင် အိပ်မှာပဲ သိပ်ကျီစားလို့ ပျော်တာပဲ ဟား... ဟား... ဟား"

ဟု မိမိနားနားကပ်၍ ပြောလိုက်သော အသံကို ကြားရမှ မစ္စတာ ဟဲရစ်မှာ မပေါ်ကြီးဆူတိုင်း ကြေးလင်ပန်းပြုတ်ကျခြင်း၊ ခန်းစီးတုတ်ပြုတ်ကျခြင်းမှစ၍ ယခုဖြစ်သမျှ အကြောင်းများမှာ စောမြအေးလက်ချက်တွေမှန်း သိလာသဖြင့် သတင်းစာနှင့် မျက်နှာကိုကွယ်ကာ ပြုံးပြုံးကြီး ကျေနပ်သွားရာလေတော့သတည်း။

ယင်းသို့လျှင် ထိုနေ့မှစ၍ စောမြအေး၏ ဝိညာဉ်လိပ်ပြာကလေးမှာ မစ္စတာဟဲရစ်၏ နေအိမ်တွင် ရှိနေလျက် မစ္စတာဟဲရစ် အလုပ်တိုက်သို့ လာတိုင်း အတူလိုက်လာပြီး ကုန်တိုက်ကြီးအတွင်း အခြားစာရေးသူများ မရိုးမဖြောင့်လုပ်လျှင် မန်နေဂျာသိအောင် လုပ်ပေးသည့်အခါ လုပ်ပေးလျက် ထွန်းတင် အလုပ်တိုက်သို့လာတိုင်း သူ၏ လူမမြင်ရသော လက်ကလေးနှင့် နှုတ်ဆက်ကိုင်တွယ်ကာ သူရှိကြောင်း အထိမ်းအမှတ်ပြုရာပြီး ထွန်းတင်နှင့်အတူလည်း မကြာခဏ ကားစီး၍ လိုက်တတ်လေရာ ထွန်းတင်မှာ ချစ်သူလိပ်ပြာကလေးနှင့် ယခုလို နီးစပ်စပ် မပြတ်တွေ့နေရခြင်းကိုပင် အလွန်အမင်း ကျေနပ်ရောင့်ရဲလျက် စိတ်သက်သာရာရခဲ့လေ၏။ မစ္စတာဟဲရစ်မှာလည်း ထွန်းတင် ကျေနပ်စိတ်ချမ်းသာနေသည်ကို မြင်ရသည်တစ်ကြောင်း၊ စောမြအေးကို ခင်မင်သနားရှိသည် တစ်ကြောင်းတို့ကြောင့် ကောင်းစွာ လက်ခံထားခဲ့သည်ဖြစ်ရာ လင်ပေါ်ကို အမြဲသြဇာပေးလျက် မကြာခဏ ဆူပွက် ကြိမ်းမောင်းလေ့ရှိသော ဒေါ်ပေါ်ကြီးအားလည်း ဆူတိုင်းပူတိုင်း စောမြအေးက ကျီစားသလိုလို တကယ်လိုလိုနှင့် အခါမပြတ် အနှောင့်အယှက် ပေးနေခြင်းတို့ကြောင့် ဒေါ်ပေါ်ကြီးမှာ မကြာခဏ အရူးဖြစ်ရပုံကို သင်္ကာမကင်းနိုင်အောင် ရှိလာလေ၏။

ယင်းသို့ မသင်္ကာတိုင်းလည်း မစ္စတာဟဲရစ်ကြီးအား အမျိုးမျိုး ကြိမ်းဝါးမာန်မဲဆူပူပြန်ရာ ဆူလေပူလေ အရူးဖြစ်ရလေလေသာ ရှိနေလျှင် ထိုအဖြစ်အပျက်များကို ဓာတ်သိဖြစ်သူ မစ္စတာဟဲရစ်မှာ စောမြအေးလက်ချက်ဟု အရိပ်အမြွက်မျှမပြောဘဲ အမြဲသာလျှင် မိမိဘာမျှ မသိကြောင်းနှင့် ဘုရားတစ်လုံးဆောင်ပြီး ကွယ်ရာတွင်မူကား ထွန်းတင်နှင့် အတွင်းကြိတ် ပြုံးကြရလေ၏။ ဒေါ်ပေါ်ကြီးမှာလည်း တစ်နေ့တခြား မသင်္ကာစရာတွေ တွေ့နေရပြီး မိမိဆူတိုင်းလည်း အရူးဖြစ်ရပါများလာရုံမက စောမြအေး၏ ကျီစားသန်မှုမှာ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်သကဲ့သို့ ဖြစ်လာလေ၏။

ဒေါ်ပေါ်ကြီးမှာ မဟုတ်ဘဲ မကျော် မပုတ်ဘဲ မပေါ်ဆိုသကဲ့သို့ အများပြောဆိုကဲ့ရဲ့ကြသော အတိုင်းပင် မစ္စတာဟဲရစ် အလုပ်သွားအချိန်များတွင် အိမ်တွင်ငှားထားသော လူရည်ချောချော ငယ်ရွယ်သူ စားပွဲထိုးကောင်ကလေးနှင့် ပလူးပလဲ မျောက်ပန်းလှန်လျက် ရှိသူဖြစ်ရာ စားပွဲထိုးကလေးမှာလည်း အကောင်လည်း အကောင်မွတ်ကလေးဖြစ်၍ ဒေါ်ပေါ်ကြီးထံမှ ကျသမျှ မြှူပြီး အချူကြီး ချူနေဖြစ်ရကား အမေလောက်ကြီးသူပင် ဖြစ်လင့်ကစား နှစ်ပါးသွားရန် ဝန်မလေးလှဘဲ အခန်းထဲ အမြဲ သစ္စာနံလေ့ရှိသည့်အတိုင်း ထုံးစံဝတ္တရားမပျက်နေ့ဘက်တွင် အမူထမ်းမြဲထမ်းလာခဲ့ရာ၌ ယခုတလောမှ အခန်းတွင်းသို့ စားပွဲထိုးကောင်လေး ဝင်မိပြီးနောက် ညနေ မစ္စတာဟဲရစ်ကြီး ပြန်မလာမီ

လူချင်းခွဲကြရမြဲကို ဘယ်လိုအကြောင်းကြောင့်မသိ ဝင်မိသည်နှင့်တစ်ပြိုင်နက် အခန်းတွင်းမှ ပြန်မထွက်နိုင်တော့ဘဲ ထွက်ပေါက်ကို တစ်စုံတစ်ယောက်က အပြင်မှနေကာ သော့နှင့် အသေခတ်ထားခြင်း ခံရလေရာ အခြားပြတင်းပေါက်မှ ခုန်ချထွက်ပြေးရန်လည်း သံတိုင်ကာသော ပြတင်းများဖြစ်၍ မတတ်သာ အတွင်းမှာ နစ်ယောက်သား ဗျာများလျက်နှင့်ပင် မစ္စတာဟဲရစ်ကြီး ပြန်ရောက်၍ သော့ဖွင့်ပေးမှ ထွက်ကြရတော့၏။ သို့သော် ဒေါ်ပေါကြီးမှာ ဟန်ကောင်းစွာ မာန်မဲခြင်းဖြင့် တစ်စုံတစ်ယောက်က ကျီစားပြီးမှ လော့ခ်ထားသလိုလို ရိုးသားစွာ ထင်မိသော မစ္စတာဟဲရစ်မှာ နေ့စဉ်နှင့်အမျှ မိမိပြန်ရောက်မှ တံခါးပေါက်မှ သော့ကို ဖွင့်ပေးရဖန် များလာသော်...

"မပေါကြီး... ဒီကောင်ကလေး နေ့တိုင်းနေ့တိုင်း ခင်ဗျားအခန်းထဲ ဘာကိစ္စလာရတာလဲ"

ဟူသော မေးခွန်းပေါ်ပေါက်လာပြီး မပေါကြီးကလည်း အရှုံးမပေးဘဲ...

"ငါ့အိမ်က အစေခံပဲ၊ ငါခိုင်းစရာရှိ ခေါ်ခိုင်းမှာပေါ့။ အခန်းထဲမှာ ကောင်ကလေးနေ့တိုင်းလာပြီး အလုပ်လုပ်ရတယ်။ နင့်ဘောင်းဘီတွေ ဖိနပ်တွေ သိမ်းရခေါက်ရတယ်။ မှန်တင်ခုံတွေ အိပ်ရာတွေ ရှင်းရတယ်ဟဲ့"

ဟု ပြောစေကာမူ...

"အို... ဒါတွေ သူလုပ်ဖို့မဟုတ်ဘူး။ သူက စားပွဲထိုးပဲ။ ထမင်းစားပွဲမှာသာ သူ့အလုပ်ရှိတယ်။ သူ့ကို နောက်ထပ် မခိုင်းပါနဲ့"

ဟုပြောသောကြောင့် အခန်းထဲမှာ နစ်ပါးမသွားသာအောင် ရှိလေရာ၊ မပေါကြီးမှာ ကောင်ကလေးနှင့် တစ်နေ့မတွေ့ရ မနေနိုင်ရှာသူဖြစ်၍ ကောင်ကလေးနေသော အစေခံတန်းလျားသို့ သွား၍ တွေ့မိသည်တွင် အပြင်က သော့ပိတ်ခံရပြန်လေရာ ဤအကြိမ်တွင်မူ မစ္စတာဟဲရစ်သည် ဒေါ်ပေါကြီး မရိုးသားကြောင်း ကောင်းစွာ ရိပ်မိသွားသဖြင့် များစွာ ဆူပူကြိမ်းမောင်းလာ၏။ တစ်သက်လုံးနိုင်လာသော မပေါကြီးမှာ အရှုံးမခံ ကက်ကက်လန်အောင် ပြန်၍ ရန်တွေ့ခြင်းဖြင့် မစ္စတာဟဲရစ်မှာ အောင့်သက်သက်နှင့် အခံရခက်နေကာ ဒေါ်ပေါကြီး၏ မတရားမှုကို လက်ဆုပ်လက်ကိုင် ဖမ်းဆီးပေးသော စောမြအေးကိုလည်း ကျေးဇူးအတင်ကြီး တင်နေရုံမက...

"ကစ်ဒီ... ဒီကောင်မကြီးအကြောင်းကို အန်ကယ်ကောင်းကောင်း သိချင်တယ် လက်ပူးလက်ကြပ် မိအောင် ဒီလိုကြီး ခဏခဏ ဖမ်းပြစမ်းပါကွယ်"

ဟုပင် ကြိတ်၍ ပြောဆိုမှာထားမိလေ၏။

တစ်သက်လုံး ထင်သလို ပြုခဲ့သည်ကို တစ်ခုမျှ မရိပ်မိဘဲ မိမိသြဇာကို ခေါင်းငုံ့ကာ ခံလာသူ မိမိလင် ယခုတလောတွင်မှ ထူးခြားလာခြင်းကိုလည်းကောင်း၊ မိမိတို့ လျှို့ဝှက်မှုကို လူသိအောင် အပြုခံရခြင်း၊ ဆူပူကြိမ်းမောင်းမိတိုင်း အရှုံးလုပ်ခံရခြင်းများကို စဉ်းစားမိလေသော ဒေါ်ပေါကြီးမှာ ဤအိမ်တွင် တစ်ခုခုရှိနေပြီဟု ရိပ်မိလာသည့်အတိုင်း မိမိမလျော်မှုများကို ခေတ္တခဏ ရပ်စဲထားပြီး မိမိအတွက် ဆေးဝါးပယောဂ၌ တစ်သက်လုံး ကိုးကွယ်ဆည်းကပ်လာသော ဆရာကြီးတစ်ဦးထံသို့ အမြန်သွား၍ အကြံအစည်နှင့် အကွယ်အကာများ တောင်းလေမှပဲဟု စိတ်ကူးပေါက်လာမိသည့် အားလျော်စွာ များမကြာမီပင် မိမိအမျိုးအဆွေများထံ အလည်သွားဦးမည်ဟု တောသံတောင်သံ ပေးပြီး မူဆေးတောင်ကြားရှိ ဖော့ယားခေါ် ရွာကလေးတစ်ရွာသို့ တိတ်တဆိတ် ထွက်ခွာသွားလေရာ ကျန်ရစ်သူ မစ္စတာ ဟဲရစ်ကြီးမှာ နားချမ်းသာ၊ စိတ်ချမ်းသာနှင့် ရှိနေရုံမက ညစဉ်ညစဉ် မိမိအိမ်တွင် မောင်ထွန်းတင်ကို ဒင်းနားပါတီပေးလျက် စောမြအေး၏ ဗိုညာဉ်ကလေးနှင့် ပျော်၍ နေကြလေသတည်း။

*****

## ချစ်သူ့လိပ်ပြာ
## (ဒုတိယပိုင်း)

(၁၉၃၉ ဒီဇင်ဘာလတွင် ရေးသည်)

မှိုင်းညို့စိုပြည်၍ ရေတံခွန်တွေ တဝေါဝေါ ကျဆင်းနေသော တောတောင်ကြီးအလယ် မကျဉ်းမကျယ် လမ်းမြောင်ကြီးတစ်ခု၌ လှည်းကလေးတစ်စီးမှာ တအီအီ မောင်းနှင်လာလေ၏။ လှည်းသမားအဘိုးကြီးမှာ ဆေးတံကိုခဲလျက် အရစ်ရစ်အလိပ်လိပ် ရှုံ့တွနေသော မျက်ပျင်းများဖြင့် ဖုံးလွှမ်းလျက်ရှိသော မျက်လုံးမှေးကလေးကို ကြိုးကြိုးစားစားဖြဲကာ လှည်းလမ်းကို ကြည့်ပြီး ပျင်းပျင်းရိရိကြီးဆွဲနေသော နွားများကို ကြိမ်တပြာတို့ရင်း မောင်းနှင်လာလေ၏။

လှည်းပေါ်တွင်ပါသူကား လောင်းကွတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသော အသက် ၄၀ ကျော် အင်္ဂလိပ်ကပြားကတော် မပေါ်ကြီး ဖြစ်လေ၏။ မပေါ်ကြီးမှာ မူဆေးတောင်ကြား ဖော့ယားရွာရှိ မိမိကိုးကွယ်အားထားရာ ဆရာကောင်းတစ်ဆူဖြစ်သော ဆရာကြီး ဘိုးနန်းထီးထံသို့ အလျင်အမြန် ရောက်လိုဇောကြောင့် ကသောကမြောဖြစ်ကာ လှည်းဆရာကြီးကိုသာ မကြာမကြာ လောတိုက်ပေးနေခြင်းဖြင့် အဘိုးကြီးမှာ ဆေးတံကိုမှု ကြာကြာဖိမ်ယူ၍ မမိုန်းနိုင်ဘဲ နွားများကို တအားခဲ၍ မီးထိုးပေးရရှာလေ၏။ ကြိမ်တပြာတို့၏ သတ္တိတန်ခိုးကြောင့် ခလုတ်ကန်သင်း၊ ကျောက်တုံး၊ ကျောက်ခဲ၊ ချိုင့်ဝှမ်းတွေ ပေါများကြမ်းတမ်းလှသော လမ်းဆိုးကြီးပေါ်တွင် နွားပုကလေး နှစ်ကောင်မှာ ကယောင်ကယင် ခြေကုန်သုတ်၍ ထင်ရှားရသဖြင့် လှည်းကလေးမှာလည်း တဒိန်းဒိန်း တဒေါင်းဒေါင်းနှင့် တောင်စောင်းချောက်ကြား ကျောက်ကမ်းပါးတစ်ခွင်မှ လျင်မြန်သော အဟုန်ဖြင့် ကျော်ဖြတ်ကာ မူဆေးတောင်ကြားအရပ်ရှိ ဆရာကြီးဦးနန်းထီး နေထိုင်ရာ ဖော့ယားရွာကလေးအတွင်းသို့ မကြာခင် အတင်းချောမောစွာ ရောက်ရှိလာလေ၏။

ဒေါ်ပေါ်ကြီးမှာ ဆရာ့အိမ်ရှေ့ရောက်လျှင် ရောက်ခြင်း လှည်းပေါ်မှ ခုန်ဆင်းပြီး ဆရာကြီးထံသို့ ကပျာကယာ တက်ပြေးလာလေလျှင် အိမ်ဦးမီးဖိုဆောင်အနီး၌ တင်ပျဉ်ကြီးချိတ်ကာ လက်ဖက်ရည်အကြမ်းကို ဝမ်းနွေးအောင် သောက်နေသူ ဦးနန်းထီးလည်း ဒေါ်ပေါ်ကြီးကို စိုက်ကာကြည့်ရာမှ...

"အလို မိပေါ်ကြီးပါလားဟဲ့ လောင်းကွတ်ကြီးနဲ့ ဘာနဲ့ ဖြစ်လာလို့ ငါက လူများမှားလို့လဟယ် နို့ဘယ်လို အရေး ဘယ်လို ကိစ္စနဲ့ ရောက်လာတာလဲဟ နင့်မျက်နှာ ကြည့်ရတာကလဲ တယ်မကောင်းပါကလား"

ဟု စကားစလိုက်လျှင် ဒေါ်ပေါ်ကြီးမှာ...

"အမယ်လေး ဆရာရယ့် ဆရာ့ကျေးဇူးကြောင့် ကျွန်မမှာ အစစအရာရာ လိုတိုင်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတလော အနှောင့်အယှက်တစ်ခု ပေါ်နေပြန်လို့ ကြံရာမရတာနဲ့ ပြေးလာရတာပဲ ဆရာရဲ့"

ဟု အလွန်တရာ အားနည်းသော အမူအရာနှင့် ဆရာ့အနီးတိုး၍ တီးတိုးပြောလေ၏။

ထီး။ ။ "ကဲကဲ ဒါဖြင့်လဲ ခရီးရောက်မဆိုက် အမောပြေနားဦး။ ပြီးမှ အေးအေးဆေးဆေး အကျိုးအကြောင်းတွေ ပြောတာပေါ့"

ပေါ်။ ။ "အမယ်လေး ဆရာရယ် အမောအပန်းလဲ အဖြေပါရစေနဲ့ မောလဲ မမောပါဘူး။ ကျွန်မမှာ အိမ်ကို ကြာကြာပစ်ထားလို့ မဖြစ်ဘူးထင်တယ် ဆရာရဲ့၊ ဒါကြောင့် ဆရာ့ကို

MCMBOOKSHELF

အကျိုးအကြောင်းတွေ ခပ်မြန်မြန်ကလေးပြော အကူအညီခပ်မြန်မြန်တောင်းပြီး ခပ်မြန်မြန် ပြန်ချင်ပါတယ်။ ဒီတော့ ကျွန်မပြောပြပြီးရင်လဲ ဉာဏ်ရှိသလောက် ကောင်းမယ်ထင်တဲ့ ဆေးဝါးလက်ဖွဲ့တွေကို စီမံရဦးမှာနဲ့ဆိုရင် ခုပြောမှ ဖြစ်ပါလိမ့်မယ် ဆရာရဲ့"

ထီး။ ။ "အေးလေ ဒါဖြင့်လဲ ပြောဟဲ့ ပြောပြော"

ပေါ။ ။ "ကျွန်မလေ ဆရာ့ဆီက အဆောင်ဆေးတစ်ခု ပထမဦးဆုံး ရလာတဲ့နောက် မန်နေဂျာ ဟဲရစ်ကြီးနဲ့ တွေ့တော့ ကြိုက်တာပဲ။ ကြိုက်တော့ သူ့အပျော်မယား အဖြစ်နဲ့ နေရတယ်။ ဒုတိယ ဆရာ့ဆီက ခပ်ဆေးနဲ့ လက်ဖွဲ့တစ်လုံးထပ်ပြီး ချီးမြှင့်လိုက်တဲ့ အချိန်ကစပြီး ဟဲရစ်ဟာ ကျွန်မကို ချစ်သထက် ချစ်၊ မြတ်နိုးသထက် မြတ်နိုးလာပြီး တစ်ခါတည်း လက်ထပ်ယူလိုက်တယ်။ တတိယ ဆရာ့အစွမ်းဆုံး ဆေးတန်ခိုးနဲ့ ဟဲရစ်ဟာ ကျွန်မသြဇာကို နေရာတကာ ခေါင်းငုံ့ခံရတဲ့အပြင် ကျွန်မနေချင်သလို နေ၊ ထိုင်ချင်သလို ထိုင်လာခဲ့တာတွေကိုလဲ နည်းနည်းမှ မနစ်သက်တဲ့ စကား မပြောဝံ့ဘဲ ကျွန်မက မာန်မဲ ဆဲဆိုသမျှတွေကိုတောင် အပြုံးအရယ်မပျက် ခံနေခဲ့ပါတယ်။ ဒါတွေလဲ ဆရာအသိသားပဲလေ။ အထူးပြောနေစရာ မလိုပါဘူး။ ဒါကြောင့်သာ တစ်နှစ် တစ်ခါ၊ ဆရာ့တပည့်ကလေး နမ္မတူကို ဆေးကုရောက်လာတိုင်း ဆရာ့အတွက် လှူကြေးနဲ့ ငွေကြေးအဝတ်အစားများ ကန်တော့လိုက်ပြီး အကျိုးအကြောင်းတွေ နှုတ်နဲ့ မှာလိုက်တာပါပဲ ဆရာရဲ့"

ထီး။ ။ "အေးလေ ဒါတွေ ငါသိပါတယ်။ အခု ဘယ်လိုဖြစ်နေတယ်ဆိုတာသာ ပြောစမ်းပါဦး"

ပေါ။ ။ "ဒီလိုပါဆရာ၊ အခု ကျွန်မယောကျ်ား ဟဲရစ်ဟာ ကျွန်မကို ညားကထဲက ကြောက်ချစ်ရိုသေနေလာခဲ့တာမှာ အခုတလော ရှေးကနဲ့မတူ အမူပြောင်းလာပါတယ်"

ထီး။ ။ "အင်း အင်း ပြောစမ်းပါဦး။ သူက နင့်ကို မုန်းနေတယ် နင့်စကား နားမထောင်ဘူးလား။ နင့်သြဇာကို အခုမခံတော့ဘူးပေါ့လေ။ ငါပေးတဲ့ ဆေးတွေ နင်အသုံးမချဘူးလား"

ပေါ။ ။ "ဆေးတွေတော့ အသုံးချလိုက်တာမှ ကမ်းကုန်လမ်းကုန်ပါပဲ ဆရာ၊ ဒါပေမဲ့ ကျွန်မယောကျ်ားဟာ ကျွန်မကို မုန်းတယ်လို့လဲ မဆိုနိုင်ဘူး။ သြဇာမခံလို့လဲ မဆိုနိုင်ဘူး။ ကျွန်မ လုပ်ချင်တာတွေ လုပ်နေပေမယ့်လို့ အရင်တုန်းက သူ့ဘာမှ မသိဘူး။ အခုတော့ ဘယ့်နယ်က ဘယ့်နယ် သူသိသိသွားမှန်း မပြောတတ်ဘူး။ မယားသြဇာကို ဘယ်လို ခေါင်းငုံ့ခံနေတဲ့ ယောကျ်ားပဲဖြစ်ဖြစ် မဟုတ်တရုတ် လုပ်နေတာတွေ့ရင် ဘယ်သူမှ မခံချင်ဘူး။ ဆူတာပွက်တာပဲ။ ပြောရစေတော့ ဆရာရယ် ကျွန်မအိမ်က စားပွဲထိုးချစ်တင်ဆိုတဲ့ ကောင်ကလေးဟာ သူ့ရုပ်ရည်ကလေးကလဲ သနားကမားမို့ ကျွန်မက အရေးပေး အရောဝင် မျက်နှာသာပေးထားခဲ့တယ်။ သူ အလုပ်သွားတဲ့အခါ နှစ်ယောက်သား အခန်းထဲမှာ ပူးပူးကပ်ကပ် နေမိတယ်။ အဲဒီလို အရင်တုန်းကလဲ နေလာတာပဲ။ အခုတလောမှ ဆန်းကြယ်ပြီး ချစ်တင်နဲ့ ကျွန်မနဲ့ အခန်းထဲမှာနေရင် အပြင်က ဘယ်သူလာလာပြီး သော့ခလောက် ခတ်ခတ်သွားမှန်း မသိဘူး။ သော့ခတ်သွားရော ပြတင်းပေါက်တွေကလဲ သံတိုင်တွေမို့ ကျော်ထွက်လို့လဲ မရဘူး။ ဟဲရစ်ကြီး ပြန်လာမှ သော့ဖွင့်ပေးရတာချည်းပဲ။ ဒီတော့လဲ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် သည်းခံနိုင်မလား။ နည်းနည်းပါးပါးတော့ ဆူတာပေါ့။ သူဆူလို့ ကျွန်မ အော်ငေါက်ကြိမ်းမောင်း ပစ်လိုက်တော့လည်း ငြိမ်သွားတာပါပဲ။ တစ်ခု ခက်တာက အခုတလော ကျွန်မက ဟဲရစ် မသိအောင် ဘာပဲလုပ်လုပ် ဟဲရစ်သိမိအောင် သိသိသွားတာရယ်။ ဟဲရစ်ကို ကျွန်မက ဆူတဲ့ ပူတဲ့အခါမှာ ကျွန်မကိုယ်ပေါ်ကို တစ်ခုခု ပြုတ်ကျလာတာပဲ။ သူ့ကို ဆူတိုင်းဆူတိုင်း တစ်ခုခုတော့ အနာတရ ဆက်ဆက်ပြီး အပြစ်ခံရတာချည်းပဲ။ တစ်ခါတလေလဲ ကျွန်မကို ဟဲရစ်ကြီးပဲ

စုန်းတတ်လို့ ပြုစားလိုက်သလားလို့ သင်္ကာမကင်း ဖြစ်မိတယ်။ ဒါပေမဲ့ ဟဲရစ်ဟာ အင်္ဂလိပ်လူမျိုးပါ။ စုန်းတွေ ပယောဂတွေလဲ နားလည်တဲ့ လူစားမျိုးမဟုတ်ပါဘူး။ သူ့ကိုယ်တိုင် တတ်ဖို့မပြောနဲ့ စုန်းတတ်တဲ့လူကိုတောင် သူကတစ်ဆင့် အလုပ်ခိုင်းတတ်ဖို့ နားမလည်ပါဘူး ဆရာရယ်။ နို့ပြီးတော့ ယခုတလော ထူးခြားနေတာကလဲ ရှိသေးတယ်။ အိမ်ပေါ်မှာ မိန်းမအပို တစ်ယောက် ရှိတာကို မကြာမကြာ ကျွန်မမျက်စိနဲ့ တပ်အပ်မြင်ရတယ်။ လိုက်ရှာရင်လဲ ကိုယ်ပျောက်တတ်တဲ့ အတိုင်းပဲ ပျောက်ပျောက်သွားတယ်။ အဲဒီဟာ ဘယ်လိုမိန်းမလဲ မဆိုနိုင်ဘူးဆရာရဲ့။ ကျွန်မ ရိပ်ခနဲ မြင်ရတဲ့ပုံကတော့ မိန်းမအရွယ် ခပ်ငယ်ငယ် နောက်ပိုင်းကသာ မြင်ရတဲ့အတွက် မျက်နှာနေပုံတော့ မပြောနိုင်ဘူး။ ကျွန်မလဲ မရရအောင် ဖမ်းတာပဲ လက်ဆုပ်လက်ကိုင် ဘယ်တော့မှ မမြင်ရဘူး။ ဟဲရစ် နင်မြင်သလား မေးတော့လဲ သူလဲ ဘာမှမမြင်ရဘူးလို့ ခါးခါးသီးသီး ခံငြင်းတာပဲ။ ကျွန်မသာ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရူးကြီးဖြစ် ကျန်ရစ်ခဲ့ရတယ် ဆရာရဲ့"

ထီး။ ။ "ဒါလဲ တစ်မျိုးစဉ်းစားစရာပဲတဲ့။ နို့ နင့်လင်ဟာ အရင်လိုပဲ အစစ နင့်စကား နားထောင်နေတယ် မဟုတ်လား"

ပေါ။ ။ "ဟုတ်ပါတယ် အစစ ကျွန်မသြဇာ ကိုက်ခဲ့ပါတယ်။ အခုလဲ ကျွန်မ သဘောမကျတဲ့ လူတစ်ယောက်နဲ့ အပေါင်းအသင်း အဆက်အသွယ် မလုပ်ပါနဲ့ဆိုတာကို မရဘူး။ အဆူအဆဲခံပြီး ဒီလူနဲ့ ဖွတ်ပေါင်းသင်းတာ တစ်ခုပဲ ဆိုးတာကလားဆရာရဲ့"

ထီး။ ။ "အင်း... အဲ... ဒီလူက ဘယ်လိုလူလဲ မိပေါရဲ့"

ပေါ။ ။ "သတ္တုတွင်းက အင်ဂျင်နီယာ ထွန်းတင်ဆိုတဲ့ အကောင်ပေါ့ လူပုံကဖြင့် ဝတ်ထားတာက အင်္ဂလိပ်ဂိုက် သူ့အမေ အင်္ဂလိပ်နဲ့များ ညားဖူးရင် ခက်မယ်။ သောက်လိုက်တဲ့ အရက်ကလဲ မိုးမွှန်နေတာပဲ။ မောင်းလိုက်တဲ့ ကားကလဲ တဝီဝီနဲ့။ ဒီအကောင်ဟာ ကျွန်မယောက်ျား အဘိုးကြီးကို အမြဲတန်းခေါ် ဖျက်ဆီးတယ်။ အရက်တွေ သိပ်မူးအောင် တိုက်တယ်။ ကားအတူစီးပြီး မြန်မြန်ကြီးမောင်းတယ်။ ဟိုတလောကလဲ ဒီအကောင်နဲ့ ဒင့်ရည်းစား စောမြအေးဆိုတဲ့ ကောင်မနဲ့ လားရှိုးလမ်းကို အထအကမြင်း သွားကြရာမှာ အိမ်က လူကြီးကို ဆွဲခေါ်သွားတယ်လေ။ အရက်တွေ လူမှန်းမသိအောင် သောက်စားကြပြီး ထွန်းတင်ဆိုတဲ့ အကောင်က မူးမူးနဲ့ ကားအရမ်းမောင်းလိုက်တာ လမ်းဘေးက ကညင်ပင်ကြီးနဲ့ တိုက်ပြီး ကားကြီးရစရာမရှိအောင် ပျက်စီးသွားတယ်။ စောမြအေးဆိုတဲ့ ကောင်မလေးလဲ ပွဲချင်းပြီး သေရော၊ အိမ်ကလူကြီးနဲ့ ထွန်းတင်လဲ ဆေးရုံထမ်းစင်နဲ့ တင်ယူလာရပါသကော ဆရာ။ ဒါနဲ့တောင် အမှတ်မရှိဘူး။ အခု ဟိုအကောင်ဟာ ကားတစ်စီးနဲ့ ဖြစ်နေပြန်ပြီ။ အဘိုးကြီးကိုလဲ ခဏခဏပဲ လာလာခေါ်တယ်။ အဘိုးကြီးကလဲ ဒီအကောင်သာ လာခေါ်မယ်ဆိုရင် ကျွန်မက ဘယ်လိုကြိမ်းကြိမ်း နံ့နံ့ပါ ပျာပျာခပ်အောင် လိုက်သွားတာပဲ။ အခုလဲ ကျွန်မ ဒီကို လာနေတဲ့အခိုက်မှာ အဘိုးကြီးက ဒီအကောင်နဲ့ တွဲချင်တိုင်း တွဲပြီး အရမ်းကြီးကျနေမှာ စိတ်မချဘူး ဆရာ။ အရင်လဲ ကံကောင်းလို့ မသေတာ၊ ဒီအကောင်ဟာ မူးရင် သိပ်သိပ်ရမ်းတာပဲ"

ထီး။ ။ "နို့ ဒီအကောင်ကို ဘယ်လိုထင်သလဲ။ သူက နင့်ယောက်ျားကို ဆေးနဲ့ဝါးနဲ့ လုပ်ထားတယ်လို့များ ထင်သလား"

ပေါ။ ။ "ဟော... ဒီအကောင်မျိုးဟာ ဆေးဝါးပယောဂတွေကို နားမလည်ပါဘူး ဆရာ အဲ... ဒါ ဆရာလိုက်နိုင်ရင် လိုက်ပြီး ကြည့်ရှုအကဲခပ်ပြီး ကျွန်မကို အနှောင့်အယှက်မရှိအောင် စီမံကာကွယ်ပေးစေချင်တာပဲ။ နို့ပြီးတော့လဲ အဲဟိုမြင်ရတဲ့ မိန်းမအရိပ်ဟာက တစ်ခါတစ်ခါ

ကျွန်မကို ဖျပ်ခနဲ ရိုက်လိုရိုက် ဂလိထိုးလိုထိုးနဲ့ အမျိုးမျိုးလုပ်တယ် ဒါအတွက်လဲ ဘာလဲဆိုတာ သိရအောင် ကြည့်လုပ်ပေးစမ်းပါ ဆရာ"

ထီး။ ။ "အင်း... နင့်ဟာက ခပ်ခက်ခက်ပဲ။ ငါလဲ နင့်ဆီမလိုက်နိုင်ဘူး။ နေဦးလေဟယ်။ ငါမြင်နိုင်သလောက်တော့ ကြည့်ပေးရသေးတာပေါ့"

ဟုဆိုကာ ဘိုးနန်းထီးသည် မိမိတတ်သော နည်းမျိုးကို အသုံးချရတော့မည်ဖြစ်ရာ ထိုကိစ္စမှာ ကာယကံရှင်ဖြစ်သူ မပေါကြီး၏ ဝိညာဉ်ကို လွှတ်ကြည့်ရန် စီမံရတော့၏။

"ဟဲ့... မိပေါကြီး နင့်အိမ်နင့်ပြန်ကြည့်လေ ဘာမြင်သလဲပြော"

ဟု အမိန့်ထန်သော လေသံနှင့် ဘိုးနန်းထီးက ခက်ထန်စွာ ပြောနေလေရာ အိမ်ပေါ်တွင် လူသေပမာ ပက်လက်ကြီးလန်ကာ ငြိမ်သက်လျက်ရှိသေ မပေါကြီး ပါးစပ်မှ...

"မြင်ပြီ ဆရာ... မြင်ပြီ... မြင်ပြီ"

ထီး။ ။ "ဘာလဲ... ဘယ်သူ့ကို မြင်သလဲ"

ပေါ။ ။ "ဟဲရစ်ရယ်... ထွန်းတင်ဆိုတဲ့ အကောင်ရယ်၊ တခြား မိန်းမတစ်ယောက်ရယ်၊ ကျွန်မအိမ်ပေါ်က စားပွဲဝိုင်းမှာ ထိုင်ပြီး၊ ပျော်ပျော်ပါးပါးကြီး အရက်သောက်နေကြတယ်။ မိန်းမရဲ့ မျက်နှာတော့ တစ်ခါမှ မမြင်ဖူးဘူး။ အရွယ်က ခပ်ငယ်ငယ် ရုပ်လဲလှတယ်။ ကောင်မကြည့်ရတာ သိပ်ပျော်ရွှင်နေပုံရတယ်။ ဟဲရစ်နဲ့ ထွန်းတင်ကို သူထင်သလို မွှေနေတဲ့ မျက်နှာထားမျိုးပဲ။ အရက်ဝိုင်ကလပ်ကိုလဲ ယူသောက်ပြန်ပြီ။ လက်ထဲမှာ စီးကရက် ညှပ်လိုက်လို့ အတော် ဆောင့်ကြွားကြွားနိုင်တဲ့ ကောင်မပဲဆရာရဲ့"

ထီး။ ။ "သူတို့ ဘာပြောနေကြသလဲ"

ပေါ။ ။ "သူတို့ ပြောတဲ့စကားလား ဆရာ၊ နေဦး နားထောင်စမ်းလိုက်ဦးမယ်။ အင်း... အင်း ဟဲရစ်က တယ်စေတနာ ကောင်းလိုက်ပါကလား။ ဟိုကောင်မကို သူ့အိမ်မှာ ပျော်ပျော်ကြီး နေချင်သလောက် နေပါတဲ့။ ဘာမှ အားမနာပါနဲ့တဲ့၊ ထွန်းတင်ကိုလည်း အမြဲ သူ့အိမ်လာပြီး မပေါကြီး မပြန်မချင်း နေလှည့်ပါဆိုကိုး ဆရာရဲ့"

ထီး။ ။ "ဟို... မိန်းမက ဘယ်လိုသဘောနဲ့ နင့်တို့အိမ်ရောက်နေတာလဲ။ ဟဲရစ်ရဲ့ အဆက်လား။ ထွန်းတင်ရဲ့ အဆက်လား အကဲခပ်လိုက်စမ်း"

ပေါ။ ။ "ဒီကောင်မ မျက်နှာက ပြုံးစိစိ ချိုမြမြနဲ့ ဟဲရစ်အနားလဲ ပွတ်သီးပွတ်သပ် သွားလုပ်တာပဲ။ ထွန်းတင်ကိုလဲ ပူးတွဲ ပူးတွဲနဲ့ ကေ့ဇ္ဇပဲ အချောင်ပိုင်းလုံးမထဲကနဲ့ တူပါတယ် ဆရာ။ ဒါကြောင့်သာ ဟဲရစ်ဆိုတဲ့ သေခါနီးကြီးကပါ ပြုံးစိပြုံးစိနဲ့ သေခါနီး ရိက္ခာယူနေတာထင်ပါရဲ့"

ထီး။ ။ "ဒီမိန်းမဟာ ဘယ်ကတဲ့တုံး သူတို့ပြောနေကြတဲ့ စကားထဲမှာ အရိပ်အမြွက် မပါဘူးလား"

ပေါ။ ။ "ဒီအိမ်မှာနေတယ်တဲ့ သူနေဖို့ အခန်းပေးတယ်ဆိုပဲ။ ကျွန်မ မြန်မြန်ပြန်ပြီး ဒီကောင်မကို ပါးရိုက်နှင်ချပစ်မယ် ဆရာ။ အရင် ကျွန်မ ရိပ်ခနဲ ရိပ်ခနဲ မြင်ရတာလဲ ဒီကောင်မပဲ ဖြစ်မှာပဲ။ မဖြစ်ဘူး မဖြစ်ဘူး ကျွန်မ မြန်မြန်ပြန်မှပဲ ဆရာရဲ့"

ထီး။ ။ "ဟဲ့... မပေါကြီး သတိရလာပြီလား"

"မဖြစ်ဘူး ဆရာရဲ့ ကျွန်မမြန်မြန်ပြန်မှပဲ။ ဟဲရစ် သိပ်လူပါးဝပြီ၊ ဒီတစ်ခါ လက်ပူးလက်ကြပ် ဖမ်းပြီး ခပ်ကြမ်းကြမ်း ဆော်လွှတ်မှ ဖြစ်တော့မယ်"

ဟု ပြောလေ၏။ ဆရာကြီးဦးနန်းထူးလည်း မပေါကြီးအား အစွမ်းထက်မြက်သော ဆေးဝါး အဆောင် လက်ဖွဲ့များကို အသုံးချရန် အညွှန်းနည်းများနှင့်တကွ ပေးအပ်လိုက်လေ၏။ မပေါကြီး၏ စိတ်မှာ

အဆိုပါမိန်းမကို ခပ်နာနာရိုက်ပုတ်နှင်ထုတ်လိုက်လျှင် ကိစ္စပြီးမှာပဲဟု အယူစွဲကာ အရေးတကြီးနှင့် မြန်မြန်ကြီး ပြန်လာလေ၏။

ဆရာဦးနန်းထီးက ပညာစွမ်းဖြင့် မပေါကြီး၏ ဝိညာဉ်ကို သူ၏အိမ်သို့ ပြန်လည်စေလွှတ်ကြည့်စေသည်ဖြစ်ရာ မပေါကြီးပြောသလို မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့စပ်ကြားတွင် စောမြအေးမှာ လူကောင်ထင်ရှား အများမြင်သာအောင် ထိုင်နေခြင်းမဟုတ်ပေ။ မပေါကြီး ကိုယ်တိုင်လာ၍ ကြည့်လျှင်လည်း တွေ့နိုင်မည်မဟုတ် ယခုမူကား မပေါကြီး၏ ဝိညာဉ်သာလျှင် ရောက်လာခြင်းဖြစ်၍ မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့ အနီးတွင် ပျော်ရွှင်စွာနေသော စောမြအေး၏ ဝိညာဉ်ကလေးကို ဝိညာဉ်အချင်းချင်း တွေ့မြင်သွားခြင်း ဖြစ်လေသည်။

မပေါကြီး၏ ဝိညာဉ် တွေ့မြင်သွားသည့်အတိုင်းလည်း မစ္စတာဟဲရစ် မောင်ထွန်းတင်နှင့် စောမြအေး၏ ဝိညာဉ်ကလေးမှာ ညစဉ်ညတိုင်း တစ်စားပွဲတည်း ပျော်ပွဲကျင်းလျက် စောမြအေး အသက်ရှိစဉ်ကကဲ့သို့ပင် ပျော်ရွှင်စွာ နေကြလေရာ ထွန်းတင်မှာ ချစ်သူကလေး စောမြအေးကို လူကောင်ထင်ရှားမမြင်ငြားလည်း မိမိတို့အနီးအပါးတွင် စောမြအေး၏ ဝိညာဉ်ကလေး ရှိနေကြောင်းကား သိသာထင်ရှားလျက် တစ်ဘဝခြားနေရှာသူ စောမြအေးကလည်း မိမိပြောလိုသော စကားများကို မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့အား နားအနီးတွင် ကပ်ကာ အပ်ကာ မပြတ်ပြောနေရှာခြင်းဖြင့်လည်း တစ်ဘဝခြားသူနှင့် လူသားစင်စစ်တို့မှာ ရင်းနီးလျက် အဆက်အသွယ် လွယ်ကူနေသကဲ့သို့ ရှိလေသည်။

ဝိညာဉ်တို့မည်သည် လေကဲ့သို့ လျင်မြန်သော အဟုန်နှင့် ကမ္ဘာ့ဇိဒ္ဓိတန်ခိုးရှိတတ်သဖြင့် စိတ်သွားတိုင်း ကိုယ်ပါသကဲ့သို့ ရှိနေတတ်ပြန်ရာ စောမြအေး၏ ဝိညာဉ်လိပ်ပြာဆိုသည်မှာလည်း တစ်ဘဝနှင့်တစ်ဘဝ မကူးမီ လေထဲတွင် တည်ရှိနေရသေးသော သာမည အာဂန္တုက ဝိညာဉ်မျိုး မဟုတ်ပေ။ အစွဲအလမ်းနှင့် သေရရှာသူဖြစ်၍ ဝိညာဉ်ဘဝမျိုးတွင် တည်နေရသူ ဖြစ်၍ကား စိတ်သွားတိုင်း ကိုယ်ပါလိုရာသို့ ဖြစ်နိုင်ခဲ့လေသည်။ လူနေအိမ်အတွင်းသို့ အိမ်စောင့်နတ်က လက်မခံသဖြင့် ဘယ်နံရောအခါမျှ မဝင်ရသော ထုံးစံအတိုင်းပင် စောမြအေးမှာ သူအင်မတန် ချစ်ခင်သော ထွန်းတင်၏ နေအိမ်သို့ အတူတကွလိုက်ပါ နေချင်ရှာသော်လည်း မဖြစ်နိုင်ရှာပေ။ ထွန်းတင်၏ မိခင်ကြီးသည် ဗုဒ္ဓဘာသာ ရှမ်းမြန်မာ ကပြား အမျိုးသမီးကြီး တစ်ဦးဖြစ်သည့် အားလျော်စွာ ရတနာသုံးပါးကို အထူးအာရုံထားလျက် အိမ်ဦးခန်းတွင် ဘုရားစင်နှင့် အိမ်တွင်းတွင်လည်း မိရိုးဖလာအတိုင်း နတ်အုန်းဆိုင်းများ ဆွဲတင်ပသထားသည့်အတွက် စောမြအေးမှာ ချစ်သူ့အိမ်ထက်သို့ အဝင်ခက်ရှာသဖြင့် ဗုဒ္ဓဘာသာ မြန်မာမဟုတ်သောကြောင့် ဘုရားစင် နတ်အုန်းတို့ လုံးလုံးသား မရှိသော မစ္စတာဟဲရစ်၏ အိမ်သို့သာ လိုက်ပါနေရရှာခြင်း ဖြစ်လေရာ အိမ်ရှင်မဖြစ်သူ မပေါကြီးမှာလည်း ယုတ်ညံ့သော အောက်လမ်းဆရာ၏ တပည့်မတစ်ယောက် ဖြစ်နေခြင်းအတွက် အစိမ်းအဝါးတို့ ဝင်ထွက်သွားလာရန် များစွာ လျော်ကန်သင့်မြတ်သည့် သာလာယံဇရပ်ကြီးကဲ့သို့ ရှိလေရာ စောမြအေးမှာ လွန်စွာ အနေချောင်၍ နေရှာလေသည်။ ထို့ကြောင့်လည်း ဤအိမ်တွင် စတည်းချကာ လူ့ဘဝက ချစ်ရသူ ထွန်းတင်နှင့် အဆက်မပြတ် တွေ့ဆုံရခြင်း၊ ထွန်းတင်သွားလေရာရာကို ကားထိုင်ခုံဘေးတွင် ယှဉ်ထိုင်ကာ လူမမြင်ရသော သူ၏ ဝိညာဉ်ကလေး အမြဲလိုက်ပါနေခဲ့ခြင်းဖြင့် အချိန်ကုန်၍ လူချင်းခွဲပြီး ထွန်းတင် သူ့အိမ်ထဲသူ ဝင်သွားကာမှ စောမြအေးခမျာမှာလည်း သူတည်းခိုနေထိုင်ရာ မစ္စတာဟဲရစ်ကြီး၏ နေအိမ်သို့ ဝိညာဉ်တို့ဘဝ ပြန်ခဲ့ရရှာလေ၏။

ထိုသို့ နေထိုင်လာခဲ့ကြရာမှ တစ်နေ့သ၌တွင် ထွန်းတင်သည် မစ္စတာဟဲရစ်အိမ်တွင် မစ္စတာဟဲရစ်နှင့်အတူ လူကိုမမြင်ရသော စောမြအေးပါ ဝိုင်းဖွဲ့ထိုင်ပြီး ပျော်ပျော်ပါးပါးကြီး စကားလက်ဆုံ ကျနေကြရာမှ မပေါကြီးအကြောင်းကို စကားစပ်မိကြလေ၏။

"ဒါထက်... မစ္စတာဟဲရစ် ခင်ဗျားဇယ်ကြီး ဘယ်တော့ပြန်လာမလဲဗျို့။ သူလာရင် ကျွန်တော်တို့ ပါတီကို လွတ်လွတ်ကျွတ်ကျွတ်ကြီး မပျော်ရတော့ဘူးနော်"

ဟု စ၍ ပြောလိုက်လေသည်။

"သူလား... ဒီတစ်ခါသွားတာ တော်တော်ကြာ နေမလား မပြောတတ်ပါဘူးဗျာ။ ကျုပ်အထင်တော့ အမျိုးတွေနဲ့တွေ့နေရင် ကြာချင်လည်း ကြာမှာပဲ ထင်တယ်။ ကြာကြာနေလေ ကျုပ်နားပူ သက်သာလေပဲဗျာ။ နေပါစေ။ ဒါမှ ခင်ဗျားတို့နှစ်ယောက်လည်း ပျော်ပျော်နေကြရမယ် ဟုတ်လား"

ဟု သောက်လက်စ ဂျော်နီဝါးကား ဖန်ခွက်ကို မော့လိုက်ပြီး ယစ်ထုပ်ကြီးစတိုင်နှင့် ဝါယောတွေ လှိုင်လျက် ရှိလေ၏။

"ဒီလို ခင်ဗျား စိတ်ထားကောင်းလွန်းလို့ ကျွန်တော်တို့က ကျေးဇူးတင်နေတာပါပဲဗျာ။ ကျွန်တော့်ကြောင့် သေရတဲ့ ဒါလင်အေးအတွက်ဟာလေ တစ်နေ့မှ စိတ်မကောင်းဘူးဗျာ။ ခုလို သူ့ဝိညာဉ်ကလေးနဲ့သာ မတွေ့ရဘူးဆိုရင် ကျွန်တော်သေသွားမှာပဲ။ လူကိုယ်တိုင် မမြင်ရဘဲ တစ်ယောက်နဲ့တစ်ယောက် ထင်သလောက် ကိုယ်ထိလက်ရောက် မထိတွေ့ရပေမဲ့ သူကလေးဟာ ကျွန်တော်နဲ့ အမြဲတွေ့နေရတာ။ ကျွန်တော်သွားရာလာရာ ကားဘေးမှာ သူကလေးအမြဲ နေတာသိရတော့ လုံးလုံးကွဲသွားတာထက် အပုံကြီး ဖြေဖျော်စရာ ရနေသေးတာပေါ့နော်"

ဟု လျှာခပ်လေးလေးနှင့် တစ်လုံးချင်း ဖြည်းဖြည်းပြောနေစဉ် ၎င်းတို့နှစ်ယောက် အလယ်ကြားမှ လွတ်လပ်စွာထားသော စောမြအေး၏ ကုလားထိုင်မှာ အလိုအလျောက် နောက်သို့ ဆုတ်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

"ကစ်ဒီ... ဘယ်လဲ" ဟု မစ္စတာဟဲရစ်က လှမ်းမေးသော်လည်း စောမြအေး၏ အဖြေကို မကြားရပေ။ သို့နှင့် ဟဲရစ်နှင့် ထွန်းတင်တို့လည်း နှစ်ယောက်သား စကားတပြောပြောနှင့် အချိန်အတန်ကြာမှန်းမသိ ကြာသွားပြီး အိပ်ချင်စပြုလာသောကြောင့် နေရာမှ ထတော့မည်အပြုတွင် ပိတ်ထားသော အဝင်တံခါးပေါက်ကြီးမှာ တစ်စုံတစ်ယောက် တွန်းဝင်လာသလို တွေ့မြင်ရသောကြောင့် ဟဲရစ်နှင့် ထွန်းတင်တို့မှာ နှစ်ယောက်သား ခေါင်းထောင်ကာ အံ့အားသင့်ကြည့်နေမိလေ၏။

ထိုခဏမှာပင် ဟဲရစ်နှင့်ထွန်းတင်တို့ကြားတွင် စောမြအေး၏ အရေးတကြီး ပြောသော စကားသံများကို ကြားရလေ၏။

"အန်ကယ်နဲ့ ကိုကိုတင် အခု ဒေါ်ပေါကြီး ပြန်လာနေပြီ။ ဘယ့်နှယ် လုပ်မလဲ။ သူလာရင် ဒီလို ပျော်ပျော်နေရတော့မှာ မဟုတ်ဘူး"

ထွန်းတင်နှင့် မစ္စတာဟဲရစ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငေးငေးကြီး ဖြစ်သွားကြလေ၏။

"ဟင်... ဟုတ်လား၊ ဒီလိုဖြင့် ခက်တာပဲ၊ ဒါနဲ့ ကစ်ဒီ... ဒီအကြောင်း ဘယ့်နှယ်လုပ်ပြီး သိသလဲ"

ဟု မစ္စတာဟဲရစ်က မေးလေ၏။

အေး။ ။ "ကိုကိုတင်နဲ့ အန်ကယ်တို့က ဒေါ်ပေါကြီးအကြောင်း ပြောနေတုန်းမှာ ကစ်ဒီလဲ သီချင်တာနဲ့ ချက်ချင်း သူ့ဆီကို လိုက်ကြည့်တယ်။ သူအခု စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်လာနေပြီ။ အန်ကယ်က သူ သဘောမကျတဲ့လူတွေကို အိမ်ပေါ်မှာ တင်ထားတယ်။ အားလုံး ရိုက်ချမယ်လို့ ကြိမ်းဝါးတယ်။ လှည်းသမားကြီးကိုတောင် မြန်မြန်မသွား ကောင်းလားလို့ ဆူနေတယ်"

ဟဲရစ်။ ။ "ကဲ... မစ္စတာထွန်းတင်၊ ဘယ်လိုလုပ်ကြမလဲ မပေါကြီးတော့ အားကြီးဒေါပွလာပြီဆိုပဲ"

ထွန်းတင်။ ။ "အခြေပျက်ထာပဲဗျာ ခုပဲ ခင်ဗျားက သူကြာကြာနေလိမ့်မယ် ထင်တယ်ဆို"

ဟဲရစ်။ ။ "ထင်တယ်ဆိုပေမယ့် အခုသူ ကျုပ်တို့ သတင်းကြားလို့ ပြန်လာသလားမှ မသိတာပဲ သွားတုန်းကတော့ အတော်ကြာနေမယ်လို့ သွားတာနဲ့ တူတယ်။ ကျုပ်တော့ ဘာမှ မကြံတတ်ဘူး။ ခင်ဗျားတို့ လုပ်ဆိုတာလုပ်ပေးမှာပဲ မပေါကြီးလာရင်လဲ ကျုပ်တော့ သိပ်ခေါင်းကြိမ်းတော့မယ်ဗျာ။ တော်ရာသာ ရှေ့ဝင်ပြေးချင်တော့တာပဲ"

အေး။ ။ "ဒါဖြင့် ဒီလိုလုပ်မလား အန်ကယ်၊ ဒေါ်ပေါကြီးမရောက်ခင် ကလောက ဟိုတယ်ကို သွားနေကြမယ်။ နက်ဖြန် ကိုကိုတင်ရော အန်ကယ်ရော အလုပ်က အရေးတကြီး ခွင့်ယူကြပေတော့"

ဟဲရစ်။ ။ "အေး... အေး... အဲဒါ နေရာကျတယ် ဒါပေမဲ့ မစ္စတာထွန်းတင်က အခွင့်ယူဖို့လည်း လွယ်တယ်။ ကျုပ်က ခက်နေတယ် အလုပ်တိုက်ကို ကြာကြာပစ်ထားပြီး ခရီးသွား မနေနိုင်တာရယ်။ ဘာအကြောင်းနဲ့ ခရီးသွားရတယ်ဆိုတာကို မပေါကြီးကျေနပ်အောင် အဖြေမပေးနိုင်တာရယ်က အတော်အသက်ရှူကျပ်နေတာပဲ"

ထွန်းတင်။ ။ "အိုဗျာ... ဒါတွေလောက်တော့ မခက်ပါဘူး။ နေမကောင်းလို့ ဆရာဝန်က ကလောကိုသွားပြီး တစ်လလောက် အနားယူရမယ်ပြောလို့ သွားရတယ်လို့ ပြောလိုက်တာပေါ့။ အလုပ်တိုက်မှာလဲ ခင်ဗျားလက်အောက်မှာ နောက်ရောက်လာတဲ့ ဒုတိယမန်နေဂျာကလေးဟာ အစစအရာရာ စိတ်ချရတယ် မဟုတ်လား။ အလုပ်ကိစ္စ အားလုံး သူ့ကို ခဏလွှဲထားခဲ့တာပေါ့"

အေး။ ။ "ဟုတ်သားပဲ အန်ကယ်ကလဲ ကိုကိုတင်ပြောတာ သိပ်နေရာကျတယ်။ ဒါထက် ကောင်းတာ မရှိတော့ဘူး"

ဟဲရစ်။ ။ "ကဲလေ ကောင်းပြီ နက်ဖြန်သွားကြမယ်။ ဒါထက် ကစ်ဒီကော အတူတူလိုက်လာမယ် မဟုတ်လား"

အေး။ ။ "အို... လိုက်မှာပေါ့။ အဲဒီဟော်တယ်မှာ အခု ကစ်ဒီကောင်းကောင်းကြီး နေနိုင်တာပဲ။ အရင်တုန်းကလဲ ကိုကိုတင်နဲ့ ဟော်တယ်မှာ အမြဲတည်းခဲ့တာပေါ့"

ဟဲရစ်။ ။ "အဲ... အဲ... ဒါဖြင့် ဟုတ်ပြီ၊ အသင့်ပဲလေ နက်ဖြန်သွားကြမယ်"

မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့လူစုသည် ဒေါ်ပေါကြီး မလာခင် ကလောဟော်တယ်သို့ သုတ်ခြေတင်ခဲ့ကြလေ၏။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ကလောမြို့သို့ ကူးခဲ့ရသည်မှာ နီးလှသည့်ခရီးမဟုတ်ပေ။ သို့ရာတွင် မပေါကြီးနှင့် ရင်ဆိုင်မတွေ့ရလျှင် ပြီးရောဟူသော ရည်ရွယ်ချက်နှင့်သာ တော့လွဲကလေး ထွက်လာခြင်း ဖြစ်လေ၏။

ကလောဟော်တယ်သို့ ရောက်လာကြသောအခါမူကား စောမြအေး၏ အကြံပေးချက်အတိုင်း ထွန်းတင်နှင့် မစ္စတာဟဲရစ်တို့က အခန်းတစ်ခန်း ငှားစေပြီးလျှင် အခြားသော အခန်းလွတ်တစ်ခုကိုလည်း မစ္စက်ဟဲရစ်အတွက်ဟုဆိုကာ သီးသန့်ငှားထားစေပြီး မိမိလည်း ညညတွင် မစ္စတာဟဲရစ် သို့မဟုတ်

မစ္စတာဟဲရစ်၏အခန်းတွင် ဝင်ရောက်အနားဖြေ၍ နေထိုင်ခဲ့လေသည်။ အများအားဖြင့်မူကား ဟဲရစ်နှင့်ထွန်းတင်တို့ အခန်းမှာပင် အနေများခဲ့လေ၏။

ဤဟော်တယ်သို့ ရောက်မှလည်း စောမြအေးမှာ ရေးကထက် ပျော်ရွှင်နေရှာပုံဖြင့် ဟဲရစ်နှင့် ထွန်းတင်တို့အား မကြာ... မကြာ လူ၏အသွင်ဖြင့် မိမိကိုယ်ကို ထင်စေမြင်စေသည်ဖြစ်ရာ ထွန်းတင်မှာ မိမိချစ်သူကလေးအား ထင်ထင်ရှားရှား ပြတ်ပြတ်သားသား တွေ့မြင်ရခြင်းများကြောင့် အားရမဆုံး တပြုံးပြုံးနှင့် ဝမ်းသာလုံးဆို့၍ပင် နေမိရှာတော့သည်။

စောမြအေးကလည်း မိမိအား ယခုကဲ့သို့ ထင်ထင်မြင်မြင် တွေ့နေချင်က ဘယ်အခါမျှ မထိမကိုင်မိအောင် သတိပြုရမည်။ လူနှင့် နီးနီးနားနား မည်မျှနေနိုင်သည်ဖြစ်စေ၊ လူသားတစ်ဦး တစ်ယောက်၏ ထိကိုင်ခြင်းကိုမူကား မခံမရပ်နိုင်ကြောင်း ပြောပြထားသောကြောင့် ထွန်းတင်မှာ ကောင်းပါပြီဟု ကတိဝန်ခံထားရရှာလေတော့သည်။

စောမြအေးလည်း လူနှင့်မခြား ပျော်ရွှင်စွာ နေထိုင်သွားလာစားသောက်ကာ နေရှာလိုသောကြောင့် ဤဟော်တယ်သို့ လူ့ဘဝတုန်းက လာရောက်တည်းခိုဖူးသည့်နည်းတူ ချစ်သူနှင့် ထမင်းတစ်စားပွဲတည်း အတူစားခြင်း၊ လက်ဖက်ရည် အတူသောက်ခြင်းများကို လူကောင် ထင်ရှားနှင့်သော်လည်းကောင်း၊ လူမမြင်ရသော လက်များနှင့်သော်လည်းကောင်း အချက်ကျ စားသောက်နေထိုင်တတ်ပေ၏။

မစ္စတာဟဲရစ်၏ အမိန့်အရ ဟော်တယ်အစေခံ ကုလားများမှာ မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့အဖို့ ဟော်တယ်စားပွဲခန်းတွင် ထမင်းနှင့် လက်ဖက်ရည်များကို ဘယ်အခါမျှ မပြင်ရဘဲ ၎င်းတို့ အခန်းထဲသို့သာ သွားရောက်ပြင်ဆင်ကျွေးရသည့်အပြင် ထိုအခန်းတွင်လည်း မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့ နှစ်ယောက်တည်းသာ နေထိုင်ကြပါလျက် ထမင်းစားချိန်နှင့် လက်ဖက်ရည် သောက်ချိန်များတွင် သုံးယောက်အတွက် အစားအစာများကို အမြဲပေးနေရသောကြောင့် အတော်အံ့သြနေမိကြလေရာ၊ မစ္စတာဟဲရစ်၏ ဇနီးအတွက်ဆို၍ ငှားထားသော အခန်းမှာလည်း မည်သူတစ်ဦးတစ်ယောက်မျှ မနေသေးဘဲလျက် နံနက်တိုင်း အိပ်ရာအိပ်ခင်းတွေ အနေအထား ပျက်နေကြောင်း အခန်းကို ပြုပြင်သုတ်သင်ရန်လာသော ဟော်တယ်အစေခံ ကုလားမကြီးက ပြောပြပြန်သောအခါ အစေခံကုလားများမှာ အံ့အားသင့်သည်ထက် သင့်ကြရပြန်တော့၏။

စောမြအေးသည် ရေးယခင် လူအဖြစ်နှင့် ရောက်လာတိုင်းကပင် ဟော်တယ်အလယ်ခန်းမကြီး အတွင်းရှိ ပီယာနိုကြီးနှင့် မိမိက အင်္ဂလိပ်သီချင်းအမျိုးမျိုး တီးပေးတိုင် ထွန်းတင်နှင့်တကွ ဟော်တယ်ပေါ်ရှိ အခြားသော ဧည့်သည်များပါ ၎င်းတို့လက်လှည့်သင့်ရာ သင့်ရာ တွဲ၍ ကကြ၊ ခုန်ကြ သီချင်းတကျော်ကျော် ဟစ်အော်သီဆိုတတ်ကြပြီး၊ တစ်ခါတရံလည်း ထွန်းတင်က ပီယာနိုတီး၍ အင်္ဂလိပ်စိတ်ဝင်ပြီး ခေတ်အဆန်ကြီးဆန်နေသော စောမြအေးက အခြားသော မိတ်ဆွေများနှင့် တွဲကတတ်လျက် အများအားဖြင့်မူကား သူတစ်ပါး တီးပေးသောအခါများတွင် ထွန်းတင်နှင့် စောမြအေးခမျာမှာ ကချင်လျက် မကနိုင်ရှာတော့ပေ။ သို့နှင့်ကား တစ်ခါတစ်ခါ မစ္စတာဟဲရစ်တို့ သောက်စားနေကြသော အရက်စားပွဲအနီးတွင် အူရွှင်ရွှင်နှင့် သူပါဝင်၍ သောက်တတ်လျက် ခပ်သွက်သွက်ကလေး မူးယစ်လာသောအခါ ပီယာနိုကြီးရှိရာသို့ ရောက်သွားပြီး အဖုံးကြီးကို လှန်လှောဖွင့်လှစ်ကာ လူမမြင်ရသော လက်များနှင့် လူ့ဘဝတုန်းက ရထားသော အင်္ဂလိပ်သီချင်းများကို အားပါးတရ တီးတတ်လေ၏။

ယင်းသို့ စောမြဒေး ပီယာနိုတီးလျှင် ထွန်းတင်မှာအခြားလူတွေသိပြီး အထိတ်တလန့် တအံ့တသြကြီး ဖြစ်သွားမည်စိုးသောကြောင့် ကပျာကယာ ပီယာနိုကြီးရှိရာသို့ လိုက်လာပြီး မိမိကိုယ်တိုင် တီးသည့်အနေမျိုးနှင့် လက်ကားကာ ခြေကားကာ လှုပ်ခါလိုက်၍ ဖာရလေတော့သည်။ သို့ရာတွင် စောမြဒေးမှာ ထိန်းမနိုင်အောင် မူးသံကလေးနှင့်...

"ဟေ့... ကိုကိုတင် ဖယ်ပေးကွာ၊ အိုင့် ဘာသာ တီးနေတာ လာမရှုပ်နဲ့"

ဟု ဖယ်ထုတ်တတ်လျက်...

"မဟုတ်ဘူး... ဒါလင်ရဲ့ လူတွေရိပ်မိကုန်ရင် မကောင်းဘူး ကိုကိုတင်တို့ကို နှင်ချလိမ့်မယ်"

ဟု ပြောသည်တိုင်အောင်...

"အို... လူသိကော ဘာအရေးစိုက်စရာ ရှိလဲ ကိုယ်ထင်တာ ကိုယ်လုပ်မှာပေါ့"

ဟုဆိုကာ ပီယာနိုကိုသာ သွက်သွက်ပါအောင် တီးနေလေတော့သည်။ ထွန်းတင်ကား လက်ကားယားနှင့် ဟန်ဆောင်ကာ ဖာနေရလေ၏။ သို့သော် မူးလွန်း၍ ပျော်လွန်းနေသော စောမြဒေးမှာ ထွန်းတင်ကို တမင်တကာ ကျီးစားချောက်ချနေဘိအလား၊ ထွန်းတင် လက်လှုပ်ရှားနေတုန်း မိမိအတီးရပ်ထားလျက်၊ ထွန်းတင်အတီး ရပ်ထားသောအခါများတွင် ရုတ်တရက် အလန့်တကြား ဆူညံသွားအောင် တီးပစ်လိုက်သောအခါ ထွန်းတင်ပါ လန့်ပြီး ကပျာကသီကြီး ဟန်မပျက် လိုက်တီးရလေတော့သည်။

ယင်းသို့အခါများစွာ အတိုင်အဖောက်မညီ ဖြစ်နေတတ်ရာတွင် ကခုန်နေသူများမှာ တစ်ခန်းလုံး အမူးအရူးတွေသာဖြစ်၍ မည်သူမျှ သတိမထားမိကြသေးစေကာမူ ဘွိုင်ကုလား အချို့မူကား မည်းနက်သော အသားပေါ်တွင် ပေါ်လွင်ထင်ရှားနေသော မျက်လုံးဖြူဖြူကြီးများကို ပိုကျယ်သွားအောင် ပီယာနိုကို တအားပြူး၍ ကြည့်မိကြပြီး ဝိဝါဒမကွဲသော မျက်နှာကြီးတွေနှင့် ထုပေပေ လုပ်၍ နေမိကြလေသည်။

စောမြဒေးသည် ထူးပေဆန်းပေသည်၊ မူးရင်ရမ်းတတ်သည် ဆိုသော စကားအတိုင်း များများသောက်၍ များများမူး လာသောအခါ အပျော်ကြီး ပျော်လာပြီး အရမ်းကြီး ရမ်းတတ်လေတော့သည်။ အမူးကြီးမူးလာသောအခါ၊ မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့မှာ၊ စောမြဒေးကို ထိန်းမနိုင်အောင် ဖြစ်လာလေသည်။ ထွန်းတင်က မလုပ်ပါနှင့်ဆိုလျှင် တိုးလုပ်သည်၊ တိုး၍ ကျီစားသန်တော့သည်၊ ထွန်းတင်မှာ ချစ်သူကလေးအား မဆိုရက်ရှာပေ၊ သူလုပ်သ၍ကိုသာ လူတွေ မထိတ်မလန့်အောင် အမြဲတန်းလိုက်၍ ဖာထေးနေရရှာတော့သည်။ စောမြဒေးသည် ခပ်များများမူးလာသောအခါ၊ မစ္စတာဟဲရစ်ကြီးကိုလည်း ချမ်းသာမပေး၊ ကလေးကစားသော ကော်ရုပ်ကြီးပမာ၊ သူလုပ်ချင်ရာ လုပ်သွားတတ်၏။ လူသူလေးပါးရှေ့မှာပင်၊ လူမမြင်ရသော လက်များနှင့် ဟဲရစ်ဆောင်းထားသော ဦးထုပ်ကို ပုတ်ချချင် ချပစ်၍၊ သောက်နေသော စီးကရက်ကိုလည်း ရုတ်တရက်ဆွဲလုချင် လုသွားတတ်ခါ၊ တခါတခါလည်း ဟော်တယ် အသောက်ခန်းတွင်းရှိသော အပြင်ဒြေ့သယ်များကိုပင်၊ သွားရောက် နောက်ပြောင် ရန်တိုက်ပေးခြင်းဖြင့်၊ တဦးနှင့်တဦး အထင်မှားပြီး စကားကတောက်တဆတ်များလျှင် တနေရာရာမှ အသံကျယ်ကျယ်နှင့် အားရပါးရ ရယ်ပစ်တတ်လေသည်။

ထွန်းတင်နှင့် ဟဲရစ်တို့မှာ၊ စောမြဒေး မကြာမကြာမူး၍ ရမ်းလာသောအခါ၊ နောက်ဆုံး ကြံရာမရတော့သည်နှင့် အရက်ကိုလျှော့၍ သောက်ကြတော့သည်။ ခါတိုင်း တစ်ပုလင်းလုံး စားပွဲပေါ်ထောင်၍ သောက်သော်လည်း၊ ယခုကား သောက်ချင်မှ တစ်ခါသောက် တစ်ခါသောက် မှာ၍

သောက်ကြတော့လျက်၊ စောမြအေးက သူ့အတွက် တောင်းသည် တိုင်အောင်လည်း တနည်းနည်းနှင့် လှည့်ပတ်ချော့မော့ထားရလေတော့သည်။

သို့သော် စောမြအေးမှာ၊ ခေတ်သစ် အင်္ဂလိပ် စိတ်ဝင်နေသော အစိမ်းမကလေး ဖြစ်လေရာ၊ ထွန်းတင်တို့ထံမှတောင်း၍ မရလျှင်၊ အခြားသော အရက်စားပွဲတို့မှ ခွက်လုံ၍ ကြိတ်လေတော့၏။

တစ်ခါလည်း ဟော်တယ်အပြင်ခန်းတွင် အင်္ဂလိပ်ယစ်ထုတ်ကြီး တစ်ယောက် အရက်ကို ပုလင်းလိုက် ထောင်သောက်နေစဉ်၊ စောမြအေးမှာ လူမမြင်ရဘဲနှင့် ပုလင်းလိုက် ကောက်မော့လိုက်သောကြောင့်၊ ယစ်ထုတ်ကြီးမှာ ထိတ်လန့်တကြား၊ ငယ်သံများပါအောင် အော်ပြေးလေတော့သည်။

တစ်ခါလည်း အရက်ဘီရိုအနီးတွင်၊ အရက်ပုလင်းတစ်ခု လေထဲမှ ပျံသန်းသွားပြီး၊ ဖလ်ခွက်ထဲသို့ အလိုလို ငှဲ့သွန်နေသည်ကို တွေ့ရသောကြောင့်၊ အလုပ်သမား ဘွိုင်ကုလားတွေမှာ၊ ပူးဝါး... ပူးဝါးနှင့်၊ အထိတ်တလန့် ပြေးလွှားနေကြလေတော့သည်။ တစ်ခါတစ်ခါမူကား၊ လက်ရာ ခြေရာမထင် ယဉ်ယဉ်ကျေးကျေးနှင့်၊ ခပ်အေးအေးနေလေ၏။ သော့ခတ်ထားသော ဗီရိုတွင်၊ အလှခင်းကျင်းထားသော အရက်ပုလင်းအချို့မှာ ဘူးဆို့ကွာပြီး ပုလင်းလွတ်ချည်း ကျန်နေသည်ကို တွေ့ရသဖြင့်၊ ဟော်တယ်မန်နေဂျာမှာ၊ မကြာခဏ ဆူပူကြိမ်းမောင်း နေလေတော့သည်။

မစ္စတာဟဲရစ်နှင့် ထွန်းတင်တို့မှာ၊ စောမြအေးလက်ရာမှန်း ကောင်းစွာသိ၍၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး။ ကဲ... ဘယ့်နှယ်ရှိစဟု အချင်းချင်း အချက်ပြကြသည်။ ငါမနိုင်မ သမီးကလေးပမာ၊ စောမြအေး ရမ်းကားနေတာတွေကို ဆိုရမည်လည်း အခက်၊ စိတ်ကွက်ရမည်လည်း မဖြစ်နိုင် ချော့တလည့် မော့တလှည့်နှင့်သာ ဖျောင်းဖျရရှာကြတော့၏။

မမူးသောအခါ၊ ချော့ချော့မော့မော့ အကျိုးအကြောင်းပြောလျှင်၊ ကောင်းပါပြီဟု ဝန်ခံကာ၊ နောက်တစ်ခါ မရမ်းပါဘူးဟု ကတိပေးသော်လည်း။ အမူးကြီးမူးလာသောအခါမူကား၊ ထားပြီးသား ကတိကိုမေ့လျက်၊ လက်သင့်ရာ လုပ်ချင်တာ လုပ်သွားပြန်တော့သည်။ သူ့ခမျာ အစိမ်းအဝါးဘဝ ရောက်နေရှာသဖြင့်၊ ချစ်သူနှင့်လွတ်လပ်စွာ နေရပါသည်ဆိုစေကာမူ လူသားနှင့် အစိမ်း၊ အဝါး ဇာတ်နွယ်ခြားလျက်ရှိသောကြောင့် စိတ်သွားတိုင်း ကိုယ်မပါ အမြင်သာနီး၍ ခရီးချင်း အလှမ်းကွာနေရှာသဖြင့် မချင့်မရဲရှိတိုင်း ထင်ရာ စိတ်ရူးပေါက်သလောက် စိုင်းနေရှာသည်ဟု သိရှိရိပ်မိသော ထွန်းတင်မှာ ချစ်သူကို သနားကြင်နာ၍ မဆုံးနိုင်ရှာတော့ပေ။

သို့နှင့် ဟော်တယ်တွင် ရက်ပေါင်းအတန်ငယ်ကြာသောအခါ၊ ဘွိုင်ကုလားများ၊ အလုပ်သမားများ၊ မသင်္ကာမှုအတွက် နောက်ပိုင်းတွင် ပွက်စိပွက်စိ ဖြစ်လာလျှင်၊ ဟော်တယ်မန်နေဂျာကပါ ထိုကိစ္စကို စုံစမ်းသမှုပြု၍ လာလေ၏။ သို့ရာတွင် ထိုကိစ္စမျိုးမှာ ယုံတမ်းစကားပမာ၊ ဗလာသက်သက်ကြီး ဖြစ်ရကား မန်နေဂျာမှာ ယုတ္တိမရှိနိုင်သော ဘွိုင်ကုလားများ၏ စကားကို နားမဝင်နိုင်အောင် ရှိလေသည်။

ဟဲရစ်နှင့်ထွန်းတင် တို့သည်၊ လူနှစ်ယောက်တည်းဖြစ်ပါလျက်၊ အစားအစာကို သုံးယောက်တွက် အမြဲမှာယူ စားသောက်ခြင်းကိုလည်းကောင်း၊ မစ္စတာဟဲရစ်၏ ဇနီးမစ္စစ်ဟဲရစ်အတွက်ဟုလည်း သူတို့

ရောက်ကတည်းက အခန်းသီးသန့် ဂုဏ်ထားခြင်းလည်းကောင်း ၎င်းအခန်းမှာ မစ္စက်ဟဲရစ်ဆိုသူလည်း ယနေ့အထိ မရောက်လာသေးဘဲလျက် နေ့စဉ်နေ့စဉ် အခန်း၏ အခြေအနေ ပျက်နေကြောင်းများကို ထပ်မံ အစစ်ခံကြပြန်၏။ ထို့ကြောင့် တစ်နေ့သောအခါတွင် မန်နေဂျာနှင့် စာရေးအချို့ ဘွိုင်ကုလားအချို့တို့သည် ထွန်းတင်နှင့် ဟဲရစ်ကို ညစာထမင်း စားနေကြသော အချိန်တွင် မှန်တံခါးကြားမှ ခြေဖျားထောက်၍ ချောင်းကြည့်နေကြလေတော့၏။

အခန်းထဲတွင် ထွန်းတင်နှင့်ဟဲရစ်သည်၊ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ထမင်းစားတော့မည် ပြုနေကြသည်ကို တွေ့ရသည်။ စားပွဲ၏အလယ်မှာလည်း ကုလားထိုင် အလွတ်တခုနှင့် ထမင်းတယောက်စာအတွက် ပန်းကန်ပြားနှင့် ဇွန်းခရင်းများချထားလျက် အရက်ဖန်ခွက်မှာလည်း သုံးခွက်ချထားသည်ကို တွေ့ရသဖြင့်၊ မန်နေဂျာနှင့် စာရေးများမှာ အတော် အံ့အားသင့်မိကြလေ၏။

မစ္စတာဟဲရစ်သည် ဘွိုင်ကလားများ ညစာပြင်ဆင်ပေးသွားပြီးနောက်၊ အခန်းတံခါးကို လုံခြုံစွာ ပိတ်လိုက်လျက်၊ ထွန်းတင်ကိုခေါ်ကာ ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်စဉ် အလယ်က ပြင်ထားသော ကုလားထိုင်မှာ လူကောင်ကို မမြင်ရဘဲလျက် လူတစ်စုံတစ်ယောက် မှီထိုင်လိုက်သလို ဖင်ထိုင်ခုံဆိုဖာမှာ အိကျသွားသည်ကို တွေ့မြင်ကြရပြီးနောက်၊ အစာမစားမီ အရက်ကို ရှေးဦးစွာ ခံတွင်းလိုက်အောင် သောက်ကြရာမှာလည်း လူမရှိသောနေရာမှ အရက်ဖန်ခွက်မှာ အလိုလို လေထဲသို့ မြောက်ကြွလာပြီး လူတစ်စုံတစ်ယောက်က မော့သောက်လိုက်သောကြောင့်၊ ဖန်ခွက်တွင်းရှိ အရက်များ ထက်ဝက်ကျိုးကျသွားသည်ကို နောက်ထပ် တွေ့မြင်ရသောအခါ မန်နေဂျာအစ ဘွိုင်ကုလားအဆုံး၊ မျက်လုံးတွေ ပြူးနေကြလေပြီ။

ထို့နောက် ထွန်းတင်တို့က ညစာကို စတင်စားကြသောအခါလည်း အင်္ဂလိပ်ဒင်နာနည်းအတိုင်း စွပ်ပြုတ်နှင့် ပေါင်မုန့်ကို စတင်၍ စားကြရာ၌ လူမရှိသောနေရာက စွပ်ပြုတ်ပန်းကန်နှင့် ဟင်းချိုသောက်ဇွန်းမှာ လေထဲတွင် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်ကို တွေ့မြင်ရပြီး၊ ပန်းကန်ထဲက စွပ်ပြုတ်တွေလည်း တဖြည်းဖြည်း လျော့ကျသွားသည်ကို တွေ့မြင်ရလေ၏။ နောက်တဖန် ဆိုက်ဒစ်ကတ္တလစ်၊ အိစ်ဖရိုက် စသော ဟင်းပန်းကန်များမှာလည်း ကော်ယူစားနေသည်ကို တွေ့နေရသောအခါ မန်နေဂျာအမှူးရှိသောသူများမှာ ကြက်သီးမွေးညှင်း တဖျင်းဖျင်း ထတော့မလောက် ကြောက်ရွံ့ထိတ်လန့်လာကြလျက်၊ အမူအရာတွေ ပျက်ပြီးလျှင်၊ ချွေးသီးများ ပေါက်ပေါက်ကျ၍ လာကြလေ၏။

ဟဲရစ်နှင့် ထွန်းတင်တို့ကား မိမိတို့ကို လူများချောင်းကြည့်နေကြမှန်း မသိကြပေ၊ နောက်တကြိမ် ဆိတ်သား မာတင်ချော့ကို စားကြသောအလှည့်၌မူကား ထွန်းတင်သည် မာတင်ချော့မှ ဆိတ်ရိုးကို ကိုက်ရင်း မှန်ပြတင်းဆီသို့ မျက်စိရောက်သွားမိသည်တွင် ရိပ်ခနဲ တိမ်းသွားသော သူတစ်ဦး၏ ခေါင်းကို တွေ့မြင်လိုက်ရသောကြောင့်...

"ဟော... ဟိုမှာ ကိုယ်တို့ကို လာချောင်းကြည့်နေတယ် ထင်တယ်"

ဟု ခပ်အုပ်အုပ် ပြောလိုက်သဖြင့် ဟဲရစ်ပါ ပြတင်းပေါက်ဆီသို့ မသိမသာ မျက်စိကိုစွေကာ ကြည့် လိုက်နေလေသည်။ ထိုခဏ၌ စောမြအေးဘက်ရှိ လူမမြင်ရဘဲ စားနေသော ပန်းကန်ထဲသို့ ဇွန်းနှင့်ခရင်းများ ဂျောက်ခနဲ ပစ်ချလိုက်ပြီး၊ ကုလားထိုင်မှာလည်း တစ်စုံတစ်ယောက် ထသွားသလို

နောက်သို့ စွေ့ခနဲ ရွေ့သွားသည်ကို တွေ့လိုက်ရကာ စားပွဲပေါ်တွင် ငြိမ်သက်တိတ်ဆိတ်သွားသဖြင့် ထွန်းတင်နှင့် မစ္စတာဟဲရစ်မှာ အခြေမပျက် ညစာကို ဆက်လက် စားနေကြရလေ၏။

အကြည့်ခံရသူများ ရိပ်မိသွားသည်ကို အကဲမခပ်မိဘဲ မှန်ပြတင်းမှ သူ့ထက်ငါ ကဲပြီး၊ ချောင်းကြည့်နေကြသူများအနက်တွင် ဘွိုင်ကုလားနှစ်ယောက်မှာ နောက်ဆုံးက ဖြစ်နေလေသည်။ သို့နှင့် နောက်ဆုံး ကုလားအား တစ်စုံတစ်ယောက်က နောက်ဆီမှ ဖင်ကို ဘတ်ခနဲ ကန်လိုက်ခြင်းခံရ၍ လှည့်အကြည့်တွင် ကုလားသည် ဘာမျှ မမြင်ရဘဲနှင့် ဖြုန်းခနဲ ကြက်သီးထပြီး ခေါင်းကြီးလာသောကြောင့် အသာအယာ ခြေဖျားထောက်ပြီး တစ်ယောက်တည်း လစ်လေတော့သည်။

ဒုတိယကျန်ရစ်သော ဘွိုင်ကုလားမှာလည်း ရှေးနည်းငင်းပင် မိမိဖင်ကို လူမမြင်ရဘဲ ဘတ်ခနဲ အကန်ခံရသောကြောင့်၊ ကြက်သီးထကာ ကြောက်ကြောက်နှင့် တိတ်တဆိတ် လစ်ပြန်ရှာသည်။ ထို့နောက် ဟော်တယ်စာရေး ကပြားကလေးနှစ်ဦးမှာလည်း ဘွိုင်ကုလားများနည်းတူ တဦးပြီးတဦး အနှံခံ အကန်ခံရသောကြောင့်၊ ကျောတချမ်းချမ်း ကြက်သီးတဖျန်းဖျန်းနှင့် ကိုယ့်အခန်းကိုယ် လစ်ကုန်လေရာ နောက်ဆုံး ဟော်တယ်မန်နေဂျာကား "မကြည့်ချင် မြင်ချင်ရက်သား" ဆိုသလို ထူးဆန်းလှသော အဖြစ်တော်ပုံကို အာရုံမျက်မြင်ဇောကြီးစွာနှင့် ကုန်းကုန်းကြီး ကြည့်နေမိရာမှ မိမိဖင်ကို တစ်စုံတစ်ယောက်က နောက်မှ ဘတ်ခနဲ ပစ်ကန်လိုက်သည်ကို ခံရခြင်းကြောင့် စာရေးကလေးများနှင့် ဘွိုင်ကုလားတို့ကို ဆူပူကြိမ်းမောင်းရန် လှည့်ကြည့်လိုက်ရာတွင် မည်သူ့ကိုမျှ မတွေ့မမြင်ရဘဲ မိမိတစ်ဦးတည်း ရှိနေသောကြောင့် မိမိအကန်ခံရခြင်းမှာ စိတ်ထင်လို့သာ ဖြစ်ရမည်ဟု သဘောရသဖြင့် ဖင်ကြီးကို ကုန်းပြီး ချောင်းမြဲတိုင်း ချောင်းကြည့်နေပြန်ရာ ဒုတိယမွှိအကြိမ် ခပ်စပ်စပ်ကလေး ဘတ်ခနဲ အဆော်ခံရပြန်သည်တွင်ကား မန်နေဂျာမှာ ဒေါပွကာ ချာခနဲလှည့်အကြည့်တွင်...

အမွေးစုတ်ဖွားနှင့် မည်းမည်းတုတ်တုတ်ကောင်ကြီး တစ်ကောင်မှာ ရယ်ဖြဲဖြဲနှင့် မိမိကို ပြူးတူးပြဲတဲ ကြည့်နေရာမှ ပြောင်သလိုလို ပြုံးစိစိ မျက်လုံးရဲကြီးနှင့် လျှာတွဲလွဲ ထုတ်ပြလိုက်သောကြောင့် ဟော်တယ်မန်နေဂျာမှာ "အို-မိုင်ဂေါ့" ဟု ငယ်သံပါအောင်အော်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်း ကျအောင် ပြေးရှာလေတော့သည်။ စားပွဲတွင်ဟန်မပျက် ညစာစားနေသော ထွန်းတင်တို့မှာ မန်နေဂျာ အော်ပြေးသံကြားကတည်းကပင်၊ စောမြအေး လက်ချက်မှန်းသိကာ၊ ကြိတ်၍ ပြုံးနေကြရတော့သည်။

နံနက်မိုးလင်းသောအခါမူကား မန်နေဂျာသည် ရှေ့ဆောင်ပြုကာ နောက်ပါ ဟော်တယ် လုပ်သားများနှင့်အတူ၊ မျက်နှာထားဆိုးကြီးနှင့် ထွန်းတင်တို့ အခန်းသို့ ရောက်လာခဲ...

"ခင်ဗျားတို့ဟာ သိပ်ရှုပ်တဲ့ လူနှစ်ယောက်ပဲ၊ ညက ခင်ဗျားတို့ ထမင်းစားနေရာမှာ ကျုပ်တို့ မသင်္ကာလို့ လာချောင်းကြည့်တယ်၊ လူနှစ်ယောက်ရှိတာမှာ သုံးယောက်စားပွဲ မှာစားတယ်၊ ကုလားထိုင် နေရာဟာလဲ သိပ်ဆန်းတယ်၊ ကျုပ်တို့ဟော်တယ်မှာ အရင်က မဖြစ်ဖူးတာတွေ ခင်ဗျားတို့ လာမှ ဖြစ်နေတယ်၊ အရက်ပုလင်းတွေပျောက်ပုံလဲ သိပ်ဆန်းတယ်၊ ဟို... အခန်းတစ်ခုဟာလဲ လူမနေဘဲနဲ့ ခင်ဗျားတို့ ငှားထားတာဟာ အများကြီး စဉ်းစားစရာရှိတယ်၊ ကျုပ် ခင်ဗျားတို့နှစ်ယောက်ကို မသင်္ကာဘူး"

ဟု ရှူးရှူးရှားရှားနှင့် ပြောလျှင် ထွန်းတင်နှင့်ဟဲရစ်မှာ ရုတ်တရက် ကြောင်စာစာ ဖြစ်နေကြလေ၏။ ထို့နောက်မှ ထွန်းတင်က ကပျာကရာ စိတ်ကူးရလာကာ...

"ခင်ဗျား ကျုပ်တို့ကို ဘယ်လိုအကြောင်းနဲ့ အခုလိုစွပ်စွဲနိုင်သလဲ၊ ကျုပ်တို့ဟာ ဂျပိုးမဟုတ်ဘူး၊ လူကြီးလူကောင်းတွေ ဖြစ်တယ်၊ အခု ခင်ဗျားပြောလိုက်တဲ့ စကားဟာ အများကြီး တရားလွန်နေတာဘဲ"

ဟု ခံပြောလျှင်၊ မန်နေဂျာလည်း မခံမရပ်နိုင် ဖြစ်လာကာ…

ဂျာ။ ။ "ခင်ဗျားတို့ လူကြီးလူကောင်းမကလို့ ဘာဖြစ်ဖြစ် ကျုပ်မသက်္ကာနိုင်ဘူး၊ ညက ကျုပ်ကိုယ်တိုင် ခင်ဗျားတို့ ထမင်းစားပွဲကို မြင်ရတယ်၊ လူမရှိဘဲနဲ့ တစ်နေရာက လှုပ်နေတယ်"

တင်။ ။ "အဲဒါ ကျုပ်တို့နစ်ယောက် လောင်းကြေးစားကြေးနဲ့ မျက်လှည့်ပြနေတာ၊ ခင်ဗျားတို့ ကျုပ်အခွင့်မရှိဘဲ လာချောင်းကြည့်တဲ့ အတွက်တောင် အပြစ်ရှိနေသေးတယ် မဟုတ်လား၊ ကျုပ်တို့နှစ်ယောက် စားဖို့ဟာကို သုံးယောက်အတွက် မှာစားလို့ကော ခင်ဗျားတို့မှာ ဘာနစ်နာသလဲ ပိုရောင်းရတာဘဲ မဟုတ်လား"

မန်နေဂျာသည် ခဏငိုင်သွားလေ၏။ ထို့နောက်စဉ်းစားကာ…

ဂျာ။ ။ "ဒါပေမဲ့… ခင်ဗျားတို့ နှစ်ယောက်ကြည့်ရတာ၊ သူများထက် ပိုပြီး ဆန်းကျယ်ပါတယ်ဗျာ၊ ဟောဟို မစ္စတာဟဲရစ်ဆိုတဲ့ လူဟာလဲ၊ တစ်ခါတစ်ခါ သူ့လက်ထဲက ဆေးလိပ်ဟာ လေထဲကို ပျံထွက်သွားလား သွားရဲ့ သူ့ခေါင်းကဦးထုပ်ဟာ မကြာမကြာ မြှောက်ချည်ကွဲချည် ဖြစ်ဖြစ်သွားလား သွားရဲ့၊ မစ္စတာထွန်းတင်ဆိုတဲ့ ခင်ဗျားကလဲ ပီယာနိုကို လက်နဲ့မထိဘဲ မြည်အောင် တီးတဲ့အခါလဲတီးတယ်။ တခါတလေလဲ ဟိုအခန်းလွတ်တစ်ခုကို လူမနေဘဲနဲ့ အပိုငှားထားတာဟာ သိပ်စဉ်းစားရခက်နေတယ်၊ ဒီတော့ခင်ဗျားတို့ ရှိတဲ့အတွက် ကျုပ်ဟော်တယ် နာမည်ပျက်သွားမှာ အများကြီး စိုးရိမ်တာဘဲ"

တင်။ ။ "အဲ… ဒါခင်ဗျား မှားတာဘဲ၊ ကျုပ်တို့နှစ်ယေက်ဟာ ရှမ်းလူမျိုးတွေဆီက ရလာတဲ့ မျက်လှည့်နည်း အဆန်းကို တစ်ခါတစ်ခါ စမ်းကြည့်မိတာပါ၊ ဘာမှခင်ဗျားတို့ ကြောက်လန့်စရာ မရှိပါဘူး၊ ဒီအတွက်နဲ့လဲ ခင်ဗျားတို့ဟော်တယ်မှာ ဘာမှနစ်နာစရာ မရှိပါဘူး၊ ဟိုအခန်းတစ်ခု ငှားထားတာကလဲ၊ ဟောဒီ မစ္စတာဟဲရစ်ရဲ့ ဇနီးမစ္စက်ဟဲရစ် လိုက်လာမယ်ဆိုလို့ တင်ကြိုပြီး ငှားထားရတာဘဲ၊ ဟိုကလဲ ဘာများဖြစ်နေတယ် မသိပါဘူးဗျာ၊ ခုတောင် ရောက်မလာသေးဘူး"

ဟု အတည်ပေါက်ကြီး ဖြီးနေလေရာ၊ မစ္စတာဟဲရစ်မှာ သံယောင်လိုက်ခါ…

"ဟုတ်ပါရဲ့ဗျာ၊ ဒီမိန်းမကို နေရာတကာ ငွကျပါတယ် သူလိုက်လာမယ်ဆိုလို့ အခန်းတစ်ခု တင်ကြို ငှားထားရသေးတယ်၊ တကယ်လို့သာ သူမလာတော့ဘူးဆိုပြီး၊ ဒီအခန်းကို ပြန်အပ်လိုက်တဲ့နောက်၊ သူ ရောက်လာရင် ကျုပ်တို့ ခေါင်းကြိမ်းအောင် ဆူမှာစိုးလို့သာ ပိုက်ဆံအကုန်ခံပြီး ငှားထားရတာ၊ အဲလေ ဒီမိန်းမကြောင့် ကျုပ်တော့ ခက်ပါသဗျာ"

ဟု ခေါင်းကြီးကုတ်ခါ မှင်တည်တည်နဲ့ ငြီးနေသည်တွင် မန်နေဂျာမှာ… "အင်း… သူတို့ပြောတာလဲ ဟုတ်လောက်စရာ ရှိပါရဲ့လေ" ဟု စဉ်းစားပြီး…

"ကိုင်း… ကောင်းပြီလေ၊ ခင်ဗျားတို့ ပြောတဲ့အတိုင်း ဟုတ်ရင်ပြီးတာဘဲ၊ သို့သော်လဲ ကျုပ်အရက် ဘီရိုထဲက အရက်ပျောက်တာတော့ အတော်ဆန်းနေသဗျာ"

ဟု လုံးလုံးကြီး သင်္ကာယနမကင်း စိတ်တွင်းမှ ဒွိဟဖြစ်နေသေးသော အမူအရာနှင့် ပြောကာ လှည့်ပြန်သွားတော့သည်တွင်မှ ဟဲရစ်နှင့် ထွန်းတင်မှာ ဟင်း… ကနဲ သက်ပြင်းကြီး ပြိုင်တူ ချလိုက်စဉ်မှာပင် လှေကားမှ ဆင်းသွားသော ဟော်တယ်မန်နေဂျာမှာ လှေခါးထပ်မှ တစ်စုံတစ်ယောက်က ဖင်ပိတ် ကန်လိုက်ဘိအလား၊ ရှေ့သို့ ဟတ်ထိုးကြီး စိုက်ကျသွားပြီး၊ ကံအားလျော်စွာ လက်ရမ်းကို ကမန်းကတန်း ဆွဲကိုင်လိုက်မိ၍သာ ဒေါက်လျှောက်ကြီး ကျမသွားဘဲ၊ လှေကားနှစ်ထစ်လောက်တွင် တွဲလွဲကြီးခိုသလို ဖြစ်နေသည်ကို လှမ်းမြင်လိုက်ရသောကြောင့် တစ်ယောက်မျက်နှာ

တစ်ယောက်ကြည့်ကာ စိတ်မောသွားမိကြလျက်၊ အတွင်းဘက်သို့ ကပျာကရာ မျက်နှာလွှဲနေလိုက်ရပြန်လေတော့သတည်း။

ဒေါ်ကြီးမောကြီးနှင့် ပြန်လာသော ဒေါ်ပေါ်ကြီးမှာ အိမ်သို့ ရောက်လျှင်ရောက်ချင်း ဟဲရစ်ကို မတွေ့ရဘဲ၊ မကျန်းမာသဖြင့် ဆရာဝန်ကြီးက ကလောသို့ တစ်လလောက် အမြန်သွားပြီး အနားယူရမည်ဆို၍ သွားနေရကြောင်း စာတစ်စောင် ရေးထားခဲ့သည်ကို တွေ့ရရုံမက၊ ဟဲရစ် ကလောသွားသည်မှာ တစ်ယောက်တည်း မဟုတ် အင်ဂျင်နီယာ ထွန်းတင်လည်း အခွင့်တစ်လ ယူကာ၊ ဟဲရစ်နှင့် အတူပါသွားကြောင်း သိရသောအခါမူကား ယမ်းပုံမီးကျ အမျက်ကြီး ကြလေတော့သည်။

"ဟိုကောင်မနဲ့ အချောင်ပျော်ကြမလို့ နှစ်ယောက် တိုင်ပင်သွားတာ ဖြစ်လိမ့်မယ်။ မနေဘူး... မနေဘူး ငါ လိုက်သတ်မယ်"

ဟု ကြိမ်းဝါးကာခရီး ရောက်မဆိုက်ပင် ကလောလိုက်မည် ပြင်ဆင်မိရာမှ စပယ်ယာကလေး စားပွဲထိုးချစ်တင်က ကန့်ကလျ အမူအယာနှင့် မပေါ်ကြီးအနီးသို့ ရောက်လာကာ...

"မမပေါ်ရယ် ဒါလောက်လဲ ရှေ့လောမကြီးနေပါနဲ့၊ မပေါ် လင် ဘူတားကြီးကို ဒါလောက်ဘဲ ချစ်သလား၊ သူ့ဘာသာ အလေလိုက်သွားကော မမပေါ် ဒီမှာကျွန်တော်နဲ့ ချောင်ချောင်ချဲ့ချဲ့ကြီး ပျော်မနေရပါလား၊ ဘာကြောင့် အရေးတကြီး လိုက်သွားချင်ရတာလဲ မမပေါ်ရဲ့"

ဟု ပြောသဖြင့် အင်း ဒါလဲ ဟုတ်ပါရဲ့ ဟုဆိုကာ ကလော သို့ ချက်ခြင်းလိုက်မည်ဆိုသော စီမံချက်ကို ရုတ်တရက် ပို့စပုန်း လုပ်ပစ်လျက်၊ နောက်ဆုံးမွေးသည့် စပယ်ယာလေး ချစ်တင်နှင့် ပျော်ပျော်ရွှင်ရွှင် လေးငါးရက် နေလိုက်လေ၏။

ယင်းသို့ မပေါ်ကြီးနှင့်ချစ်တင်တို့ ပျော်ရွှင်စွာနေသည့်အတွင်းတွင် အိမ်သို့အင်္ဂလိပ်ကပြား ဧည့်သည် တစ်ယောက် ရောက်လာလေ၏။ ထိုဧည့်သည်မှာ ယခုအခါ ပိုက်ဆံတော်တော် ချမ်းသာသော မုဆိုးဖိုကြီး တစ်ယောက် ဖြစ်နေရုံမက ရှေးယခင်ကလည်း မပေါ်ကြီးနှင့် အလွန်ရင်နှီး ချစ်ခင်ဘူးသည့် မြောက်ပန်းလှန်ဘက် လက်သတ်မွေးထားဖူးသော ခယားပွင့်တံဆိပ် စပယ်ရာလက်ဟောင်းကြီး တစ်ဦးဖြစ်လေရာ မစ္စတာဟဲရစ် လူပါးဝနေသည်ကို မခံချင်နေသော မပေါ်ကြီးတွင် မှာထားအလား သင့်ကြုံရသည် ဆိုသလို နာရီတိုတိုနှင့် ဧည့်သည်နှင့် အိမ်ရှင် နှစ်ယောက်သား ပြန်ပေါင်းထုပ်စား လိုက်ကြပြန်လေတော့သည်။

မပေါ်ကြီး၏စိတ်မှာ ဟဲရစ်တည်းဟူသော တွဲပောင်းကြီးကိုဖြုတ်၍ တွဲဖြူအသစ်တတွဲနှင့် ခုတ်တော့မည် စိတ်ပိုင်းဖြတ်လိုက်သည်။ သူ့တွဲသစ်ကြီးကလည်း ဆေးကောင်းတန်ခိုးလား မသိ၊ အတော်မိမိရရ ကပ်လျက်ရှိလေရာ၊ မပေါ်ကြီးစိတ်မှာ ဟဲရစ်အပေါ်တွင်လည်း နင်သာ အလေလိုက်နိုင်တာ မဟုတ်ဘူး၊ ငါလဲ နင့်လိုဘဲ ဟု အားကျမခံ လိုက်လုပ်ပြလိုက်ချင်သည်။ နင့်ထက်သာတဲ့ သူဌေးတစ်ယောက်နဲ့ နင့်ရှေ့မှာ တွဲလျှောက်ပြမယ်။ အို... ကြာတယ်၊ ဟဲရစ်လုပ်နေတာတွေ ငါသိတယ်ဆိုတဲ့ သဘောမျိုးလဲ ရောက်အောင်၊ ငါနဲ့ နောက်ယူမဲ့ လူကိုလဲ ဒင်းတို့ရှေ့မှာ တွဲပြနိုင်အောင် ကလောပော်တယ်ကို တစ်ခါထဲ လိုက်သွားမယ်ဟု စိတ်ပိုင်းဖြတ်ပြီး၊ ဧည့်သည်မုဆိုးဖိုကြီး ဂွန်ဆင်အား လေးငါးရက်အိမ်ထဲတွင် ဝတ္တရားကျေပွန်စွာ ဧည့်ခံပြီးနောက်၊ ချစ်တင်ကိုလည်း အနည်းနည်းနှင့် လှည့်စားယုံသွင်းထားခဲ့ကာ ကလောသို့ စုံတွဲလိုက်ကြရန် ပြန်ဆင်လေတော့သည်။

ထိုသို့ ကလောသို့ မလိုက်မီလည်း၊ ဟဲရစ်ကြီးကို ဂျောက်ကျသည်ထက် ကျစေခြင်းငှာတစ်ကြောင်း၊ မိမိ ဘယ်အခါကမျှ မျက်နှာကြောမတဲ့ခဲ့ဘဲ၊ ဟဲရစ်ကို အမြဲသွေးဆောင် ဖျက်ဆီးနေသူဟု အယူရှိခဲ့သော ထွန်းတင်ကိုလည်း အပိုဂျောက်တွန်းလိုသောကြောင့် ထွန်းတင်၏ မိခင်ကြီးထံသို့ သွားကာ ထွန်းတင် သောက်စား ရမ်းကား အလေလိုက်နေပုံ၊ တလောကလည်း မိန်းမတယောက်နှင့် အပျော်သွားရာတွင် ကားမှောက်ခံခဲ့ရပုံ၊ အခုလည်း မိန်မတစ်ယောက်ကို ခေါ်ကာ ကလောဟော်တယ်တွင် အရမ်းမဲ့ ပျော်ပါးသောက်စားနေကြောင်း၊ သားလူပျိုကို ဤလိုကြာကြာပစ်ထားပါက ရှေ့လျောက် ထိန်းမရအောင် ပျက်စီးသွားမည်ဖြစ်ကြောင်း၊ သို့အတွက် သင့်လျော်သော မိန်းမတစ်ယောက်နှင့် နေရာချထားလိုက်ပါက ငြိမ်သွားမည်ဖြစ်၍ သူ့ကို အလျင်အမြန် ပြန်လာခဲ့ရန် အရေးတကြီးစာရေးခေါ်လျှင် ကောင်းကြောင်း စသည်များကို သွားရောက်ဂုံးချောလေရာ၊ ထွန်းတင်၏ရိုးသားသော မိခင်ကြီးမှာ သားအတွက် အပြင်းအထန် စိတ်ပူလာရာပြီး ရှေးအထက်အခါကတည်းက လူကြီးချင်း စကားစပ်ထားဖူးသော လက်ဖက်ခြောက် ပွဲစားကြီး ဦးပေါ်ယုံ၏သမီးကလေး မနန်းအေးနှင့် အလျင်အမြန် ပေးစားလိုက်တော့မည်ဟု စီစဉ်ကာ သားဖြစ်သူ ထွန်းတင်ထံသို့ အရေးကြီးသော ကိစ္စရှိ၍ ပြန်လာရန် စာတစ်စောင် အမြန် ရေးထည့်လိုက်လေ၏။

ဂျောက်တွန်းတန်သည်ကို တွန်း၍ ချော့တန်သူကိုလည်း ချော့မော့ လှည့်ပတ်ထားခဲ့ပြီး ဟဲရစ်ကြီးကိုလည်း ကလဲ့စားချေရစေခြင်းငှာ မစ္စတာဂျွန်ဆင်နှင့် တွဲပြီး ကလောမြို့ရှိ ဟဲရစ်နှင့် ထွန်းတင်တို့ရှိသော ဟော်တယ်ပေါ်သို့ တူပျော်ပျော် ရောက်လာလေသည်။ ရောက်ရောက်ခြင်းပင် ဟော်တယ်အခန်းလိုကြောင်း ပြောသော် မန်နေဂျာက အခန်းအား မရှိကြောင်း၊ သို့ရာတွင် မစ္စက်ဟဲရစ်အမည်နှင့် မစ္စတာဟဲရစ် ငှားထားသော အခန်းတစ်ခု လူမရှိကြောင်း၊ မူလငှားထားသူ မစ္စတာဟဲရစ်ကို အခွင့်တောင်း၍နေလိုမူ ရနိုင်မည်ထင်ကြောင်း ပြောလျှင် မပေါကြီးမှာ ရုတ်တရက် အားရဝမ်းသာနှင့်...

"အို... ဒီလိုလား မစ္စက်ဟဲရစ်ဆိုသူက သူများမဟုတ်ပါဘူး၊ ကျမပါဘဲ၊ ဘယ်မလဲ၊ ဘယ်မလဲ၊ ဒီအခန်း၊ ကျမပစ္စည်းတွေကို ကုလားတွေကို အခန်းထဲသယ်လာပါစေ"

ဟုပြောသည်တွင် မန်နေဂျာလည်း ယခင်က မစ္စတာဟဲရစ်ကြီးပြောဘူးသော စကားအတိုင်းပင် မစ္စတာဟဲရစ်၏ ဇနီးလိုက်လာသည်ဟု သိသွားကာ ပစ္စည်းများ သယ်စေလျက်၊ အခန်းသော့ကိုလည်း မပေါကြီး လက်သို့ အပ်လိုက်လေတော့သည်။

မပေါကြီးသည် မိမိနာမည်နှင့် ဟဲရစ်အခန်းငှားထားသည်ကို စဉ်းစားမရအောင် ရှိလေ၏။ မိမိနှင့် မစ္စတာဂျွန်ဆင် လာမည်ကိုများ ဟဲရစ်သိထားနှင့်၍ ယခုလို အခန်းငှားထားခြင်း ဖြစ်လေသလား၊ သို့တည်းမဟုတ် မိမိလိုက်လာလိုက လာနိုင်စေရန် အကယ်ပင် စေတနာရှိနှင့် ငှားထားလေသလား၊ ဤသို့ တွေးမိသော်လည်း ဟဲရစ်ကြီးသည် ထွန်းတင်နှင့် တိုင်ပင်ကာ မကျန်းမာဘူးဟု အကြောင်းပြပြီး အလေလိုက်ရန် လာသူဖြစ်၍ ဘယ်နည်းနှင့်မှ၊ စေတနာရှိနှင့် ငှားထားမည်မဟုတ်၊ အကြောင်းတစ်ခု ရှိရမည်ဟု ပိုင်ပိုင်ကြီး တွေးတောဆုံးဖြတ်လိုက်မိသည်။

လိုရင်းအချုပ်မှာလည်း ဟဲရစ်ကြီးအား ဖုတ်လေသည့် ငါးပိရှိလေတယ် မမှတ်ခဲ့ဘူးသော ဝါဒအတိုင်း၊ ဟဲရစ် အကြောင်းတစ်ခုနှင့် မိမိအမည်တပ်ခါ ငှားထားသော အခန်းကို မိမိဝင်၍ အခန့်စား နေပြလိုက်ရခြင်းမှာလည်း တစ်နည်းတစ်လမ်းအားဖြင့် ဟဲရစ်အပေါ်တွင် အောင်မြင်ပြီးခြင်း တစ်ရပ်ဟု စွဲမှတ်လိုက်ကာ ဟော်တယ် မန်နေဂျာနှင့် အစေခံများကို အခြေမပျက်၊ ပြုံးကာရယ်ကာ

စကားပြောစရာရှိသလောက် ပြောဆို၍ လိုတာရှိသမျှမှာ ကြားနေရစေကာမူ၊ စိတ်တွင်းကား မိမိအောင်မြေ နင်းထားရပြီးဖြစ်သည်ကို ဟဲရစ်ကြီးအား ပြချင်လှလေပြီ ဖြစ်တော့၏။

ဟဲရစ်နှင့် ထွန်းတင်တို့မှာ အိပ်ရာထဲတွင် သက္ကလပ်စောင်ကြီးတွေနှင့် ကွေး၍ကောင်းကြတုန်းပင် ရှိလေသည်။ ထိုအခိုက် အစိမ်းမကလေး စောမြအေး လေသံနှင့် ဒေါ်ပေါ်ကြီးနှင့် လူကြီးတစ်ယောက် ရောက်လာကြောင်း မစ္စတာဟဲရစ် ငှားထားသော အခန်းကိုပင် အဆင်သင့် ဝင်နေလိုက်ပြီဖြစ်ကြောင်းများ ပြောလာသောကြောင့် နှစ်ယောက်သား မပေါ်ကြီးလိုက်လာပုံ ထူးခြားခြင်းကို မစဉ်းစားနိုင်အောင် ဖြစ်နေကြလေ၏။ ဟဲရစ်မှာ မိမိဝတ္တရားရှိသလောက် ထွက်၍ ကြိုဆိုရမည်ဖြစ်သောကြောင့် ကြာကြာကြီး စဉ်းစားမနေအားဘဲ၊ အဝတ်အစားများလဲကာ မပေါ်ကြီးရှိရာသို့ ရောက်လာလေသည်။

"ဟာလို... မပေါ်ကြီး ခင်ဗျား စာမရေးဘဲနဲ့ လိုက်လာသလား၊ အို... မစ္စတာဂျွန်ဆင်လဲ ပါသကိုး" ဟု ချိုပြုံးစွာ နှုတ်ခွန်းဆက်သော်လည်း မစ္စတာဂျွန်ဆင်ကသာ လက်ဆွဲ နှုတ်ဆက်လျက်၊ မပေါ်ကြီးကမူ "ရှုသိုးသိုးကြီး" နှင့် နှုတ်ခမ်းစူလျက်ရှိလေ။ မစ္စတာဂျွန်ဆင်မှာ မျက်နှာပူသလားမသိ၊ စကားရော ဖွဲ့ရောလုပ်ကာ တစ်နေရာသို့ ရှောင်ထွက်သွား၍ လင်မယားနှစ်ယောက်တည်း ကျန်ရစ်သည်တွင်...

"ဘယ့်နယ်လဲ မပေါ်ကြီး ခင်ဗျား ကျွန်ုပ်ကို စိတ်ဆိုးသေးသလား"

"အေး ဆိုးတယ်ဟဲ့ ဆိုးတယ်၊ နင်ဒီမှာလာပြီး အကောင်မတစ်ကောင်နဲ့ အလေလိုက်နေတာ ငါမသိဘူး မှတ်သလား၊ နင့်အဖေထွန်းတင်နဲ့ ဒီမှာသိပ်ပျော်နေကြတယ်ပေါ့လေ၊ နင့်အကြောင်း ငါသိလို့လိုက် ကလဲ့စားချေမလို့ လိုက်လာတာ နားလည်လား၊ နင်က ဒီပြင်ကောင်မတွေနဲ့ ပျော်လို့ ငါလဲဒီပြင်လူနဲ့ နင့်ရှေ့ တွဲခုတ်လာခဲ့တယ်၊ နင့်ကိုကွာပြီး၊ ငါ ဂျွန်ဆင်နဲ့ ယူတော့မယ်၊ နင်လဲ နင်ပျော်ရာနဲ့နေချေ၊ ခွေးကောင်ကြီး သေခါနီးမှ နန့်ကြောဆွဲလိုက်ရတာ လွန်နေတာဘဲ"

"အိုး... မိုင်ဂေါ့၊ မပေါ်ကြီး ကျုပ်ကို အထင်မှားနေတယ်၊ ကျုပ်ဆရာဝန်က လွှတ်လို့ ဒီကိုလာတယ်၊ မစ္စတာထွန်းတင်နဲ့ ကျုပ်နဲ့နှစ်ယောက်ထဲပါ၊ ဘယ်မိန်းမမှ မပါပါဘူး၊ ခင်ဗျားမယုံရင် ဟော်တယ်က လူတွေကို မေးကြည့်ပါ"

"မလိမ်ပါနဲ့ ဟဲရစ်ရာ နင့်အကြောင်းတွေ ငါသိပါတယ်၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်ပြီးပါပြီ၊ ငါတောသွားနေတုန်းက အိမ်မှာ ကောင်မတစ်ကောင်ကို ခေါ်ထားပြီး၊ အားမနာပါနဲ့ နေချင်သလောက် နေပါလို့ ခွင့်ပြုထားတယ်၊ ဒီကောင်မရယ် ထွန်းတင်ရယ် နင့်အိမ်မှာ ညတိုင်း ညတိုင်း အရက်ဝိုင်းနဲ့ ထမင်းစားပွဲနဲ့ လောကွတ်ချော် ညှော်ခံနေတာတွေ ငါသိတယ်၊ ငါမြင်တယ် အဲဒီလို ငါမကြိုက်တာတွေ လုပ်နေတဲ့အတွက်၊ နင့်ကို အခုချက်ချင်း ကွာပစ်မယ်၊ ဒါကြောင့် နင့်ဆီကို လိုက်လာတာတဲ့"

"မပေါ်ကြီး ကျုပ်ကို အထင်မမှားပါနဲ့၊ ကျုပ်ဆရာဝန် လွှတ်လို့လာရတာပါ"

"အို... မရဘူး၊ မရဘူး၊ ကွာရမှ အေးမယ်၊ နင့်ကိုမကွာရရင် မနေနိုင်ဘူး၊ သွားပါ- သွားပါ- နင်လုပ်ချင်တာတွေ လုပ်ခဲ့ပြီးမှ ဘိန်းစားချွဲ လာမချွဲပါနဲ့ နင့်မျက်နှာလဲ ငါမကြည့်ချင်ပါဘူး"

ဟုဆိုကာ ဒေါ်နှင့်မာန်နှင့် ဟဲရစ်၏ ရင်ဘတ်ကို တွန်းလွှတ်ခါ အခန်းတံခါးကို ဂျောင်းကနဲ ပိတ်ထားလိုက်သည်တွင်၊ ဟဲရစ်နှင့် မိမိနေသော အခန်းထဲသို့ နောက်ပြန် ဖင်ထိုင်ရက်ကြီး ရောက်လာလေ၏။ မပေါ်ကြီး ဆူပူကြိမ်းမောင်းသမျှနှင့် ဟဲရစ်ပြန်ပြောနေသော စကားများ အစအဆုံးကြားရသော ထွန်းတင်မှာ ပါးစပ်ကိုပိတ်ခါ ရယ်မောနေ၍မျှ မပြီးသေးမီ၊ ဟဲရစ် တပ်လန်လာသည်ကို တွေ့မြင်ရသောကြောင့်၊ အသာ ဣန္ဒြေဆောင်နေလိုက်ရလေ၏။ ဟဲရစ်သည် မျက်နှာသေကလေးနှင့် ဖုတ်ဖက်ခါ၍ လဲရာမှထလာကာ-

"မစ္စတာထွန်းတင် မပေါကြီး ကျုပ်ကို သိပ်စိတ်ဆိုပြီး ကွာတော့မယ် ဖွတ်လုပ်နေပြီ၊ ကျုပ်တော့ ဒုက္ခဘဲဗျာ" ဟု မျက်နှာငယ်ကလေးနှင့် ညီးညီးညူညူ ပြောလိုက်သောအခါ၊ ထွန်းတင်မှာ ဟဲရစ်အား ယောကျ်ားတန်မဲ့ အသဲငယ်ရမည်လားဟု မခံနိုင်ဖြစ်လာပြီး...

"အို- ခင်ဗျားမိန်းမကြီးက ဘို့င်လာကြီးဘဲဗျာ၊ သူကွာကော ဘာအရေးလဲ၊ ခင်ဗျားတောင် နာအေးသေးတယ် မဟုတ်လား၊ မက်စရာဆိုလို့လဲ တစ်ရွေးသားမှ မရှိဘဲနဲ့၊ ကွာစမ်းပါစေဗျာ၊ ကွာပါစေ" ဟု ဒေါနှင့်မောနှင့် ပြောမိရာ၊ ဟဲရစ်မှာ ပူပုံပန်း မျက်နှာကလေးနှင့်-

"မဟုတ်ဘူးလေ- ကျုပ်ပြောအုံးမယ် မစ္စတာထွန်းတင်၊ မပေါကြီးနဲ့ ကွာရမှာကို ပူလွန်းလို့ မဟုတ်ဘူးဗျ၊ သူ့ကို ကျုပ်ကွာလိုက်ရင်၊ ကျုပ်လည်ပင်းမှာ တစ်ခါထဲ ကြိုးတပ်မိသလို ဖြစ်သွားမယ်၊ အို- ကျုပ်ကို မိုက်ပါတယ်လေ၊ ဟာ- သူ့ကို ကျုပ်ကွာလို့ မဖြစ်ပါဘူးဗျာ- မဖြစ်ပါဘူး" ဟု ခေါင်းကိုစုံကုတ်ခါ ညီးညီးတွားတွား ပြောရှာပြန်လျှင်၊ ထွန်းတင်မှာ ရီချင်လာသောကြောင့်-

"သြော်- တယ်လဲစွဲနေသကိုး ဘုရားတကာရစ်ကဲ့၊ ကဲ- ကွာလို့မဖြစ်တဲ့ အကြောင်းကလေးလဲ ပြောအုံးမှပဗျာ"

"ကျုပ် မိုက်ခဲ့တာဘဲ မစ္စတာထွန်းတင်ရယ်၊ ကျုပ် သိပ်မိုက်ခဲ့တယ်၊ ဒီမိန်းမကို ယူခါစက ဘာကြောင့်လဲ မသိဘူး၊ သူ့ကို မိုးမမြင် လေမမြင် သိပ်ချစ်ခဲ့မိတယ်၊ အစက သူ့ကို လက်ထပ်ဘို့ စိတ်မကူးဘဲနဲ့၊ နောက်တော့ သိပ်ချစ်တာနဲ့ လက်ထပ်လိုက်တယ်။ အိုး- ကျုပ်ရဲ့ အသက်ကိုပါ သူ့လက်ထဲ အပ်ထားချင်သလို စေတနာ ထက်သန်လာတာဘဲ၊ ဒါနဲ့ တိုတိုပြောရရင် ကျုပ်ပိုင်တဲ့ ပစ္စည်းမှန်သမျှ တိုက်တွေ၊ အိမ်တွေ၊ မြေယာတွေကစပြီး အပ်တိုကလေးတစ်ချောင်းအထိ မပေါကြီးနာမည်နဲ့ချည်း ထားခဲ့မိတယ်၊ ကျုပ် အသက်ပေါင်ထားတာလဲ သူ့နာမည်နဲ့၊ ကျုပ်ရှိသမျှ ဘဏ်မှာထားတဲ့ ငွေတွေဟာလဲ သူ့နာမည်နဲ့၊ နို့ပြီးတော့ ဒီပစ္စည်းတွေဟာ သူနဲ့ကျုပ်နဲ့ ဘယ်သူက ဆိုးလို့ ကွဲရကွဲရ ကွဲတာနဲ့ တပြိုင်ထဲ ကျုပ်တစ်ပြားမှ မဆိုင်တော့ဘူးလို့၊ အချစ်ရူး ရူးနေတုန်းက စာချုပ်ပြီး ပေးမိတယ်။ အို- ဒါတွေကြောင့်ပေါ့ဗျာ၊ မစ္စတာထွန်းတင် ကျုပ်ဒါလောက် အသဲမငယ်လှပါဘူး၊ ပစ္စည်းအရကြောင့် ဒါလောက် ဆွေးရတာပါ" ဟု ပြောကာမှ ထွန်းတင်မှာ-

"ဟာ- ဒါဖြင့် ခင်ဗျားဟာ ဇော့ကြီးဘဲ၊ ဒီမိန်းမကြီးကို ကျားမြီးဆွဲသလို မသေမချင်း ဆွဲထားရုံ ရှိတော့တာပေါ့၊ ခက်သဗျာ- ခက်ထာမှ လွန်နေရော"

ဟု အပြစ်တင်သံနှင့် ငြီးနေမိလေတော့သည်။ မစ္စတာဟဲရစ်မှာလည်း၊ မပေါကြီးကွာမည်ဆိုသော စကားကို နားမှ လေသံ မခံနိုင်အောင်ရှိလျက်၊ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် မှိုင်၍သာ နေရှာတော့သည်။ မပေါကြီးမှာမူကား မစ္စတာဂျွန်ဆင်နှင့် တပူးတွဲတွဲ အမြဲအကြည်ဆိုက်၍၊ တမင် အရွဲ့တိုက်ပြ နေလေတော့သည်။ ဂျွန်ဆင်မှာလည်း ဆေးမိသူအလား မပေါကြီးအား တမ်းတမ်းစွဲ မခွဲနိုင် မခွာရက် ဖြစ်ခါနေလေတော့၏။

"ခက်တယ်ဗျာ၊ ဟို- အကောင်ကလဲ ကျုပ်ရှိရက်သားနဲ့တောင် ဒါလောက်ကဲနေမှ မယားခိုးမှုနဲ့ ဖမ်းစွဲလိုက်ရင်၊ ဟာ ဒီနည်းလဲ ဟန်မကျပါဘူး၊ မပေါကြီး အပြစ်ရှိလို့ ကွဲရင်လဲ၊ ကျုပ်သာ ပစ္စည်းလက်မဲ့ဖြစ် ကျန်ရစ်မှာဘဲ" ဟု ဟဲရစ်က မှိုင်ပုံချကာပြောလျက် ထွန်းတင်မှာလည်း ဟဲရစ်အတွက်နှင့် စိတ်ပျက်ကာ အရက်ကိုမျှ မသောက်နိုင်၊ တစ်နေ့လုံးမှိုင်၍ နေမိလေ၏။

စောမြအေးမှာ သူ့လူများ မှိုင်ပုံထုတ်၍ ကုတ်နေကြသည်ကို တွေ့မြင်ရသည်တစ်ကြောင်း၊ ၎င်းတို့စကားအရ မပေါကြီးနှင့်ဟဲရစ် တစ်နည်းနည်းနဲ့ ကွဲကြလျှင် ဟဲရစ်မှာ ပစ္စည်းဆုံး၍ အသက်ထက်ဆုံး နစ်နာသွားတော့မည်။ မပေါကြီးလည်း ဂျွန်ဆင်အားကိုးရှိသောကြောင့် ဟဲရစ်အပေါ် ဤမျှလောက်

အပေါက်ဆိုးနေခြင်း ဖြစ်သည်တို့ကို သိသွားလေတော့သည်။ ထို့ကြောင့် နောက်တစ်နေ့ကစ၍ မပေါကြီးနှင့် ဂွန်ဆင်တို့မှာ ဂျောက်ကျမှန်းမသိ ကျလာလေ၏။

မပေါကြီးမျက်စိထဲ၌ ဂွန်ဆင်အနားတွင် အခြားမိန်းမတစ်ဦး ပူးတွဲပူးတွဲနှင့် အမြဲလိုက်နေသည်ဟု ထင်မြင်နေရသည်။ ဂွန်ဆင်မှာလည်း မပေါကြီးကို ရှေးကလို အရေးမလုပ်ဘဲ မျက်နှာထားကြီး တခွဲသားနှင့် အမြဲတန်း သုန်မှုန်နေပြီး၊ ၎င်းအနီးက တွဲလိုက်နေသော မိန်းမကိုမူကား ပြုံးချိုကြည်သာသော မျက်နှာထားနှင့် များစွာအရေးပေး ယုယလျက်ရှိသည်ကို တွေ့ရလျှင်၊ မပေါကြီးမှာ မကျေမနပ်နှင့် မခံမရပ်နိုင် ဖြစ်နေလေသည်။ ဒီလူလဲ မညှံ့ပါဘဲကလား၊ ငါ့ကို အင်မတန်ကြီး အရေးပေး ထားရာက ကောင်မလဲ ရောက်လာရော၊ ငါ့ကိုစွာတာတာ လုပ်တာပဲ၊ ဒီကောင်မဟာလဲဘဲ သူ့မယားလား ရည်းစားလား မသိရဘူး၊ ငါချောင်းဖမ်းဦးမှဘဲဟု စိတ်ကူးကာ တစ်နေရာတွင် ဂွန်ဆင်နှင့် အဆိုပါမိန်းမ ပူးတွဲထိုင်နေကြရာသို့ တိတ်တဆိတ် ခြေဖျားထောက်သွားကာ ပြောကြသော စကားများကို နားစိုက်ထောင်မိလျှက်-

"မစ္စတာဂွန်ဆင် ရှင်ဟာကျမကို လက်ထပ်ထားပြီး ဘာပြုလို့ ခုလိုတစ်ယောက်တည်း ထွက်သွားရတာလဲ၊ အိမ်က ကလေးတွေကလဲ ပါပါဘယ်သွားလဲ ဘယ်သွားလဲနဲ့ မေးကြလှပြီ၊ ကျမလဲ ရှင်စိတ်ရှုးပေါက်ပြီး ထွက်သွားတယ်ဆိုတာ ရိပ်မိတာနဲ့၊ ရှင်သွားတတ်တဲ့ နေရာတွေကို စုံးစမ်းပြီးလိုက်ရှာတာဘဲ၊ အခုတခါတည်း ကျမနဲ့ ပြန်လိုက်ခဲ့ပါ၊ ဟုတ်လား။ ဂွန်ဆင်နော် ပြန်လိုက်ခဲ့နော်"
ဟု မိန်းမဖြစ်သူက ပြောနေပြီး ဂွန်ဆင်ကြီးကလည်း မိန်းမပျိုကို ယုယဖက်ပွေ့ကာ...

"လိုက်မှာပေါ့ ဒါလင်ရယ်၊ ဒါလင်လို လှလှပပ ငယ်ငယ်ရွယ်ရွယ် မယားကလေးကို ကျုပ်အလကား ပစ်ထားရက်ပါ့မလား၊ ဒါပေမဲ့ မပေါကြီးမှာ သူ့လင်နဲ့ကွာရင် ပစ္စည်းတွေ အများကြီးပါလာမယ်ကွဲ့၊ သူ့ဆီက ပစ္စည်းတွေကို သိုက်တူးချင်လို့ သူ့ကိုနှူးနေရတာပဲ၊ မင်းလိမ္မာရင် သူ့ဆီကရလာသမျှ ပစ္စည်းတွေဟာ မင်းတို့ သားအမိတတွေ စံစားဖို့ဘဲမဟုတ်ဘားကွဲ့"
ဟု ပြောလျှင် မိန်းမပျိုက...

"အို ဟင့်အင်း... ဟင့်အင်း... ပစ္စည်းတွေကိုလဲ မလိုချင်ပါဘူး၊ ကိုယ့်လင် သူများနဲ့ ချစ်နေတာကိုလဲ မကြည့်နိုင်ပါဘူး၊ လာပါ ပြန်သာလိုက်ခဲ့ပါ"
ဟုပြောကာ မစ္စတာဂွန်ဆင်ကို မရမကခေါ်နေလျှင်၊ ဂွန်ဆင်မှာ...

"အေးပါကွယ်၊ ဒါဖြင့်လဲ ပြန်လိုက်ပါ့မယ်"
ဟု နောက်ဆုံး အာမခံလိုက်သည်ကို ကြားရလျှင် ခက်ထန်လှသော မပေါကြီးမှာ ဝမ်းနည်း ရှက်ကြောက်လှသည်နှင့် မိမိအခန်းကို လုံခြုံစွာပိတ်ပြီး ကြိတ်ခါ ငိုနေမိလေသည်။

"ငါမှားပြီ၊ ငါမှားပြီး ငါ့လင် ဟဲရစ်ကြီးကို ပစ်ပြီး အသစ်ရှာမယ် ကြံလိုက်တာ ကံကောင်းလို့ ကျားငစဉ်းလဲနဲ့ မတွေ့ရတယ်"
ဟု နောင်တ တရားရကာ မစ္စတာဟဲရစ်အား ချက်ချင်း ပြန်၍ ချော့မော့ပြီး၊ မိမိအခန်းထဲသို့ သွင်းလိုက်လေတော့၏။

ဂွန်ဆင်မှာမူကား ထိုညအဘို့ အရက်တွေများစွာသောက်ပြီး တစ်ယောက်ထဲ အမူးကြီး မူးနေသည်ဖြစ်ရာ ဟော်တယ်အရက်ခန်းက လူများနှင့် ကတောက်ကဆ စကားများပြီး၊ ထိုးလား ကြိတ်လား လုပ်သည်ဟု စွဲစွဲကာ ဟော်တယ်မန်နေဂျာက ဆိုင်ပြင်သို့ ဆွဲထုတ်ပစ်ခြင်းခံရလေလျှင်၊ ဂွန်ဆင်သည် ဆိုင်ပြင်မှနေ၍ ကြိမ်းမောင်း ရေရွတ်နေမိသည်။ ထိုအခိုက် ဂွန်ဆင်ရပ်နေသော အနီးအနားမှာ လမ်းခင်းရန်

ချထားသော ကျောက်ခဲပုံကြီးမှ ကျောက်ခဲလုံးများသည် လူမမြင်ရဘဲ တစ်စုံတစ်ယောက်သောသူက၊ လေထဲမှနေ၍ ပော်တယ်မှန်ပြတင်းများသို့ အဆက်မပြတ် တဖြုံးဖြုံးပေါက်နေလျှင်၊ မှန်ပြတင်းများလည်း၊ ဂျွမ်းကနဲ ဂျွမ်းကနဲ ပျက်စီးကြေကွဲကုန်သည်ကို တွေ့ရသောကြောင့်၊ ဆူပူရေရွတ်နေသော ဂျွန်ဆင်ကြီးမှာ ထူးဆန်းသော အဖြစ်အပျက်များကို၊ ရုတ်တရက် အံ့အားသင့် ကြည့်နေမိရာမှ မိမိအား ပော်တယ်မနေဂျာ တိုင်တမ်းချက်အရ၊ ကျောက်ခဲပုံနားတွင် တစ်ယောက်ထဲ ဆူပူနေခြင်းအားဖြင့် အရက်မူး၍ ခဲပေါက်မှုအပြစ်နှင့် ပုလိပ်များဖမ်းယူသွားပြီး ဂါတ်အချုပ်ခန်းထဲတွင် ချထားခြင်းခံရမှ သတိရလာလေတော့၏။

နောင်တရသော မပေါကြီးမှာ ဟဲရစ်၊ ထွန်းတင်တို့နှင့်အတူ နောက်တစ်နေ့တွင် နေရပ်သို့ ပြန်မည်စီစဉ်နေလေသည်။ ဟဲရစ်မှာ မပေါကြီး ရုတ်တရက် စိတ်နုံးညံ့လာသည်ကို မတွေးတတ်အောင် ရှိနေရာမှ ထွန်းတင်က စောမြအေး လက်ချက်တွေ ဖြစ်ကြောင်း စောမြအေး ပြောပြ၍ သိရကြောင်း၊ တီးတိုး တစ်ဆင့်ပြန်ပြောသောအခါမှ...

"ကစ်ဒီဟာ အခုလို အရေးထဲ ကျတော့လဲ အတော်ရှာ သားဘဲ"

ဟု ချီးမွမ်းကာ ပြုံးချိုကြီး ဖြစ်လာလေ၏။ သွားခါနီး ခရီးထွက်ဆဲဆဲမှာပင် ထွန်းတင်၏မိခင်ထံမှ ပြန်လာရန်ခေါ်သော စာတစ်စောင် ရောက်လာလေ၏။ မပေါကြီးမှာ မိမိလက်ချက်မှန်း သိသော်လည်း မြုံနေလေ၏။ သို့နှင့် မိမိတို့မြို့သို့ ပြန်ရောက်လျှင် ရောက်ခြင်း၊ ထွန်းတင်မှာ မိခင်ကြီး အသင့်ပြင်ဆင်ထားသော မင်္ဂလာပွဲနှင့် ဘွားကနဲ ရင်ဆိုင်တိုးရလေတော့၏။

"အို- မေမေကလဲ ဘာမပြော၊ ညာမပြောနဲ့၊ ဘွားကနဲ လုပ်တာကိုး"

ဟုပြောမိသော်လည်း မိခင်ကြီးက...

"ငါ့သား ကြာရင် ပျက်စီးမှာစိုးလို့ ပြုံးခနဲ မိန်းမပေးစားရတာဘဲ၊ ကဲ- ကဲ- စကားများမနေနဲ့၊ အဝတ်အစားသာ လဲပေတော့၊ ရောက်ရောက်ခြင်း မင်္ဂလာပွဲ စမယ်လို့ အချိန်စောင့်နေတယ်၊ ပရိသတ်တွေလဲ စုံလှပြီ" ဟုဆိုကာ ပြောပြောဆိုဆိုပင်၊ ထက်ကြပ်မကွာ အဝတ်လဲခိုင်းပြီး သတို့သမီး မနန်းအေးနှင့်အတူ ပွဲထုတ်လျက်၊ မိဘနှစ်ဖက်စုံညီ လက်ထပ် ပေးစားလိုက်ကြလေ၏။ ညနေစောင်းလောက်တွင် လက်ထပ်ကိစ္စပြီး၍ ည(၈)နာရီလောက်တွင် ထွန်းတင်သည် သတို့သမီးအား မိမိကားနှင့် တင်ကာ၊ အိမ်သို့ခေါ်ဆောင်ခဲ့ရာ၌၊ လမ်းသို့ရောက်လျှင် ကျောက်လမ်းဘေးမှ မဲမဲကောင်ကြီး တစ်ကောင်ပြေးထွက်လာပြီး ရုတ်တရက် ကားရှေ့တွင် ပစ်လှဲလိုက်သောကြောင့်၊ အရှိန်နှင့် မောင်းလာသော ကားမှာ ချာကနဲ တစ်ပတ်ဂျွမ်း လိမ့်ကာ မှောက်သွားပြီးနောက် ဆေးရုံရောက်မှ သတိရလေတော့သည်။ သတို့သမီး မနန်းအေးမှာ ကားမှောက်ရာတွင် ပွဲချင်းပြီး သေဆုံးရှာလေ၏။ ဟဲရစ်နှင့် ထွန်းတင်တို့မှာ စောမြအေး လက်ချက်ဟု အတတ်သိကြလေသည်။

သို့ရာတွင် ထွန်းတင်မှာ စောမြအေးအပေါ်၌ စိတ်မကွက်နိုင်ရှာဘဲ မိခင်ကြီးစကားကြောင့် ဘွားကနဲ လက်ထပ်ပြီး၊ နာရီပိုင်းမျှသာ မိမိဇနီး အမည်ခံသွားရရှာသူကလေး မနန်းအေးအားလည်း အချစ်စိတ်များမှ မမွေးမြူရသေးမီ အသက်ဆုံးရှုံးသွားရှာသဖြင့်၊ သနားခွင့်ရှိသလောက် သနားနေမိရှာလေတော့သည်။ စောမြအေးမှာ စိတ်ဆိုးသုန်မှုန်သော အသံကလေးနှင့် ထွန်းတင် နားနားသို့ကပ်ခါ...

"ကိုကိုတင်ဟာ ဘာကောင်းသလဲ၊ လူကို ကြောင်တောင်ထားပြီး မယားယူရက်တယ်၊ အေးကတော့ ချစ်လွန်းလို့ ကိုကိုတင့် အနားက တစ်ဖဝါးမှ မခွာရက်ဘူး"

ဟု ပြောတတ်လေရာ၊ ထွန်းတင်မှာလည်း သူ့ခမျာဟုတ်ရှာမှာဘဲဟု စဉ်းစားမိကာ...

"ကိုကိုတင့်သဘောနဲ့ ယူတာမဟုတ်ပါဘူး အေးရယ်၊ ရောက်ရောက်ခြင်း မေမေတို့က မလိမ့်တပတ်နဲ့ ဆွဲပြီး လက်ထပ်လိုက်လို့ ကိုကိုတင်ငြင်းရင် သူ့ခမြာလဲ အရှက်ကွဲသွားမယ်၊ မေမေလဲ မျက်နှာပျက်တော့မယ်ဆိုပြီး၊ ဖွတ်မိုတ်လိုက်ရတာပါ၊ နောက်များတော့ ဝေးပါသေးတယ်၊ ကိုကိုတင် တစ်သက်မယ်လေ ဘယ်မိန်းမကိုမှ မယူတော့ဘူး၊ အေးနဲ့ ဒီလိုပဲနေသွားမယ် သိလား၊ အေးဘဝကျွတ်သွားတောင် ကိုကိုတင် ဖြစ်ရာဘဝကို လိုက်စောင့်မယ်နော်"

တကယ့်အချစ်နှင့် ပြောရာသည်တွင်မှ စောမြအေးမှာ ကျေနပ်သွားရာတော့သည်။ ဟဲရစ်ကြီးမှာကား ချစ်သူနှစ်ဦး၏ မကြင်ရမောင့်ကိုယ် ဇာတ်ကားကို အလကားတန်းက အမြဲကြည့်လျက် မိမိနှင့် မပေါကြီးတို့၏ အတွင်းရေး အခက်အခဲရှိတိုင်းလည်း စောမြအေး၏ အကူအညီနှင့် ချူရှိကျ၍ နေလေတော့သတည်း။

အထက်ပါ အဖြစ်အပျက်များမှာ ကာယကံရှင် အင်ဂျင်နီယာ မောင်ထွန်းတင်နှင့် အင်္ဂလိပ် ကုန်စုံ စတိုးတိုက်ဆိုင် မန်နေဂျာ မစ္စတာဟဲရစ်တို့ထံမှ တစ်ဆင့်ကြားသိရသော အချစ်စိတ်နှင့် လိပ်ပြာစင်သွားရရှာသူ စောမြအေး၏ အတ္ထုပ္ပတ္တိကလေးတစ်ရပ် ဖြစ်ပေကြောင်း။

# ဝါးရမ်းပြေး

၁၉၃၉ ဇန်နဝါရီလတွင် ရေးသည်

"ဘိုးဒန်သည် တရာခံ စစ်တမ်းဖြစ်သော ဝက်ခြံကလေးထဲ၌ လက်ထိပ်သံကြိုးကြီး တန်းလန်းနှင့် အစစ်ခံနေရလေ၏။ ဘိုးဒန်ဖြစ်သော အမှုမှာ ရိုက်မှုဖြစ်၍ အရိုက်ခံရသူမှာလည်း ဆေးရုံတွင် အတွင်းလူနာအဖြစ် အတော်ကြာအောင် ကုယူရရှာ၏။ ရိုက်ကြောင်း သိမြင်သော သက်သေထွက်ချက်များလည်း သက်သေအားလုံးပင် တညီတညွတ် အခိုင်အမာ ထွက်ဆို အစစ်ခံထားကြသောကြောင့် ဘိုးဒန်မှာ တရားသူကြီး အမိန့်ချအပ်သော ထောက်ဒဏ် အနည်းငယ် အများကို စောင့်စားနာခံရန်မှတပါး အခြားမရှိတော့ပြီ။

ငြင်းချက်ထုတ်ခဲ့သမျှလည်း အလကား မတ်တင်း ဖြစ်ကုန်တော့၏။ မိမိဖက်မှ ဆွေသားမျိုးသားတို့၏ ကောင်းမှုဖြင့် အယူခံကာ လိုက်ဆောင်ရွက်ပေးသော ရှေ့နေဦးလူကလေးကိုလည်း အရိပ်အစမျှ ရှာမတွေ့တော့ချေ။ ရှေ့နေမှာ အမှုငှားလာစကပင် နိုင်မည်မထင်သော်လည်း ဝင်လာသော လာဘ်ကို မပယ်ကောင်းသဖြင့် နိုင်ဖို့ ရှိပါသည်။ နိုင်အောင် လျှောက်လဲပေးပါမည်စသော ရှေ့နေ၏ လျှာတစ်ချောင်းဖြင့် ရောင်းစားလိုက်ခြင်းမျှ ဖြစ်လေရာ အမှုနိုင်တာ ရှုံးတာမှာ မိမိနှင့် မဆိုင်သကဲ့သို့ နောက်ဆုံးစီရင်ချက် ချရမည့်နေ့တွင် မြင်၍မျှ မမြင်ရအောင် ရှိတော့၏။

ဘိုးဒန်မှာ မိမိ၏ မဟန်သောအဖြစ်ကို ရိပ်မိသော်လည်း ထူး၍ စိတ်လက်မကောင်း မဖြစ်တော့ချေ။ သားမယား ဆွေမျိုးတွေ၏ စိုးရိမ်ပူဆွေးစိတ် မအေးမှုကြောင့် ငှားလာသော ရှေ့နေကို လက်ခံရခြင်းဖြစ်ရာ ဘိုးဒန်၏ စိတ်ရင်းမှာ ထောင်ကို ခြင်ထောင်ကဲ့သို့ အမှတ်ထားပြီး မကြာခဏလည်း ရိုက်မှုနက်မှု ထိုးမှု ခုတ်မှုတို့ဖြင့် ထောင်တွင်းသို့ ဝင်ချည်ထွက်ချည် ပြုနေကျ ဖြစ်သောကြောင့် ယခုအကြိမ် ထောင်ထဲဝင်ရန်အတွက်လည်း တစ်ချက်ကလေးမျှ မျက်နှာမည့်ိုးခဲ့ဘဲ ရှိခဲ့ရာ ထိုနေ့အဖို့မှုကား စီရင်ချက်ကို နားထောင်ရန် စောင့်စားရင်း မယားဖြစ်သူ မယ်အိကို တစ်ချက်စောင်းငဲ့ကြည့်ပြီး စိတ်ထဲတွင် အတော်ကြီး မကျေမနပ် ဖြစ်မိလေ၏။

ဘိုးဒန်မှာ မယ်အိနှင့် အကြောင်းပါပြီး ထောင်ကျခဲ့သည့် အကြိမ်ပေါင်း သုံးခါရှိလေ၏။ ပထမအကြိမ်မှာ ရိုက်မှုနှင့် ထောင်ဒဏ် တစ်လကျခဲ့ရ၏။ ဒုတိယအကြိမ် ရွာသားတစ်ယောက်ကို မေးရိုးကျိုးအောင် လက်သီးနှင့် ထိုးမှုဖြင့် ထောင်ဒဏ်တစ်လ ခံရပြီး တတိယအကြိမ်လည်း ထန်းရည်မူးပြီး ဓားခုတ်မှု တစ်ခုဖြစ်ပြန်၏။ သို့ရာတွင် မူးနေ၍ ဓားခုတ်ခံရသူမှာလည်း ဒဏ်ရာမှာ အပရိကမျှ ဖြစ်သောကြောင့် ထောင်ဒဏ်နှစ်လမျှ ကျခဲ့ရ၏။ ယခုအကြိမ်မှာ ဖဲဝိုင်းမှ ရန်စဖြင့် ခပ်နာနာကလေး ချလိုက်မိသောကြောင့်တစ်ကြောင်း၊ ပြစ်ချက်ဟောင်းကလေးတွေ များနေသည်တစ်ကြောင်းတို့ကြောင့် အာမခံမရဘဲ ယခုစီရင်ချက်ချမည့် နေ့အထိ ချုပ်ထားသော ရက်ပေါင်းမှာ သုံးလကျော်ကျော် လေးလနီးပါးမျှ ရှိခဲ့၏။

မယားဖြစ်သူမယ်အိမှာ ယခင်အခါတွေက ဘိုးဒန်အမှုဖြစ်တိုင်း မျက်ရည်ကလေး တဝိုင်းဝိုင်းနှင့် လင်ဆိုးမယား တဖားဖား ဆိုသလို လင့်အတွက် ရတက်မအေး ဟိုပြေးဒီပြေးနှင့် ရှိတတ်ခဲ့ရာ ဘိုးဒန်ထောင်ကျသွားသော အခါများတွင်လည်း တငိုငို တရီရီနှင့် ကျန်ရစ်ရှာမြဲဖြစ်၏။ ယခုကား ဘိုးဒန်ကို ချုပ်ထားပြီး အမှုစစ်ဆေးနေသော အတောအတွင်းမှာ အစလောက်ကမှ ရှေးယခင်နည်းတူ ပူဆွေးသောက

ရောက်သော အမူအရာကို မယ်အိထံမှာ တွေ့ရှိရသော်လည်း အမှုစီရင်ချက် မချမီ တလကျော်လောက်ဆီမှ အစပြုလျက် မယ်အိ၏ မျက်နှာမှာ ပရိယာယ် မာယာနှောသလို အတွင်းသဘော အနည်းငယ် ပြောင်းကြောင်း ကောင်းစွာ ရိပ်မိခဲ့လေ၏။

မျက်စပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယားဟု ဆိုထားသည့်အတိုင်း ဘိုးဒန်မှာ မိမိဘယ်မျှ ဆိုးတေလာသူ ဖြစ်စေကာမူ မယ်အိမှာ မိမိအဘို့ အလွန်တရာ သစ္စာစောင့်သိခဲ့သော မယားဟု ကောင်းစွာ ယုံကြည်ချစ်ခင်လာသူ ဖြစ်သည့်အားလျော်စွာ ယခုကဲ့သို့ အကျဉ်းထောင်ထဲတွင် နေရလျက် မသက်သာမည့် စီရင်ချက်ကို ငံ့ဆိုင်းနေသည့်အတွင်း ဤကဲ့သို့ သင်္ကာယနမကင်းဖွယ်ဖြစ်သော အရိပ်လက္ခဏာတွေကို တွေ့မြင်ရသောအခါ အသဲစပ်ကို ပြုတ်တူနှင့် ညှပ်သလို မခံမရပ်နိုင် ရှိတော့၏။ အံတကြိတ်ကြိတ်နှင့် မချိတင်ကဲ ကြည့်ရသည်မှာလည်း အခါပေါင်းများလှလေတော့၏။ သူပြော ငါပြောနှင့် လူမောင်နှင့် မယ်အိတို့အကြောင်း ကြားရသည်မှာလည်း နားမချမ်းသာနိုင်ရာ ရက်စက်လေခြင်း၊ မယ်အိ ငါ့ကို လုပ်ရက်လေခြင်းဟု ရင်တွင်းမှာ ဆူလောင်နေပြီးလျှင် လူမောင်ကိုလည်း အကျိုးလိုယောင် ရူပဆောင်၍ မိမိမယားကို အချောင်ကြာခိုရမည်လားဟု အစိမ်းဝါးစားလိုတော့၏။ သို့နှင့်လည်း မိမိမှာ မလွတ်မလပ် လက်ထိပ်ကြီး တန်းလန်းခပ်ထားသောကြောင့် ဒေါသစိတ်ကို ချေကြိတ် နှိမ်နင်း၍သာ နေရရှာတော့၏။

ထိုနေ့ကား နောက်ဆုံးစီရင်ချက်ချမည့်နေ့ ဖြစ်လေ၏။ ဘိုးဒန်မှာ ဝက်ခြံကလေးထဲမှာ စုံရပ်လျက် စီရင်ချက်ကို နာခံနေသောအခါ မယ်အိမှာ သနပ်ခါးကလေး မွှံမွှံနှင့် လူမောင်နှင့်အတူ လာရောက်နားထောင်၏။ ဘိုးဒန်စိတ်မှာ တရားသူကြီး ဖတ်ပြသော စီရင်ချက်ကို မကြား၊ မယ်အိနှင့် လူမောင်ကို မာန်သွင်းသော ကျားကြီးကဲ့သို့ စိမ်းစိမ်းဝါးဝါး ကြည့်နေလေ၏။ ထိုအတွင်း တရားသူကြီးက ဘိုးဒန်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်နှင့်ခြောက်လဟု အမိန့်ချလိုက်လေသည်။

မယ်အိနှင့် လူမောင်လည်း ဘိုးဒန်နေသော ဝက်ခြံအနီးသို့ ရောက်လာကြ၏။ မယ်အိက ညှိုးငယ်သော မျက်နှာနှင့်...

"ကိုဘိုးဒန် ကျမအတွက် ဘာမှမပူနဲ့ ရှင်စိတ်ချမ်းသာအောင် နေနော်"

ဟုမှာလိုက်သေး၏။ လူမောင်ကလည်း...

"ဟေ့... သူငယ်ချင်း ဘိုးဒန် မင့်အတွက် ငါစိတ်မကောင်းဘူးကွာ။ ငါလဲ ဘယ်လောက် အကျိုးဆောင်နေသလဲဆိုတာ မယ်အိကိုသာ မေးပါတော့။ မင့်အမှုအတွက်နဲ့ ဟိုပြေးရ ဒီပြေးရနဲ့ နားရတယ် မရှိဘူး။ ဒီအထဲ မင်းကုသိုလ်ပဲလေ။ တစ်နှစ်ခွဲဆိုတော့ အတော်ကြာမှာပဲ။ မယ်အိကလေးလဲ သနားစရာပဲကွာ။ မင်းမရှိတုန်း ငါလဲ မယ်အိကို ကြည့်ရှုစောင့်ရှောက်ပါမယ်"

ဟုပြောပြန်၏။ ဘိုးဒန်၏စိတ်မှာ ထိုစဉ်အခါက သက်သာရာမရသည့်အပြင် မယ်အိနှင့် လူမောင် နှစ်ယောက်လုံးက ချွန်မြထက်လှသော လှံသွားကြီးများနှင့် အသဲကြားကို ထိုးဆွလိုက်သကဲ့သို့ အခံရခက်လှ၏။ ထို့ကြောင့် ၎င်းတို့မျက်နှာကို ပြူးပြူးကြီး ကြည့်လိုက်ပြီး အံကြိတ်လျက် ရုတ်တရက် မျက်နှာလွှဲပစ်လိုက်ခါ ခေါင်းကြီးငုံ့၍ ပုလိပ်နောက်မှ စိုက်စိုက် စိုက်စိုက်နှင့် ပါသွားလေသည်။

ဘိုးဒန်ကား ထောင်ထဲတွင်နေရာက မယ်အိတို့အား မကျေမနပ်နှင့် တွေးမိတိုင်း ဒေါပွလျက်ရှိ၏။ ထောင်ထဲတွင် ဆင်းရဲပြုပြင်စွာ နေရသော်လည်း မိမိအဖို့ဌ ရောက်ဖူးပေါက်ဖူးပြီဖြစ်သောကြောင့် ထူး၍ ဆင်းရဲတော့မည်မဟုတ်စေကာမူ၊ ယခုတစ်ကြိမ်တွင် မယားအရေးကြောင့် ဒေါသသွေးဆူ၍ နေလေ၏။

မိမိသာ လွတ်လပ်စွာ ရှိပါမူ ယခုအချိန်အထိ မယ်အိရော လူမောင်ပါ လူ့ပြည်မှ စွန့်ခွာကြရမည် ဖြစ်၏။ မိမိတွင် အချုပ်အနှောင်နှင့် ထောင်ကျနေစဉ်ဖြစ်၍သာ သင်းတို့သက်သာသည်ဟု တဖြစ်တောက်တောက် ငြီးလျက်ရှိလေ၏။

ဘိုးဒန်မှာ လောကကြီးနှင့် အုတ်နံရံတစ်ခုမျှ ခြားသောအရပ်တွင်ရှိသောလည်း မြောက်ဝန်ရိုးစွန်းသို့ ရောက်ရှိနေသူအလား ကမ္ဘာကြီးနှင့် အဆက်အပြတ်ကြီး ပြတ်၍နေခဲ့သောကြောင့် အပြင်အပမှ မည်သည့်သတင်းကိုမှ မရသဖြင့် မယ်အိ ဘယ်သို့ ရှိသည်ကို မသိရ။ ဘိုးဒန်၏ စိတ်ထင်မှာ မယ်အိနှင့် လူမောင်တို့ တိတ်တဆိတ် ငြိတွယ်နေကြပြီး ရပ်ရွာကမူ လူမောင်အား မယ်အိကို သူတော်ကောင်း စိတ်ထားနှင့် ကြည့်ရှုစောင့်ရှောက်နေသည်ဟု ထင်ကြမည်၊ သင်းတို့နှစ်ယောက်မှာ ငါ့ကို ငုတ်တုတ် ထားလျက် မတော်မတရား ဖောက်လွှဲဖောက်ပြန် ပြုနေကြတော့မည်ဟု အမြဲတွေးပြီး အသဲဆွေးနေမိ၏။

ထောင်ကျခဲ့သည်မှာ ခြောက်လကျော်မျှ ကြာလာ၏။ အပြင်သတင်းကို အလျဉ်းမကြားရ။ မိမိစိတ်ထင်နှင့်သာ ဒေါသဖြစ်နေရရှာ၏။ သို့နှင့် နောက်များမကြာမီပင် ရွာက လုည်းသမား တုတ်ပေါ တောအရက်ချက်မှုနှင့် ထောင်ကျလာသောကြောင့် အားရဝမ်းသာ ရွာက သတင်းလေးများ ဆီး၍ မေးရတော့သည်။

တုတ်ပေါ့လည်း...

"ပြောရမှာ မင်းကို သနားတယ်ကွာ။ ဒါပေမဲ့ မင်းက မေးလှတော့လည်း မနေသာဘူး။ ပြောရတော့မှာပဲ၊ မင်းမယား မယ်အိတော့ကွာ မင်းထောင်ကျလို့ ရက်ပိုင်းကလေးလောက် ရှိုးမယ် ထင်တယ်။ လူမောင်နဲ့ အထင်ခံကြီးကို ညားပစ်လိုက်ကြပြီ။ ဟိုကောင်ကလဲ အကျိုးဆောင် အကျိုးဆောင်နဲ့ လတ်စသတ်တော့ ဒီယုန်မြင်လို့ ဒီချုံထွင်ကြတာကိုးလို့ ခုမှ အားလုံးသိကြရတယ် ဘိုးဒန်ရယ်။ မင်းလဲ စိတ်မဆိုးနဲ့တော့ မိန်းမပေါပါတယ်ကွာ။ ဘာနမြောစရာရှိလဲ"

ဟု ပြောလည်းပြော တရားလည်း ချနေသောကြောင့် သတင်းပြောကြားသူ စိတ်ကျေနပ်စေရန် မပူရုပ်ဖမ်း၍...

"ငါလည်း အဲဒီလိုဖြစ်လိမ့်မယ်ဆိုတာ ထင်ပြီးသားပါကွာ။ စိတ်မဆိုးပါဘူး"

ဟု ပြောလိုက်ရစေကာမူ ဘိုးဒန်မှာ မိမိ ထင်ကြားထက်ပို၍ ဆိုးဝါးနေသေးသော သတင်းကို ကြားရသဖြင့် မျက်စိများ ပြာဝေမူးနောက်သွားကာ အယုတ်တမာ နှစ်ယောက်အား ယခုချက်ချင်း သွား၍ သတ်လိုက်ချင်တော့၏။

နဂိုက ဆိုးတေတေ မိုက်တိုက်တိုက် ထောင်နှင့် အိမ်ကို ရေအိုးနှင့် ရေမှုတ်သဖွယ် ကူးကလန် ကူးကလန် လုပ်ထားခဲ့သော ဘိုးဒန်မှာ နာလည်း နာ ရှက်လည်း ရှက်နှင့် ဒေါသမီးတွေ ကမ်းကုန် လမ်းကုန် ထွက်လျက် ရှိတော့၏။ တစ်ယောက်ထဲ နေရတိုင်း ဒေါသဖြစ်ခါ လက်သီးလက်မောင်း တန်းပြီး နှုတ်ခမ်းကြီး ပြတ်လုအောင် ကိုက်မိ၏။

"ငါ့ကို မလောက်လေး မလောက်စားဆိုပြီး စော်ကားတဲ့ လူမောင် သိကြရောပေါ့ကွာ၊ သစ္စာမဲ့တဲ့ မိန်းမယုတ်လဲ ဇက်ပြုတ်အောင် ဖြုတ်လိုက်မယ်"

ဟု အံတကိုက်ကိုက်နှင့် ရုတ်ချည်းပြေးပြီး ရက်ရက်စက်စက်ကြီး စီရင်ပစ်လိုက်ချင်၏။ ခဏကလေးဖြစ်ဖြစ် ထွက်ရလျက် ထွက်သတ်လိုက်ချင်၏။ မိမိလွတ်ရန်မှာ တစ်နှစ်မျှ လိုသေး၏။ မိမိဒေါသကား

အပြင်းတိုက်နေသောကြောင့် တစ်နှစ်စောင့်ရမည့်အရေး တစ်ကမ္ဘာလောက် လိုသေးသည် ထင်မိပြီး၊ မခံမရပ်နိုင်ကြီး ဖြစ်သွားကာ ထောင်ထဲမှ လစ်ပြေးချင်လာလေ၏။ သို့နှစ် ဒေါသစိတ်မှာ တစ်နေ့တခြား ထိုးဆွ၍သာ နေခဲ့၍ ဘိုးဒန်မှာ လူမောင်နှင့် မယ်အိကို မသတ်ရ မနေနိုင် လက်တွေယားနေတော့၏။ မိမိ၏ ချစ်မယားကို သူတစ်ထူး ယူရပါမည်လား ဟု တဏှာနှင့် ယှဉ်ပွားသော ဒေါသမီးသည် အတောက်ကြီး တောက်ခဲ့ခြင်းဖြင့် နောက်ဆုံးတွင် ဘိုးဒန်သည် ထောင်အပြင်ထွက်၍ အလုပ်ကြမ်းလုပ်ရသော တစ်နေ့၌ ဘာရာကို ရိုက်၍ ကတိုက်ကရိုက် ထွက်ပြေးခဲ့လေ၏။

ဘိုးဒန်၏ စိတ်ဇောမှာ လူမောင်နှင့် မယ်အိကို မသတ်ရမခြင်း အပူတပြင်း လောဆော်နေခဲ့ရာ ဝီစီသံတွေ တညံညံနှင့် နောက်လိုက်လာသော ပုလိပ်များ ထောင်ပြာတာများကို ကြိုးကြိုးစားစား လွတ်မြောက်အောင် ပြေးရှောင်ရင်းပင် မိမိနေရင်းဖြစ်သော ဆိပ်ပေါက်ရွာကလေးသို့ အပြေးရောက်ခဲ့လေ၏။

ဘိုးဒန်ရောက်သောအချိန်မှာ ညနေနေဝင် ဆည်းဆာအချိန်ဖြစ်၍ မိမိထောင်ဝတ် ထောင်စားကြီးနှင့်လည်း လူမြင်မခံဝံ့သောကြောင့် ချုံတစ်ခု၌ ပုန်းလျှိုးနေရင်း လက်ထိပ်သံကွင်းများကို ကျောက်ခဲနှင့် ရိုက်ချိုးလျက် လည်ပင်းက နံပါတ်ကွင်းနှင့် သင်တိုင်းပေါက် ထောင်အင်္ကျီတို့ကိုလည်း ချုံထဲမှာ ချွတ်ထားပြီး ပါလာရင်း ပိတ်ဖျင်နံ့ယယ်ပိုင်းကလေးမျှသာ စည်း၍ မီးထွန်းချိန်တွင် ရွာထဲသို့ ခပ်သုတ်သုတ် ဝင်ခဲ့လေ၏။ မိမိပိုင် လေးပင်စိုက် မျောတိုင်ထူသော တဲကလေး၏ နောက်ဖေးအဖီကလေး အောက်သို့ ရောက်ခဲ့၏။

ထိုအဖီကလေးက ဝါးထရံကြားမှာ ထိုးထားသော မိမိ၏လက်သုံးတော် ဓားမနှစ်စင်းသည် လက်ရာခြေရာမပျက် အရောင်တလက်လက်နှင့် အရှင်သခင်ဖြစ်သူ ဘိုးဒန်ကို လက်ယပ်ခေါ်ကြလေရာ မူလကပင် အကြံနှင့် ရောက်လာသော ဘိုးဒန်သည် ထရံက ဓားမနှစ်လက်ကို လျင်မြန်စွာ နုတ်ယူလျက် ဓားမနှစ်လက်ကို ဝဲတစ်ဖက် ယာတစ်ဖက် ကိုင်ပြီး အိမ်တစက်မြိတ်မှ မှောင်ခိုကာ တဲရှေ့ဆီသို့ တကုတ်ကုတ် ချောင်း၍ လာခဲ့လေ၏။

အကြောင်းမသိသော လူမောင်နှင့် မယ်အိတို့မှာ ညားခါစလင်မယားတို့ ဓမ္မတာ တစ်ယောက်ကို တစ်ယောက် ခရာတာတာ ပြုံး၍ နလုံးလေချွေ့ သဘောတွေ့၍ နေကြသည်ကို မြင်ပြီး ၎င်းတို့အနီးတွင်လည်း အိမ်နီးချင်း အဒေါ်ကြီးနှစ်ယောက်နှင့် အဘိုးကြီးနှစ်ယောက်၊ ခပ်ရွယ်ရွယ် သူငယ်တစ်ယောက် ပေါင်း အခြားလူ လေးငါးယောက် ဝိုင်းဖွဲ့လျက် မီးခွက်ကို အလယ်ကထားပြီး ထန်းလျက်ခဲ အမြည်းနှင့် လဖက်ရည်ကြမ်း စည်းစိမ်ခံသောက်လျက် ရှိကြ၏။ ထိုခဏ၌ ဘိုးဒန်၏ လက်ျာလက်ထဲက ဓားမသည် လူမောင်၏ ခေါင်းကို အုန်းသီးခွဲသလို တစ်ချက်တည်း ခွဲချလိုက်သောကြောင့် မရှောင်သာ မတိမ်းသာဘဲ ဂူးဝဲဂူးဝဲနှင့် သွေးပွက်ပွက်နှင့် လဲလေ၏။ မယ်အိမှာ အမယ်လေး ကိုလူမောင်ဟု အော်ပြီး ဘိုးဒန်ကိုမြင်မှ တွေတွေကြီး အံ့အားသင့်လျက် ရှိတော့၏။

"ကိုဘိုးဒန် ကိုဘိုးဒန် အမယ်လေး ချမ်းသာပေးပါ"

ဟု တောင်းပန်သောအသံမှာ မဆုံးသေးမီ မယ်အိမှာ လည်ပင်း တိတိရိရိ ပြတ်ပြီး သွေးအိုင်ထဲတွင် ဖျပ်ဖျပ်လူးလိမ့်နေလေ၏။ လျင်မြန်တိုတောင်းလှသော အချိန်ကလေးတွင် ဖြစ်ပွားသော အရေးကြောင့်၊ ဝိုင်းထိုင်နေသူများလည်း ပထမ ကြောင်ကြည့်နေမိရာမှ ဘိုးဒန်လက်က သွေးရဲရဲဓားကြီးကို မြင်ပြီး...

"ဘိုးဒန် ဘိုးဒန်"
ဟု တောင်းပန်သလိုလို ယောင်ရမ်းဟစ်အော်ပြီး လွတ်ရာ ထွက်ပြေးကြလေ၏။ ထိုခဏ၌ ရွာကလေး တစ်ခုလုံး တရုံးရုံးဆူပွက်၍ အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။
"ဘိုးဒန် ဘိုးဒန်... ထောင်ထဲကထွက်လာပြီး၊ လှမောင်နဲ့ မယ်အိကို သတ်သွားတယ်"
ဟူသော သတင်းမှာ တခဏချင်း အထိတ်တလန့် ပျံ့နှံ့သွားလေ၏။ သူကြီးလည်း မောင်းတီး၍ လူစုပြီး ရာဇဝတ်မှု ကျူးလွန်သူ ထောင်ပြေး ဘိုးဒန်အား ဝိုင်းဖမ်းရန် တပ်ချီလာ၏။ ဘိုးဒန်လည်း...
"မဆိုင်သူ မကပ်နဲ့ ခေါင်းပြတ်မယ်"
ဟု ဓားဝင့်ကြိမ်းဝါးကာ တောထဲသို့ ဦးတည်လျက် ထွက်ပြေးလေတော့၏။ တဲအတွင်းရှိ လှမောင်နှင့် မယ်အိတို့ကို သွားကြည့်ကြသောအခါ ရန်ညိုးကြီးကြီးနှင့် အကြိမ်ပေါင်း မြောက်မြားစွာ နောက်ထပ် ခုတ်ထစ်ထားသော ဓားဒဏ်ရာများနှင့် ဦးနောက်ထွက် ပိုက်ပေါက်နေသော လှမောင်၏ အလောင်းနှင့် လည်ပင်းတိတိရိရိ ပြတ်နေသော မယ်အိတို့အလောင်းကို တွေ့ရသောကြောင့် တစ်ရွာလုံး သနားစုတ်သပ်၍ မဆုံးရှိကြလေ၏။ တချို့ကလည်း...
"သူ့မယား ခိုးတဲ့ကောင် သေတာတောင် နည်းသေးတယ်... လင်ငယ်နေတဲ့ မိန်းမလဲ ဒီလိုဘေးဆိုးမျိုးနဲ့ တွေ့မှ ကောင်းတယ်။ ဘယ့်နယ်တော် လင်က ထောင်ထဲနေရရှာတဲ့အခိုက်မှာ မယားက ဒီလို ရက်ရက်စက်စက် လင်ငယ် ယူပစ်လိုက်တာ ကောင်းရော့မလား။ မတရားလို့ ဘုရားပြတာ"
ဟု ပြောကြလျက် အချို့ကလည်း မယ်အိဘက်မှ ရှေ့နေလိုက်ကာ...
"ဒီလိုဖြစ်တာ မယ်အိလဲ အဆိုးမဆိုသာဘူး။ သူ့ခမြာ စားရမဲ့ သောက်ရမဲ့နဲ့ လင်လုပ်တဲ့ အကောင်ကလဲ ထောင်ထဲက ထွက်ရတယ် မရှိတော့ ဖြစ်မိဖြစ်ရာဆိုတာလို အားကိုးရာမဲ့ လှမောင်နဲ့ တွေ့တော့ ယူလိုက်တာပဲ။ ခုမတော့ ဒီကောင်မလေး ကံဆိုးရှာတာပေါ့လေ။ လှမောင်ကလဲ သနားလို့ ကြည့်ရှုစောင့်ရှောက်ရာက သနားလွန်းလို့ တကျာကျွန် ဖြစ်သွားရရှာတာပါ"
ဟု ဘုရားတကာပိုင်း၊ ကျောင်းအမပိုင်းနှင့် လူငယ်လူလတ်ပိုင်းတို့တွင် ကိုယ့်အတွေးနှင့်ကိုယ် အမျိုးမျိုး အထွေထွေ ပြဿနာဖြေ၍ နေကြလေ၏။

ရွာသားများလက်မှ လွတ်ထွက်သွားသော ရာဇဝတ်ကောင်ကိုမူကား နောက်တစ်နေ့ ပုလိပ်များနှင့် တောနင်းရှာကြလေ၏။ ဘိုးဒန်မှာ ထောင်ပြေးဖြစ်နေရာတွင် ရက်စက်သော လူသတ်မှုကြီးကို ကျူးလွန်တိမ်းရှောင်နေသူ ဖြစ်သောကြောင့် ပုလိပ်အရာရှိများမှာ မနေမနား ကြိုးစား၍ လိုက်နေရလေ၏။ ဘိုးဒန် ရှောင်ပုန်းနေသော တောအတွင်းသို့ ခြေရာချင်းထပ်အောင် ရှာဖွေနေရသည့်တိုင်အောင် အထက်အရာရှိကြီးများကလည်း ဤမျှ ကြီးလေးသော ရာဇဝတ်မှု ကျူးလွန်သူ ထောင်ပြေးအား အပူတပြင်း လက်ရဖမ်းဆီးရန် အမိန့်ထုတ်ပြန်ထားရုံမက ဆုငွေငါးရာနှင့်ပင် လူပုံစံပေး၍ မြန်မာတစ်ပြည်လုံး အနှံ့အပြား ကြော်ငြာထားပြန်သောကြောင့် လက်အောက် ရာဇဝတ်အမှုထမ်းများမှာ နေ့ညမနား ရှေးကထက် ကြိုးစားရလေသတည်း။

ဘိုးဒန် ဝေးဝေး မပြေးဘူး။ ရွာနားက တောထဲမှာပဲ ရှိသည်ဟူသော သတင်းမှာ အနံ့ထွက်လာလေ၏။ ပုလိပ်များလည်း တောနင်းကာ နေ့စဉ်နှင့်အမျှ ရှာဖွေနေကြရာက ဤသတင်းကို ကြားရသောအခါ မခံနိုင်အောင် ရှိကြလေ၏။ သတင်းကြားသူကို မရအရ ပိုက်စိပ်တိုက်၍ လိုက်လံစုံစမ်းသောအခါ ရွာမှ ယာလုပ်ထင်းခုတ် ထွက်ကြသူများထံမှ တောစပ်တွင် ဘိုးဒန် ရိပ်ခနဲ ဖြတ်ပြေးသည်ကို တစ်ကိုယ်လျှင် နှစ်ကြိမ်သုံးကြိမ်မျှ တွေ့မြင်လာကြကြောင်း အစစ်ခံချက်ရလေ၏။ ထို့ကြောင့် အထူးဝတ္တရားနှင့် ရောက်လာသော ရာဇဝတ်အုပ် ကိုဘိုးကွန်းမှာ မိမိတို့ ဤမျှရှာဖွေနေပါလျက်

မတွေ့ မမိရမလားဟု ရှူးရှားရှား ဒေါ်ပွကာ လက်အောက်အမှုထမ်း ပုလိပ်များနှင့် ရွာသားများကိုပါ ဆင့်ခေါ်ပြီး တောကြီးတလျောက်သို့ ဖက်ရွက်ခြောက်မျှမကျန် မြေလှန်၍ ရှာကြပြန်လေ၏။ သို့သော်လည်း ဘိုးဒန်၏ အရိပ်အစမျှ မတွေ့ရရာ ရာဇဝတ်အုပ် ကိုဘိုးကွန်းကလည်း လုံ့လမလျှော့ပဲ တောကြီးမျက်မည်းတွင် မရမနေ ရှာဖွေ၍ နေတော့၏။ အစာပြတ် ရေငတ်နှင့် မရပ်မနား ရှာဖွေလာကြပါသော်လည်း လေးငါးရက် ခရီးရှိသည့်တိုင် မထူးခြားခဲ့သောကြောင့် စိတ်အားလျော့ကာ ဆိပ်ပေါက်ရွာသို့ တစ်လှည့် ပြန်လာခဲ့ကြရပြန်လေ၏။ ရွာသို့ ရောက်လျှင်ပင် ရွာကလူများမှာ ဌာနအုပ်နှင့် သူကြီးထံသို့ အုယားဖားယား ပြေးလာကြပြီး...

"သူကြီးမင်း... သူကြီးမင်း... ဘိုးဒန်ကို ဖမ်းလို့ မမိခဲ့ဘူးလား။ ဘိုးဒန်က ဒီရွာထဲ ရောက်နေတာကလား"

ဟု ဆီးပြောကြသောကြောင့် ရာဇဝတ်အုပ်ရော သူကြီးပါ မိမိတို့မောဟိုက်စွာ ရှာခဲ့ရသည်ကို သက်ပြင်းချ လိုက်ကြလေ၏။

"ဘယ်မလဲကွ၊ ဒီအကောင်ရွာထဲလာတယ် ဟုတ်လား။ မင်းတို့က ဘာလို့ ဖမ်းမထားကြသလဲ။ မင်းတို့က ဒီဝရမ်းပြေးကို လက်ခံထားကြတယ်ပေါ့လေ"

ဟု ရာဇဝတ်အုပ် ကိုဘိုးကွန်းက ပုလိပ်ပီပီ ရွာသားတွေကို ကြိမ်းလေ၏။ ရွာသားများမှာ အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းတွေ့ဆိုသလို ပြောသည့်အတွက် အခက်ကြုံရတော့မလို ရှိကြ၏။ သို့ရာတွင် ခပ်စွာစွာ ရွာသားတစ်ဦးက...

"ဟာ ကျွန်တော်တို့ ဘာလို့ လက်ခံရမှာလဲဗျ။ လက်မခံထားလို့ ဖမ်းပေးရမှာကလဲ ကျွန်တော်တို့ လက်ထဲမှာ လက်နက်ဆိုလို့ နှစ်ဘက်ချွန်မှ မရှိတဲ့ဟာ။ ဘယ့်နှယ်လုပ် ဖမ်းမလဲ။ ဘိုးဒန်လက်ထဲမှာ သွေးစေး နီနီရဲရဲတွေ ခြောက်နေတဲ့ ဓားကြီးကိုင်လျက် မြင်ရတယ်ဗျ။ သူ့မျက်နှာကြီးကလဲ အဲဟိုညက မယ်အိတို့ကို ခုတ်သတ်တဲ့ မျက်နှာထားမျိုးကြီး အတိုင်းပဲ။ ဒီရွာထဲမှာ ဘယ်သူ့ကိုများ သတ်ဦးမလဲလို့ မပြောတတ်ဘူး"

ဟု ပြူးပြူးပြာပြာ ပြောလေ၏။

"ဟေ့ နေပါဦး၊ မင်းတို့ ဘယ်လိုမြင်ရသလဲ၊ ဘယ်နေရာမှာ မြင်ရတာလဲ"

"မယ်အိတို့ တဲကလေး ရှေ့မှာပဲဗျ။ လရောင်အောက်မှာ ဓားမကြီးတမမနဲ့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာပဲ။ ကျွန်တော်တို့လဲ အဝေးကသာ ချောင်းကြည့်ဝံ့တာ၊ လူမြင်ရင် မြင်တဲ့လူ လိုက်ခုတ်မှာ စိုးရသေးတယ်"

"အခု ရှိသေးသလား"

"ဘယ်သိမလဲဗျ၊ သူ့အိမ်နား မကပ်ဝံ့ဘဲ"

"နေ့ခင်းတော့ အိမ်ရှေ့ထွက်တာ မမြင်ရဘူးလား"

"နေ့တော့ မမြင်ရဘူး။ ညမှ မြင်ရတယ်။ သိပ်ရဲတဲ့လူဗျ၊ ဒီလူဟာ ထောင်ကလဲ ထွက်ပြေးနိုင်၊ ပုလိပ်တွေ ဒါလောက် လိုက်နေတာ သိလျက်နဲ့များ ဒီလို ရဲရဲကြီး လာဝံ့တာ အံ့သဗျာ။ ကျုပ်တော့ မဟုတ်မှလွဲရော၊ ဒီလူမှာ စွမ်းတာ တစ်ခုတော့ ရှိပြီထင်တယ်။ မစွမ်းဘဲနဲ့ ဒီလောက် အတင့်မရဲဝံ့ဘူး"

"ဟုတ်တယ် သူကြီးမင်းရဲ့၊ ဟိုတလောက သာစည်နယ်မဲတောရွာက စံဖဲလို လူသားမျိုးထင်တယ်။ သူ့ကို ပုလိပ်တွေ လိုက်နေမှန်း သိလျက်နဲ့ ဒီနားတဝိုက်က ဘယ်မှ မပြေးပဲ နေရုံမကဘူး ကြည့်ပါဦး၊ ပုလိပ်တွေက တောနင်းရာတုန်း သူက ရွာထဲလာပြီး လူယောင်ပြတယ်။ ပုလိပ်တွေ ရွာထဲရှိတဲ့အခါတော့လဲ

တောထဲက ရိပ်ခန် လူမြင်အောင်ပြတယ်။ လက်ကဓားမကြီးလဲ ဘယ်တော့မှ မချဘူးတဲ့။ သိပ်စွမ်းနေတဲ့ လူပဲ"
ဟု ပြောကြရာ ရာဇဝတ်အုပ် ကိုဘိုးကွန်းမှာ ပုလိပ်တွေ အများနှင့် လာဖမ်းသူဖြစ်ပါလျက် ဝရမ်းပြေး ဘိုးဒန် ဤမျှ ဇက်ရဲနေသည်ကို မခံနိုင်အောင် ရှိတော့၏။

"ဟေ့... ဒီနေ့ကြည့်ကြကွယ်။ မြင်တာနဲ့ တစ်ပြိုင်နက် ငါ့လာပြောလှည့်ကြ၊ အိမ်ကို ပုလိပ်ဝိုင်းပြီး ဖမ်းရင် မင်းအကောင်ခံနိုင်မလား"
ဟု ကြိမ်းဝါးကာ ရွာသားများအား အရိပ်အဆင်စောင့်ကြည့်စေပြီး မိမိတို့ကား အစားအစာ အတော်ပင် တတ်ပြတ်လာသည့် အားလျော်စွာ ရွာက ခန့်ခွဲရရှိသော ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်တို့ဖြင့် ကြက်လေးငါးကောင်ကို တပည့်ပုလိပ်များ ချက်ပြုတ်နေကြသည်ကို ထန်းရည်ကလေး တမြမြနှင့် သူကြီးအိမ်ရှေ့ ကွပ်ပျစ်လေးမှ ထိုင်၍ စောင့်နေလေ၏။ အချိန်လည်း မီးခွက်ထွန်းသာသာ ရှိလာ၏။ ဆာလောင်မွတ်သိပ်ခြင်းကလည်း ပြင်းထန်လာရကား...
"ဟေ့ကောင်တွေ ချက်လို့ မပြီးသေးဘူးလားကွ... ဆာလှပြီ၊ ထမင်းမြန်မြန် ပြင်ပါတော့ကွ"
ဟု အိမ်ရှေ့ဆီမှ အော်ဟစ်လိုက်သောကြောင့် ဟင်းအိုးအနီးတွင် ကြက်ခြေထောက်ရိုးနှင့် ထန်းရည်ခါးကို မြည်းနေကြသော ပုလိပ်အမှုထမ်းကလေးများသည် ပျာယီးပျာယာ ထမင်းပွဲပြင်ပြီး ဆရာ့အနီးသို့ ယူလာကြလေ၏။

ကိုဘိုးကွန်းသည် အလွန်အမင်း ဆာလောင်၍ ဝမ်းဟောင်နေရာတွင် အငွေ့တထောင်းထောင်းနှင့် ပြင်လာသော ထမင်းပွဲရံကြီးကို ကြည့်ပြီး ကျေနပ်ခြင်းကြီးမက ကျေနပ်သွားလေ၏။ အငွေ့တထောင်းထောင်းနှင့် မောင်းထောင်းဆန်ကို ချက်ထားသော ထမင်းမှာ သင်းပျံ့မွှေးကြိုင်သော အနံ့ကို ပျံ့နှံ့ဝေငှပြီးလျှင် ဆန္ဒင်းဝါဝါနှင့် တောလိုက်ဘာသာဖြစ်သလို ချက်ထားသော ကြက်သား ဟင်းကလေးမှာလည်း မွှေးကြိုင်လှသော ရနံ့ထောင်းထောင်းဖြင့် နှာခေါင်းကို ထိစေငြိစေလေ၏။ ကြက်မြစ်ကြက်သဲတွေကိုလည်း ပန်းကန်ကြီးတစ်ချပ်နှင့် သီးခြားကြော်ထည့်ထားလျက် ပြုတ်သီးစိမ်းနှင့် ကြက်သွန်ကို သံပုရာရည်ညှစ်ထားသော ချပ်တနီးကလေးကလည်း မွှေးချင်တိုင်း မွှေးနေတော့၏။

အားရပါးရ လွေးတော့မည်ဟု ထန်းရည်အိုးကို ဖယ်ကာ ဇလုံပန်းကန်တွင် လက်ဆေးပြီး ထမင်းပွဲထဲသို့ လက်စိုက်မိသည်နှင့် တစ်ပြိုင်နက် ရွာသားတစ်ယောက်သည် သုတ်သီးသုတ်ပျာနှင့် အပြေးရောက်လာသောကြောင့် သူကြီးအိမ်သားများ ပုလိပ်များနှင့် ကိုဘိုးကွန်းပါ အံ့အားသင့်ခြင်းဖြင့် ကြောင်တက်တက်ကြီး ငိုင်ကြည့်နေကြရတော့၏။ ပြေးလာသူလည်း ကိုဘိုးကွန်းအနီးသို့ ကပ်ခါ...
"ဆရာ... ဆရာ၊ ဟိုမှာ စံဖဲ... အဲလေ ယောင်လို့ ဘိုးဒန်... ဘိုးဒန် ရောက်နေပြီ ဆရာရဲ့။ တဲရှေ့မှာ မတ်တပ်ကြီးရပ်လို့ လက်ကလဲ ဓားကြီးနဲ့ပဲ"
ဟု မောဟိုက်ပင်ပန်း ကမန်းကတန်း ပြောလေရာ တစ်အိမ်သားလုံး ထိတ်ခနဲ ဖြစ်သွားကြသော်လည်း ကိုဘိုးကွန်းမှာမူကား ထမင်းစားရန်ကိုမျှ သတိမရတော့ဘဲ ဆတ်ခနဲ ခြောက်လုံးပြူးကို ဆွဲနှုတ်ကာ...
"ဟေ့... ဘယ်မလဲကွာ... လာ... သွားကြမယ်။ ဟေ့ကောင်တွေ အားလုံး ဓားလွတ်တွေ ချွတ်ကိုင်ခဲ့ကြ၊ ဟိုရောက်ရင် ခပ်လှမ်းလှမ်းကနေပြီး မင်းတို့လက်ချင်းဆက်ပြီး တစ်ခါထဲ ဝိုင်းထားကြ။ လာဟေ့ သွားမယ်"
ဟု ဆိုဆိုပြောပြော ဒေါရောမောရော ကသောကမြော ထွက်ခဲ့ရာ ပုလိပ်အမှုထမ်းတွေလည်း ထမင်းပွဲကြီး တန်းလန်းမျှ မသိမ်းနိုင်ကြတော့ပဲ ကိုဘိုးကွန်းနောက်သို့ လိုက်ပါခဲ့ကြရလေ၏။ သူကြီးမှာလည်း

မနေသာသဖြင့် ရွာသားများကို စုရုံး ခေါ်ယူကာ ကိုဘိုးကွန်းသွားရာသို့ ကူညီရန် လိုက်ပါလာကြရပြန်သဖြင့် အိမ်တွင် လူရှင်းသွားလေ၏။ သူကြီးကတော်နှင့် ကလေးများမှာလည်း စားမည့်တန်းလန်း ထမင်းပွဲကြီးကို မသိမ်းရသေးဘဲ ပြန်လာလျှင် အဆင်သင့်စားရန် ပြင်ထားသော အိမ်ရှေ့ဝါးကွပ်ပျစ်ပေါ်မှာပင် သံဇကာအုပ်ဆောင်း အုပ်ထားလိုက်ရလျက် မိမိတို့ မိသားတစ်စုမှာ နောက်ထပ် အိမ်ပြင်လည်း မထွက်တော့ပဲ တစ်ရွာလုံး တိတ်ဆိတ်၍ အထိတ်တလန့်ဖြင့် သွားကြသလို ကိုယ်စီကိုယ်စီ ကိုယ့်ဘေးကိုယ် မြင်သဖြင့် အိမ်တွင်းမှပင် တံခါးကို လုံခြုံစွာပိတ်ပြီး၊ ဘိုးဒန်ကို ဖမ်းဆီး၍ မိပြီဆိုသော သတင်းကို နားစွင့်နေကြရတော့သည်။

သူကြီးကတော်လည်း အတန်ကြာ ငြိမ်ဝပ်စွာ နားစွင့်နေရာမှ ရွာလယ်ဆီက ဒိန်းခနဲ ဒိန်းခနဲ သေနတ်သံ နှစ်ချက်ဆင့်၍ ကြားလိုက်ရသဖြင့် တောပုန်းဝရမ်းပြေးကြီး ဘိုးဒန်ကို မိလေပြီဟု အသင့်အတင့် စိတ်အေးသွားမိလေ၏။ ထို့နောက် တစ်ခဏမျှကြာသောအခါ ထမင်းပွဲ ပြင်ထားသော အိမ်ရှေ့ကွပ်ပျစ်ဆီမှ ပန်းကန်သံ ဇွန်းသံတွေ ကြားရသဖြင့် ရာဇဝတ်အုပ် ကိုဘိုးကွန်းတို့ ပြန်လာကြပြီအထင်နှင့် အိမ်တံခါးပေါက်သို့ ကပျာကယာ လာကြည့်မိသောအခါ သူကြီးကတော်နှင့် အိမ်သားတစ်စုမှ နဂိုက ပုနေအောင် ကြောက်ကြရာတွင် အိမ်ရှေ့ကွပ်ပျစ်ထမင်းပွဲမှာ ကိုဘိုးကွန်းတို့ မဟုတ်ဘဲ ဝါးရမ်းပြေးဘိုးဒန်ဖြစ်နေလျက် ကိုဘိုးကွန်းတို့စားရန် အသင့်ပြင်ထားသော ထမင်းပွဲကြီးကို ပိုင်စိုးပိုင်နင်း အခန့်စား ထိုင်စားနေရုံမက စားပြီးသော ဇွန်းများ ပန်းကန်များကိုပင် ဂျိုးဂျိုးဂျောင်းဂျောင်း မြည်အောင် ပေါက်ချလွှင့်ပစ်နှင့် လုပ်ချင်သလို မလေးမခန့် လုပ်နေသည်ကို တွေ့ရလေ၏။ ဘိုးဒန်၏ မျက်နှာကြီးမှာလည်း လွန်စွာကြမ်းတမ်းခက်ထန်လျက် လက်တစ်ဖက်က ဓားကြီးကိုလည်းမချ၊ တင်းကြပ်မြဲမြံစွာ ဆုပ်ကိုင်ထားသည်တို့ကို တွေ့ရပြီး၊ အင်္ကျီတုံးလုံးအောက်ပိုင်းတွင် နံ့ယယ်ကလေးမျှ ဖုံးထားသော ဘိုးဒန်၏ ကိုယ်ကြီးမှာလဲ ယခင်ကထက် ကြီးမားထွားကျိုင်းနေသည်ကို တွေ့မြင်ရလေ၏။

သူကြီးကတော်နှင့် အိမ်သားများမှာ ပုလိပ်တွေ ဓားလှံတို့နှင့် ဝိုင်းအဖမ်းခံရသူ တောပုန်း ဝရမ်းပြေးကြီး ဘိုးဒန်၏ ရဲရင့်ပုံကို အသည်းဆတ်ဆတ် တုန်အောင် ကြောက်ရွံ့လျက် အိမ်ထဲသို့ ရုတ်တရက် ဝင်မလာနိုင်ရန် တံခါးကို အမြန်ပိတ်ပြီး ကြိတ်မြုံနေရရှာလေ၏။ ဘိုးဒန်ကား ပုလိပ်တွေ စားမည့် ထမင်းပွဲကို ဗိုက်ပြဲဗိုက်သန်း အဝန့်ပြီး ပန်းကန်ခွက်ယောက်တွေ ကန်ကျောက်ပေါက်ခွဲကာ ရွာပြင်သို့ ပြန်ထွက်သွားလေတော့၏။

သူကြီးကတော်နှင့် အိမ်သားများလည်း ကြောက်ရွံ့ငြိမ်သက်စွာ ကြည့်နေကြ၍ အတန်ကြာမှ သူကြီးနှင့် ရာဇဝတ်အုပ်တို့ လူစု ဆူဆူညံညံ ဆဲဆိုမာန်မဲကာ ရောက်လာကြလေသည်။ သူကြီးကတော်လည်း သူကြီးနှင့် ကိုဘိုးကွန်းတို့ဆီသို့ အူယားဖားယား ပြေးထွက်လာ၏။ ရာဇဝတ်အုပ်နှင့် သူကြီးတို့မှာ မကျေမချမ်း တပြစ်တောက်တောက် ရေရွတ်နေကြလေ၏။

"လွတ်သွားတာ နာသဗျာ သူကြီးရယ်"

"ဟုတ်ပါရဲ့ ရာဇဝတ်အုပ်မင်းရယ်၊ ဒီတစ်ခါတော့ ပုလိပ်တွေ လက်ချင်းဆက်ပြီး ပိုင်ပိုင်နိုင်နိုင်ကြီး ဝိုင်းမိပါလျက်နဲ့ ဒီလိုဖြစ်ရတာ သိပ်အခံရခက်တာပဲဗျာ"

"ဝိုင်းမိတာထက် သူကြီးနဲ့ ကျွန်တော်နဲ့ ဒီကောင်တဲထဲ ဝင်ပြေးပြေးချင်း လိုက်တယ်မဟုတ်လား။ တဲထောင့်ကြားမှာ ဓားကြီးတန်းလန်းနဲ့ ဒီကောင်ကို ကျုပ်က ပိတ်နေလို့ ခြောက်လုံးပြူးနဲ့ တော့ချိတ်ပြီး လက်နိုပ်ဓာတ်မီး ထိုးကြည့်တော့လဲ ထုအမ်းအမ်း ဖောသွပ်သွပ် မျက်နှာကြီးမှာ အဆီတွေဝေ့ပြီး

ပါးမြိုင်းမုတ်ဆိတ်တွေကလဲ ဝက်မွေးလို ထိုးထိုးထောင်ထောင်နဲ့ ဖြစ်ပစ်ပကြီး ကျုပ်ကို လှမ်းကြည့်နေတာပဲ။ သူ့လက်ထဲက ဓားကြီးကို ချိုင်းတာ မချတာနဲ့ ဒေါသထွက်ပြီး သေနတ်ကို နှစ်ချက်တွေ့ပြီး မောင်းဖြုတ်ချလိုက်တာ ကျုပ်အထင်တော့ အူတွေ ထုတ်ခြင်းပေါက်ထွက်ပြီး သေပြီ ထင်လိုက်တာ၊ ခွေးသား အတော်ခံနိုင်ရည် ရှိတယ်။ ဘာမှ မဖြစ်ဘူးဗျို့၊ ကျုပ်မျက်နှာကို သူ့ကိုယ်လုံးကြီးနဲ့ ပစ်တိုက်ပြီး ပိုးခနဲ အပြင်ထွက်သွားတာပဲ။ ဒီကောင် သေနတ်များ ပီးလေသလား မသိဘူးဗျာ၊ ထူးတော့ အတော်ထူးတာပဲ"

"ကျွန်တော်တော့ သေနတ်ပီးရုံတင်မကဘူး ကိုယ်ပျောက်အတတ်ပါ တတ်တယ်ထင်တာပဲ။ ဘာပြုလို့လဲဆိုတော့ ဒီကောင် တဲထဲက ထွက်ပြေးလာတော့ တဲပြင်မှာလဲ တဲကို ပုလိပ်တွေကရော ရွာသားပါ လက်ချင်းဆက်ပြီး ဝိုင်းထားတယ်ဗျာ။ ဒီလောက် ကျပ်ကျပ်တည်းတည်း ဝိုင်းထားတဲ့အထဲ ရှာလို့မရအောင် လွတ်ထွက်သွားတာ၊ ဒီကောင် ကိုယ်ပျောက်မတတ်ရင် ငှက်မို့ပျံမလား၊ နဂါးမို့ မြေလျှိုးသွားနိုင်သလား။ စဉ်းစားကြည့်စမ်း ရာဇဝတ်မင်းရဲ့၊ ဘယ်နည်းနဲ့မဆို ဒီအကောင် သေနတ်ပီး ဓားပီးနဲ့ ကိုယ်ပျောက်အတတ် ရှိရမယ့် တကယ့်လူစွမ်းကောင်းကြီးပဲ။ ဒါကြောင့် ဒီလောက်တောင် ရဲပေတာပေါ့ဗျာ"

"သူကြီးပြောသလိုလဲ တွေးနိုင်တာပဲဗျို့၊ ဒီကောင်ကြီးရဲ့ ထူအမ်းအမ်း စပ်ဖြဲဖြဲ မျက်နှာကြီးကို မြင်ပြီး ကြက်သီးထသလိုလိုတောင် ဖြစ်လာတယ်။ ဒီလို အစွမ်းသတ္တိရှိတဲ့ တောပုန်း ဝါးရမ်းပြေး ဖမ်းရတာ သိပ်ခက်တာပဲဗျာ။ သာစည်နယ်မှာ ပေါ်ဘူးတဲ့ စံဖဲလို အကောင်မျိုးနဲ့ တူတာပဲ။ ဖြစ်ပုံချင်းကလဲ စံဖဲနဲ့ ခပ်ဆင်ဆင်။ မယားလင်ငယ်ယူလို့ ဖြစ်ရတာ မဟုတ်လား။ ကဲဗျာ ဒါတွေ ထားပါဦး၊ ဒီနေ့မမိလဲ တစ်နေ့နေ့တော့ မိအောင်ဖမ်းရမှာပဲဗျာ။ ဒါကြောင့် ကျုပ်လဲ ထမင်းစားမဲ့ တန်းလန်းကြီးက ထပြေးရတာ ခုမှ ဆာရမှန်း ပြန်သတိရလာတယ်ဗျို့။ ထမင်းစားလိုက်ကြဦးစို့"

ဟုပြောကာ ကိုဘိုးကွန်းသည် အခွံချည်းသက်သက် ပြောင်းဆန်မှောက်လန်နေသော ထမင်းစားပွဲနားသို့ ရောက်သွားလေသည်။

"ဟောဗျာ... ထမင်းတွေ ဟင်းတွေ ပြောကုန်ပကော"

ဟု အံ့သြနမြောသော မျက်နှာနှင့် ပြောလေ၏။ သူကြီးမှာလည်း အားတုံ့အားနာကြီးဖြစ်ကာ...

"ဟင်... ဟုတ်ပါရဲ့ ဟဲ့... မလေး ထမင်းပွဲကြီး ဘယ်လိုဖြစ်တာလဲ။ ညည်းတို့ကလဲ အိမ်မှာ နေရစ်ပြီးတော့ ဘာမှပြန်မကြည့်ပဲကိုး"

ဟု မြည်တွန်တောက်တီးလေ၏။ သူကြီးကတော်လည်း တုန်တုန်ရီရီကြီးနှင့်...

"အမယ်လေး မောင်ရင် ကျုပ်ကို အပြစ်တင်မစောပါနဲ့ဦး။ ထမင်းပွဲကြီးကို ရာဇဝတ်အုပ်မင်းတို့ ပြန်လာတော့ စားရအောင်လို့ ကျုပ်ကိုယ်တိုင် သေသေချာချာ အုပ်ဆိုင်းထားပါတယ် တော်"

"ဟဲ့... မလေးရ အုပ်ဆိုင်းထားရင် ခုမြင်ရတာက ဘယ်လိုဖြစ်ရတာလဲလို့၊ ထမင်းတွေ ဟင်းတွေ ခွေးယက်သလို ပြောင်နေပြီ၊ ဒါတွေ ဘယ်သူလာစားသလဲ"

"ဝါးရမ်းပြေး ဘိုးဒန်တော့၊ ဘိုးဒန် လာစားသွားတယ်။ သူ့လက်က ဓားကြီးကြောင့် မပြောဝံ့လို့ မျိုသိပ်ပြီး ကြည့်နေရတယ်။ ကျုပ်ကတော့ ရွာလယ်က သေနတ်ဖောက်သံ ကြားရတာနဲ့ မိပြီအောက်မေ့နေတာ ကိုယ်တော်မြတ်က ဒီလာပြီး ရှိသမျှဟာတွေ အကုန်ပွဲတော်တည်သွားရုံ မကသေးဘူး ဖွန်းတွေ ပန်းကန်တွေကို လွှင့်ပစ်ပေါက်ပစ်နဲ့ ဓားနဲ့ခုတ်မှာ စိုးလို့ မပြောဝံ့ဘူး။ တံခါးလုံအောင် ပိတ်ပြီး အပေါက်ကလေးက ကြိတ်ကြည့်နေရတယ်။ တော်တို့ ပြန်မလာခင်လေးတင်ပဲ ပြန်ထွက်သွားတာ"

ဟု အငေါ့အထေ့စုံစွာနှင့် ထမင်းပွဲ ကြောင်လှဲသွားကြောင်း၊ ပါးစပ်အစီရင်ခံစာ တင်လေတော့၏။

ကိုဘိုးကွန်းမှာ မိမိကို ပမာမခန့် အရှုးလုပ်သွားသော ဝါးရမ်းပြေးဘိုးဒန်အား မခံမရပ်နိုင်အောင် ဒေါပွနေလေ၏။ မအေ နမနင့်လည်း ရစရာမရှိအောင် ဆဲရေးရေရွတ်လျက် အရက်ပြေ ကြိမ်းဝါးမာန်မဲနေတော့၏။ ရွာသားများနှင့် ပုလိပ်အမှုထမ်းတို့ကား ဝါးရမ်းပြေး ဘိုးဒန်၏ ရဲစွမ်းပုံကို ဆတ်ဆတ်တုန်အောင် ကြောက်လန့်နေကြလေ၏။

"ဒါလောက် စွမ်းနေတဲ့ လူတစ်ယောက်ကို ဖမ်းလို့ မရနိုင်ပါဘူးကွာ။ သေနတ်နဲ့ ကပ်ပစ်တာမှ မသေတဲ့နောက် ဘယ့်နယ်လုပ်ဖမ်းမလဲ။ အရင်တုန်းက စံဖဲနာမည်ကြီးမဲ့သာ ကြီးနေတာ ဘိုးဒန်လို တစ်ခါမှ အနားကပ်ပြီး သေနတ်ပြောင်း အဖြုတ်မခံရသေးဘူးကွ။ ဒါကမှ တကယ့်လူစွမ်းကောင်း"
ဟု တိုးတိုးတိတ်တိတ် ကြိတ်ပြောသူက ပြော၍ အချို့ကလည်း...

"အလကားပါကွာ ဒီကောင်က စွမ်းတာ မဟုတ်ပါဘူး။ လာဖမ်းတဲ့ ပုလိပ်တွေက အသုံးမကျတဲ့ ဟာတွေမို့ သူတို့ဟာသူတို့ လန့်နေတာပါ။ သေသေချာချာ ဖမ်းတဲ့နောက် မိလွန်းလို့မှ မရှိဘူး"
ဟု ပြောသောအခါ အချို့က...

"အမယ်လေး... ဒီလူ ဘယ့်နယ်တွေ လျှောက်ပြောနေတာလဲ ဟိုက ကိုယ်ပျောက်တတ်တယ် သေနတ်စားလဲ ပီးတယ်။ ဒီလောက် အစွမ်းကောင်းတဲ့ လူဆိုတာ သူ့အကြောင်းကွယ်ရာတောင် ပြောမဖြစ်ဘူး။ ဟိုက နားကျပ်ရတယ်တဲ့ ကြားသွားလို့ ခင်ဗျားကို လာသတ်မှ လုနေမယ်"
ဟု စိုးရိမ်စွာ သတိပေးသူက ပေးနှင့် အတော်ကလေး ပါးစပ်အလုပ်များနေကြ၏။

ဘိုးဒန်၏ သတင်းကား တစ်နေ့တခြား ကြီးလာတော့၏။ သတင်းကြီးခြင်းကြောင့်ပင် ဘိုးဒန်၏ အစွမ်းများကို တစ်ဆင့်စကား တစ်ဆင့်နားနှင့် သတင်းကျယ်ပွားလေ၏။ ဆိပ်ပေါက်ရွာက မယားနဲ့ လင်ငယ်ကို ထောင်ထဲက တိတ်တိတ်ထွက်ပြေးလာပြီး သတ်ပစ်တဲ့ တောပုန်း ဝါးရမ်းပြေး ဘိုးဒန်ဆိုတာ အင်မတန် လူစွမ်းကောင်းသတဲ့။ ပုလိပ်တွေ တပ်နဲ့ ဝိုင်းထားတာတောင် ကိုယ်ဖျောက်ပြေးသတဲ့။ ရာဇဝတ်အုပ်ဖို့ ပြင်ထားတဲ့ ထမင်းစားပွဲကြီးကို ပြောင်အောင် ဝင်စားသွားသေးသတဲ့။ ဆိပ်ပေါက်ရွာမှာ သူ့ကို ဖမ်းရအောင် စတဲချနေတာ သိလျက်နဲ့ ရွာထဲ ညတိုင်းဝင်လာသတဲ့။ တောထဲမှာ ဟင်းရွက်ခူး ထင်းရောင်းလာတဲ့ လူတွေလဲ ရိပ်ခနဲ ရိပ်ခနဲ အမြဲ တွေ့လိုက်တာပဲတဲ့။ ဘယ်လောက် ရဲသလဲ သတ္တိနည်းတဲ့ အကောင်သာဆိုရင်၊ ပုလိပ်နဲ့ ဝေးရာသို့ ပြေးမှာပေါ့ဟူသော ကျော်စောသတင်းတွေ ဆူဝေလျက်ရှိလေ၏။

အချို့ကလည်း ဘိုးဒန်၏ အစွမ်းသတ္တိကို ချီးမွမ်းသည့်အပြင် ဘိုးဒန်မှာ ရွာသားများကို ယနေ့ထက်တိုင်အောင် ရန်မရှာခဲ့သေးပဲ တောထဲတွင် ရိပ်ခနဲ တွေ့ရသူများကိုလည်း အနည်ငယ်မျှ ရန်မမူသဖြင့် ပုလိပ်မှတစ်ပါး ဘိုးဒန်ကို မိအောင် ဖမ်းဆီးရန် မကြိုးစားကြပေ။ အချို့မှာ ဘိုးဒန်၏အစွမ်းကို ချီးမွမ်းရမှ တစ်စတစ်စ ဘိုးဒန်အား မေတ္တာတိမ်းညွတ်သွားကြပြီး ဘိုးဒန်ကသာ တောပုန်းလူဆိုး အသင်းကြီး ဖွဲ့စည်းမည်ဆိုပါက ထိုသူတို့မှာ စိတ်အားထက်သန်စွာ ပါဝင်ကြမည်ကဲ့သို့ပင် ဖြစ်နေကြလေ၏။

ပုလိပ်များကို ပြောင်ထားကာ ဘိုးဒန်၏ အစွမ်းကောင်းပုံကို ချီးမွမ်းကြ၏။ ကိုဘိုးကွန်း အမှုးရှိသော အထူးပုလိပ်ဝတ္တရားနှင့် ရောက်လာကြသူ ပုလိပ်အရာရှိများမှာ မခံချည့်မခံသာ မျက်နှာပူစွာ နေကြသည့်အပြင် ယခုထက်တိုင် ဝါးရမ်းပြေး ဘိုးဒန်ကို တွေ့ရလျက် မမိရပါမည်လားဟု အထက်လူကြီးများ၏ ဆူပူကြိမ်းမောင်း ထုချေလွှာ အတောင်းခံရလေ၏။

အကြီးအကဲပြုသူ ရာဇဝတ်အုပ် ကိုဘိုးကွန်းမှာ တရားခံကို ဖမ်းမမိ၊ အထက်လူကြီး၏ အပြစ်တင်ခြင်းကိုလည်း မခံဝံ့နှင့် မလွန်သာ မလူပ်သာအောင် ဖြစ်ရလေတော့၏။ အထက်အရာရှိများထံသို့လည်း ယခင်က တောပုန်းစံဖဲကဲ့သို့ သတင်းကြီး၍ အစွမ်းကောင်းလှသော တရားခံဖြစ်ပါကြောင်း၊ သို့အတွက် ရုတ်တရက် မမိနိုင်ဘဲ သေနတ်ဖျားမှ သီသီလွတ်သွားရကြောင်းများနှင့် ဘိုးဒန်အား ခပ်သဲသဲကလေး အစီရင်ခံစာရေးပြီး စစ်ပုလိပ်အကူအညီများကို နောက်ထပ်ပေးရန် တောင်းခံလေ၏။

ကိုဘိုးကွန်း၏ အစီရင်ခံစာအရ စစ်ပုလိပ်များလည်း မကြာမီ ထပ်၍ ရောက်လာကြလေ၏။ ဤအခါတွင် ကိုဘိုးကွန်းမှာ မနေသာတော့ချေ။ မမိလျှင် မိမိဖျင်းညံ့ရာ ကျချေတော့မည်။ ဇက်ရဲလှသော ဘိုးဒန်ကို အသေရရ အရှင်ရရ အဓမ္မဒလကြမ်း နှောင်ဂိုန်ရိုက်၍ ဖမ်းတော့မည်ဟု လက်သီးလက်မောင်းတန်းကာ စစ်ပုလိပ်နှင့် အမှုထမ်း ပုလိပ်တို့အား ဘိုးဒန်လာတတ်သော အိမ်ကို တစ်ခါတည်း နေညမဟူ ဝိုင်းထားတော့၏။ ဘိုးဒန်ကား ရွာထဲသို့ မပေါ်လာတော့ချေ။ ရွာပြင်တောစပ်မှ မကြာခဏ ကိုယ်တိုင်လာ၍ ပြကြောင်း ကြားရပြန်၏။

သူကြီးအိမ်မှ မောင်းထု၍ ရွာသားတွေကို စုခေါ်ပြီး မင်းတို့အားလုံး ရွာထဲကို လူဝင်လူထွက် စောင့်ကြည့်ရမယ်။ ငါတို့ ပုလိပ်ဖက်က တောထဲမှာ တောနင်းရှာနေတုန်းကို ဟိုကောင်ရွာထဲဝင်လာတယ် ကြားရင် မင်းတို့တာဝန်ပဲ။ မင်းတို့ မရရအောင် ဖမ်းထားရမယ် ဟုဆိုကာ ကိုဘိုးကွန်းတို့ ပုလိပ်တပ်မှာ လက်နက်ရိက္ခာအပြည့်အစုံနှင့် တောနင်းကြလေ၏။ ရွာတွင်ကား သူကြီးနှင့် ရွာသားများမှာ ဘိုးဒန်အတွက် ဘေးကြပ်နံကြပ် တာဝန်ကြီးကျလာသဖြင့် ရွာဝတွင် အလှည့်ကျ စောင့်ဆိုင်းနေရတော့၏။ ၎င်းတို့မှာ ပုလိပ်တစ်မျိုး ကြောက်ရ ဘိုးဒန်ကို တစ်မျိုးကြောက်ရနှင့် ဆူးကြားသီးတဲ့ ဖူးလို မလွန်သာ မလူပ်သာအောင် ရှိရှာကြ၏။ ဘိုးဒန်လာလျှင် ဖမ်းလည်း မဖမ်းဝံ့၊ မိအောင်လည်း မဖမ်းနိုင်၊ မဖမ်းဘဲ ထိုင်ကြည့်နေပြန်လျှင်လည်း ပုလိပ်တော်မင်းများက ဝါးရမ်းပြေး ကူညီအားပေးမှုနှင့် အရေးယူပြန်ဦးတော့မည်။ ငါတို့မှာ ဘယ်ဆီကမှ မသက်သာပါကလား။ နေ့ခင်းလယ်လုပ် ယာလုပ်သွားရလို့ ပင်ပန်းတာတစ်မျိုး၊ ညညအမောအပန်းကလေးမှ မဖြေရ၊ ဘိုးဒန်စောင့်ရသည်။ မဖမ်းပြန် ပုလိပ်ကလက်ထိပ်ခတ်မှာ ကြောက်ရတာ တစ်မျိုးနှင့် အမျိုးမျိုး စိတ်ရှုပ်နေရှာကြရာ နောက်ဆုံးမှာ သက်သာရအရဆုံးသော နည်းဖြစ်သည့် ဘိုးဒန်မလာပါစေနဲ့ဗျာ ဟူသော ဆုကိုသာ တောင်းနေမိကြလေတော့၏။

အများ၏ ဆုတောင်းပင်ပြည့်လေသလား မသိ။ ဘိုးဒန်ကား ရာဇဝတ်အုပ် ကိုဘိုးကွန်းတို့ တောနင်းထွက်သွားသော နေ့ကစပြီး ရွာသို့လည်းမလာ၊ ရွာပြင်တောစပ်မှာလည်း မတွေ့ရဖြစ်နေသဖြင့် ကြာသော် ရွာသူရွာသားများမှာ တောထဲတွင် ဘိုးဒန်နှင့် ပုလိပ်တပ်တို့ မည်သို့မည်ပုံများ ဖြစ်နေကြသလဲဟု အမြဲနားစွင့်၍ နေကြရင်း ရွာတွင်းရွာပြင်မှာလည်း သူကြီး၏ အာဏာအရ အလှည့်ကျ ကင်းစောင့်၍ နေကြရလေတော့သတည်း။

ကိုဘိုးကွန်းမှာ နောက်ပါ စစ်ပုလိပ် အမှုထမ်းပုလိပ် မြောက်မြားစွာနှင့် ဘိုးဒန်ကို တောနင်းရှာခဲ့ရာ တစ်ရက်နှစ်ရက် ကျူးလာသည့်တိုင်အောင် ဘယ်သို့သော အစအနမျှမရအောင် ရှိခဲ့လေ၏။ သို့နှင့် သုံးရက်မြောက်သောနေ့တွင်ကား ခါတိုင်းကဲ့သို့ပင် သေနတ်များ ချိန်ရွယ်လျက် စစ်တက်သကဲ့သို့ ခြေသံကြားရအောင် တဖြည်းဖြည်း ချောင်းကာ ချုံကြိုချုံကြားမှ တိတ်ဆိတ်စွာ လာခဲ့ကြစဉ်

ကိုဘိုးကွန်းသည် ရှေ့မှဆီးကြိုနေသော ရေစပ်သဲချောင်းကလေး တစ်ခုကို တွေ့မြင်ရသောကြောင့် မိမိလူများအား ချုံကြိုချုံကြားတွင် ဝပ်နေစေပြီး...

"ဟေ့... ကောင်တွေ ရှေ့ကိုကြည့်နေကြ၊ ဒီချောင်းကလေးထဲကို ဟိုကောင် ဘယ်နည်းနဲ့မဆို ရေလာသောက်လိမ့်မယ်ထင်တယ်။ မြင်လို့ရှိရင် မင်းတို့တစ်တွေ တစ်ခါထဲသာ ချိန်ပြီးပစ်ဟေ့။ အသေရအောင် ဖမ်းရမယ်။ ညှာမနေနိုင်တော့ဘူး။ တို့လဲ တောထဲတောင်ထဲ အစာငတ်ဘာငတ်နဲ့ ဒုက္ခဖြစ်လှပြီ။ ရှေ့လမိုးကျလာရင် ငှက်ဖျား ဖျားလာမှာ ကြောက်ရတယ်။ မတတ်နိုင်ဘူးဟေ့၊ မြင်တာနဲ့ တစ်ချက်ထဲသာ တင်ကြပေတော့"

ဟု တိုးတိုးတိတ်တိတ် ကြိတ်မှာကာ တစီတတန်းကြီး အသင့်ချောင်းမြောင်းနေကြလေ၏။

ကိုဘိုးကွန်းနှင့်တကွ ပုလိပ်အမှုထမ်းများလည်း သေနတ်တွေကို အသင့်ပြင်ကာ အတန်ကြာချောင်း၍ နေကြလေ၏။ ထမင်းအိုးတစ်လုံးချက်ခန့်ရှိလျှင် ဘိုးဒန်မှာ ကိုဘိုးကွန်း ထင်သည့်အတိုင်း ချောင်းစကလေး တစ်ဖက်မှ ပေါ်၍လာလေ၏။ အချိန်ကား နေဝင်ရီးရီ ဖြစ်လေရာ အနောက်တောင်မှ နေစွယ်ကလေးသည် ဘိုးဒန်ထွက်ပေါ်လာသောနေရာသို့ တည့်တည့်မတ်မတ် ချိန်ထိုးသကဲ့သို့ ရှိလေရာ တောစပ်မှ ချောင်းထဲသို့ ဆင်းလာနေသော ဘိုးဒန်မှာ ရွာထဲတွင် တွေ့ရသကဲ့သို့ပင် ပင်အင်္ကျီတုံးလုံး နံငယ်ဖျင် ဒူးဖုံးရုံဆီးတားလျက် လက်တစ်ဖက်မှ ဓားရှည်ကြီးကို ဆွဲကိုင်ပြီး ကြီးမားထွားကျိုင်းသော ကိုယ်ကြီးနှင့် တဖြည်းဖြည်းလာနေသည်ကို တွေ့ရလေ၏။

ကိုဘိုးကွန်းကား သားကောင်ကို တွေ့မြင်ရသော တောမုဆိုးပမာ သူ၏မျက်လုံးများသည် ဝင်းဝင်းပြောင်ပြောင် အရောင်တွေ ထွက်လာလေ၏။ မိမိ၏ ဝဲယာရှိ သေနတ်ကိုင် စစ်ပုလိပ်တို့အား လှည့်၍ အချက်ပေးလိုက်ကာ မိမိ၏ ငါးချက်ထွက် ရိုင်ဖယ်သေနတ်ကို ကျကျနနချိန်ပြီး တစ်ပြိုင်တည်း ရှေ့နောက်ဆက်ကာ တဒိုင်းဒိုင်းနှင့် အချက်ပေါင်းများစွာ ထွက်သွားလေ၏။ ကိုဘိုးကွန်း၏ အထင်ကား ဤမျှသော သေနတ်ချက်ပေါင်းများစွာ တစ်ပြိုင်တည်း ပစ်လိုက်ခြင်းဖြင့် မမှန်သည့် သေနတ်က မမှန်ဘူးထားလိုက်ဦး၊ သုံးမျက်နှာမှာ ဝဲယာညှပ်၍ ပစ်လိုက်သော သေနတ်များမှ တချို့တဝက်မှန်ရုံနှင့်ပင် ဘိုးဒန် ပုံရက်လဲနေပြီး သေနတ်ချက်တွေမှာလည်း မရှင်းဂန်းထိသူလို တစ်ကိုယ်လုံး သေနတ်ချက်တွေက ဇကာကျနေလိမ့်မည်ဟု ထင်လိုက်မိ၏။ ဘိုးဒန်ကို သေနတ်မီးများအကြားမှာ စိတ်အားထက်သန်စွာ လှမ်းကြည့်လိုက်သောအခါ မိမိအထင်နှင့်မျက်မြင်မှာ အလွန်ကွာနေသည်ကို တွေ့ရသောကြောင့် အံ့သြခြင်းကြီးမက အံ့လျက် ရုတ်တရက် ကြက်သေနေမိလေ၏။ ကိုဘိုးကွန်းမြင်ရပုံမှာ ဘိုးဒန်သည် သေနတ်မှန်သလိုနှင့် ရှေ့ကို အားယားထိုးကြီးကျသွားရာမှ ရုတ်တရက် လူးလဲထကာ မိမိလာလမ်းသို့ ပြန်ဝင်ပြေးသည်ကို တွေ့ရလေသည်။

"ဟ... ဘယ့်နယ်လဲ ပြေးပါကလား"

ဟုယောင်အော်လိုက်ပြီးမှ ပုလိပ်တွေကလည်း...

"ဟာ ပြေးပေတဲ့ မှန်သွားတယ် ဆရာ၊ ဒီကောင် ကြာကြာမပြေးနိုင်ဘူး လိုက်ရင်မိမယ် လိုက်ရအောင် ဆရာ"

ဟု ဆိုကာ ကိုဘိုးဒန်ပြေးသွားသောနောက်သို့ အပြေးအလွှား ချီတက်လိုက်ပါသွားကြပြန်လေ၏။

ကိုဘိုးကွန်းနှင့် ပုလိပ်များလည်း ချောင်းတစ်ဖက်ရှိ စစ်တပ်ကို လမ်းကြောင်းခွဲ၍ ပိုက်စိပ်တိုက်သလို လိုက်ကြသော်လည်း ဘိုးဒန်မှာ အစပျောက်သွားပြန်လေ၏။ ကိုဘိုးကွန်းလည်း

လက်မတင်ကလေး လွတ်ထွက်သွားသောကြောင့် ဒေါ်ပွကြီးပွကာ ရှေ့သို့သာ စိတ်ဆောင်ပြီး အလောတကြီး လိုက်လေ၏။ လိုက်ရင်းလိုက်ရင်းနှင့်ပင် ကိုဘိုးကွန်းနှင့် စစ်ပုလိပ်များမှာ လူစုကွဲမှန်းမသိ ကွဲလာပြီး အားလုံးပင် တစ်ယောက် တခြားစီ ဖြစ်လာကြလေ၏။

ကိုဘိုးကွန်းကား မိမိနောက်မှ ပုလိပ်များပါသည်ထင်ကာ ရှေ့သို့သာ အာရုံစိုက်ပြီး သေနတ်ကြီး မောင်းတင်၍ လိုက်ချောင်းနေ၏။ ဟိုချုံထဲမှာ ရှိမလား၊ ဒီသစ်ပင်ကွယ်မှာ ပုန်းနေမလားဟု မျက်စိနှင့်နားကို များစွာ အလုပ်ပေးထားလေသည်။ သို့နှင့် အနည်းငယ် ဆက်လက်၍ လာခဲ့ပြန်ရာမှ ရှေ့က မိုးနံ့ချုံပုတ်တစ်ခုတွင် တလှုပ်လှုပ်ဖြစ်နေသည်ကို တွေ့ရသောကြောင့် ကိုဘိုးကွန်းမှာ စိတ်အားထက်သန်စွာ ခွေးမသား ဒီချုံထဲက ဘယ်ပြေးနိုင်မလဲ၊ အသေပေါ့ကွာဟု တစ်ယောက်တည်း ကြိမ်းဝါးလျက် သေနတ်မောင်းကို ဖြုတ်တော့မည်အပြုတွင် ချုံထဲမှ လွှားခနဲ ခုန်ထွက်လာသော ရှဉ့်နှစ်ကောင်ကို မြင်ရမှ ဟင်ခနဲ အားလျော့သွားလေ၏။ အချိန်ကား နေလုံးလုံး မဝင်သေးသဖြင့် ကွဲပြားစွာ မြင်နိုင်သေး၍ ခုန်လွှားပြေးသွားသော ရှဉ့်ကလေးကို ငေးကြည့်နေမိစဉ် ကိုဘိုးကွန်းမှာ မိမိနောက်ကျောကို အေးစက်သော လက်ကြီးတစ်ခုဖြင့် ဗျန်းခနဲ အရိုက်အခံလိုက်ရသဖြင့် နောက်သို့ ချာကနဲ လှည့်ကြည့်သောအခါ ဝက်မွေးပမာ ထိုးထိုးထောင်ထောင် ထွက်နေသော မုတ်ဆိတ်ကျင်စွယ်အများနှင့် အသားညိုညို ဖောသွပ်သွပ်မျက်နှာကြီးတွင် ချွေးသီးချွေးပေါက်တွေ အစွဲသားနှင့် သွားကြီးဖြဲပြီး မချင့်မရဲ ရယ်ပြနေသော တောပုန်းဝါးရမ်းပြေးကြီး ဘိုးဒန်ကို တွေ့မြင်ရလေ၏။

ကိုဘိုးကွန်းမှာ တောထဲသို့ ကျားပစ်ရန်လာသူ ကျားနှင့်နီးကပ်စွာ ရင်ဆိုင်လာ၍ တွေ့ရဘိအလား ရုတ်တရက်အားဖြင့် ကြောက်ဒူးများ တုန်နေသကဲ့သို့ ကြက်သေသေနေလေ၏။ ဘိုးဒန်၏ မျက်နှာကြီးမှာ ဆန်ကောတမျှ ကြီးမားပွရောင်းလာသည် ထင်ရပြီး ကိုယ်ကြီးမှာလည်း သာမန်လူထက် တဆလောက် ကြီးမားထွားကျိုင်းလျက် လက်တစ်ဖက်က မချတမ်းကိုင်ထားသော ဓားကြီးမှာလည်း သွေးစေးတွေ နီရဲနေသကဲ့သို့ ထင်ရပြီး လက်ထဲက သေနတ်ကိုပင် သတိမရ ဘိုးဒန် ငါ့ကို ဘယ့်နှယ်များ လုပ်မလို့ပါလိမ့်ဟု နလုံးသားသိမ့်သိမ့် တုန်နေလေ၏။

ဘိုးဒန်၏ မျက်နှာကြီးမှာ မရှိမဆန့်နှင့် ဒေါသဖြစ်ရာမှ ကြိုးကြိုးစားစား ရယ်ရပုံကြီးမျိုးကို မြင်ရပြီး မိမိအနားသို့ ၎င်း၏ မျက်နှာကြီးနီးမှန်းမသိ နီးကပ်လာသည့်အတွက် ကိုဘိုးကွန်းမှာ ရုတ်တရက် ခေါင်းကြီးပြီး ကြက်သီးတွေ ဖျန်းခနဲ ထလာရာမှ လက်က သေနတ်ကို သတိရပြီး တုန်တုန်ရီရီ ကြောက်ကြောက်လန့်လန့်ကြီးနှင့် မောင်းကို နိပ်ချလိုက်မိသည်တွင် ဒိန်းဟိန်းဟိန်းဆိုသော အသံကြီး ထွက်ပေါ်လာပြီး ဘိုးဒန်လည်း လန့်ဖျပ်သွားသလို ခုန်ပေါက်ကာ ချုံကလေးတစ်ခုနောက်၌ ပျောက်ကွယ်၍ သွားလေတော့၏။

ကိုဘိုးကွန်းမှာလည်း ကတုန်ကယင်ကြီး ဖြစ်ကျန်ရစ်လေ၏။ မိမိနောက်တွင် အဖော်တစ်ယောက်မျှ မပါပဲ တောထဲ၌ ဘိုးဒန်နှင့် လက်ပူးလက်ကြပ်တွေ့ရသောအခါ အဘယ်မျှကြောက်လန့်သွားမိသည်ကို သတိရ၏။ ကိုဘိုးကွန်း၏ သေနတ်သံကြောင့် မနီးမဝေးတွင် တစ်ယောက်တကွဲစီ သဲသဲမဲမဲရှာဖွေနေသော ပုလိပ်တွေလည်း နီးရာမှ စုပြေးလာကြ၏။

"ဆရာ... ဆရာ... ဘယ်မလဲ မိပြီလား"

ဟု ဝိုင်းမေးမှ ကိုဘိုးကွန်းမှာ တွေတွေကြီး ရပ်နေရာက သတိဝင်လာလေ၏။ တပည့်တွေကိုမြင်မှ ကပျာကယာ ကွန္တေဆယ်ကာ...

"ဟိုကောင်... ဟိုကောင် ငါတွေ့လို့ ပစ်လိုက်တာ ခုပဲ ဟိုဘက်ထွက်ပြေးတယ်ဟေ့"

ဟုပြောလိုက်စဉ် တစ်ဖက်မှ...

"အမယ်လေးဗျ။ ဒိုင်း... ဒိုင်း"

ဟု အော်သံရော သေနတ်သံပါ ပေါ်ထွက်လာပြန်၍ အားလုံး အသံကြားရာသို့ ပြေးသွားကြလေ၏။

စစ်ပုလိပ်တစ်ယောက်မှာ သေနတ်ကြီးကိုင်လျက် တုန်တုန်ရီရီကြီး ဖြစ်နေသည်ကို တွေ့ရသဖြင့် ကိုဘိုးကွန်း ခေါင်းဆောင်ကာ...

"ဟေ့ကောင် ဘာတုံး၊ ဘာဖြစ်တာတုံး"

ဟု ဝိုင်းမေးမှ ပုလိပ်လည်း ထိတ်လန့်တုန်လှုပ်နေရာမှ သတိရလာပြီး...

"အမယ် ဆရာရဲ့၊ ကျွန်တော်နဲ့ နှစ်ယောက်ထဲ လာတွေ့နေတယ်။ ဓားကြီးကိုင်ပြီး ကျွန်တော့်ကို ပြုံးစိစိကြီး ကြည့်နေလိုက်တာ သိပ်ကြောက်စရာကောင်းတာပဲ။ ဒါနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ပဲ သေနတ်မောင်းဖြုတ်လိုက်တာ ဘိုးဒန်တော့ ဟောဟိုဘက် စွပ်ပြေးလေရဲ့ ဆရာ"

ဟု ခရီးဝေးကြီးက ပြေးလာသူအလား၊ ဟောဟဲလိုက်ကာ ကတိုက်ကရိုက်ကြီး ပြောလေ၏။ ကိုဘိုးကွန်းလည်း မိမိဖြစ်ပုံနှင့် ကိုယ်ချင်းစာမိလေ၏။

ထိုခဏ၌ တစ်ဖက်ဆီမှ စူးစူးဝါးဝါး အော်လိုက်သောအသံတစ်ခုကို ကြားရပြန်ရာ ကိုဘိုးကွန်းတို့ လူစုလည်း အသံလာရာသို့ ပြေးကြပြန်၏။ စစ်ပုလိပ်တစ်ယောက်မှာ ရိုင်ဖယ်သေနတ်ကြီးကိုင်လျက် ပက်လက်လန်ကာ ယက်ကန်ယက်ကန်နှင့် တက်နေလေ၏။ ရောက်လာသူတို့ ဝိုင်းနှိပ်ကြမှ သတိရလာလေ၏။

"ဟေ့ကောင်... သေနတ်ကြီးကိုင်ပြီး ဘယ့်နှယ်ဖြစ်နေရတာလဲ"

ဟု ဆွဲထူလှုပ်မေးကြမှ စစ်ပုလိပ်မှာ တထိတ်ထိတ်ခုန်နေသော ရင်ကိုဖိကာ...

"အမယ်လေး ဘိုးဒန်ဆရာရဲ့ ဘိုးဒန်၊ ကျွန်တော်နဲ့ နှစ်ယောက်လာတွေ့တယ်။ သူ့ကိုယ်ကြီးက မည်းမည်းကြီး မျက်နှာကြီးက ပြဲပြဲကြီး"

ဟု ပြောနေစဉ် စကားမဆုံးမီ တစ်ဖက်ဆီမှ စူးရှကျယ်လောင်သော အော်သံတစ်ခု ပေါ်လာပြန်ရာ ကိုဘိုးကွန်းတို့မှာ အသံလာရာသို့ ပြေးကြရပြန်လေ၏။

သေနတ်ကြီးကိုင်လျက်က နတ်ကျသလို တဆတ်ဆတ်တုန်နေသော ပုလိပ်တစ်ယောက်ကို တွေ့ရသည်။

"ဟေ့... ဘာလဲ"

ဟု မေးပြန်ရာ...

"ဖြူဖြူကြီးဆရာ ဖြူဖြူကြီး၊ ကျွန်တော့်အနား ဝါးခနဲဆို လာလှန့်သွားတယ်။ ကျွန်တော်လဲ သေနတ်ကြီးကိုင်လျက်က ဆတ်ဆတ်တုန်အောင် ကြောက်သွားတာပဲ ဘာလဲမသိဘူး ဆရာရဲ့"

ဟု လှိုက်လှိုက်လှဲလှဲကြီး ပြောလေ၏။ ထိုခဏ၌ ကွဲနေသော ပုလိပ်များလည်း အားလုံးစုမိကြ၏။ ကိုဘိုးကွန်းနှင့် ပုလိပ်များမှာ ဘိုးဒန်အရှုံးလုပ်သမျှ ခံနေရသဖြင့် မခံချိမခံသာလည်းဖြစ်ရ၊ ဖမ်းမမိနိုင် သေနတ်နှင့် မထိနိုင်၍လည်း အခက်ကျပြီး၊ ဤမျှအစွမ်းကောင်းနေသူနှင့် ဖက်ပြိုင်ရန်မှာလည်း

တဖြည်းဖြည်း ကြက်သီးမွေးညှင်းများ ထလောက်အောင် ထိတ်လန့်ကြောက်ရွံ့လာလေတော့၏။ သို့ရာတွင် ကိုဘိုးကွန်းမှာ ဟန်မပျက်စေပဲ လက်နက်လူသူ စုရုံးလာသဖြင့်လည်း တနည်းအားတက်ကာ...

"တောက်... ဒီကောင် သိပ်ဇက်ရဲတာပဲကွာ။ တို့အနားမှာ အမြဲရစ်နေတာပဲ။ ကဲ... ကဲ... လာကွာ ဒီအကောင် ဘာမို့လဲ၊ တစ်နေ့တော့ မိရမှာပဲ။ လာလိုက်ကြဦးစို့"

ဟု ကြုံးဝါးကာ လိုက်ရန်ဟန်ပြင်လိုက်လေ၏။ တပည့်များလည်း ကိုယ်စီကြောက်နေကြရာမှ ဆရာကဲ့သို့ပင် ဟန်တပြင်ပြင်နှင့် ရောယောင်ကြကာ...

"လိုက်တာကတော့ ဟုတ်ပါရဲ့ ဆရာ၊ ဘယ်ဘက်ကို လိုက်မလဲ၊ ဟိုကောင် ပြေးတာ ဘယ်ဘက်ပြေးတုန်း ဆရာရဲ့"

ဟု မေးနေစဉ်...

တစ်ဖက်မှာ ဟီဟီဟီဟု အသံကွဲကြီးနှင့် လှောင်ရီရီလိုက်သံကြားရ၍ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ကြသောအခါ နံငယ်ပိုင်းကို ဝတ်ထားသော ဘိုးဒန်လည်း ကိုင်ထားသော ဓားမကြီးကို မြှောက်ကာမြှောက်ကာ ပြလျက် သူ ဒီမှာရှိသည်ဆိုသော အထိမ်းအမှတ် ပြနေလေ၏။ ကိုဘိုးကွန်းနှင့် ပုလိပ်တို့သည် ဟော ဟိုမှာ ဟုဆိုကာ သေနတ်တွေနှင့် ချိန်ကာ တဒိန်းဒိန်း ပစ်ရင်း လိုက်လာသော နောက်က ပုလိပ်များအား မကြာခဏလှည့်ကာ လက်ယပ်ခေါ်သလို သရော်သလိုနှင့် လုပ်၍ သွားလေရာ ကိုဘိုးကွန်မှာ မခံမရပ်နိုင်အောင် ဒေါ်ပွ၍ သေနတ်ခလုပ်ကိုသာ တစ်ချပြီးတစ်ခု ဖြုတ်ရင်း ရှေ့ဆုံးမှ ခေါင်းတယ်၍ လိုက်ခဲ့လေ၏။

ကုန်း၊ ကျင်း၊ ခလုတ်၊ သစ်ငုတ်၊ ဆူးညှောင့်များကို တုံးတိုက်တိုက် တိုင်တိုက်တိုက်သဘောနှင့် ဒရောသောပါး လိုက်လာခဲ့ရာ တောနက်ကြီးထဲသို့ ရောက်မှန်းမသိ ရောက်လာပြီး ထိုအချိန်တွင် နေလည်း လုံးလုံးဝင်သဖြင့် မမြင်မကန်း အမှောင်တွေ ဖုံးလွှမ်းလာလေရာ ဘိုးဒန်ကိုလည်း လုံးလုံးသား မျက်ခြည်ပြတ်သွားလေ၏။ ကိုဘိုးကွန်းတို့မှာ ထိုအခါမှပင် မောမှန်းပန်းမှန်း သိကြပြီး လွယ်ထားသော ဗူးထဲက ရေများသောက်ကာ မြေပေါ်ဖင်ထိုင်၍ အမောဖြေရင်း အမှောင်ကို လင်းစေခြင်းငှာ သစ်ကိုင်းခြောက်များ စုပုံပြီး မီးဖိုကြီးတစ်ခု ဖိုကြလေ၏။

မီးအလင်းရောင်ကြောင့် မိမိတို့ရောက်နေသော တောကြီးမှာ အဓိကရ သစ်ပင်ကြီးများဖြင့် ဖုံးလွှမ်းထားကြောင်း သိရလေ၏။ မီးဖိုကြီးမှာလည်း သစ်ရွက်ခြောက်များ အရှိန်ကြောင့် မီးတောက်ကြီးများမှာ လူတစ်ရပ်စာမျှ မြင့်မားပြီး မိမိတို့ပတ်ဝန်းကျင်တစ်ဝိုက်မှာပင် လင်းထိန်နေတော့၏။ ထိုခဏ၌ ပုလိပ်တစ်ယောက်က...

"ဟော... ဟော ဟိုမှာ... ဟိုမှာ လာပြန်ပြီ"

ဟု ပြောသဖြင့် ကိုဘိုးကွန်းနှင့် လူအများလည်း ပြရာသို့ ကြည့်ကြရာ မနီးမဝေး မီးရောင်အလင်း၌ ဓားကြီးကိုင်ကာ ပြုံးစိစိ မျက်နှာကြီးနှင့် ရပ်ကြည့်နေသော ဘိုးဒန်၏ ပုံသဏ္ဌာန်ကို တွေ့မြင်ရပြန်လေ၏။

"ဟေ့ ပစ်ကြကွာ တညီတညွတ်ထဲဟေ့ (ဝမ်း၊ တူး၊ သရီး)"

ဟု ကိုဘိုးကွန်းက ခေါင်းတည်ကာ သေနတ်တွေ တစ်ပြိုင်နက်တည်း မောင်းဖြုတ်လိုက်ရာ တစ်တောလုံး ဟိန်းသွားလေ၏။ ဘိုးဒန်ကား သေနတ်မှထွက်လာသော မီးခိုးများနှင့် ရောထွေးကာ ဘယ်ဆီသို့ ရောက်မှန်းမသိ ပျောက်ကွယ်သွားလေတော့၏။ ကိုဘိုးကွန်းမှာ စိတ်ပျက်လက်ပျက် ဖြစ်လာလေ၏။

"ဒီအကောင်ဟာ တကယ်ပဲ သေနတ်ပြီးနေပါပြီကွာ၊ ဒီလိုသာ ဖမ်းနေရင် တစ်သက်လုံး မိမှာ မဟုတ်ဘူး။ ဓာတ်ငွေ့ပါတဲ့ ယမ်းတောင့်နဲ့ပစ်ဖမ်းရင်တော့ ရချင်ရမလား မသိပါဘူးကွာ"
ဟု ညည်းမိရှာတော့၏။

ထိုခဏ၌ မီးပုံကြီးထဲသို့ မြေစိုင်ခဲကြီးတစ်လုံး အုံးခနဲ ကျလာလေ၏။ ကိုဘိုးကွန်းလည်း ခဲလာရာသို့ မှန်းကာ တစ်ချက်ပစ်လိုက်ပြန်ရာ နောက်ထပ် မြေစိုင်ခဲနှစ်လုံး ကျပြန်၏။ သေနတ်တစ်ချက် ပစ်ပြန်ရာ နောက်ထပ် မြေစိုင်ခဲလေးလုံး ကျလာ၏။ သို့နှင့် တစ်ချီထက်တစ်ချီ တစ်ဆ တစ်ဆ တိုး၍ ကျလာရာ တဟုန်းဟုန်း တောက်နေသော မီးပုံကြီးမှာ မြေစိုင်ခဲတို့ ဖုံးလွှမ်းမိ၍ မီးရောင်ပျောက်ကွယ် မှေးမှိန်ပြီး မှောင်ကြီးကျသွားလေ၏။ မီးရောင် မှိတ်သွားသောအခါ၌မူကား မြေစိုင်ခဲများ ကျမလာတော့သဖြင့် အတော် သက်သာစရာ ရသွားလေ၏။ မီးကို ထပ်ထည့်မည်ကြံရာ တချို့က မြေစိုင်ခဲတွေ ကျလာမှာ စိုးရိမ်သည့်အတွက် မှောင်ထဲမှာပင် ထိုညအဖို့ လူစောင့်နှင့်လဲ၍ အိပ်ကြရန် တိုင်ပင်ကြလေ၏။

အားလုံးအညောင်းပြေ လှဲမိကြသောအခါ လေအေးကလေးကလည်း တသုံ့သုံ့ တဖြူးဖြူး တိုက်လာလေ၏။ လေအေးထဲမှာ အလွန်ဆိုးဝါး ပုပ်ဟောင်လှသော လူသေကောင် ပုပ်နံ့ကဲ့သို့ အနံ့ဆိုးကြီးတစ်ခု ပါလာလေရာ ကိုဘိုးကွန်းတို့ လူစုမှာ အသက်မရှူနိုင်အောင် ပုပ်ဟောင် နံစော်ခြင်းကြောင့် တဝေ့ဝေ့ ဖြစ်နေကြသောကြောင့် မည်သူမျှ အိပ်မပျော်နိုင်ကြတော့ပေ။ အချိန်ကား ကြာလေ ကြာလေ ညဥ့်နက်၍ လာလေ၏။ တောသံတောင်သံများ ဟိန်းလာပြီး တောတန်းတောင်တန်းတွင် မှီတင်းနေထိုင်ကြကုန်သော သတ္တဝါကြီးငယ်တို့၏ ဟိန်းဟောက်ညည်းညူသံတွေလည်း ဆူညံလာလေ၏။ ကျားဟိန်းသံ၊ သစ်ကြုတ်သံ၊ ဝက်ဝံအော်သံတွေ တစ်ချက်တစ်ချက် အငိစိပွက်သလို ညံလိုက်လျက် တစ်ခါတရံလည်း တောကြီး တောင်ကြီးတွေ လန့်ဖြန့်ပြိုကြသော အသံကို ကြားရရာ၊ ကိုဘိုးကွန်းတို့ လူစုမှာ လူတွေများပါလျက် အသက်ရှူမှားအောင် ကြောက်အားပိုမိကြလေ၏။

ထိုခဏ၌ပင် ၎င်းတို့နှင့် မလှမ်းမကမ်းနေရာဆီမှ တောခွေးအတွေ ဝမ်းနည်းကြေကွဲစွာ အူကြသော အသံတွေ ပေါ်လာလေ၏။ ကိုဘိုးကွန်းလည်း အရပ်လေးမျက်နှာ မှောင်တိုက်ထဲသို့ လှည့်ကြည့်မိပြန်ရာ မိမိတို့ နေရာ၏ လက်ဝဲဘက် မှောင်ထဲတွင် မီးခဲတမျှ နီရဲဝင်းပြောင်လှသော မျက်လုံးအစုံကလေးတွေ မြောက်မြားစွာကို တွေ့ရလေ၏။ မြင်ရသော မျက်လုံးနီရဲရဲကလေးတွေမှာ အားလုံး အထက်သို့ မော်ကြည့်ကြလျက် လှုပ်လှုပ်ယှက်ယှက် အူနေကြခြင်းဖြင့် ထိုသတ္တဝါတွေမှာ တောခွေးတွေ ဖြစ်ကြောင်းသိရ၏။

"ဟေ့... ဟေ့... လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ကြစမ်း၊ ဟောဟို တောခွေးတွေဟာ အပေါ် မော့ကြည့်ကြတယ်။ သစ်ပင်ပေါ်မှာ ဘာရှိသလဲ မပြောတတ်ဘူး။ မီးနဲ့ ထိုးကြည့်ကြစမ်း"
ဟု အမိန့်ပေး၍ အပေါ်သို့ ဓာတ်မီးထိုးကြည့်ကြရာ သစ်ကိုင်းမှ တွဲလွဲဆွဲကျနေသော ဖြူဖြူပွပွ အရာဝတ္ထုကြီးတစ်ခု လေထဲတွင် တန့်နှန့် တအိအိ လှုပ်ရှားနေသည်ကို အောက်က တောခွေးများ မျှော်ကြည့်ကာ အူနေသည်ကို တွေ့မြင်ရလေ၏။

တောခွေးများလည်း ဓာတ်မီးရောင်ကြောင့် လန့်ကာ ထွက်ပြေးကြလေ၏။
"ဟေ့... ဘာကြီးတုန်းကွ၊ သေသေချာချာ မီးထိုးကြည့်ကြစမ်းပါ"
ဟု ကိုဘိုးကွန်းက ပြော၍ လက်နှိပ်ဓာတ်မီးလေးငါးခု စုပြုံ၍ ထိုးကြည့်ကြပြန်၏။

"ဟာ... လူကြီးပဲ ဆရာ၊ ကြိုးကြီးတန်းလန်းနဲ့ ကြိုးဆွဲချသေနေတာပဲ၊ ဟာ... ယောင်ဖောလိုက်တာကြီးကလဲ မြင်မကောင်းပါလား၊ ခြေထောက်ကြီးတွေများ ဆင်ခြေထောက်ကျလို့၊ ဟယ်... အရေတွေရော တစက်စက်ကျလို့ လောက်တွေကလဲ တဖွားဖွားနဲ့ စောစောက ပုပ်စော်နံတာ ဒါကြီးက နံတာကိုး ဆရာရဲ့"

ဟု တစ်ယောက်တစ်ပေါက် ကြောက်ရွံ့အံ့သြစွာ ပြောကြလေ၏။ ကိုဘိုးကွန်းလည်း ရုပ်လက္ခဏာကို သေသေချာချာကြည့်ပြီး...

"ဟေ့... လက်ကဓားကြီးလဲ ဆုပ်ထားရက်ပါကလား၊ ဝတ်ထားတာကလဲ နံ့ငယ်ပိုင်း၊ ဘယ့်နယ်ကြောင့် ဒီလောက်မြင့်တဲ့ သစ်ပင်ကြီးပေါ်တက်ပြီး ခေါင်ဖျားကြီးကနေ ကြိုးဆွဲချရပါလိမ့်။ အို... ငါအခုမှ သတိရတယ်။ ဘိုးဒန်နဲ့ မတူလားဟေ့။ မျက်နှာကို သေသေချာချာ မီးထိုးပြကြစမ်း"

ဟုဆိုရာ မီးများ မျက်နှာဆီသို့ စု၍ ထိုးကြရာ ဖောယောင်ဖောင်းပွနေသော ဘိုးဒန်၏ မျက်နှာကြီးကို တွေ့ရလေ၏။

ဤတွင်မှ အားလုံး ဘိုးဒန်လူသတ်ထွက်ပြေး၍ တောပုန်းလုပ်ရင်း ကြိုးဆွဲချသေဆုံးကြောင်း ရိပ်မိကာ မိမိတို့ တွေ့ရသော ဘိုးဒန်မှာ စွဲလမ်းသော ဇောကြောင့် အယုတ်မဲ့၍ အစိမ်းသေ တစ္ဆေသရဲအဖြစ်နှင့် ဇက်ရဲလက်ရဲ ပြမူ ချောက်လှန့်နေကြောင်း ကောင်းစွာ အရည်လည်ကြတော့လေ၏။ ရာဇဝတ်အုပ် ကိုဘိုးကွန်းအား အထက်အစိုးရများထံသို့ ဘိုးဒန် သေဆုံးနေကြောင်း၊ ရွာတွင်တွေ့ရသော ဘိုးဒန်မှာ နာနာဘာဝဖြစ်ကြောင်း မှန်တိုင်း အစစ်ခံလျှင် အထက်အရာရှိတွေက တစ္ဆေသရဲ ယုံချင်မှယုံမည်။ သည်တော့ ဆုငွေလဲရ နာမည်ကောင်းလဲရအောင် ဘိုးဒန်ကို မိမိတို့ အစွမ်းနှင့် အသေရအောင် ဖမ်းခဲ့ရသည်ဟု အစီရင်ခံရန်နှင့် အလောင်းပုံစံကို ဆေးရုံသို့ ယူလာရန် အကြံရလေ၏။

တပည့်များနှင့် တိုင်ပင်ကာ ပုပ်ပွနံစော်လှသော အလောင်းကြီးကို သယ်ယူသွားရန် ညချင်းပင် ကြိုးဆွဲချထားသော ကြိုးကို သေနတ်နှင့်ချိန်၍ ပစ်လိုက်ရာ အလောင်းကြီးမှာ ကြိုးပြတ်ပြီး ဘုံးခနဲ ကျလာလေ၏။ အလောင်းကြီးသည် မြေပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ထိုးထိုးထောင်ထောင် ထလာသော လှိုဏ်သံပါသော အသံကြီးတစ်မျိုးနှင့် ဟစ်အော်ပြီး လက်ကားယား ခြေကားယားကြီးနှင့် ကိုဘိုးကွန်းနောက်သို့ လိုက်လေရာ ကိုဘိုးကွန်းနှင့် ပုလိပ်သားတွေလည်း တစ်ခါမှ မကြုံဖူးသည့် ကြောက်မက်ဖွယ်ရာကြီး တွေ့ရသောကြောင့် ငယ်သံပါအောင် ဟစ်အော်ကြကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ကြလေ၏။

ကိုဘိုးကွန်းမှာ အကြီးအမှူးဖြစ်သော်လည်း အကြောက်ဆုံးဖြစ်၍ ရှေ့ဆုံးက ပြေးခဲ့သော်လည်း ထပ်ကြပ်လိုက်ပါလာသော အလောင်းကြီးကို မရှောင်သာပဲ ခလုပ်တိုက်လဲရာက ကုန်း၍ ထနေရသည်တွင် နောက်မှ ကျန်ရစ်ခဲ့ပြီး အလောင်းကောင်ကြီး မိမိကိုယ်ပေါ်သို့ ခွစီးမိသည့် အချိန်ကစ၍ သတိမရဘဲ မေ့မြောသွားလေရာ နောက်တစ်နေ့ နေ့ခင်း ပုလိပ်များ တောနင်းရာမှ မေ့မြောပြီး အလောင်းကြီးနှင့်အတူ လဲနေသည်ကို တွေ့ကြရတော့သဖြင့် အလောင်းရော လူပါ မြို့ဌာနသို့ သယ်ပိုးလာပြီး ဖြစ်သမျှကို အစအဆုံး ပုလိပ်အမှုထမ်းများက အစီရင်ခံကြရလေ၏။

ကိုဘိုးကွန်းကား ဆရာဝန်များ ကုသပေးခြင်းဖြင့် သတိရလာသော်လည်း သည်းခြေပျက်ကာ အရူးကြီးလုံးလုံး ဖြစ်သွားရရှာလေ၏။ သားမယားနှင့် မိဘဆွေမျိုးများမှာ တစ်ဆရာမကောင်း၊ တစ်ဆရာပြောင်းဆိုသလို ဝင်္ဂမှေ့ဟောင်းဖြင့် ကြေ၊ ဝင်္ဂသစ်ဖြင့် ပြေပါစေဟူသော စိတ်ထားနှင့်

ကြိုးစားကုသကြရာ သုံးလေးနှစ် ရာသီရှိသော်လည်း သက်သာသည် မရှိပဲ ကိုဘိုးကွန်းမှာ သေနတ်ပစ်ပုံ၊ အလောင်းကောင်ကြီး လိုက်လာပုံတွေကို ရေရွတ်မြည်တမ်းကာသာ အချိန်ကုန်ခဲ့ရှာလေ၏။

နောက်ဆုံးတွင် ကံအားလျော်စွာ ကျွန်တော်၏ ဆရာကြီးနှင့် သူတို့၏ ရင်းနှီးသော မိတ်ဆွေများ တွေ့သွားကြရာက အစပြုလျက် ဘုရားကု၊ သမားကု၊ သမာဓိကု၊ အထက်လမ်းကုနည်းဖြင့် ကုစားခဲ့ရာ ယခုအခါ ကိုဘိုးကွန်းမှာ ကောင်းစွာ ပျောက်ကင်းချမ်းသာသွားရှာပြီး သူတော်သူမြတ်အဖြစ်နှင့် ဘဝခရီးကို ရှန်းတော့မည်ဟု ဆုံးဖြတ်ကာ အစိုးရအလုပ်ကိုလည်း ပြန်ဝင်ခြင်း မပြု၊ သားမယားကိုလည်း လျစ်လျူရှုလျက် ဥရုဝေဠချောင်တွင် ရဟန်းအသွင်နှင့် ကမ္မဋ္ဌာန်းဝင်လျက် ရှိရှာလေတော့သတည်း။

## လူနီကလေး

၁၉၃၉ ခု ဇန်နဝါရီလတွင် ရေးသည်

အုပ်အုပ်မှိုင်းမှိုင်း ဆိုင်းဆိုင်းညို့ညို့ဖြစ်သော သရက်ပင်အုပ်ကြီးတို့အလယ်၌ ရေးတိုက်ပျက်ကြီး တစ်ခုမှာ ရေစကြိုမြို့နှင့် မနီးမဝေး ရှေးခေတ်ကောင်းစဉ်က ဆောက်လုပ်ကိုးကွယ်ကြသော ကျောင်းတိုက်ဟောင်း၊ ကျောင်းတိုက်ပျက်တို့နှင့် မလှမ်းမကမ်းတွင် ရှိလေရာ၊ ၎င်း၏ အခြား ပတ်ဝန်းကျင်များမှာကား နွားစားကျက်နှင့် လက်ပျက်ယာတော တောကုန်း ခင်တန်း သစ်ငုတ်နှင့် ချုံပုတ်ပေါင်းများစွာတို့သာ ဖြစ်လေ၏။ ထိုတိုက်ပျက်ကြီးမှာ ရှေးခေတ်ပင်ဆိုရသော်လည်း မည်သည့်အခါဆီက ဆောက်လုပ်ခဲ့သည်ကို မခန့်မှန်းနိုင်အောင် ရှိလေ၏။ တိုက်ကြီးမှာ လေးပုံသုံးပုံလောက်သော နေရာများမှာ ပြိုကျနေသောကြောင့် အင်္ဂတေ အကျိုးအပဲ့နှင့် အုပ်ပုံကြီးများဖြင့် ပြီးလေ၏။

အုတ်ပြားကြီးတစ်ချပ်တစ်ချပ်မှာ လွန်စွာကြီးမား၍ ကျောက်သားကဲ့သို့ မာကျောလျက်ရှိလေရာ အခန်းတွင်းမှ မျက်နှာကျက်များ အခန်းနံရံများမှ ကျိုးပဲ့ပျက်စီးနေသည်နှင့်တူသော အပိုင်းအစတို့တွင် ချယ်လှယ် မွမ်းမံထားသော ပန်းပု၊ ပန်းပြောက်၊ ယိုးဒယားပန်းခက်နှင့် ဆင်စွယ်ဝန်းယှက်တို့မှာ ရှေးအခါက လက်မှုပညာဘက်တွင် မည်မျှ အထက်တန်းကျခဲ့သည်ကို အထူးထောက်ခံ ပြောဆိုနေသကဲ့သို့ မှတ်ထင်ရလေ၏။ အပျက်အစီးများကလည်း ကျောက်စာအက္ခရာအမှတ်အသားကလည်း မရှိသဖြင့် မည်သည့်ခေတ်က မည်သူဆောက်လုပ်ခဲ့သော အဆောက်အဦးမှန်းလည်း မသိရ၊ လူနေသော နေအိမ် အဆောက်အဦးပင်လော၊ ဘုန်းကြီးရဟန်းအတွက် သက်သက် ဆောက်လုပ်သော အုတ်ကျောင်း ပျက်ကြီးပင်လောဟုလည်း တွေးတော၍မရ၊ အထင်အားဖြင့်ကား ၎င်းတိုက်ပျက်ကြီးနှင့် မနီးမဝေးတွင် ကျောင်းပျက် ဇရပ်ပျက်များ အခံရှိနေသောကြောင့် လူနေအဆောက်အဦးမဟုတ်၊ ကျောင်းသော် လည်းကောင်း၊ ဇရပ်သော်လည်းကောင်း ဖြစ်တန်ရာ၏ဟုသာ အတွေးနှင့်ထင်မှတ်ရတော့လေ၏။

လူသူနှင့်လည်းဝေး၊ သစ်ပင်အုပ်ကြီးတို့ဖြင့်လည်း လွှမ်းမိုး ကာရံထားသောကြောင့် ထိုတိုက်ပျက်ကြီး အတွင်းမှာ မှောင်ညိုအုပ်ဆိုင်း စွတ်စိုထိုင်းမှိုင်းလျက်၊ မှတ်ခြင်ယင်ဖြုတ်တို့ဖြင့် ပြည့်လျှမ်း၍ နေလေသတည်း။ အများအားဖြင့်လည်း ထိုတိုက်ပျက်ကြီးမှာ သူရဲချောက်တတ်သည်ဟု ကျော်စောသတင်း ထင်ရှားခြင်း ဖြစ်နေသောကြောင့် ၎င်းအနီးအပါးတွင် လူသူတစ်စုံတစ်ယောက် လာရောက်ခြင်း နည်းပါးလေ၏။ မြို့ကလူများ အပြောကား နွားကျောင်းသားကလေးများနှင့် ရွာမှ ဟင်းရွက်ခူးထင်းခွေထွက်လာသော သူများ တိုက်ပျက်ကြီးအနီးအပါးသို့ တစ်ယောက်ချင်း မတော်တဆ ဖြတ်သန်းသွားမိပါက တစ်ခါတရံ ဘုန်းကြီးတစ်ပါး တောင်ဝှေးထောက်၍ စင်္ကြံလျှောက်နေသည်ကို တွေ့ရ၍ တစ်ခါကလည်း ကျတ်ကြီးထမ်း၍ လမ်းလျှောက်နေသော ဖိုးသူတော်ကြီးကို မြင်ရကာ၊ တစ်ခါတရံလည်း ခေါင်းမြီးခြုံကုလားမကြီးလိုလို တွေ့ရလျက် တစ်ခါတရံလည်း လက်ဝတ်လက်စား ပုတီးနားဒောင်း အစုံအလင်ဖြင့် ယဉ်ကျေးလှပသော မိန်းမပျိုတစ်ဦးကို မြင်ရကြောင်း၊ တစ်ခါတရံမှာလည်း မြင့်မြင့်မဲမဲအကောင်ကြီးတွေ အမွေးစုတ်စုတ် ဘီလူးရုပ်ကြီးမျိုးတွေ အရိုးချောက် ကမ္ဘာ္ဒာန်းရုပ်ပေါက်သော သတ္တဝါကောင်ကြီးမျိုးတွေ စသည်တို့ကို တွေ့ရသောအခါ အချို့မှာ လန့်ကာလာတတ်ကြ၍ အချို့ကား လန့်ဖျားလန့်နာနှင့်ပင် ခန္ဓာကြွေရှာလေ၏။

ထို့ကြောင့် ဤတိုက်ပျက်ကြီးတွင် ဥစ္စာစောင့်နှင့် သူရဲတစ္ဆေအထွေထွေသော နာနာဘာဝတို့၏ ပျော်မြူးနေထိုင်ရာ ဗိမာန်ကြီးတစ်ခုသဖွယ် ဖြစ်နေသောကြောင့် သိုက်ဆရာအသီးသီးတို့လည်း မကြာခဏလာရောက်ကာ ဥစ္စာစောင့်နှင့် သိုက်အကြောင်းကို စုံစမ်းတတ်ကြလေ၏။ သို့သော် ထိုနေရာတွင် အဘယ် သိုက်၊ အဘယ် ဥစ္စာစောင့်၊ အဘယ်သို့သော သူရဲတစ္ဆေတို့က အကြီးအကဲ အထူးသူရဲ နေသည်ဟူ၍ကား မည်သူမျှ အတတ်မပြောနိုင်ကြပေ။

တစ်ခါတရံလည်း ရွာနီးပါးချင်းမှ ထိုတိုက်ပျက်ကြီး အနီးအနားတွင် နွားကျောင်း၊ ဆိတ်ကျောင်း ထွက်လာသည်များအနက်မှာ အချို့နွားများ ဆိတ်များသည် အရိပ်အာဝါသနှင့် ပြည့်စုံ၍ မြက်ရေကောင်းရာ ထိုတိုက်ပျက်အတွင်းသို့ နယ်ကျံ၍ ဝင်မိချေက ထိုဝင်သ၍ နွားနှင့်ဆိတ်တို့မှာ ပြန်၍ ထွက်လာသည်မရှိ။ မည်သည့်နေရာတွင် ရောက်နေသည်ဟုလည်း ကြည့်၍မမြင်၊ ဝင်မိသမျှ မထွက်လာပဲ တိုက်ပျက်ကြီးထဲတွင် ခန္ဓာစဲ၍ သေပွဲဝင်ရရှာသည်သာ များလေသတတ်။

ဘိုးတေမှာ အမည်နှင့်လိုက်အောင် ပေတေဆိုးသွမ်း၍ ရွာတွင် ခပ်ရမ်းရမ်းနေခဲ့သူတစ်ယောက် ဖြစ်လေ၏။ အမြဲအားဖြင့်လည်း ပင်ကျရည်နှင့် ပျော်မြူးကာ ရွာတွင်ရှိသော ကြက်ဝက်တို့ကို ညဥ့်အချိန်များတွင် တစ်အိမ်တစ်လှည့် ခိုးဟုက်ကာ ချက်ပြုတ်ဖုတ်ကင်လျက် ပင်ကျရည်နှင့် မြည်းနေကျဖြစ်ရာ အခိုးခံရသော ကြက်ရှင် ဝက်ရှင်တို့မှာ ဘိုးတေမှန်း သိရှိရိပ်မိကြသော်လည်း ၎င်း၏မိုက်ရိုင်းရမ်းကားခြင်းများကို ကြောက်လန့်သဖြင့် မည်သူမျှ မမေးဝံ့၊ မပြောဝံ့၊ တရွံ့ရွံ့ ကြိတ်မှိတ်၍သာ ခံကြရစမြဲဖြစ်လေသတည်း။

တစ်ခါတရံလည်း နွားများ ကျွဲများပင် အရှင်လတ်လတ် ခိုးယူကာ ရွာပြင်တောစပ်၌ သတ်ဖြတ် စားသောက်လေ့ရှိ၏။ ၎င်း၏နောက်ပါ အပေါင်းအသင်းများမှာလည်း ဝမ်းဝအောင် စားသောက်ရသဖြင့် ဘိုးတေနောက်မှ တကောက်ကောက် အမြဲပါကြသောကြောင့် ညဥ့်အချိန်မဲ့တွင် ရွာထဲ၌ ၎င်း၏ အပေါင်းအသင်းများမှာ ဆူပူသောင်းကျန်း မူးခန်းဖွင့်၍သာ နေမြဲဖြစ်လေ၏။ ထို့ကြောင့် ရွာသူရွာသားများမှာ ရွာတွင်းမှ ပျောက်လျှင် ဘိုးတေလက်ချက်ဟု ထင်ကြ၍ ရွာပြင်တွင် ပျောက်က တိုက်ပျက်ကြီးမှ သူရဲတစ္ဆေတို့ လက်ချက်ဟုသာ တထစ်ချ ထင်မှတ်ကြရလေ၏။ ရွာတွင်းမှ လူတို့မှာ ညအခါခိုးသော ဘိုးတေ၏ ရန်ကို ကြောက်ကြသဖြင့် နွားပိုင်ရှင်၊ ကြက်၊ ငှက်၊ တိရစ္ဆာန်ပိုင်ရှင်တို့မှာ ကြာသော် မခံမရပ်နိုင်ဖြစ်၍ နွားခြံတို့မှာ တစ်ညလုံး မီးဖိုလျက် လူလဲနှင့် စောင့်ရှောက်အိပ်စက်ကြရလေ၏။

ရွာပြင်စားကျက်တွင် ကြောင်းလှန်ထားသော နွား၊ ဆိတ်၊ ကြက်၊ ငှက်များကိုလည်း တိုက်ပျက်နားသို့ မရောက်အောင် ကွင်းရှောင်နိုင်သမျှ ကွင်းရှောင်ကြကုန်၏။ ထို့ကြောင့် ကြာသော် ဘိုးတေတို့လူစုမှာ စားပေါက်ပိတ်မှန်းမသိ ပိတ်ခဲ့ကြ၍ အသောက်သမား လူမိုက်လူတေများမှာ မသောက်မစားရလျှင် လောကကြီးကို ငြီးငွေ့တတ်ကြကုန်သည်ဖြစ်သောကြောင့် ဘိုးတေတို့မှာ ရွာတွင်းမှ စီးပွားလမ်းမဖြောင့်၍ ရွာပြင်သို့ ထွက်ကြပြန်လေ၏။ နာမည်ကြီးသော တိုက်ပျက်ကြီးကို အမှီသဟဲပြု၍ ခိုးဟုက်တိုက်ခိုက်ရန် အကြံပြုကာ တိုင်ပင်ထားကြလေ၏။

"ဗျို့ ကိုဘိုးတေ... ဒီတိုက်ပျက်ကြီးထဲ သွားစတဲချတာက ဟုတ်ပါရဲ့၊ အဲဒီတိုက်ပျက်ကြီးကလဲ တစ္ဆေသူရဲ သိပ်ကြမ်းတာ ဆရာရဲ့။ အဲဒါ ဘယ့်နယ်လဲ၊ ကျုပ်တို့ကို သူရဲတွေက ကတုံးပေါ် ထိပ်ကွက်နေမယ်ဆိုရင် ဂျောက်ကျကုန်တော့မှာပဲ"

ဘိုးတေမှာ လူမိုက်ခေါင်းဆောင်တစ်ယောက် ဖြစ်သည်နှင့်အညီ တစ္ဆေသူရဲစသော နာနာဘာဝတို့ကိုလည်း မလေးမစား ပမာမထားသူဖြစ်လေရာ အကြောက်အလန့်ကလည်း လုံးလုံးကြီး မရှိသကဲ့သို့ ရွာတွင် လူသေလျှင် အလောင်းကိုင်မည့် စဏ္ဍာလမရှာရည ဘိုးတေပင် ကဇော်ဘိုး အနည်းငယ်ရလျှင် လုပ်လေ့ရှိ၏။ နည်းနည်းပါးပါး ပိုပေးလျှင် တွင်းတူးမြေမြှုပ်သည်တိုင်အောင် ဆောင်ရွက်၏။ ရေတွင်းထဲ လူကျသေ၍ ဆယ်သူမရှိလျှင်လည်း ၎င်းပင် အခယူ၍ အလန်နစ်ဆယ် အစိတ်ရှိသော ရေတွင်းထဲသို့ ကြိုးနှင့်ဆင်း၍ လူသေကို ကုန်းပေါ်ရောက် မေခလာပွေ့ပွေ့တင်တတ်လျက် ကြိုးဆွဲချသေသော အလောင်းများကိုလည်း မည်သူမျှ ကြိုးဖြတ်မည့်သူမရှိလျှင် ဘိုးတေ ကဇော်များများ သောက်ရမြဲဖြစ်လေ၏။

တစ်ခါတရံ ရွာတွင် ကာလဝမ်းနှင့် ပုလိပ်ရောဂါကြောင့် လူသေလျှင်လည်း၊ အခြားလူတွေမှာ ကြောက်ရွံ့ထွက်ပြေးရှောင်တိမ်းကြစေကာမူ ဘိုးတေက ဆိုးပေနေသည့်အတိုင်း မကြောက်မရွံ့ နောက်မတွန့်ပဲ အခကောင်းကောင်းယူ၍ လူသေကို သင်္ချိုင်းရောက်အောင် ပို့ပေးလေ့ရှိသူဖြစ်ရကား...

"တိုက်ပျက်ကြီးက တစ္ဆေသူရဲလောက်တော့ အပျော့ပေါ့ တပည့်ရာ၊ ဘာကြောက်စရာရှိသလဲ၊ လိုက်သာ လိုက်ခဲ့ကြ၊ ဟိုမှာ အင်မတန် ချောင်ကောင်းသကွ တစ္ဆေသူရဲကြမ်းတယ်ဆိုလို့ ဘယ်ပုလိပ်မှလဲ လာဖမ်းဝံ့မှာ မဟုတ်ဘူး။ တိုက်ပျက်ထဲမှာ ဖဲဒိုင်ခံမယ်ကွာ၊ တောအရက်တွေချက်ပြီး တဝကြီး သောက်မယ်ကွာ၊ နွားတွေ၊ ဆိတ်တွေ ခိုးပြီး ချက်စားမယ်ကွာ။ တို့ဘာလုပ်လုပ် နွားပျောက်ရင် တို့ကိုထင်မှာ မဟုတ်ဘူး။ တိုက်ပျက်ထဲက သူရဲဆွဲတယ်ထင်မှာပဲ။ ကဲ ပြောနေကြာတယ် လာကြကွာ သွားမယ်"

ဟုဆိုကာ ဘိုးတေသည် ၎င်း၏နောက်တော်ပါ ဘိုးစုံ၊ ဘိုးနု၊ သာဖ၊ အောင်ကျော်၊ ငမော်၊ ညွှာ စသော လူတေတပည့်အပေါင်းတို့နှင့် ရွာပြင်တောစပ်မှာ တိုင်ပင်ရာမှ တိုက်ပျက်ကြီးဆီသို့ ထွက်လာခဲ့ကြလေသတည်း။

နေ့ခင်းကြောင်တောင်ကြီးပင် ဖြစ်လင့်ကစား တိုက်ပျက်ကြီးမှာ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်အုပ်ကြီးတို့ အုပ်ဆိုင်း ညို့မှိုင်းနေသောကြောင့်၊ တိုက်တွင်းတွင် အလင်းရောင်ကောင်းစွာ မဝင် မှိုးတိုးမှောင်တောင် ဖြစ်၍ နေရာတွင် အပြင်မှ သရက်ပင်အုပ်ကြီးကို လေသိမ့်လှုပ်ရှားလိုက်သောအခါ တရုတ်ရုတ် တသဲ့သဲ့ သစ်ကိုင်းကြီးချင်း ကြိတ်သံ မစဲအောင်ရှိ၍ အပင်အောက်က သစ်ရွက်ခြောက်များမှာလည်း တဖြောက်ဖြောက် တရှဲရှဲ လေဆွဲတိုင်း လှုပ်ရှားလျက် တချက်ချက် တချောက်ချောက် အသံတို့ကြောင့် လူတေတစ်သင်းတို့မှာ နာမည်ကြီးသော ထိုတိုက်ကြီးအတွင်းသို့ ဝင်ကတည်းက စိမ့်ခနဲ စိမ့်ခနဲ ဖြစ်လျက် ကြက်သီးမွေးညင်း တဖျင်းဖျင်း ထ၍ နေကြလေ၏။

"ဟေ့ သာဖ၊ ဟောဒီထောင့်မှာ နေရာက အမိုးလဲရှိတယ်။ အကာလဲ လုံခြုံတယ်၊ တို့အိပ်ဖို့ နေရာလုပ်ရအောင် အုတ်ကျိုးအုတ်ပဲ့တွေ ဖယ်ပြီးလှဲ့ထား ဟောဟိုဘက်ထောင့်ထဲက မှောင်မဲနေတဲ့ နေရာကိုလဲ အုတ်ကျိုးတွေ သယ်ပစ်ကြ၊ အရက်ချက်ဖို့ နေရာအဖြစ် အသုံးပြုမယ်။ ဟောဟို အပေါ်ထပ်ကလေးလဲ ပြိုလဲဆဲဆဲတစ်ပိုင်းကျန်နေတာ အောက်က ဆင့်တွေ အခိုင်ကြီးပဲ။ ငါတို့ ဖဲချဖို့ နေရာပေါ့ကွာ။ ဒါမှ အဝေးက လူစိမ်းဝင်လာရင် အခန့်သင့်မြင်နိုင်မှာ၊ အောင်ကျော်နဲ့ ငမော်က ရွာထဲလယ်ပြီး ဖဲချဖို့ လူဆွယ်၊ ဘိုးစုနဲ့ ဘိုးနုက ကဇော်ဖောက်ဖို့ အိုးတွေ၊ ခွက်တွေရှာ၊ ညွှာနဲ့ သာဖက

နေရာထိုင်ခင်းတွက်လုပ်၊ တေ့တ်နဲ့ ငမျှားက နွားတို့ ဆိတ်တို့ အနီးအပါးလာရင် ချောင်းဖမ်း၊ ဘကြမ်းနဲ့ စေီတို့လဲ ဘောင်ရွာက ငဘေးကြီးကို ဖဲချဖို့ လူရှာခဲ့ပါလို့ သွားပြော"

စသော အော်ဒါအမိန့်များကို ဘိုးတေ၏နှုတ်မှ မနားမနေ ပြောသဖြင့် တပည့်များလည်း အမိန့်အတိုင်း လုပ်သူလုပ်၊ ရှင်းသူရှင်း၊ နေရာထိုင်ခင်း စီမံသူစီမံ၊ ရွာပြန်သူပြန်နှင့် လုပ်ကိုင်ဆောင်ရွက်နေကြလေ၏။

ထိုသို့ရှိစဉ် ဘိုးတေနှင့် တပည့်တစ်စုတို့လည်း တိုက်ပျက်ကြီး၏ ထောင့်ကြိုထောင့်ကြားသို့ ရောက်ကြတိုင်း အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ရှားကြည့်ကြရာ ဆိတ်ရိုး နွားရိုးစသော အရိုးစု အရိုးပုံ၊ ခေါင်းခွံများ တိရစ္ဆာန်အရေခွံများကို တွေ့ရလျှင် ဘိုးတေလည်း ထိုအရိုးစုများကို လှန်လှောကြည့်ရှုကာ…

"ဟေ့… ဒါတွေဟာ တို့ရွာက နွားစားကျက်မှာ ပျောက်ခဲ့တယ်ဆိုတဲ့ နွားတွေ၊ ဆိတ်တွေရဲ့ အရိုးတွေနဲ့ တူသကွ။ တို့တော့ ဒီနေရာခိုမိတာ အားကြီး နေရာကျတာပဲ။ ဘယ်ကျွဲစားစား ပြမခေါင်းရောက် ဆိုတဲ့ စကားလို ဒီနေရာခိုပြီး နွားတွေ၊ ဆိတ်တွေ ခိုးချင်တိုင်း ခိုးသမျှ တိုက်ပျက်ကြီးက သူရဲတစ္ဆေတွေရဲ့ ခေါင်းကျမှာပဲ"

ဘိုးနု။ ။ "ဒါနဲ့ ဆရာ၊ ကျွန်တော်တို့ ဒီမှာအမြဲ နေကြမှာလား။ ညညမှလာမှာလား ဆရာရဲ့၊ ညမှာနေလို့ ရှိရင် မီးထွန်းစရာလည်း မရှိဘူး"

တေ။ ။ "နေဆို နေ့ရော ညရော နေမှာပေါ့ကွာ။ ဒါပေမဲ့ ညလူခြေတိတ်ချိန်ကစပြီး လူအားလုံး ဒီမှာ စုနေမယ်။ နေ့နေ့ကျတော့ တချို့က ဒီမှာနေ၊ တချို့က ဟန်မပျက် တစ်လှည့်စီ ရွာမှာမျက်နှာပြကြ၊ ဒီတိုက်ပျက်ကြီးကို ငါတို့လူစု သွားလာနေကြမှန်း ဘယ်သူမှ မရိပ်မိစေနဲ့"

ဘိုးစု။ ။ "ဟောဟိုမှာ တေ့တ်နဲ့ ငမျှား ဆိတ်တစ်ကောင် ဆွဲလာကြပြီ ဆရာရေ။ ဟန်ကျတာပဲ၊ ဒီနေ့ည ဒီမှာ ကျွန်တော်တို့ အသင်းက ကလပ်ဖွင့်ပွဲ ကျင်းပရအောင်၊ ဂဇော် ဆယ့်ငါးပုလင်းလောက်သာ လိုတော့တယ်"

ညွှာ။ ။ "မလိုနဲ့တော့ ဆရာ၊ ဟိုမှာ… ဟိုမှာ လာနေပြီ၊ အောင်ကျော်နဲ့ သာဖံ ပုလင်းတွေ ပွေ့လို့၊ ဒီနေ့တော့ ပျော်ပွဲကြီး ကြံ့ပြီ"

ထိုညအဖို့ ဘိုးတေတို့လူစုမှာ တိုက်ပျက်ကြီးတွင် ထင်းမီးစုပုံဖိုလျက် တောအရက်ကို ခွက်လှဲ့သောက်ကြကာ နေ့လယ်က ဘုန်းလာသော ဆိတ်နစ်ကောင်ကို သတ်ဖြတ်ဖုတ်ကင်၍ အရက်နှင့် မြည်းရင်း၊ ပျော်ပွဲကြီး ကျင်းပနေကြလေသတည်း။

လူတစ်စုမှာ သောက်ရင်းစားရင်း တမျှင်းမျှင်း မူးရစ်စ ပြုလာကြရာ၊ သူရဲကြမ်းသည်ဆိုသော တိုက်ကြီးမှာလည်း ဂျိုးဂျိုးဂျောက်ဂျောက် အသံကလေးများကိုမှ မကြားရသေးပေ။ ထို့ကြောင့် ဘိုးတေတို့လူစုမှာ နေ့ခင်းက စိမ့်၍ ကြောက်မိသည်ကိုပင် ပြန်၍ ရှက်မိသလိုလို ရှိကြလေ၏။

"ဟေ့ သူရဲကြမ်းတဲ့ တိုက်ပျက်ကြီးဟာ တို့လာတော့ ဘာသံမှမကြား တုတ်တုတ်မျှ မလှုပ်ဝံ့ကြပါကလား။ ဟီဟီ… ဒါနဲ့များ ရွာကလူငနွားတွေက ဒီနေရာကို သေမင်းပြည်လောက် ကြောက်နေကြတာ အံ့ပါရဲ့ကွာ"

ဟု ဘိုးစုက စ၍ပြောလိုက်လျှင် ဘကြမ်းလည်း ဆိတ်သားကင်ကို တစ်ဖက်က ကိုက်၍ ဂဇော်ထည့်ထားသော အုန်းမှုတ်ပဲ့ကို တစ်ဖက်ကကိုင်လျက်…

"ဒါကောင်းတယ် ဆရာ၊ သူတို့ ဒီနေရာကို ကြောက်လေလေ၊ ကျွန်တော်တို့ စားပေါက်ချောင်လေလေပဲ"
ဟု ပြောရာ အခြားသူများကလည်း စားစားသောက်သောက် ပျော်ရွှင်စွာ ထောက်ခံကြလေ၏။

ထိုအချိန်ကား ည ၈ နာရီ အချိန်ခန့်မျှ ရှိလေရာ တိုက်ပျက်ကြီးမှာလည်း မှောင်နင့်မဲမဲ သစ်ပင်အုပ်ကြီးတို့မှာလည်း လေသံကြောင့် တသဲသဲ တစ္ဆေသူရဲတို့ ပျော်မြူးနေဘိသကဲ့သို့ ရှိလေ၏။ ဖိုထားသော မီးဖိုမှာ ဘိုးတေတို့လူစု၏ အလယ်တွင် မှိန်တစ်ချက် လင်းတစ်ခါနှင့် ရှိသောကြောင့် ကိုယ့်လူအချင်းချင်းပင် ထင်လင်းစွာ မမြင်ရပဲ ရှိလေ၏။ ထိုအတွင်း၌ မှုးသူမှုး၊ ဆူသူဆူ၊ ပူသူပူနှင့် ကျွတ်စီကျွတ်စီ ဖြစ်နေကြစဉ်၊ တိုက်ပျက်ကြီး၏ အလယ်ဗဟိုဆီမှ ဂိုမ့်ခနဲ သိမ့်ခနဲ မိုးချုံးသံပမာ ပြင်းထန်သော အသံကြီးတစ်ခု ပေါ်ပေါက်လာလေ၏။

လူတေတစ်စုလည်း ရုတ်တရက် လျှောင်လှုပ်သကဲ့သို့ ထင်၍ မှုးယစ်ရာမှ သတိရပြီး တစ်ယောက်နှင့်တစ်ယောက် ကြပ်တည်းစွာ ဖက်ထားကြလေ၏။ တိုက်ကြီးမှာ ပခက်လွှဲသလို ဟိုမှဒီမှ လှုပ်ရှားလျက် နံရံတွင်ရှိသော အုတ်ကျိုးအုတ်ပျက်တို့မှာ တဖြုတ်ဖြုတ် တဖျက်ဖျက် ပြုတ်ပျက်ပြိုကျလျက်ရှိရာ ဘိုးတေမှာ ထိတ်ထိတ်ပျာပျာနှင့်...
"ဟော့... ဟော့ကောင်တွေ တစ်ယောက်တစ်ယောက် ဖက်ပြီး မီးဖိုနားကပ်နေကြနော် လျှောင်လှုပ်တာကွ၊ အပေါ်က အုတ်ခဲတွေ မင်းတို့ခေါင်းပေါ် စင်ကျလို့ အနာတရဖြစ်ဦးမယ်"
ဟုပြောကာ မီးဖိုနားတွင် ပြားပြားဝပ်ကာ နေကြလေ၏။

တစ်ခဏမျှကြာသော် ငြိမ်သက်တိတ်ဆိတ်သွား၏။ ဂျိုးဂျိုးဂျိမ့်ဂျိမ့်လည်း မလှုပ်ရှား၊ အုတ်ပြားလည်း ပြိုမကျတော့ပေ။ ဘိုးတေတို့လည်း ခေါင်းထောင်ကြပြန်ပြီ။ အာပေါင်အာရင်းကျယ်ကျယ်နှင့် ဆက်ပြောဆို ငြင်းခုံသောက်စားကြပြန်လေ၏။

ထိုအခိုက် တိုက်ပျက်ကြီးအတွင်းသို့ အလွန်မြင့်သော အရပ်မှ လေးလံသော အရာတစ်ခု ကျလာသကဲ့သို့ ဝုန်းခနဲ ကျသံကြီးတစ်ခုကို ကြားရသဖြင့် အားလုံးပင် နားစိုက်ထောင်နေကြရာ ဟီဟီ ဆိုသော အသံနက်ကြီးတစ်ခု ပေါ်လာလေ၏။

ဘိုးတေတို့လူတစ်သိုက်လည်း အံ့အားကြီးသင့်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြက်သေသေနေကြလေ၏။ ထိုအခိုက် ပြင်းထန်သော ခြေသံကြီးနှင့် နင်းလျှောက်နေသော ခြေသံတစ်ခုကို ကြားရသဖြင့် အားလုံးပင် အသံကြားရာဆီသို့ လှည့်ကြည့်ကြရာ အရပ်တစ်တောင်လောက်သာ ရှိသော လူနီကလေးတစ်ယောက် စည်ပိုင်းလောက်ရှိသော တင်းပုတ်ကြီးတစ်ခုကို ထမ်းကာ တစ်တောင်သာသာ ရှိသော ခြေဖဝါးကြီးဖြင့် နင်းခါနင်းခါ မီးဖိုအနီးတွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ကြရလေ၏။

လူနီကလေးမှာ တစ်ကိုယ်လုံး ဟင်္သာပြဒါးကဲ့သို့ ရဲရဲတွတ်နီမြန်းလျက် လူ့မျက်နှာလောက်ရှိသော မျက်နှာမှာ မျက်လုံးပြူကလေးမှာ သပိတ်ရောင်တမျှ မဲနက်လှလေ၏။ အကောင်အထည်က သေးငယ်လှသော်လည်း ခြေသံကြီးမှာ သိမ့်သိမ့်တုန်မျှ ပြင်းထန်လှပေ၏။

"ဆရာ... ဆရာ ဟိုမှာ လူနီကလေး တင်းပုတ်ကြီးထမ်းလို့ လမ်းလျှောက်နေလိုက်တာ အမယ်လေး ခြေထောက်ကြီးကလဲ နည်းတာကြီး မဟုတ်ပါလား"

ထိုအခိုက် လူနီကလေးသည် ပြင်းသထက် ပြင်းပြင်းကြီး လမ်းလျှောက်လာရာမှ ရပ်တန့်ကာ လက်တစ်ဖက်က တစ်စုံတစ်ယောက်သောသူတို့ကို လက်ယပ်ခေါ်သလို ဒေါပါပါ ခေါ်လိုက်သောအခါ ကျောက်ဘီလူးရုပ်ကြီးတွေလို အစွယ်ပြူးပြူး ဗိုက်ပူနံကားဖောသွပ်သွပ် မဲမဲကောင်ကြီးတွေ လူနီကလေးအနီးသို့ ဒူးတုပ်ကာ ပေါ်လာကြလေ၏။ လူနီကလေးသည် ထိုမဲမဲသတ္တဝါကြီးတွေအား တစ်စုံတစ်ခု စေခိုင်းဟန်နှင့် ညွှန်ပြလိုက်ရာ မဲမဲသတ္တဝါကြီးတွေမှာ ရှိသေစွာ ခေါင်းညိတ်လျက် ထွက်ခွာပျောက်ကွယ်သွားကြလေ၏။

လူနီကလေးကား အကြီးအကဲဖြစ်တန်ရာ၏ဟု ကြောက်ကြောက်နှင့် ကြည့်၍ နေကြလေ၏။ ဘိုးတေမှာမူကား လူမိုက်တို့၏ ခေါင်းဆောင်ဖြစ်၍ အတော်မိုက်ရူးရဲ သတ္တိရှိသူလည်း ဖြစ်၍ မကြောက်သေးသော်လည်း တပည့်များမှာမူကား အမူးမှာ အကြောက်ကြောင့် ပျောက်ပြေသွားကြလေပြီ။ အချင်းချင်း လက်တို့ကာ...

"ဟေ့ကောင်တွေ နေရာမကျဘူးဟေ့ ပြေးမှပဲ၊ လူနီကလေးဟာ တစ်တောင်လောက်သာ ရှိတယ်။ ဘယ်လောက်ပါဝါများသလဲ လက်ထဲက တင်းပုတ်ကြီးကလဲအဆမတန် ကြီးပါကလား။ သွားမှဖြစ်မယ် ထင်တယ်။ ဟိုမဲမဲကောင်ကြီးတွေ တို့ဆီလာချောက်ဖို့ လွှတ်တယ်ထင်တာပဲ"

ဟု တိုးတိုးတိတ်တိတ် လက်ကုတ်ပြောနေကြရာ ဘိုးတေလည်း တပည့်တွေ ဟန်ပျက်နေသည်ကို အကဲမရ၍...

"ဟေ့ကောင်တွေ ဘာကြိတ်ကြံနေတာလဲ သူရဲကြောက်လို့ ပြေးပေါက်ရှာတာလား။ ရီးတီးရားတားတော့ မလုပ်ကြနဲ့ကွ၊ သူရဲထက်ငါက မင်းတို့ဇက် အရင်လိုးမှာ"

ဟု ဓားကိုထောင်၍ပြလိုက်သဖြင့် တပည့်များလည်း ကြောက်ကြောက်နှင့် ပြားပြားဝပ်နေကြလေ၏။

လူနီကလေးလည်း တင်းပုတ်ကြီးထမ်းရင်း သွက်သွက်ကြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လေ၏။ ဘိုးတေလည်း လူနီကလေး၏ မခိုးမခန့်လုပ်ပုံကို ဒေါပွ၍ လာကာ ငါလဲ သင်းလို လျှောက်ပါသော်ကောဟု ကြိမ်းဝါးကာ အားကျမခံ ဓားလွယ်ကို ထမ်းပြီး၊ မီးဖိုအနီးတွင် ခေါက်တုံ့ခေါက်ပြန် သွက်သွက်ကြီး လမ်းလျှောက်လေ၏။ သို့နှင့် မီးဖို၏တစ်ဖက်က လူနီကလေးနှင့် အခြားတစ်ဖက်က ဘိုးတေတို့လည်း မရပ်မနေ လမ်းပြိုင်လျှောက်နေရာ လူနီကလေးလည်း ဘိုးတေကို စောင်း၍မျှမကြည့် ဣန္ဒြေကြီးရင့် ခက်ထန်လှသော မျက်နှာထားကြီးနှင့် သွက်သွက်ကြီး လျှောက်သထက် လျှောက်၍နေလေ၏။ ဘိုးတေလည်း လူနီကလေးကို မျက်တောင်မခတ်ပဲ စိုက်ကြည့်ရင်း၊ ၎င်းမြန်လျှင် မြန်သလောက်၊ ၎င်းက နှေးလျှင် နှေးသလို လိုက်၍ လျှောက်လေ၏။

လူနီကလေးလည်း မိမိကို ပြောင်လှောင်ဘိသကဲ့သို့ ရှိနေ၍ ဒေါသခက်ထန်လာကာ ခြေကို ပြင်းပြင်းနင်း၍ လျှောက်ပြန်လေ၏။ ဘိုးတေလည်း လူနီကလေးကဲ့သို့ပင် ခြေကို ခပ်ပြင်းပြင်း နင်းလျှောက်ပြန်ရာ လူနီကလေးမှာ မခံချင်သလို ဆတ်ခနဲ ခုန်လိုက်ရာ နှစ်တောင်လောက် မြောက်သွားပြီး ပြန်ကျလာလျက် ဆက်လက် လျှောက်မြဲ လျှောက်ပြန်၏။ ဘိုးတေလည်း တစ်ချက်ခုန်လိုက်ပြန်ပြီး ဆက်၍ လျှောက်လေ၏။

လူနီကလေးမှာ ဒေါသနှင့် မခံမရပ်နိုင်ဖြစ်လာပြီးလျှင် ၎င်းတွင် ထမ်းထားသော တင်းပုတ်ကြီးအား မြေပေါ်သို့ တအားလွှဲ၍ ရိုက်လိုက်ရာ မိုးကြိုးပစ်သကဲ့သို့ အလွန်ပြင်းထန်သော အသံကြီးနှင့် မြည်ဟီးသွားပြီး မြေကြီးနှင့် တင်းပုတ်ကြီးကို ရိုက်ခတ်မိသောနေရာတွင်လည်း မီးတောက်မီးလျှံမှာ ဝင်းဝင်းဝါဝါရောင်တွေ ထွက်လာလျက် ရုတ်တရက် ထိုအရောင်တွေ ပျောက်ကွယ်သွားလေ၏။

ဘိုးတေလည်း လူနီကလေးအား စေ့စေ့ကြည့်လျက် အနီးရှိ အုတ်ခဲကြီးတစ်ခုကို ကုန်းကောက်ကာ မြေပေါ်သို့ လွှဲပေါက်ပြလေ၏။ လူနီကလေးလည်း ဒေါသလွန်ကဲလာလျက် မျက်နှာကြီးကို ရှုံ့တွတွန့်လိမ်ရင်း ပါးစပ်မှလည်း ဘာကိုပြောသည်မသိ ဘိုးတေကို စေ့စေ့ကြည့်၍ ပွစိပွစိလုပ်ရာမှ လက်က တင်းပုတ်ကြီးကို ဘေးသို့ ပစ်ချလိုက်ပြီး လက်ခမောင်းခတ်လိုက်ရာ ဖြောင်းခနဲ ဖြောင်းခနဲ လိုဏ်သံပါသော အသံကြီး ဖြစ်လာလေ၏။ ဘိုးတေလည်း ဓားကိုပစ်ချလိုက်ပြီး ခါးတောင်းမြှောင်လှအောင် ကျိုက်ခါ ရုတ်ခနဲ လက်ခမောင်း ပြန်၍ ခတ်လေ၏။

ဤတွင်မှ လူနီကလေးလည်း လာခဲ့ဟုခေါ်သလို ဘိုးတေကို ခေါင်းညိတ်၍ ခေါ်လိုက်လေ၏။ ဘိုးတေလည်း ရဲရင့်စွာနှင့် နင်လာခဲ့ဟု သူ့ဘက်ကို လက်ပြ၍ ခေါ်ပြန်ရာ လူနီကလေးလည်း ဆွေ့ဆွေ့ခုန် ဒေါပွကာ ဘိုးတေရှိရာသို့ ပြေးလာလေ၏။ ဘိုးတေလည်း လူနီကလေးပြေးလာသည်ကို ပြေးကြိုရာ၊ နှစ်ဦးရင်ဆိုင် ရပ်မိကြလေ၏။ ဆိုင်မိလျှင် လူနီကလေး၏ အရပ်မှာ ဘိုးတေ၏ ဒူးနားတွင်သာ ရှိသဖြင့် ဘိုးတေမှာ ၎င်းကို ငုံ့၍ ကြည့်ရလေ၏။

ထိုအခိုက် လူနီကလေးသည် ဘိုးတေကို မော့ကြည့်ပြီး မိမိက ငယ်နေသည်ကို အားမလိုသလို မြေကိုခြေနှင့် ဆောင့်လိုက်ရာ လူနီကလေးမှာ တဖြည်းဖြည်း မြင့်တက်လာပြီး ထန်းပင်လောက် နီးနီး လူကြီးဖြစ်၍ သွားလေ၏။ ဘိုးတေ၏ တပည့်များကား ခိုက်ခိုက်တုန်အောင် ကြောက်လှပြီး ဘိုးတေကား ကြောက်စိတ်ထက် ဒေါသစိတ်က ပြင်းထန်နေသောကြောင့် အံကိုခဲ၍ ထိုလူနီကြီး ခြေထောက်ဆီသို့ ဓားကိုကောက်ကာ တအားလွှဲ၍ အချက်ပေါင်းများစွာ ခုတ်လေ၏။ ဒူးအထက်သို့ ဓားချက်ကျသွားသောအခါ လေကို ခုတ်ရသလို အကြောင်းမထူးသော်လည်း ခြေမျက်စိနှင့် ခြေဖမိုးပေါ်သို့ ဓားချက်ကျသည့်အခါတို့တွင် ကျောက်တုံးကို ခုတ်ရသလို တဒုတ်ဒုတ် မြည်လျက် မျက်နှာကြီးမှာ မဲ့ခွက်ပိန်ရှုံ့၍ သွားသကဲ့သို့ ရှိလေ၏။

ဘိုးတေလည်း ဓားကို အဆက်မပြတ် ခုတ်နေရာ လူနီကြီးလည်း တဖြည်းဖြည်း ငယ်လာပြန်ကာ ဘိုးတေနှင့် အလုံးတူ အရပ်တူ ဖြစ်လာလေ၏။ ဘိုးတေလည်း အရပ်မြင့်ရာမှ နိမ့်လာသော လူနီကလေးကို ခေတ္တအံ့အားသင့်ကာ ငေးကြည့်နေမိစဉ် လူနီကလေးလည်း ဘိုးတေ၏ လက်ထဲက ဓားကို ဆွဲလုပြီး လွှင့်ပစ်လိုက်ကာ နဘမ်းဝင်၍ လုံးလေ၏။ ဘိုးတေလည်း မကြောက်သည့်အပြင် ရီချင်၍လာကာ လူနီကလေးအား အလိုက်သင့် နဘမ်းလုံးလျက် နေရလေ၏။ တစ်ခါတရံ ပူးလျက် တစ်ခါတရံ ခွာလျက် တစ်ခါတရံ အောက်ရောက် တစ်ခါတရံ အပေါ်ရောက်နှင့် နေကြရာ လူနီကလေးမှာ အတန်ကြာလျှင် ပူး၍လုံးနေရာမှ ခွာလိုက်ပြီး လက်သီးနှင့် တစ်ချက်တစ်ချက် ပြေးဝင်၍ နက်လေ၏။ ဘိုးတေလည်း ထိုနည်းအတိုင်း လက်သီးနှင့်ခံ၍ တွယ်ရလေ၏။

လူနီကလေး၏ လက်သီးနှစ်လုံးမှာ ဘိုးတေ၏ ရင်ဘတ်ကို တဗုန်းဗုန်း ထိုးမိလျက်ရှိရာမှ လက်သီးများမှာ တစ်ဆုပ်မျှ ရှိရာက တစ်စတစ်စ ကြီး၍ကြီး၍ လာကာ နောက်ဆုံးတွင်

ကိုယ်လုံးကိုယ်ထည်က တိုး၍ မကြီးသော်လည်း လက်သီးဆုပ်ကြီးမှာ တင်းတောင်းပမာ ကြီးထွားလာရကား ဘိုးတေကို ထိုးမိသောအခါများတွင် အွတ်ခနဲ အွတ်ခနဲ မြည်ကာ နောက်သို့ ပက်လက်လန် ကျသွားလေ၏။ ဘိုးတေ ပက်လက်လန်ကျသော်လည်း လူနီကလေးမှာ မပြီးသေး၊ လက်တစ်ဖက်ဖြင့် ဘိုးတေ၏ ရှပ်အင်္ကျီလည်ပင်းကို ဆွဲကိုင်ထူမပေးကာ ဆက်လက်ထိုးပြန်လေ၏။ ဘိုးတေလည်း ထိုးရပြန်လေ၏။ ဘိုးတေ၏ တပည့်တို့မှာကား နဘမ်းသတ်ပွဲကြည့်ရသလို ဖြစ်နေကာ ကြောက်ရမှာကို သတိမရပဲ နဘမ်းပွဲ ကြည့်ရသလို ကြည့်ကောင်းကောင်းနှင့် လက်ခုပ်လက်ဝါးတီး၍ အားပေးကာ ကြည့်၍ နေမိကြလေ၏။

"ကိုဘိုးတေကွ… ဆရာကွ… လုပ်လိုက်… ဝမ်းစမိုး"
စသော အားပေးသံများနှင့် လက်ခုပ်လက်ဝါးသံများမှာ ဆူညံ၍ နေလေ၏။ ထိုအတွင်းမှာပင် တစ်ဖက်သော မှောင်ထဲတွင် ငုတ်တုတ်မဲတဲ မကောင်းဆိုးဝါးသတ္တဝါကြီးတွေမှာ လူတွေကဲ့သို့ ဘိုးတေနှင့် လူနီကလေးတို့ နဘမ်းပွဲကို သဲသဲမဲမဲ ကြည့်နေကြသည်ကို တွေ့ကြရ၏။

လူနီကလေးနှင့် ဘိုးတေတို့လည်း ဖွဲသန်သန်နှင့် သူတစ်ပြန် ငါတစ်ပြန် သတ်လျက်ရှိကြရာ ဘိုးတေမှာ ဖတ်ဖတ်မော၍ နေလေပြီ၊ လူနီကလေးကား မမောသည့်အပြင် သွက်သွက်ကြီးပင် အဆက်မပြတ် ထိုးလျက်ရှိလေ၏။ ဘိုးတေလည်း မောခြင်းကြီးမက မောလှ၍ နောက်ဆုံးတွင် နိုင်လျှင်လည်းနိုင် မနိုင်လျှင်လည်း ရှုံးဟု အားအင်ရှိသမျှနှင့် ကျုံး၍ထိုးရာ လူနီကလေးထိပ်ရှိ ဇော်ဂျီဦးထုပ်သဏ္ဍာန် အသားပို၊ နီနီမောက်မောက်ကလေးမှာ ဘိုးတေ၏ လက်သီးချက်နှင့် ရုတ်တရက် ပြုတ်ကျသွားလေ၏။ ထိုတွင်မှ လူနီကလေးလည်း အထိုးကို ရုတ်တရက် ရပ်ကာ ကျသွားသော ဦးထုပ်သဏ္ဍာန် အသားနီအထွတ်ကလေးကို လွှင့်စင်ကျရာသို့ ပြေးကောက်ကာ ပျောက်ကွယ်၍ သွားလေ၏။

ဘိုးတေလည်း ဤတွင်မှ ရပ်နားခွင့်ရကာ တပည့်များထံမှ ဂဇော်ရည်တစ်ခွက် တောင်းသောက်ပြီး ဆိတ်သားကင်ကို မြည်းရင်း အမောဖြေလေ၏။

"ဟေ့… တပည့်ရေ ဟိုငတိလေး ပြေးပြီကွ။ မင်းတို့ ဘာမှ မကြောက်နဲ့တော့၊ ဒီတိုက်ပျက်ကြီးထဲမှာ တို့တစ်တွေ အနှောင့်အယှက်မရှိ ပျော်ပျော်ပါးပါးကြီး စံမြန်းရတော့မယ်။ နက်ဖြန်ကာ ဒီထက် ပျော်ရမယ်ကွဲ၊ ဂဇော်စဉ့်အိုးနဲ့ တစ်လုံးတစ်လုံးဖောက်ပြီး နေ့တိုင်း သောက်မယ်။ ထမင်းမလိုဘူးကွ။ ဆိတ်တို့ နွားတို့ နေ့တိုင်း မြည်းနေရမှာပါ"
ဟုပြောကာ ကျန်သော ဂဇော်များနှင့် ပျော်ပါးသောက်စားလျက် ထိုညအတွက် အပျော်ရွှင်ကြီးပျော်ရွှင်ရင်း နံနက်မိုးလင်းခဲ့လေ၏။

ဘိုးတေတို့လည်း နောက်နေ့ နေမွန်းလွဲချိန်လောက်မှ အိပ်ရာက နိုးကြလေ၏။ သာယာကြည်လင်သော ဘုရားရှိခိုးသံကလေးမှာ တိုက်ပျက်ကြီးအတွင်း မည်သည့်နေရာက ပေါ်လာသည်မသိရ၊ တောင်ကလိုလို မြောက်ကလိုလို အတွင်းကလိုလို ပေါ်ပေါက်လာသောကြောင့် ဘိုးတေအမှူးရှိသော လူတစ်စုမှာ ကြားဂုသော နေရာများကို တစ်ခုပြီးတစ်ခု လိုက်ကြည့်ကြရာ ပထမ၌ မည်သူ့ကိုမျှ မမြင်ရသော်လည်း နောက်ဆုံး တိုက်ထောင့်တစ်ခုထဲသို့ ရောက်သောအခါ အလွန်လှပသော မိန်းမပျိုကလေးတစ်ယောက် ပုတီးလက်လောက် နံ့သာပန်းမန် လိမ်းကျံချယ်လယ်ကာ

အလွန်သာယာသော အသံကလေးနှင့် ဘုရားရှိခိုးနေသည်ကို တွေ့ရသဖြင့် ဘိုးတေတို့မှာ အံ့သြပြီး မော့၍ ကြည့်နေကြစဉ် မိန်းမပျိုကလည်း ခပ်ပြုံးပြုံးကလေး တစ်ချက်တစ်ချက် ပြန်ကြည့်သဖြင့် ဘိုးတေမှာ အတော်သဘောကျလာကာ...

"ဟေ့... တပည့်တို့ရာ... ဒီတစ်ခါမှ နေရာကျတာပဲဟေ့။ ဥစ္စာစောင့်မ ချောချောကလေး တွေ့ပြီ၊ ဥစ္စာယူ လူလည်း ကြိုက်ရအောင်၊ ကဲ... ပြောနေကြာရော့မယ် ငါလိုက်ဖမ်းမယ်ဟေ့..."
ဟုဆိုကာ ခါးတောင်းကို မြှောင်နေအောင် ကျိုက်လျက် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်း၍ လိုက်ဖမ်းလေ၏။ ဥစ္စာစောင့်မကလေးလည်း ဖမ်းလိုက်တိုင်း ပျောက်ချည် ပေါ်ချည်နှင့် မရိုးမရွ စိတ်ကို နှိုးဆွသလို ရှိခဲ့ရာ ဘိုးတေလည်း မချင့်မရဲရှိတိုင်း လိုက်၍လိုက်၍ ဖမ်းရသည်မှာ တဟဲဟဲ မော၍ နေလေပြီး နောက်ဆုံးတွင်...

"တပည့်တို့ လာကြဟေ့၊ ငါတစ်ယောက်ထဲ မနိုင်ဘူး။ အားလုံးလက်ချင်းဆက်ပြီး ဝိုင်းဖမ်းရအောင်" ဟုဆို၍ ဘိုးစုတို့ ဘိုးနတို့စသော လူတေတစ်စုတို့မှာ ဥစ္စာစောင့်ကို အတင်းဝိုင်း၍ ဖမ်းကြရာ ရှေ့နည်းတူစွာပင် ပျောက်ချည် ပေါ်ချည် ဖြစ်နေသည်နှင့် လူတစ်စုလုံး ချွေးတလုံးလုံးနှင့် မောနေကြလေ၏။

ထိုအခိုက် အလယ်မှ ဥစ္စာစောင့်မလေးမှာ ပြုံစစနဲ့ အမိခံတော့မလိုလို ဖြစ်နေစဉ် တင်းပုတ်ကြီးရှင် လူနီကလေးလည်း တင်းပုတ်ကြီးထမ်းလျက် ပေါ်လာပြီး ဥစ္စာစောင့်မလေးအား ခက်ထန်လှသော မျက်နှာနှင့် ကြည့်လိုက်ရာ ဥစ္စာစောင့်မလေးမှာ ထိကရုန်းပင် လူတို့သလို ရှို့ရှို့ကလေး ခေါင်းငုံ့ကျသွားလေ၏။ လူနီကလေးလည်း သွားဆိုသော အထိမ်းအမှတ်နှင့် တစ်နေရာသို့ လက်ညှိုး ညွှန်ပြလိုက်သည်တွင် မိန်းမပျိုနှင့်တကွ လူနီကလေးပါ ပျောက်ကွယ်သွားလေရာ ဘိုးတေတို့မှာလည်း အံ့အားသင့်ကာ ကျန်ရစ်လေတော့သတည်း။

ဘိုးတေတို့လည်း ထိုနေ့မှစ၍ တိုက်ပျက်တွင် အကြောက်အလန့်မဖက် အပျောက်သက်သက်နှင့် နေ့စဉ်နေ့တိုင်း အရက်ချက်ခြင်း၊ ကက်ဝိုင်းဖဲဝိုင်းထောင်ခြင်း၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်တို့ကို ခိုးဝှက်သတ်ဖြတ် စားသောက်ခြင်းဖြင့် နေခဲ့ကြရာ အခြားလူများထက် ဘိုးတေမှာ ညအခါများတွင် ယခင် လူနီကလေးနှင့် နဘမ်းသတ်ပွဲ ကျင်းပနေရ၍ တပည့်များကဲ့သို့ အားရအောင်၊ ပျော်ရွှင်သောက်စားချိန်မရပဲ ရှိလေ၏။ တပည့်များမှာလည်း ညစဉ်ညတိုင်း နဘမ်းသတ်ပွဲကို တွေ့မြင်ဖန်များသောကြောင့် ရိုး၍နေကာ ဂရုစိုက်၍ မကြည့်တော့ဘဲ မိမိတို့ဘာသာ သောက်စားပျော်မြူး၍သာ နေလေကြ၏။

ဘိုးတေလည်း ညစဉ် နဘမ်းလုံးရဖန် များသဖြင့် ငြီးငွေ့စပြု၍လာကာ တစ်ခါတစ်ခါ မိမိက ရှောင်နေပါသော်လည်း လူနီကလေးက အတင်းလိုက်ဆွဲတတ်သဖြင့် မထိုးချင်ပဲနှင့် ဖွတ်ကြဲ၍ ပြန်ထိုးရပြန်သည်။

ထို့ကြောင့် တစ်နေ့သ၌ ဘိုးတေလည်း လတ်ဆတ်သော အသားကင်တို့ကို ဂဇော်နှင့်မြည်းကာ မြိန်ယှက်စွာ သောက်စားတော့မည်ပြုနေစဉ် လူနီကလေးလည်း နဘမ်းလုံးချိန်ကျ၍ ဘိုးတေရှိရာသို့ ရောက်လာကာ၊ လက်ခမောင်းခတ်၍ ပြလေ၏။ ဘိုးတေလည်း စည်းစိမ်နှင့် သောက်မည်စားမည် ပြင်နေဆဲဖြစ်၍...

"ဟေ့ကောင်... မင်းတယ်ရှုပ်တယ်ကွာ၊ သွား မအားဘူး၊ ဒီမှာ သောက်ကြမလို့"

ဟု ပြောပြောဆိုဆို ဂဇော်ခွက်ကို မော့ချလိုက်ကာ အသားကင်ကို အားရပါးရ ကိုက်စား၍ နေလေ၏။ လူနီကလေးကလည်း မရမက အတင်းဆွဲ၍ ခေါ်နေလေ၏။ ဘိုးတေလည်း စိတ်မရှည်သဖြင့်...

"ဟေ့... မလာဘူးကွာ၊ မင်းတယ်ရှုပ်တဲ့ ဧတိပဲ၊ လာဦး လာဦး ငါ့ကို နဘမ်းလုံးစေချင်ရင် စောင့်ဦး... ငါသောက်ဦးမယ်"

ဟုဆိုသောကြောင့် လူနီကလေးလည်း အေးဆေးစွာ ဆောင့်ဆောင့်ထိုင်၍ ဘိုးတေ သောက်စားနေသည်ကို စောင့်စားကြည့်ရှုနေလေ၏။

ဘိုးတေလည်း...

"ဟားဟားဟား ဒီလိုမှပေါ့ကွ၊ ရော့ ရော့ ဒီတစ်ခွက်ကုန်အောင် မော့ချလိုက်"

ဟုဆိုကာ ဂဇော်ခွက်ကို အတင်းထိုးပေးရင်း ပေးပေးတိုက်တိုက် ဖွတ်အတင်းတိုက်လေရာ လူနီကလေးလည်း ဂျိတ်ခနဲ သောက်ချလိုက်ကာ မျက်နှာကြီး ရှုံ့မဲ့သွားလေ၏။ ဘိုးတေလည်း အမဲသားကင်တစ်ခုကို ထိုးပေးပြန်၏။ လူနီကလေးလည်း အားပါးတရ ကြိတ်ပြန်၏။ ဘိုးတေ၏ တပည့်များက အားရပါးရ ရယ်မောကာ...

"ဟာ... တို့ဆရာကတော့ လုပ်ပါလိမ့်မယ်၊ သူ့ရဲလား တစ္ဆေလား ဘာကောင်လဲ၊ ဒါတောင် ဇာတ်သွင်းလိုက်ပြန်ပြီ။ ဟို... ဉစ္စာစောင့်ချောချောကလေးဟာ သူ့မဒီထင်တယ်။ အကောင်ကလေးက ငယ်ပေမယ့် အတော်ပါဝါထွားပုံပဲ၊ တိုက်ကြီးထဲ သူဗိုလ်လုပ်နေတဲ့ ငနဲထင်ပါရဲ့။ ဆရာကလဲ ငါတို့အပေါ် ဗိုလ်ပဲ၊ တယ်နေရာကျ"

ဟုပြောကာ ရယ်မောနေကြလေ၏။

ထိုအတွင်း လူနီကလေးလည်း ဂဇော်နှင့် အသားကင်ကို ခံတွင်းတွေ့ဘိအလား၊ နောက်ထပ် သောက်လိုစားလိုသော အမူအရာနှင့် ကြည့်ကာကြည့်ကာ နှုတ်ခမ်းပါးနား ပြင်၍နေပြန်သဖြင့် ဘိုးတေလည်း သဘောကြီးကျကာ...

"ဟား... ဟား... မောင်ကျန် တစ်တို့ ဆိုတဲ့အထဲကပါလား၊ ကဲ ကဲ စားစား မိတ်ဆွေ သဘောရှိ၊ ဂဇော်တွေလည်း ဟိုဘက်က စဥ့်အိုးကြီးနဲ့ အပြည့်ရှိလေရဲ့၊ လုပ်ပါ"

ဟုပြောကာ သားကင်လင်ပန်းနှင့် ဂဇော်အိုးကြီးကို လူနီကလေးအနီးသို့ တိုးပေးလေ၏။ လူနီကလေးလည်း ဝမ်းသာအားရ အံခွအောင် စားကာသောက်ကာ နေလေရာ ဘိုးတေတို့ ဆရာတပည့်များလည်း လူနီကလေးနှင့်အတူ သောက်စားပျော်ပါး၍ နေကြလေသတည်း။ တစ်ခဏမျှကြာလျှင် လူနီကလေးနှင့်တကွ ဘိုးတေတို့ လူတစ်စုလည်း လူမှန်းမသိမူးယစ်ကာ တုံးလုံးပက်လက် လဲ၍ အိပ်ပျော်သွားကြလေသတည်း။

ဘိုးတေမှာ ဂဇော်ဝါရင့်နေသော လူတစ်ဦးဖြစ်၍ လူမှန်းမသိအောင် အမူးလွန်သူပင် ဖြစ်လင့်ကစား သူများထက် ဦးစွာ အမူးပြေ၍ သတိရကာ နိုးလာလေ၏။ မိမိတပည့်များ သတိမရသေး၊ တုံးလုံးပက်လက်ဖြစ်ကာ အံဖတ် အော့ဖတ်တွေ အလူးလူးနှင့် အိပ်မောကျနေသည်ကို တွေ့ရပြီးလျှင် မိမိအနီးတွင် အိပ်မောကျနေသော လူနီကလေးကို တွေ့ရသောကြောင့် ဘိုးတေမှာ ညဦးက အဖြစ်အပျက်ကို သတိရမှ လူနီကလေးမှာ ဂဇော်အမူးလွန်နေကြောင်း သိရလေ၏။

ပေါင်းသင်းမိ၍ မိတ်ဆွေဖြစ်ခဲ့သည်မှာ အတန်ကြာသော်လည်း နေ့ခင်းအခါများတွင် စေ့စေ့စပ်စပ် မမြင်ဖူးသောကြောင့် ယခုကဲ့သို့ အခွင့်သင့်တုန်း နီးနီးကပ်ကပ် ကြည့်မည်ဟု အနားသို့တိုး၍ ကြည့်ရာ

လူနီကလေးမှာ အရပ်ကလေးတစ်တောင်လောက်မျှသာ ရှိသော်လည်း ခြေထောက်ကြီးတစ်ခုတစ်ခုမှာ လူကောင်ကလေးနှင့် အဆမတန် နှစ်ပြန်လောက် ကြီး၍နေသည်ကို တွေ့လျက် ဖောင်းမို့သော မျက်နှာကြီး မဲနက်ပြဲအာသော ပါးစပ်ပြဲကြီးနှင့်တကွ ပွယောင်းဖုကြွတိုတောင်းလှသော နာခေါင်းကြီးနှင့် နီရဲသော အသားအရေကြီးများမှာလည်း ဟသ်ာပြဒါးအရောင်ထွက်လျက် ကြမ်းတမ်းထူထဲ မွေးညှင်းကြဲကြဲနှင့် ရှိလေရာ ဘိုးတေလည်း လက်အငြိမ်မနေနိုင်တော့ပဲ လူနီကလေး၏ အသားပေါ်သို့ လက်ညှိုးနှင့် ထိုးကြည့်ရာ အသားမှာ လူများ၏ အသားဆိုင်ကဲ့သို့ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း မရှိပဲ အတွေ့အားဖြင့် လွန်စွာ ကြမ်းတမ်းလျက် ပိန်းနွဲသီးကို လက်နှင့်သုံးသပ်ကြည့်ရဘိသကဲ့သို့ မွေးညှင်းပေါက် ကြဲကြဲကြီးတွေမှာ ဆူးညှောင့်သဏ္ဍာန် လွန်စွာ ကြမ်းကြုတ်သည်ကို တွေ့ရလေ၏။

သို့... ဘိုးတေလက်ညှိုးနှင့် တောင်ထိုး မြောက်ထိုး ထိုးစမ်းကြည့်နေသည့်အတွင်း လူနီကလေးမှာ ဆတ်ခနဲ ထ၍ထိုင်ပြီး မျက်နှာကြမ်းကြီးနှင့် ဘိုးတေကို စိုက်ကြည့်ကာ ပြုံးခနဲ ထိုင်ရာမှထပြီး ဒယီးဒယိုင်နှင့် ထိုးသွားရင်း ဖြတ်ခနဲ ပျောက်ကွယ်သွားလေသတည်း။

ဘိုးတေလည်း လူနီကလေး ပျောက်သွားပြီးနောက် တပည့်များဘက်သို့ သေသေချာချာ ကြည့်လိုက်ပြန်ရာ အကြီးအငယ် အရွယ်အလတ် စသည်ဖြင့် အဆင်းသဏ္ဍာန်အမျိုးမျိုးနှင့် နာနာဘာဝကောင် အမျိုးမျိုးတို့မှာ ဂဇော်စဥ့်အိုးကြီးနှင့် သားကင်ထည့်ထားသော လင်ဗန်းကြီးကို အလယ်က ထားလျက် အလုအယက် ဝိုင်းဖွဲ့ကာ သောက်နေကြလျက် တချို့မဲမဲနက်နက် အကောင်တွေမှာလည်း အိပ်မောကျနေသော လူတစ်စု အနီးတွင်ရှိသော အံဖတ်များကို မြိန်ရေယှက်ရေ ကောက်ယူကာ လွေးစားသောက်လျက် ရှိနေကြသည်ကို တွေ့ရလေ၏။ ၎င်းတို့ကား ဘိုးတေကို မမြင်ပေ၊ ဘိုးတေလည်း ချောင်းတစ်ချက် ဟန့်ကာ မိမိတပည့်များကို အော်၍ လိုက်လံနှိုးလိုက်လေရာတွင်မှ မဲမဲသတ္တဝါကြီးတွေလည်း စားသောက်နေသော အရာများကို ပစ်ထားကာ ရုတ်တရက် ပျောက်ကွယ်သွားကြလေ၏။

သို့သော် ထိုနေ့မှအစပြုကာ လူနီကလေးနှင့်တကွ နာနာဘာဝတစ်စုတို့မှာ ဂဇော်နှင့် သားကင်အမြည်းကို အများကြီး လျှာလည်၍ နေကြသည်နှင့် ဘိုးတေတို့အဖို့မှာ မလောက်အောင် ရှိလေ၏။ မိမိတို့ စားဖို့သောက်ဖို့ ပြင်ဆင်ထားလျှင် မင်းသားတစ်စုတို့ ရှေးဦးစွာဝင်၍ ကြိတ်ကြသဖြင့် ဘိုးတေတို့ လူစုမှာ မလောက်မင ဖြစ်၍ နေကြလေ၏။ ထို့ကြောင့် စားစရာများကို ပိုပိုမိုမို လုပ်ရလေ၏။ နေ့စဥ် နေ့တိုင်းမှာကား လူတစ်စုနှင့် တစ္ဆေ၊ သူရဲ၊ နာနာဘာဝတို့မှာ သောက်ဖော်စားဖက် ဖြစ်လာခဲ့ကြရာ တစ်ဦးကိုတစ်ဦး မကြောက်ကြတော့ပဲ ရဲရင့်၍ နေကြလေ၏။ ညဥ့်အခါတိုင်း သောက်စားမူးယစ်ပြီးကြလျှင် ဆိုသူဆို၊ ကသူက၊ ဖဲချသူချနှင့် နေခဲ့ကြရာ နာနာဘာဝတို့မှာလည်း ထိုနည်းကို အတုလိုက်ကာ အရိုးကောင် ကမ္ဗဋ္ဌာန်းရုပ်သဏ္ဍာန်တို့နှင့် တလှုပ်လှုပ် တရွရွ ကသူက တီးသူတီး လူတို့နည်းအတိုင်း အတုခိုး၍ ဖဲရိုက်သူရိုက် ကတ်ဆွဲသူဆွဲ အနဲနဲ ဖြစ်နေကြလေ၏။

ရွာနီးချုပ်စပ်ရွာများတွင်လည်း တစ်နေ့တခြား နွားပျောက်၊ ဆိတ်ပျောက်၊ ဝက်ပျောက်၊ ကြက်ပျောက် များပြားလာရာ တိုက်ပျက်ကြီးလက်ချက်ဟူ၍ ရိပ်မိလာရုံမျှမက ဘိုးတေတို့ လူစုလည်း ရွာထဲတွင် ယခင်ကလို ဆူဆူပူပူ မရှိကြသဖြင့် ဘယ်အရပ်တွင် စားကျက်ကျလေသနည်းဟု ၎င်းတို့၏ အသွားအလာကို ချောင်းမြောင်း၍ အရိပ်အကဲကြည့်ကြရာ တိုက်ပျက်ကြီးသို့ အမှတ်တမဲ့ ရုပ်ဖျက်သွားကြသည်ကို တွေ့ရလေသောကြောင့် တစ္ဆေအမျိုးမျိုးနှင့် လူတေဂျပိုးတို့ ခိုအောင်းသည့် အဆိုပါ

တိုက်ပျက်ကြီးကို ရေးကထက် ကြောက်ရွံ့ကြကာ၊ အနီးအပါးသို့ပင် နွားကျောင်း မလာဝံ့ကြတော့ပဲ ရှိလေသတည်း။

ထို့ကြောင့် ကြာသော် ဘိုးတေတို့မှာ အစားအသောက် ရှားပါးစ ပြုလာကြရာ နာနာဘာဝတို့က ဝင်စားပြန်သည်တွင် ပို၍ မလောက်မင မဝတဝ ဖြစ်၍နေကြသဖြင့် ဘိုးတေလည်း တပည့်များကို ကြိမ်းဝါးမာန်မဲကာ...

"ဟေ့... မင်းတို့ ကြိုးစားရှာကြဦးကွ၊ ဒီအနီးအနားမှာ မရရင် ရွာနားဘာနားသွားပြီး ပြောင်သာဆွဲခဲ့ကြဟေ့"

ဟူ၍လည်းကောင်း လူနီကလေးအားလည်း...

"ဟေ့... မင်းတို့ တတွေကလည်း တို့ရှာထားတာသာ ခွစားနေ၊ မင်းတို့လဲ ကူညီပြီး ရှာပေးကြဦးကွ" ဟူ၍လည်းကောင်း အမျိုးမျိုး ဆူပူကြိမ်းမောင်းလေ၏။ နာနာဘာဝတို့လည်း မိမိတို့ အစွမ်းအလျောက် ရှာဖွေပေးကြလေရာ စားစရာ ကြက်ဝက်များ အဆက်မပြတ် ရပြန်လေ၏။ သို့သော် ရွာသူရွာသားတို့လည်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ပျောက်ရှပါများသောအခါ မခံမရပ်နိုင်အောင် ရှိလာကြ၍ ကြာသော် ပုလိပ်တို့ကို အကြောင်းကြားသဖြင့် နောက်ဆုံးတွင် ရွာသားနှင့် ပုလိပ်တို့က တိုက်ပျက်ကြီးထဲသို့ ဝင်ရောက်ရှာဖွေကြရန် ရောက်လာ၏။

သို့ရာတွင် နာနာဘာဝတို့က ခုခံခြောက်လှန့်ကာကွယ်ကြသဖြင့် ပုလိပ်နှင့် ရွာသားတို့မှာ ဘိုးတေတို့ လူစုကို မတွေ့ရပဲ၊ တစ္ဆေသူရဲတို့ ခြောက်လှန့်ခြင်းခံရ၍ ဖြစ်ခါသာ ပြန်သွားကြရလေ၏။ နောက်များ မကြာမီအခါတို့၌ကား ရွာသူရွာသားတို့၏ လှံ့လကြောင့် နွား၊ ဆိတ်၊ ဝက်၊ ကြက်များ မရနိုင်ကြရာ အခြားနေရာမှ မရလျှင် တိုက်ပျက်ကြီး အနီးအနားတွင်ရှိသော သစ်ပင်ဝါးပင်တို့တွင် မှီခိုနေထိုင်ကြသော ကျီး၊ ငှက် တိရစ္ဆာန်တို့ပါ ပြုတ်ပြုတ်ပြုန်းလေ၏။

သို့... နောက်ဆုံးတွင် လုံးလုံး စားစရာမရသည့် အချိန်တိုင်အောင် ရောက်ခဲ့ရာ၊ ဘိုးတေတို့မှာ ရွာသို့ပြန်၍ ထမင်းရှာဖွေစားသောက်နိုင်သော်လည်း လူနီကလေးတို့တစ်သိုက်တွင်ကား လူသားမဟုတ်၍ မစားနိုင်သောကြောင့် အခက်အခဲ ကြုံနေကြလေ၏။ ဘိုးတေတို့ ဇာတ်သွင်းထားသဖြင့် အသောက်အစားကိုလည်း လျှာလည်၍နေကြရာ နောက်ဆုံးတွင် မရ ဒဿက ချိုင် ဆိုသောနည်းဖြင့် ဘိုးတေတို့ လူစုကိုပင် ပြန်၍ အမဲဖမ်းကာ တစ်နေ့တစ်ယောက် မှန်မှန်စား၍ လာကြပြန်လေ၏။

ဘိုးတေတို့ကား ထိုအကြောင်းကို မရိပ်မိကြသေး၊ အပေါင်းအသင်းတို့မှာကား တဖြည်းဖြည်း လျော့ပါးမှန်းမသိ လျော့၍ လာကြလေ၏။ လူမစုံသဖြင့် မရှိသောလူများ၏ နေရပ်သို့ လိုက်လံစုံစမ်းပြန်ရာ၌လည်း မလာကြောင်းဖြင့်သာ ပြောကြလျက်ရှိ၍ အရပ်တစ်ပါးသို့ ထွက်ခွာသွားကြသည် ဟူသော အထင်နှင့်သာ နေခဲ့ကြလေ၏။ သို့သော် ကျန်သော လူစုထဲကပင် တစ်ညတစ်ယောက်ကျ လျော့၍ လျော့၍ လာကြပြန်ရာ နောက်ဆုံးတွင် ဘိုးတေ၊ ဘိုးစု၊ ဘိုးနတို့ ညီအစ်ကိုနှစ်ယောက်နှင့် စုစုပေါင်း သုံးယောက်သာ ကြွင်းကျန်ရစ်လေ၏။

လူလျော့ကတည်းက စ၍လည်း ဘိုးတေတို့မှာ နာနာဘာဝကောင်တွေနှင့် မတွေ့ရတော့ပဲ တစ်ခါတရံ လူနီကလေးနှင့်သာ ရိုးခနဲ ရိပ်ခနဲ မြင်ရ၍ မြင်ရသည့်အခါ၌လည်း လူနီကလေးမှာ ဘိုးတေတို့ကို

ရှေးကလောက် မရောနှောပဲ မျက်နှာဆိုးကြီးဖြင့်သာ တွေ့ရ၍ ဘိုးတေတို့မှာ မတွေးတတ်အောင် ဖြစ်လာလေ၏။

သို့နှင့် ထိုညအဖို့တွင် သုံးယောက်သား သောက်စားယစ်ဝ၍ အိပ်ကြရာ နံနက်လင်းလျှင် ဘိုးနကို ရှာမတွေ့တော့ချေ။ ဘိုးတေနှင့် ဘိုးစုလည်း ဘိုးနကို လိုက်ရှာကြလေ၏။ သုံးယောက်သား ယှဉ်၍ အိပ်နေရာတွင် ဘိုးနနေရာဘက်တွင် သွေးစွန်းသွေးကွက်လိုလို မြင်ရသဖြင့် သာ၍စိုးရိမ်လာကာ သေချာစွာ ထပ်မံစုံစမ်းကြည့်ရာ၊ မြေပေါ်တွင် ဒရွတ်တိုက်၍ ဆွဲယူသွားသော အကြောင်းရာကြီးတစ်ခု ထင်နေသည်ကို တွေ့ရပြန်၍ ထိုအရာအတိုင်း လိုက်ကြပြန်သည်တွင် အုတ်တိုက်ပျက်ကြီး၏ တစ်ခုသော အခန်းဝတွင် ခြေရာပြတ်၍ နေသည်ကို တွေ့ရသဖြင့် ရှေ့ရှိတံခါးကို တွန်းသော်လည်း မရပဲ လွန်စွာခိုင်မြဲ၍နေသည်ကို တွေ့လေ၏။

"ဟေ့... ဘိုးစုရေ၊ ဘိုးနတော့ ဘယ်နည်းနဲ့မဆို ဒီအခန်းထဲမှာ ရှိမှာပဲ၊ ဘာဖြစ်တယ်ဆိုတာ သိရအောင် ဖွတ်ဖွင့်ကြည့်မယ်ကွာ"
ဟု ပြောကာ တံခါးကို ထုရိုက်၍ ဖွင့်ကြပြန်လေ၏။

ထိုအခါတွင် တံခါးမပွင့်ပဲ တံခါးတွင်းမှ မျက်နှာဆိုးဆိုးကြီးများနှင့် ထွက်လာသော လူနီကလေးနှင့် ရသေ့ကြီးတစ်ယောက်၊ ဘိုးသူတော်ဝကြီး တစ်ယောက်၊ ဆံတိုနှင့် ဘီလူးရုပ်ပေါက်နေသော ထမီဇောက်ထိုး ရင်လျားထားသည့် မျက်ထောင့်နီနီ မိန်းမကြီးတစ်ယောက်တို့မှ နုတ်ခမ်း၊ ပါးစပ်တို့တွင် သွေးစ သွေးနများ ပေကျံလျက် ဘိုးတေနှင့် ဘိုးစုတို့ကို မျက်စောင်းခဲ၍ ကြည့်ရင်း တစ်ဖက်သို့ လျှောက်ခါ ပျောက်ကွယ်သွားကြသည်ကို တွေ့ရသဖြင့် ဘိုးတေတို့မှာ သက်မကင်းဖြစ်ကာ...

"ဟေ့... ဘိုးစု ငါတော့ ဒီကောင်တွေကို တယ်မသင်္ကာချင်ဘူး၊ တူတူချင်း စားနေပြီထင်တယ်၊ အတတ်သိရအောင် ဒီညမင်းနဲ့ငါ အိပ်ချင်ယောင်ဆောင်ပြီး ချောင်းကြစို့၊ ကဲ... ပြောနေကြာတယ်ကွာ၊ ရွာပြန်ပြီး ဓားရှည်ကောင်းကောင်း နစ်လက်လောက် ရှာချေရအောင်"
ဟု ဆိုကာ ပြန်လာကြပြီး ဓားရှည်ကြီးနှစ်လက်ကို တစ်နေ့လုံး ထက်စွာ သွေး၍ နေကြလေ၏။ ရွာရှိတစ်ချို့လူများက မေးသောအခါလည်း ဘိုးတေက...

"ဒီနေ့ည တိုက်ပျက်ကြီးမှာ သူရဲတွေကို ဓားပွဲကျင်းပမလို့"
ဟု ပြန်ပြောသောကြောင့် ကြားရသူများမှာ...

"တို့ဘိုးတေကြီးကတော့ နာမည်နဲ့လိုက်အောင် မိုက်လဲ မိုက်ပါပေရဲ့"
ဟု တိုးတိုးပြောကာ နေကြလေသတည်း။

ညဘက်သို့ ရောက်လေ၏။ ဘိုးတေနှင့် ဘိုးစုတို့လည်း အခါတိုင်းကဲ့သို့ပင် ဣန္ဒြေမပျက် တိုက်ပျက်ကြီးထဲသို့ ဝင်ခဲ့ကြကာ ဂဇော်ခွက်နှင့် ကြက်ကြော်ကို နှစ်ယောက်သား သောက်စားရင်း ညဥ့်နက်လာသည်နှင့် မီးတစ်ဖို ဖိုကာ ထိုအနီးမှာ နှစ်ယောက်ယှဉ်၍ အိပ်ကြလေ၏။ ကျောအောက်တွင် ဓားရှည်ကို ထားလျက် မျက်လုံးကို မှိတ်ကာ အိပ်ချင်ပြု၍ နေကြလေ၏။ ဘိုးတေကား ဖွဲကြီးသူဖြစ်၍ အိပ်ချင်လျက်ပင် အောင့်အင်းကာ နာနာဘာဝတို့အလာကို ချောင်းရန် ဖွတ်ပေကာ မအိပ်ပဲ နေလေ၏။

ဘိုးစုကား အိပ်ချင်ပြုနေရာမှ တကယ်အိပ်ပျော်သွားလေ၏။ ထိုအခိုက် ချီးချီးချွတ်ချွတ် အသံကြားသဖြင့် ဘိုးတေလည်း မျက်လုံးကို မှေး၍ ကြည့်လိုက်ရာ တင်းပုတ်ထမ်းသော လူနီကလေးနှင့်

ရသေ့ကြီး၊ ဘိုးသူတော်၊ ထမီဖောက်ထိုးရင်လျားနှင့် ခေါင်းမွေးစုတ်ဖွာ မိန်းမကြီးတို့ ဘိုးစုအနီးသို့ ရောက်နေကြသည်ကို တွေ့ရလေ၏။ ဘိုးတေလည်း ဘိုးစုကို အိပ်ချင်ပြုနေသည်ဟူ၍သာ ထင်နေလေ၏။ သို့ရာတွင် မတော်တဆ အိပ်ပျော်နေသလားဟု သတိပေးဦးမည် ပြုသော်လည်း မပေးသာ။

မိမိက စကားပြောလိုက်လျှင် လူနီကလေးတို့ လုပ်ချင်ရာလုပ်ကြတော့မည် မဟုတ်သဖြင့် တစ်ကြောင်း၊ ဘိုးစုလည်း မိမိကဲ့သို့ပင် အိပ်ချင်ပြု၍ ကြည့်နေသည်ဟုပင် ထင်သောကြောင့် တစ်ကြောင်း၊ မြုံကြည့်နေရာ မကြာခင်ပင် ဘိုးစုခေါင်းရင်းဘက်မှ ရပ်နေသော လူနီကလေးလည်း ထမ်းထားသော တင်းပုတ်ကြီးနှင့် ဘိုးစုခေါင်းကို ထုလိုက်ရာ လုံးနေသော ခေါင်းသည် ဇကောပမာ အက်ကွဲကြေမွလျက် အပြားချပ်ကြီး ဖြစ်သွားကာ သွေးများလည်း ဖြာဖြာကျဆင်းလာသည်ကို တွေ့မြင်ရလေ၏။ ဘိုးတေလည်း ထိတ်ထိတ်ပြာပြာနှင့် အိပ်ရာမှ လူးလဲထပြီး ဓားရှည်နှစ်လက်ကို တစ်ဖက်တစ်ချက် ဆွဲကိုင်ကာ လူနီကလေးသို့ တအားလွှဲ၍ ခုတ်ပိုင်းလေ၏။ သို့သော် နာနာဘာဝတန်ခိုးကြောင့် အကောင်အထည်ကို မထိ လေကိုသာ ခုတ်ပိုင်းမိလျက် ရှိလေ၏။

ထိုအခိုက်တွင် ဆွဲသူကို မမြင်ရပဲ ဘိုးစု၏အလောင်းကြီးမှာ ဒရွတ်တိုက်ပါသွားသည်ကို တွေ့မြင်ရသဖြင့် လူနီကလေးတို့ တစ်သိုက်လည်း ပျောက်ကွယ်သွားကြသည်နှင့် အလောင်းကြီး ရွေ့သွားသည့် နောက်မှ တကောက်ကောက်လိုက်ခဲ့ရာ နောက်ဆုံးတွင် ယမန်နေ့က တွေ့ရသော အခန်းတံခါးကြီးအနီးသို့ ရောက်ခဲ့လေ၏။ အလောင်းကြီး တံခါးဝသို့ ရောက်လျှင် တံခါးကြီးမှာ အလိုလိုပွင့်လာကာ ဘိုးစု၏ အလောင်းကြီးလည်း အတွင်းသို့ ဒရွတ်တိုက်ဝင်လာရာ ဘိုးတေလည်း ဓားကို မြဲမြဲစွာ ဆုပ်ကိုင်လျက် ဖွတ်အတင်းဝင်၍ လိုက်သွားလေ၏။ အတွင်းသို့ ရောက်လျှင် ဘိုးတေမှာ ဓားကိုဆုပ်လျက် သွေးပျက်လုခမန်း ဖြစ်သွားလေ၏။

ထိုအခန်းကြီးကား တိုက်ပျက်ကြီးထဲရှိ တစ္ဆေသူရဲ နာနာဘာဝအပေါင်းတို့၏ ပျော်ပါးသောက်စား ရှင်မြူးရာ ဟော်တယ်ကြီးသဖွယ် လွန်စွာလည်း ကျယ်ဝန်းလှပေ၏။ ထိုမျှကျယ်ဝန်းသော အခန်းကြီးတစ်ခုလုံးတွင် များစွာသော လူသေအလောင်းတို့ဖြင့် ပြည့်နှက်လျက်ရှိပြီးလျှင် ထိုလူသေတို့လည်း အချို့မှာ လောလောလတ်လတ် သေပြီးစဖြစ်၍ အလောင်းတိုင်းတို့၏ ရင်ဘတ်တွင်ကား ထက်လှစွာသော လက်သည်းတို့ဖြင့် ကုတ်ဆွဲဖြဲဖောက်ထားသကဲ့သို့ ပေါက်ပြဲ စုတ်ပြတ်ကာ အူအသဲတို့မှာ ဖရိုဖရဲ ပြန့်ကြဲလျက် သွေးသံတရဲရဲနှင့် ရှိသည်ကို တွေ့ရလျက် အလောင်းများမှာလည်း မိမိတပည့်အသင်းသားများသာ ဖြစ်လျက် သေသူတို့၏ မျက်နှာမှာလည်း မရှုမလှသေရသည့်အလား အသက်ထွက်နေကြပုံကို မြင်ရသောအခါ သတ္တိကောင်းလှသော ဘိုးတေပင်လျှင် အသဲတုန် အူတုန် ဖြစ်၍လာလေ၏။

ထိုအခိုက်၌ ယခုပင် ဆွဲယူလာသော ဘိုးစု၏အလောင်းအနီး၌ လူနီကလေးနှင့် ရသေ့ကြီး၊ ဘိုးသူတော်၊ ထမီဖောက်ထိုး မိန်းမကြီးတို့ ပေါ်လာကြပြီး ဘိုးစု၏ ဝမ်းဗိုက်ကို မျက်ထောင့်နီ သူရဲမကြီးက ထက်လှသော လက်သဲကြီးဖြင့် ကုတ်ဆွဲလိုက်ရာ ဗြိကနဲ ပေါက်ပြဲသွားပြီး အူအသဲနှင့် သွေးများ ပွက်ပွက်ထွက်ကျလာသည်နှင့် တပြိုင်နက် လူနီကလေးနှင့်တကွ ရသေ့၊ ဘိုးသူတော်တို့ပါ အူအသဲတွေကို အလုအယက် ကိုက်ဆွဲစားသောက်နေကြသည်ကို တွေ့ရပြန်ရာ ဘိုးတေမှာလည်း ထိတ်လန့်ခြင်းကြီး ထိတ်လန့်ကာ ချာခနဲ နောက်သို့ လှည့်၍ ပြေးခဲ့လေ၏။ တံခါးအနီးသို့ မရောက်မီပင် နောက်က လူနီကလေး တင်းပုတ်ကြီးနှင့် ပြေးလိုက်လာပြီး တံခါးကြီးလည်း ဂျိန်းခနဲ ပိတ်သွားလေ၏။ ဘိုးတေလည်း

ဤတွင်မှ အလန့်ကြီး လန့်သွားကာ တံခါးကို ဓားနှင့်ကလန့်၍ ဖွင့်လေ၏။ နောက်ကလည်း လူနီကလေးမှာ လိုက်လာပြီး မိန်းမကြီးကလည်း ရှည်လှသော လက်သည်းကြီးနှင့် လှမ်းကာလှမ်းကာ ခြစ်ကုတ် ဆွဲခေါ်လေ၏။

ဘိုးတေလည်း လန့်လန့်နှင့် ဖွတ်ကန်၍ ရုန်းရင်း အသံကုန်နင်းအော်လေ၏။ သို့နှင့် အော်သူအော် ဆွဲသူဆွဲနှင့် ဘိုးတေ၏ ကျောတစ်ခုလုံး သွေးတရဲရဲနှင့် အမဲဖျက်ထားသလို ရှိလေတော့၏။ နောက်က ဆွဲသူများကလည်း ကြမ်းသထက်ကြမ်း၍ ရမ်းသထက်ရမ်းကာ ဘိုးတေအား ပေါင်ကိုဆွဲ ခေါင်းကိုလှဲနှင့် နေကြရာ ဘိုးတေလည်း ကြံရာမရသဖြင့် နောက်ဆုံးတွင် တစ်သက်လုံး မိုက်ဆိုးတေလာခဲ့သော လူပင်ဖြစ်လင့်ကစား ခလုတ်ထိမှ အမိတပကူသော စကားပမာ ဘုရား ဘုရားဟု တလိုက်မိသည်တွင် ရှေ့က ပိတ်ထားသော တံခါးလည်း ရုတ်တရက် ပွင့်သွားလေ၏။ ဘိုးတေလည်း တရှုးထိုး ပြေး၍ ထွက်လာလေ၏။ နောက်က လူနီကလေးတို့တစ်စုလည်း ညာသံပေးကာ တသဲသဲ ဆူညံလျက် လိုက်လာကြလေ၏။ ဘိုးတေလည်း ရွာဆီသို့ ရှေ့ရှုကာ အပြေးကြီး ပြေးခဲ့လေ၏။

လိုက်လာကြသော နာနာဘာဝတို့အနက်မှ လူနီကလေးလည်း ရှေ့ဆုံးက ခေါင်းတည်လျက် ပါလာလေ၏။ ဘိုးတေလည်း တဟဲဟဲနှင့် မနားပဲ ပြေးခဲ့ရာ နောက်ဆုံးတွင် ရွာတံခါးသို့ ပြေးဝင်မိသည်နှင့် တပြိုင်နက် လူနီကလေးလည်း တင်းပုတ်ကြီးနှင့် လှမ်း၍ နက်လိုက်လေရာ ဘိုးတေလည်း အသံနက်ကြီးဖြင့် အမယ်လေးဗျဟု တစ်ခွန်းတည်း အော်ကာ ရွာထဲသို့ အဝင်တွင် သွင်သွင်လည်အောင် လဲကျသွားလေသတည်း။

နံနက်လင်းလျှင်ကား ရွာသူရွာသားတို့မှာ ဘိုးတေ သတိမရပဲ ရွာထဲတွင် လဲနေသည်ကို တွေ့ကြ၍ တစ်ယောက်စကား တစ်ယောက်ကြားကာ တစ်ရွာလုံးစုရုံးလာကြပြီး တချို့ကလည်း ယခင်နေ့က ဘိုးတေ ဓားသွေးရင်း ပြောသည့် စကားကို သွား၍ သတိရကြသဖြင့် တိုက်ပျက်ကြီးနားက နာနာဘာဝတို့ လက်ချက်ပင်ဟု သိရှိကြသောကြောင့် ပယောဂဆရာတစ်ဦးဦးကို ပင့်ရန် စုံစမ်းကြလေ၏။

ထိုအခါ မြို့အုပ်မင်းအိမ်၌ တည်းခိုနေထိုင်လျက် ပယောဂဘက်တွင် အထူးနာမည်ထွက်နေသော ကျွန်တော်၏ ကျေးဇူးရှင် ဆရာကြီးကို ရွာသူကြီးကိုယ်တိုင် လာ၍ပင့်သဖြင့် ကျွန်တော်လည်း ဆရာကြီးတပည့်ပီပီ ဆေးအိတ်ကို ထမ်းကာ ဆရာကြီးသွားရာ နောက်မှ လိုက်ပါလာခဲ့ရပါကြောင်း။

ရွာသို့ရောက်လျှင် လူသေကဲ့သို့ မေ့မြောနေသော ဘိုးတေဆိုသောသူကို တွေ့၍ ဆရာကြီးလည်း ကုထုံးနည်းအတိုင်း ပရိတ် ရေမန်း လက်ဖွဲ့ အင်းအိုင် စသည်များနှင့် ကုစားလေရာ မကြာမီ သတိရ၍လာလေ၏။

ဆရာကြီးလည်း ရွာသူကြီးနှင့် ရွာသားများ တောင်းပန်ခြင်းကြောင့် တိုက်ပျက်ကြီးက လူနီကလေး၏ အတ္ထုပ္ပတ္တိကို စုံစမ်းမေးမြန်းပေရာ နာနာဘာဝတို့လည်း ဘိုးတေကို ပူးဝင်လျက် ရှေးအထက်ကျော်အခါက ထိုတိုက်ပျက်ကျောင်းကြီးတွင် ထွက်ရပ်လမ်းကို အထူးလိုက်စား၍ ဖိုတစ်ခုနှင့် အဂ္ဂိရတ် ထိုးနေသော ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးသည် တပည့်ရသေ့ကြီးတစ်ယောက်နှင့် ကပ္ပိယအဖြစ်နှင့် ထားရှိသော ဘိုးသူကြီးတစ်ယောက်နှင့် နေထိုင်ကြစဉ် ထိုကျောင်းတိုက်ကြီးကို လှူသော ကျောင်းအမသူဌေးကတော်ကြီးလည်း သူဌေးကြီးဆုံးပြီးနောက် လူဆိုးဓားပြတို့ ရန်ကို ကြောက်လန့်သည်

တစ်ကြောင်း၊ ဘုန်းကြီးရဟန်းအနီးတွင် ဥပုသ်သီတင်း စောင့်သုံး၍နေလိုသည်က တစ်ကြောင်းများကြောင့် အဖိုးတန် ရွှေငွေ ပစ္စည်းပစ္စယများနှင့် တစ်ပါတည်း ဘုန်းကြီးကျောင်းသို့ ရွှေ့ပြောင်းလာပြီး ကျောင်းကြီးအောက်တွင် နေထိုင်ကြောင်း ဘုန်းကြီးလည်း နေ့မီး ညမီးမစဲ အဂ္ဂိရတ်ကို တရှုံ့ရှုံ့ထိုး၍ နေခဲ့ရာတွင် သူဌေးကတော်ကြီးလည်း ရွှေဖြစ် ငွေဖြစ်နည်းကို အလိုရှိသဖြင့် ဘုန်းကြီးအလိုရှိသော ရွှေငွေပစ္စည်းများပါ ထောက်ပံ့ရင်း နေထိုင်လာခဲ့ကြရာ ဘုန်းကြီးမှာလည်း မိမိကိုယ်ကို ဝိဇ္ဇာလိုလို ဇော်ဂျီလိုလို အထင်ကြီး၍ နေခဲ့ကြစဉ် တစ်နေ့သောအခါ လေကြီးမိုးကြီးပြင်းထန်စွာ တိုက်ခတ်ရွာသွန်းရာမှ မိုးသားတိမ်တောင်တို့မှာ ဖြိုခနဲ ဖြတ်ခနဲ ဝင်းပြောင်တောက်လင်းလျက် မိုးချိန်းသံများ မစဲအောင် ထစ်ချုန်းမြည်ဟီးကာ မဲနက်သော တိမ်တောင်တိမ်ခဲအတွင်းမှ မိုးကြိုးကြီး ဂျွတ်ခနဲ ပစ်ချလိုက်ပြီး အဆိုပါ ဘုန်းတော်ကြီး၏ အုတ်ကျောင်းကြီးမှာ မိုးကြိုးလက်နက်ကြောင့် ရုတ်တရက် ပျက်စီးပြိုကျသွားရာ အယူသန်သော ဘုန်းကြီးနှင့်တကွ ရသေ့ ဘိုးသူတော် ကျောင်းအမသူဌေးကတော်ကြီးတို့မှာ တိုက်ပြိုရာတွင် ပိပြီး မချိမဆန့် သေဆုံးရသည်တွင် ဇော်ဂျီစိတ်ဝင်နေသော ဘုန်းတော်ကြီးမှာကား လူနီသူရဲကလေးဖြစ်၍ ရသေ့နှင့် ဘိုးသူတော်တို့လည်း သူရဲကြီးတွေဖြစ်ကြကာ သူဌေးကတော်ကြီးမှာကား မိမိပစ္စည်းကို စွဲလမ်းသူဖြစ်သဖြင့် ထိုနေရာမှာပင် ဥစ္စာစောင့်မကြီးဖြစ်၍ နေပြီးလျှင် လူနီကလေး၏ အုပ်ချုပ်ခြင်းကို လက်ခံကာ ထိုနေရာ၌ များစွာသော နာနာဘာဝ တစ္ဆေသူရဲအပေါင်းနှင့် နှစ်ပေါင်းများစွာ ဆိုးသွမ်းလာသည်ဟု သိရှိရလေ၏။

ဘိုးတေလည်း ဆရာကြီးကယ်ဆယ်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရပြီးနောက် ရှေးကလို ဆိုးသွမ်းပေါ့ရမ်းမှုကို မပြုပါဟု အာမဝန်တာ ခံ၍ ဘုရားတွင် သစ္စာပန်ပြီး ယနေ့တိုင် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲနေသည်ဟု သိရှိရပေကြောင်း။

# သရဲကဏ္ဍ

၁၉၃၉ ခု ဧပြီလတွင်ရေးသည်

ယခု ဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ မြန်မာပြည် အထက်ပိုင်းနှင့် ရှမ်းနယ်စပ်တွင် တည်ရှိသော လူသိများ၍ ထင်ရှားသည့် မြို့ကြီးတစ်မြို့တွင် ဖြစ်ပျက်သော အကြောင်းအတ္ထုပ္ပတ္တိ တစ်ခုဖြစ်သော်လည်း ကာယကံရှင်များအတွက် ငဲ့ကွက်သောသဘောနှင့် မြို့ရွာအမည် နေရပ်တို့ကို သင့်လျော်သလို လွှဲပြောင်းရေးသားလိုက်ပါသည်။ သို့အတွက် စာဖတ်သူတို့သည် ယခုအဖြစ်အပျက်ပါ မြို့ရွာနှင့် အမည်နေရပ်တို့ကို အမှန်ဟု စွဲမှတ်ယူခြင်း မပြုစေလိုပါကြောင်း။

အလွန်တရာ မဲမှောင်လျက် မိုးတဖျောက်ဖျောက်ကျနေသော ညသန်းခေါင်အချိန်ဖြစ်၍ လောကဓာတ်ကြီးတစ်ခုလုံးမှာ ကမ္ဘာပျက်ပြီးစ အခါကဲ့သို့ အလွန်တရာ တိတ်ဆိတ်ခြောက်ကပ်လျက် ရှိလေ၏။ ကြယ်ရောင် လရောင်ဟူ၍ကား အလျဉ်းမရှိ၊ တိတ်ဆိတ်၍ အမှောင်တိုက်အတိသာ ဖုံးလွှမ်းလျက်ရှိသော်လည်း ကန်ပက်လက် သချိုင်းတွင်းမှ အသံကြီးတစ်ခုမှာ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်နှင့် တဒုတ်ဒုတ် လိုက်သံပေါက်ခါ ပေါ်လာတိုင်း ကြားရသူတို့တွင် ခေါင်းနားဘမ်းကြီး၍ ကြက်သီးတဖြင်းဖြင်း ထလောက်ပေ၏။

ငတေကြီးနှင့် ဘိုးဖျော့မှာ ခါးတောင်းမြှောင်လှအောင် ကျိုက်လျက် ပေါက်ပြားတစ်လက်စီနှင့် ပူနွေးသော မြေပုံကို ဖော်ရင်း မောမောရှိတိုင်း ဘေးတွင် ချထားသော ဂဇော်ပုလင်းကို ယူ၍ မော့ပြီး မြေပုံကြီးကို တူးဖော်နေကြရာ မြေပုံမှာ မိုးနူးထားသော မြေစေးမြေကပ်များ ဖြစ်သောကြောင့် ပျင်းတွဲစေးကပ်ကာ ရုတ်တရက် တူးရာတွင် လွယ်ကူစွာမပြီးမြောက်ပဲ ရှိချေ၏။ ငတေကြီးသည် တစ်ချက်တစ်ချက် လင်းလိုက်သော လျှပ်ရောင်တွင် မြေပုံကို အကဲခတ်ရာ တူးလိုက်တိုင်း တဒုတ်ဒုတ် လိုက်သံ ပေါ်လာသော်လည်း လိုအပ်သောနေရာသို့ မရောက်နိုင်သေးကြောင်း သိရှိရလေ၏။ မိုးအေးအေးပင်ဖြစ်သော်လည်း ပင်ပန်းကြီးစွာ တူးဆွနေရသော အရှိန်ကြောင့် အကျႌမရှိသော ငတေကြီးနှင့် ဘိုးဖျော့တို့၏ ကျောမွဲကြီးတစ်ခုတွင် ချွေးပေါက်ချွေးသီးတွေ စို့ရွဲလျက်ရှိလေ၏။ မြေစိုင်ခဲတို့ကို လေးငါးဆယ်ချက် ဆက်၍ တူးပြန်ပြီးနောက် ဘိုးဖျော့မှာ ပင်ပန်းလာဟန်နှင့် လက်မှ ပေါက်ပြားကို ဖျပ်ခနဲ လွှတ်ချလိုက်ကာ...

"နင့်မေကလွှား ခုတောင်မပေါ်သေးဘူး"

ဟုဆိုလျက် ဂဇော်ပုလင်းကို လက်လှမ်းလိုက်ပြန်ရာ ငတေကြီးကလည်း ၎င်းနည်းတူ လက်မှ ပေါက်ပြားကိုလွှတ်ပြီး ဂဇော်ပုလင်းများအနီးသို့ လာထိုင်ပြီး ပုဆိုးစုတ်ပေါ်တွင် တင်ထားသော အမဲသားကြော်တစ်တုံးကို ကုန်း၍ နိုက်ကာ အံစောင်တွင် တင်၍ ကိုက်လေ၏။ ၎င်းတို့နှစ်ယောက်၏ ရုပ်ဟန်အမူအရာမှာ ကမ္ဘာပေါ်တွင် ကြောက်ခြင်းသည် အဘယ်နည်းဟူသော မေးခွန်းကို အမြဲမေးနေသော မျက်နှာထားမျိုး ရှိကြ၏။ ကန်ပက်လက်သချိုင်းကား အခြားမြို့ရွာသချိုင်းများထက် နာမည်ကြီးသော သချိုင်းတစ်ခု ဖြစ်ပြီးလျှင် အချိန်ကလည်း သန်းခေါင် မိုးမှောင်ကလည်း ကျလျက် အစုံစုံ တက်၍နေသော မြေပုံမှတ်တိုင်တို့ အလယ်တွင် သောက်စားဖွယ် ဂဇော်ပုလင်းနှင့် အမဲသားကြော်ကို တည်ခင်းလျက် သောက်စားပွဲ ကျင်းပ၍နေကြသော လူနှစ်ဦး၏ သတ္တိထူးကို ချီးကျူးဖွယ် ဖြစ်လေ၏။

"ငါ့လခွေး... ဒီတွင်းက တယ်နက်သကိုးကွ"

ဟု ဘိုးဗျော့က ပုလင်းတစ်ခါမော့အပြီး အမဲကြော်ကိုက်ရင်း ပြောလေ၏။ ငတေကြီးကား အမဲသားကြော်ပလုပ်ပပြနှင့်ပင် ဂဇော်ပုလင်းကို မော့လိုက်ပြန်လျက်...

"မိုးရွာလိုက်တာကိုးကွ... မြေကနူးပြီး စေးသွားတော့ တူးရတာ ကြာတာပေါ့"

ဟု ပြန်ဖြေလိုက်၏။ ၎င်းတို့နှစ်ယောက်မှာ သောက်ကာစားကာနေကြသော်လည်း မှောင်ထဲတွင် တစ်ယောက်ကိုတစ်ယောက် သဲကွဲစွာ မမြင်ရ၊ တစ်ချက်တစ်ချက် လျှပ်လက်လိုက်မှ တစ်ယောက်ကိုတစ်ယောက် ရိပ်ခနဲ မြင်လိုက်ကြရာဝယ် နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်နေကြောင်း သိရလေ၏။ သို့သော် ဘိုးဗျော့နှင့် ငတေကြီးတို့နှစ်ယောက်သား လက်နှိုက်စားနေသော အမဲတုံးကြော်များတွင် ဘိုးဗျော့နှင့် ငတေကြီးတို့၏ လက်များသာမက ထန်းဆစ်ကြောကဲ့သို့ ငေါငေါထောင်နေသော အမွေးဆူးများ ပါရှိသည့် လက်ကြီးတွေကို အမဲကြော်နှိုက်ရာတွင် မကြာခဏ ထိမိခိုက်မိကြလေ၏။

ဘိုးဗျော့ကား ခပ်စွာစွာနှင့်...

"အံမာ မအေပေးတွေ သောက်စားကလေးရှိ ဒင်းတို့လက်တွေချည်းပဲ ရှုပ်လို့ သွားကွာ... သွားတော်ကြာတော့"

ဟု ဆိုဆိုပြောပြော အဆိုပါ အမွေးငေါငေါနှင့် လက်ကြမ်းကြီးများကို တွန်းထိုးပုတ်ခတ် ပစ်လိုက်လေ၏။

ငတေကြီးကလည်း အနည်းငယ် ယစ်သံနှင့်...

"ဟေ့... ခွေးမသားတွေ နင်တို့ဟာ အရပ်ရပ်က ကျောင်းတကာ သောက်စားရှိရာ စုရုံးစုရုံးဆိုတာလိုပဲကွာ၊ ဒါလောက်ဆို တော်ရောပေါ့ ငါတို့ စားရတာယ်ပဲ မရှိဘူး"

ဟု ညီးညီးတွဲ့တွဲ့ ပြောလိုက်ပြန်၏။ ထိုအခိုက် လျှပ်စီးတစ်ချက် လင်းလိုက်ရာ ဘိုးဗျော့နှင့် ငတေကြီးတို့ ဂဇော်ဝိုင်းမှာ နှစ်ယောက်တည်းမဟုတ်ပဲ မဲမဲငုတ်တုတ်လာထိုင်နေသော အကောင်ကြီး နှစ်ကောင် သုံးကောင်ကို တွေ့မြင်ရလေ၏။

(ငတေကြီး) "အံမာ... ကိုယ်တော်မြတ်တို့က လာလာချည်သေး၊ ဟေ့ တော်ကြကွ၊ ငါတို့အလုပ်မပြီးသေးဘူး။ နောက်တစ်ခါ မောရင်သောက်ရဦးမယ်၊ မင်းတို့က ဘာမှလဲ သောက်သုံးမကျပဲနဲ့"

(ဘိုးဗျော့) "အို... ဘယ်ရမလဲကွာ၊ တို့ဟာ ညာပြီးလာစားတဲ့ကောင်တွေ၊ တို့အလုပ်လဲ ကူလုပ်ရမယ်ဆရာ၊ ရီးတီးယားတားလုပ်ရင် နင်တို့တော့ ဆရာကြီးကြိမ်နဲ့ ယူနိုပ်မှာ"

မဲမဲငုတ်ငုတ်ကောင်ကြီး၏ မျက်နှာမှာ မီးခဲကဲ့သို့ ဝင်းထိန်သော မျက်လုံးဝိုင်းစက်စက်ကြီးတွေသည် ရီဖြဲဖြဲမော့ကြည့်ပြီး ဘိုးဗျော့တို့အား ခေါင်းကြီး တငြိမ့်ငြိမ့်လှုပ်ပြကာ အမဲကြော်တုံးကို မျက်နှာရှုံ့တိုက်၍ နှိုက်ကြပြန်လေ၏။ ဘိုးဗျော့သည် အမဲတုံးများကို သိမ်းကြုံးယူလိုက်ကာ မဲမဲကောင်ကြီး သုံးကောင်ကို တစ်ဆုပ်စီ ဝေလျက် ကျန်သောနှစ်ခုကို ငတေကြီးတစ်ဝက်၊ မိမိတစ်ဝက် ခါးပုံစတွင် ဝေထည့်ရင်း...

"ကိုင်း... ကိုယ်တို့ ကြာရင် ကုန်တော့မယ် ရော့။ ဒါတွေစားပြီး တို့အလုပ်လာကူကြကွ"

ဟုဆိုကာ အသောက်ကို အပြီးသတ်ကြပြီး၊ မြေပုံကို ဆက်ကာ တူးကြလေ၏။

ဤအကြိမ်ကား ဘိုးဗျော့နှင့် ငတေကြီးတို့ တူးသော မြေစိုက်ခဲများကို မဲမဲကောင်ကြီး သုံးကောင်က တွင်းနှုတ်ခမ်းမှ ထိုင်ကာ ယက်ဖယ်ပေးကြသောကြောင့် များမကြာမီပင် ပျဉ်ခေါင်းကြီးပေါ်လာလေ၏။

ငုတ်တုတ်မဲတဲနှင့် သူရဲကြီးသုံးကောင်မှာ ထိုင်ရာကထပြီး လက်ကရွံ့များကို ခါပစ်နေလေ၏။ ဘိုးဖျော့နှင့် ငတေကြီးမှာ အဆိုပါ သူရဲကြီးသုံးကောင်အား အလွန်ရင်းနှီးသော သူငယ်ချင်းများကဲ့သို့ ဖြစ်နေလေ၏။

(ဘိုးဖျော့) "ကဲ... ခေါင်းတော့ ပေါ်လာပြီ၊ ဟော့... ငတေကြီး အပေါ်တင်ကြစို့..."
(ကြီး) "ဝါ့လခွေး... တို့နှစ်ယောက်ထဲ မနိုင်ဘူးဟ။ ငနီ၊ ငနက်တို့ ငနွားတို့ကို ကူခိုင်းဦးမှ ပြီးတော့ တွင်းကိုလဲ အခြေမပျက် ပြန်ဖို့ခဲ့ရဦးမှာ ရှိသေးတယ်"
(ဘိုးဖျော့) "ဟော့ကောင်တွေ လာ လာ လာ... လူလည်လုပ်ပြီး ပြန်မသွားကြနဲ့ဦး၊ ခေါင်းကို အပေါ်တင်ရအောင်"

သူရဲသုံးကောင်လည်း တွင်းထဲမှ ခေါင်းကို လက်တံရှည်ကြီးများဖြင့် ဆွဲတင်ပေးကြရာ ပျဉ်ခေါင်းမှာ တွင်းပေါ်သို့ ရောက်လာလေ၏။ ဘိုးဖျော့ကာ မိုက်ကြေးခွဲရန် ကြံတုန်းပင် စောစောက အမဲကြော် ဝေစုပေးလိုက်ရသည်ကို မကျေမနပ် ဖြစ်ဟန်ရှိ၏။ ထို့ကြောင့်...

"ဟော့ကောင်တွေ ဆရာ့အိမ်ရောက်အောင် ကူထမ်းပို့ကြဦးကွ၊ တို့နှစ်ယောက်ထဲ မနိုင်ဘူး"
ဟု ဆိုပြန်သည်နှင့် သူရဲသုံးကောင်မှာ ဘိုးဖျော့တို့ထက် အလုံး၊ အပေါက်၊ အရပ်အမောင်း နှစ်ဆသုံးဆ ထွားနေသော မဲမဲခေါက်ထူ အမွေးငေါငေါ အကောင်ကြီးများ ဖြစ်ရကား ဘိုးဖျော့၊ ငတေကြီးမှာ အရပ်ချင်း မမီသည့်အတွက်ပင် ခေါင်းထမ်း သက်သာလာခဲ့ကြ၏။

ဘိုးဖျော့၊ ငတေကြီးတို့မှာ သချိုင်းမြေ လူသေအလောင်းများ သူရဲသူဘက်များနှင့် မိမိတို့ ဂုဏ်ကျေးဇူးကြောင့် အထူးယဉ်ပါးနေသူများဖြစ်၍ သူရဲသုံးကောင်အား ခေါင်းတက်နဘမ်းတက်နှင့် အမြဲ လက်ပွန်းတတီး ဖြစ်လာကြသည့် အားလျော်စွာ ငနီကြီးဆိုသော သူရဲမှာ နီကျင်ကျင် အသွေးအရောင်ကြောင့် ၎င်းတို့ မှည့်ခေါ်ထားသော နာမည်ဖြစ်၍ ငနက်မှာလည်း နက်မှောင်သော အရောင်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြစ်လေ၏။ သူရဲများကလည်း လူတစ်ပိုင်း သူရဲတစ်ပိုင်းကဲ့သို့ ဖြစ်နေသော ငတေကြီးနှင့် ဘိုးဖျော့တို့အပေါ်တွင် မိမိတို့ အတ္တဘောကို ယခုကဲ့သို့ ညဥ့်အချိန်များတွင် အမြဲထင်စေ မြင်စေလျက် လက်ရေတပြင်စီး လုပ်ကိုင်စားသောက် နေထိုင်ကြသော အိမ်သူအိမ်သားများကဲ့သို့ အရောရော အထွေးထွေး နေကြသူများ ဖြစ်လေ၏။

ယင်းသို့ ညဥ့်နက်သန်းခေါင်အချိန်တွင် နေ့ခင်းအချိန်က မြေမြှုပ်သင်္ဂြိုဟ်ထားသော အစိမ်းသေ မသာလောင်း၏ ခေါင်းတလားကြီးကို ကန်ပက်လက် သချိုင်းမှ လူနှစ်ယောက်နှင့် သူရဲများ ပူးပေါင်းတူးဖော်ကာ ထမ်းလာကြဆဲ၌ ခေါင်းထဲမှ ပါလာသော အစိမ်းသေ မသာလောင်းမှာလည်း သာမဏေ သမဏေ ဂေါဏေ ဂေါဏေဆိုသော စကားအတိုင်း အပြင်မှ ဆောင်ကြဉ်းလာသော သူရဲများအား မိတ်ဆက်သဘောနှင့် အရေတဝင် ပြုဘိအလား ခေါင်းထဲမှ တင်းကြပ်စွာ ကြပ်စီးထားသည့်တိုင်အောင် အလောင်းကောင်ကြီးမှာ တကုန်းကုန်းနှင့် ရုန်းထလျက် ကြပ်စီးထားသည့် အနှောင်အဖွဲ့များကို တဖျစ်ဖျစ် ညစ်၍ ဖြတ်ခါ သေချာစွာ တုတ်နှောင်ထားသော ခြေမကြိုးများကို ရုန်းဖြတ်ထွက်ပြီး ပျဉ်ခေါင်းမှ အဖုံးကြီးကို ဖွင့်ကိုင်ကာ အခေါင်းထဲတွင် ငုတ်တုတ်ထိုင်ပြီး ဖြီးစပ်စပ် ပြောင်စီစီ မျက်နှာကြီးနှင့် ပါလာလေ၏။

ဖုတ်ဝင်သော အလောင်းကောင်ကြီးမှာ လူသတ်၍သေသော အစိမ်းမသာဖြစ်ရာတွင် လည်ပင်းတွင် တဲတဲမျှသာ ကျန်အောင် ခုတ်ထားသော ဓားဒဏ်ရာကြီးကြောင့်လည်း ဝေါယာဉ်စီးသကဲ့သို့ ပျဉ်ခေါင်းထဲမှ

ငုတ်တုတ်ထိုင်လျက်နှင့် တလှုပ်လှုပ်ပါလာရာတွင် တစ်ခါတစ်ခါ ဦးခေါင်းကြီးမှာ ဓားဒဏ်ရာအတိုင်း နောက်သို့ လှန်ချပြီး အရေပြားတဲတဲကလေးနှင့် တွဲလောင်းကြီး ဖြစ်သွားတတ်ရာ အလောင်းကောင်ကြီးမှာ ကိုင်ထားသော ပျဉ်ခေါင်းဖုံးပေါ် ကန့်လန့်တင်လိုက်လျက် လက်နှစ်ဖက်နှင့် တွဲတွဲကနေသည့် ဦးခေါင်းကြီးကို လည်တိုင်ပေါ် ပြန်ယူတင်ထားပြီး နေသားတကျ ပြုပြင်လိုက်၊ တစ်ခါတစ်ခါလည်း ပျဉ်ခေါင်းကြီးကို ထမ်းလာသူ ငနီ၊ ငနက်၊ ငနွားစသော သူရဲများကို ထိကပါး ရိကပါး ကျီစားသည့်သဘောနှင့် ခေါင်းပျဉ်ဖုံးကြီးနှင့် ထိခါ ရိုက်ခါ လိုက်လာပြန်သောအခါမှုကား ရှည်လျားသော လက်ကြီးများနှင့် ပြန်လှန်တွန်းထိုးလိုက်ကြသောကြောင့် အလောင်းကောင်ကြီးမှာ ခေါင်းထဲတွင် ပက်လက်လှန်ကျသွားသည့်အခါသွား၍ ဖင်ထိုင်လျက်လဲသည့်အခါ လဲနှင့် အပြန်ပြန် ဖြစ်လာကြလေ၏။

မှောင်မဲသော သန်းလွဲအချိန် ငိုသံကြား တောင်ထိပ်တွင် မီးကလေးမှိတ်တုတ်ကို တွေ့မြင်နိုင်လေ၏။ တောင်အောက်တွင် နက်စောက်သော ရေကန်ကြီးတစ်ခုလည်း ရှိ၍ ထိုရေကန်မှာ တစ်နှစ်တစ်ကြိမ် နှစ်ကြိမ် အမြဲလူစားသည်ဟု ကျော်ဇောသတင်းဖြစ်လျက် နာမည်ပျက်သောကြောင့် မည်သူမျှ ထိုကန်နားသို့ မကပ်ဝံ့ကြပေ။ ရွာနီးပါးချင်းမှသော်လည်းကောင်း၊ အမြို့မြို့ အပေါ်မှသော်လည်းကောင်း အစားခံရပါများ၍ လုံးလုံးလျားလျား သပိတ်မှောက်ထားခြင်းခံရသော ကန်ကြီး ဖြစ်လေ၏။ ထိုကန်မှာ လူများ ကွင်းရှောင်ကြသဖြင့် ရေချိုး၊ ရေခပ်မရှိ ကန်ဘောင်ရိုးကိုမျှ လျှောက်ဝံ့သူပင် မရှိတော့၍ လူမစားရရင် ညဥ့်အခါ ကန်ထဲမှာ ဝါးသော အသံကြီးများ ထွက်ပေါ်လာတတ်ပေ၏။

လူကိုမစားရသော် ရေသောက်ဆင်းလာသော ကျွဲ၊ နွား၊ တိရစ္ဆာန်များကို စားပြန်ရာ ကြာသော် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့ပါ ထိုကန်ကြီးကို ကွင်းရှောင်ကြပြန်၏။ ထိုကန်ကို နာမည်ကြီး၍ လူအများက သေတွင်းကန်ဟု ခေါ်ကြပြီး သူရဲ၊ တစ္ဆေအထူးကြမ်းလှသည်ဟု အထူးနာမည်ကြီးသော ငိုသံကြား တောင်ခြေတွင် တည်ရှိသော အဆိုပါ သင်္ချိုင်းနှင့် ကန်တို့မှာ သုံးယောက်ပေါင်း လောင်းကျော်ဆိုသလို သုံးပွင့်ဆိုင် နာမည်ကြီးနေခြင်းကြောင့် ခရီးသွားပင် အထူးရှောင်ကြဉ်ကာ လွန်စွာအရေးမကြီးပဲ ထိုအနီးအပါးမှ နေ့ခင်း နေ့လည်များမှာပင် ဖြတ်သွားသူ မရှိသလောက် ရှားပါးလေ၏။

မြို့မမည် ရွာမက စည်ကားလှသော ညောင်ဝန်းမြို့ကလေး (လွှဲပြောင်းထားသော အမည်ဖြစ်ပါသည်)ရှိ လူများမှာ အဆိုပါ ငိုသံကြားတောင်ကြီးကို မိမိတို့မြို့ပေါ် နေ့အခါ မျှော်ကြည့်လျှင် မှိုင်းမှိုင်းညိုညို မြင်ရပါသော်လည်း ညဥ့်အချိန်များမှာ တောင်ကြီးရှိရာဘက်သို့ မျက်နှာရဲရဲလှည့်ဝံ့သူ နည်းလှပေ၏။ အချို့ ရဲဆေးတင်ထားသော ကာလသား လူပေ လူတေ တစ်စုက တစ်ခါက အလောင်းအစားနှင့် ကြည့်ကြဖူးသဖြင့် ငိုသံကြားတောင်ကြီးပေါ်မှ ညအခါ မီးကလေး မှိတ်တုတ်လင်းနေတတ်သည်ဟု သိကြရ၏။

သို့သော် ထိုတောင်ကြီးမှာ သူရဲ တစ္ဆေနှင့် နတ်ရဲသစ်ပင်တွေ့ရှိနေသောကြောင့် အလွန်လျှင် ကြမ်းတမ်းလှ၍ ထိုတောင်ပေါ်တွင် မည်သူမျှ နေထိုင်ဝံ့မည် မဟုတ်သည့်အပြင် ဤသို့ မြင်ရသော မီးရောင်ကလေးမှာလည်း စိမ်းချည်တစ်ခါ၊ ပြာချည်တစ်လှည့်၊ ရဲရဲတောက် နီမြန်းသည့်အခါ နီမြန်းသွားကာ အမျိုးမျိုး အဖြာဖြာ ပြောင်းလဲနေတတ်သည်ကို တွေ့မြင်ကြရသဖြင့် ထိုမီးမှာ လူနေမီးမဟုတ်ပဲ နတ်ရဲများ၏ နတ်မီးပေါက်ဟု အယူရှိကာ ရဲရဲမှ မကြည့်ဝံ့ကြ ရှိလေ၏။ ထို့ကြောင့်ပင် ငိုသံကြားတောင်တဝိုက်နှင့် သေတွင်းကန်၊ ကန်ပက်လက်သင်္ချိုင်းတို့ အနီးအပါးသို့ ညဥ့်အချိန်မဆိုထားဘိ နေ့အချိန်များတွင်

ဖြတ်သန်းသွားလာဝံ့သူ မရှိရာ၊ ဘိုးဖျော့နှင့် ငတေကြီးတို့၏ အလုပ်မှာ အပြင်လူတစ်ဦးတစ်ယောက်မျှ မမြင်ပဲ သူရဲသူဘက်တွေနှင့်သာ လွယ်ကူစွာ လုပ်ကိုင် ဆောင်ရွက်လာကြရပေ၏။

သို့နှင့် ငတေကြီးနှင့် ဘိုးဖျော့တို့က ရှေ့မှ မီးတုတ်နှင့် လမ်းပြ၍ နောက်မှ ငနီ၊ ငနက်တို့ တစ်စုက တလှုပ်လှုပ် တရုက်ရုက်နှင့် ဖုတ်သက်ဝင်လိုက်လာသော အလောင်းကောင်ကြီးကို ပျဥ်ခေါင်းကြီးနှင့်တင်၍ ထမ်းကာ အမှောင်ထုကို ထွင်းဖောက်လျက် ကန်ပက်လက် သင်္ချိုင်းမှ ထွက်လာခဲ့ပြီး ချုံနွယ်ပိတ်ပေါင်းတို့နှင့် အတိပြီးသော ငိုသံကြားတောင်ထိပ်ပေါ်သို့ အလောင်းကောင်ကြီးနှင့်အတူ တက်လာကြလေ၏။ မီးတုတ်ကြီးမှာ မီးတဖွားဖွားနှင့် မှောင်တိုက်ထဲမှ ဝှေ့ကာဝှေ့ကာ တဖြည်းဖြည်း ရွေ့လျားလာပြီး ပျဥ်ခေါင်းကြီး ထမ်းရသော သူရဲများက နောက်မှလိုက်လျက် တောင်ခါးပန်းမှ ဖြတ်သန်း၍ တက်လာကြလေ၏။ တောင်ခုလပ်ရှိ တစ်ဖက်သော မျက်နှာစာတွင်ကား အမင်္ဂလာတို့ဖြင့် တန်ဆာဆင်အပ်သော တစ်ဖက်ရပ်တဲတစ်ခု ရှိလေ၏။ ထိုတဲ အမိုးအကာဟူသ၍တို့မှာ ခေါင်းတလား ပျဥ်ချပ်များနှင့်သာ ပြီးလေ၏။

အသီးသီးသော လူသေတို့၏ အခေါင်းခွံနှင့် အရိုးများမှာ တဲအိုဏ် မျက်နှာစာတွင် မြင်မကောင်းအောင် အမဲရိုးလှောင်သော ဂိုထောင်တမျှ အစုလိုက် အပြုံလိုက် တွေ့မြင်နိုင်လေ၏။ တဲအိုတွင်းမှ တဝင်းဝင်းလက်နေသော မီးရောင်ကား ချားရဟတ်ကဲ့သို့ အဆက်မပြတ်အောင် တဖြည်းဖြည်း လှည့်လည်နေသော ဆန်ကောတစ်ခုပေါ်တွင် ဦးခေါင်းခွံ ၄-၅ ခုကို ပက်လက်လှန်တင်ထားပြီး ခေါင်းခွံထဲတွင် လက်ဝဲဂိုဏ်းအင်းတစ်ခုစီ ထည့်လျက် နက်ကြုတ်ကြမ်းတမ်း၍ နှုတ်ခမ်းတွဲတွဲ သူရဲရုပ်ပေါ်နေသော လူကြီးတစ်ယောက်က ဉ်ုတဖွဖွနှင့် လက်သီးဆုပ်ကို နှုတ်ခမ်းနားကပ်ကာ ရွတ်ဆိုပြီး လက်ဟန်နှင့် ခေါင်းခွံရိုးထဲသို့ မန်းမှုတ်ထည့်လိုက်သည့်ခဏ၌ ချာချာလည်နေသော ခေါင်းခွံတို့မှာ အဝါရောင်၊ အပြာရောင်၊ ရဲရဲတောက် အနီရောင် စသည်ဖြင့် ခေါင်းခွံတစ်ခုလျှင် အသွေးရောင် တစ်မျိုးစီ မီးတောက်များ ဟုန်းခနဲ ဟုန်းခနဲ ထ၍တောက်လျက် ရှိလေတော့၏။

မန်းမှုတ်နေသော လူကြီးမှာ ထိုအရောင်များကို များစွာ စိတ်တိုင်းမကျသေးသကဲ့သို့ ထပ်မံမန်းမှုတ်လျက်ရှိစဉ်၊ ဘိုးဖျော့တို့လူစု မီးတုတ်ကြီးနှင့် တဲတွင်းသို့ ဝင်လာကြပြီး ငနီတို့ကလည်း ထမ်းလာသော အလောင်းခေါင်းကြီးကို အဆိုပါ လူကြီးအနီးတွင် ချကာ ဆရာ့အမိန့်ကို နာခံနေသော တပည့်များအလား တဲနံရံတွင် ကပ်ကာ လက်ကလေးတွေ နောက်ပစ်၍ ငြိမ်သက်စွာ ရပ်ကြည့်နေကြလေ၏။ ခေါင်းတစ်လုံးထဲမှ ထိုးထိုးထောင်ထောင် ငုတ်တုတ်ထိုင်လျက်ကြီးနှင့် လိုက်ပါလာသော အစိမ်းသေ အလောင်းကြီးမှ သူရဲ ငနီ၊ ငနက်၊ ငနွားတို့နည်းတူ မလှုပ်မယှက် ငြိမ်သက်စွာ ဆရာ့မျက်နှာကဲ စောင့်ကြည့်နေသကဲ့သို့ ရှိလေ၏။

ဆရာကြီးကား မန်းမှုတ်နေရာမှ တပည့်များကို စောင်းငဲ့ကြည့်ကာ...

"ငတေကြီးတို့ ရောက်ကြပလားဟေ့၊ ဒီအလောင်းကောင် ငါမှာတာ ဟုတ်ရဲ့လား၊ လူလဲ မှားလာကြဦးမယ်"

ဟု ကြောက်စရာ အသံဩကြီးနှင့် ပြောလိုက်လေ၏။

(ငတေကြီး) "ဟုတ်ပါတယ် ဆရာကြီးရယ် လူမမှားနိုင်ပါဘူး။ သူ့လည်ပင်းမှာ ဓားရာကြီး အထင်အရှားပါတယ်"

(ဆရာကြီး) "အေး... အေး မမှားရင် ကြိုက်ပြီ။ ငါက ဒီအကောင့်ကို အင်မတန် အလိုရှိနေတာ၊ ဘာပြုလို့လဲဆိုတော့ ဒီကောင်က ရှင်နေတုန်းက အင်မတန် ဆိုးတဲ့မိုက်တဲ့ အကောင် လူကို ငါးခါတိတိ သတ်ဖူးတယ်။ သုံးခါက သက်သေမရှိလို့ တရားသေလွတ်တယ်။ တစ်ခါက ထောင်ခုနစ်နှစ်ကျဖူးတယ်။ နောက်ဆုံးတစ်ခါတော့ ကြိုးမိန့်ကျရာက အယူခံတာနဲ့ တစ်သက်တစ်ကျွန်း ကျသွားတာ အောင်ဘာလေနဲ့ ပြန်လွတ်လိုက်တဲ့အကောင်။ ဓားလဲပြီးတယ်၊ အမတေ ရှိသလိုလိုတောင် ပြောကြတယ်။ ဒီလိုအကောင်မျိုးကို တပည့်လုပ်ရမှ ငါ့မှာ ပိုပြီး တန်းခိုးရှိမယ်ကွ။ ဒါကြောင့်ပေါ့ ဒီကောင်မသေခင်ထဲက ငါရွေးချယ်ထားတာ၊ နို့ပြီး ရိုးရိုးမမာမကျန်းဖြစ်ပြီး သေတာလဲ ငါမကြိုက်ဘူး။ အမှန်ပြောရရင်ဟေ့ ရိုးရိုးသေရင် ဒီအကောင် ဘယ်လောက်လူတုန်းက သွေးစွမ်းပေတဲ့ ငါယူသုံးလို့ ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ငါ့ပယောဂလဲ ပါတယ်ဟေ့၊ သူရဲငနွားကို သူ့နောက် အမြဲလိုက်ခိုင်းပြီး ကြံယူရတာကွ"

(ဘိုးဖျော့) "ဩော်... ဒီကောင်သေတာ ဆရာ့ပယောဂ ဟုတ်လား။ ကျွန်တော်တို့တော့ ထန်းရည်ဆိုင်မှာ ဘိုးဝန်ဆိုတဲ့အကောင်နဲ့ မူးပြီးစကားများလို့ ဘိုးဝန်က ဓားနဲ့တစ်ချက်ခုတ်လိုက်တာ မျက်မြင်ပဲ ဆရာ"

(ဆရာ) "အေး... ဘိုးဝန်ဓားနဲ့ ထခုတ်ဝံ့တာ ငနွားကြောင့်ပေါ့၊ ဘိုးဝန်ဆိုတဲ့အကောင်က အင်မတန် သတ္တိနည်းတဲ့ အကောင်၊ မိန်းမရှာလိုပဲ သူ့စိတ်အတိုင်းဆို သံတိုင်လို တကျွန်းပြန်လူမိုက်ကို မော်လို့တောင် မကြည့်ရဲဘူးကွ"

(ဘိုးဖျော့) "ဒါနဲ့များ ဘာကြောင့် ကျွန်းပြန်သံတိုင်ကို လည်ပင်းတဲတဲကလေး ကျန်အောင် ခုတ်သတ်ပါလိမ့်ဗျာ"

(ဆရာ) "ငါပြောပြီကောကွ ငါ့တပည့် သူရဲငနွားက သံတိုင်သွားရာနောက် လွှတ်ထားတော့ သံတိုင်နဲ့ ဘိုးဝန်ရန်ဖြစ်ကြတယ်ဆိုရင်ပဲ ငနွားက ဘိုးဝန်ကိုစီးပြီး ဓားနဲ့ကောက်အခုတ်ခိုင်းလိုက်တာပဲ၊ သံတိုင်ကလည်း ဘိုးဝန် ဒီလောက်သတ္တိရှိမှာ မဟုတ်ဘူးဆိုပြီး ခပ်ပေါ့ပေါ့နေလိုက်တော့ မခုခံနိုင်ပဲ တိခနဲ လည်ပင်းပြတ်ခံရတာပေါ့ တပည့်ရ"

ဤတွင်မှ ဘိုးဖျော့နှင့် ငတေကြီးတို့လည်း မိမိတို့၏ ဂဏ်ဒါယကာ အောက်လမ်းဆရာ ဦးညိုတုတ်၏ ယုတ်မာညစ်ညမ်း အောက်လမ်းသမားပီပီ ဝက်ဉာဏ်ဖက်၍ သူတထူးအား ရက်စက်ပုံကို အလုံးစုံ သိတော့၏။ သို့သော် ဘိုးဖျော့နှင့် ငတေကြီးတို့မှာ မိမိတို့၏ ဂဏ်ဒါယကာ ဆရာရင်း တပည့်ရင်း အတွင်းကျကျ အကျိုးဆောင်နေကြရသော တပည့်များဖြစ်သည့် အားလျော်စွာ တရားတာ မတရားတာကို မတွေး ခပ်အေးအေးပင် ငြိမ်နေကြလေ၏။

ဦးညိုတုတ်လည်း ခေါင်းတလားထဲမှ သံတိုင်၏ အလောင်းကို စေ့စေ့ကြည့်ကာ များစွာ ကြေနပ်သော အမူအရာနှင့် ခေါင်းကို အသာအယာ ငြိမ့်လျက်ရှိနေပြီးလျှင် ပါးစပ်မှ တစ်စုံတရာ မန်းမှုတ် အမိန့်ပြန်ပေးရာ ငုတ်တုတ်ထိုင်လျက်ရှိသော သံတိုင်၏ အလောင်းက ခေါင်းကြီးတဆတ်ဆတ် ငြိမ့်ပြပြီး ပါးစပ်ကြီးကိုပြုံး၍ မျက်လုံးကား မျက်ဖြူဆိုက်လျက်နှင့် မျက်တောင်မခတ် ပြူးကြောင်ကြောင်ကြီး ကြည့်နေလေ၏။ အောက်လမ်းဆရာ ဦးညိုတုတ်လည်း သွားဖုံးမဲကြီးကို ဖော်၍ ပြုံးပြန်၏။ မျက်နှာတွင်ကား အတော်အားရကျေနပ်နေသော အမှတ်လက္ခဏာများ ပေါ်လွင်နေလေ၏။

"နေရာကျပြီဟေ့... ဒီလို မှတ်ကျောက်အတင်ခံရတဲ့ တပည့် တစ်ခါမှ မတွေ့ရသေးဘူး"

"ငနီကြီးဟာ သူ့အလောင်းလာတုန်းက တော်လှပြီ ထင်ထားတာ... ခုလို အစမ်းသပ်ခံတဲ့နေရာမှာ သံတိုင်လို ပြုံးပြုံးရီရီနဲ့ ခေါင်းမငြိမ့်ရဲဘူး။ ငါအမိန့်ပြန်လိုက်ရင်ပဲ ငိုမဲ့မဲ့ မျက်နှာပျက်သွားပြီး ခပ်အင်အင် ခေါင်းညိမ့်တယ်။ နေက်နဲ့ ငနွားတို့တုန်းကတော့ ဘာမှမပြောနဲ့ ကြုံကြုံဖုတ်ဒိုကြတယ်။ ဒါတောင် ဒင်းတို့လဲ

လူတုန်းက သွေးနည်းကြတာ မဟုတ်ဘူး။ အခု သံတိုင်က ထူးပါပေတယ်။ တော်တယ်၊ တော်တယ်၊ ဒီလို တပည့်မျိုးရမှ ဆရာလဲ သူရဲအာဏာရှင် ဖြစ်ရမှာကိုး တပည့်တို့ရဲ့။ ဒီလို ထက်မြက်တဲ့ တပည့်မျိုး ခိုင်းရတော့ ရှေ့လျှောက်လို့ ဆရာ့အစွမ်းသတ္တိတွေ အကျိုးခံစားမကုန်သလောက် တိုးပွားပေတော့မယ်။ ကဲ... ကဲ သံတိုင် ဒီနေ့ကစ၍ ငါ့ကို ဆရာရင်း အရှင်သခင်ရင်းဖြစ်တဲ့အတိုင်း အထူးရိုသေလေးစားရမယ်၊ ငါခိုင်းတဲ့အလုပ်ကို မဆုတ်မနစ် လုပ်ရမယ်။

ငါကလဲ မောင်မင်းကို တပည့်ရင်းတစ်ဦးလို သဘောထားပြီး ငါ့ဆီမှာရှိကြပြီးဖြစ်တဲ့ ငနီတို့ ငနက်တို့ ငနွားတို့ထက် မောင်မင်းကို ပို၍ အရေးပေးပြီး ကျွေးမွေးထားမယ်။ ဘာမှ အားမငယ်နဲ့၊ ပျော်ပျော်သာနေ၊ ဟောဒီက ဘိုးဖျော့နဲ့ ငတေကြီးတို့ဟာလဲ ဆရာ့ရဲ့ တပည့် မိုက်ခဲ၊ ငါ့ရဲ့တပည့်ဖြစ်တဲ့ ငနီဟာ ပိုးထိပြီး သေခဲ့တယ်။ ငနက်က ရေနစ်ပြီး သေခဲ့တယ်။ ငနွားကတော့ ထန်းသမားမို့ ထန်းပင်ပေါ်က လိမ့်ကျပြီး သေခဲ့တယ်။ ငါ့တပည့် သံတိုင်ကတော့ လူသတ်လို့ သေတယ်။ မင်းတို့အားလုံး ဂုဏ်မငယ်ကြပါဘူး။ ဒါပေမဲ့ သံတိုင်က သတ္တိသာတယ်ဟေ့၊ ကိုင်း... လာ လာ ငါ့တပည့်"

ဟု အက်ကွဲနက်ကြောသော အသံကြီးနှင့် ပြောရင်း သံတိုင်အလောင်းမှ တဲတဲနေသော ခေါင်းကို ဖြုတ်ယူလိုက်လျက် ရင်ခွင်တွင်ပိုက်ထားပြီး ကိုယ်ပိုင်းကြီးကိုမူ ငနီတို့သူရဲတစ်စုကို ဆုလာဘ်အဖြစ် ပေးလိုက်သောအခါ ငနီ၊ ငနက်၊ ငနွားစသော သူရဲတစ်စုမှာ ခေါင်းမပါသော အလောင်းကြီးကို ပျဉ်ခေါင်းထဲမှ ဒရွတ်တိုက် ဆွဲသွားပြီး တဲအိုအပြင်မှ အရိုးပုံအနီးတွင် ပျော်ပွဲသဘင်ပမာ မြိန်ယှက်စွာ ကိုက်ဝါးစားသောက်နေကြလေ၏။

ဦးညိုတုတ်သည် သံတိုင်၏ ခေါင်းကို မြတ်နိုးစွာ ပိုက်ထားရာမှ...

"ကဲဟေ့... ဘိုးဖျော့တို့ ဒီပျဉ်ပြားတွေ နေရာတကျ တဲအမိုးပေါ်တင်ပြီး မင်းတို့ အိမ်ပြန်နှင့်ကြတော့၊ ရော့ ရော့... ဂဇော်ဖိုး ယူသွားကြ၊ သိပ်လဲ မူးမနေနဲ့ဦး တော်တော်ကြာ မိုးလင်းတော့မယ်။ ဆရာဒီမှာ သံတိုင်အတွက် စီရင်စရာကလေးတွေ ရှိသေးလို့ နေရစ်ရဦးမယ်။ အကယ်၍ အရေးကြီးတဲ့ လူမမာသယ်များ လာခေါ်လို့ရှိရင် ငါကိစ္စရှိလို့ တစ်ရွာသွားတယ်၊ နက်ဖြန်မှ ပြန်လာလိမ့်မယ် ပြော... ကြားလား။ ကဲ... ရော့ ပိုက်ဆံ၊ အိမ်တံခါးလဲ ဟောင်းလောင်းကြီးထားပြီး အိပ်မနေကြနဲ့ဦးနော်၊ အိပ်ချင်ရင် တံခါးလုံလုံ ပိတ်ပြီးမှ အိပ် ဟုတ်လား"

ဟု တပည့်များကို မှာကြားပြန်လွှတ်လိုက်ပြီး သံတိုင်၏ ဦးခေါင်းပြတ်ကြီးကို သူ့နည်းအတိုင်း စီမံပြုပြင်၍ ချာချာလယ်နေသော ဆန်ကာအလယ်တည့်တည့်တွင်ချပြီး မန်းမှုတ်နေရာ သံတိုင်၏ ခေါင်းကြီးမှ အသားတွေသည် တစ်စ တစ်စ အရည်ပျော်၍ ချော်ရည် ချော်မျှပ်တို့ကဲ့သို့ ပြုံးပြုံးပြောင်ပြောင်နှင့် စီးဆင်းသွားကြပြီး နောက်ဆုံးတွင် ခေါင်းခွံရိုး ဖြူဖြူကြီးသာ ကျန်ရစ်လေတော့၏။

ညောင်ဝန်မြို့ကလေးကား မီးရထားလမ်း၊ သင်္ဘောလမ်းရှိသော မြို့မဟုတ်ပဲ အနည်းငယ် ချောင်ကျသည့်တိုင်အောင် မြို့ကလေးမှာ ရှမ်းကုန်နှင့် သင်္ဘောကုန်ဖလှယ်ရာ ဌာနကလေးတစ်ခု ဖြစ်သောကြောင့် ကုန်းလမ်းဖြင့် မော်တော်ကား၊ နွားလှည်းများ ဥဒဟို သွားလာဝင်ထွက်လျက်ရှိ၏။

နေအိမ်တိုက်တာများ အထူးစည်ကား၍ ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသူများလည်း အတော်ပေါများသေ မြို့ကလေး ဖြစ်လေ၏။ အဆိုပါ ချမ်းသာကြွယ်ဝသူတို့မှာ အများအားဖြင့် မြေပိုင်၊ ယာပိုင်၊ လယ်ပိုင်ရှင်တွေနှင့် ဘိုးစဉ်ဘောင်ဆက်က စုဆောင်းသိုမှီးထားသော မြေမြှုပ်

ပစ္စည်းအမွေပုံကြီးပေါ်တွင် အစဉ်အတိုင်း တက်ထိုင်၍ ငွေတိုးကြေးတိုးများနှင့် အေးအေးကုတ်ကုတ် ထိုင်စားပြီး အကြွားအဝါ ဂုဏ်တုဂုဏ်ပြိုင်လည်း အထူးကင်းကြသူများ ဖြစ်လေ၏။

ဤမျှရိုးသားအေးချမ်းစွာ နေထိုင်သူများနှင့် ပြည့်စုံသော ထိုမြို့ကလေးမှာ အမြဲတမ်း ငြိမ်းချမ်းသာယာခဲ့သည်။ မြို့ဆင်ခြေဖုံးအရပ်ရှိ ပျဉ်ထောင်သွပ်မိုး တလိုင်းအိမ်ကလေးတစ်ခုအတွက် မြို့၏ ကျက်သရေကို အထူးညှိုးနွမ်းနေစေသည်ကိုကား မည်သူမျှ သတိမထားမိကြ ဖြစ်လေ၏။

ဗိန္ဓောဆရာ ဦးညိုတုတ်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့ကို လှိုင်လှိုင်ရွတ်၍ ဆေးကျမ်းကို အလွတ်ရအောင် ကျက်ကာ လာလာသမျှ သူနာ၊ ပင့်လာသမျှ သူနာတို့အား ဖော်စပ်ထားသော ဆေးများကို ငှက်ပျောဘူးပုလင်းများနှင့် ထည့်ကာ စာတမ်းအမျိုးမျိုး ထိုးကပ်လျက် လေးထပ်ရှိသော ဘီရိုစင်မြင့်တစ်ခုနှင့် သားနားစွာ တင်ထားပြီး ခြေကြွခမှန်မှန်ယူလျက် လက်သပ်မွေးထားသော ဆေးပညာသင် အမည်တပ်ထားသော တပည့်ဖြစ်သူ ဘိုးဖျော့နှင့် ငတေကြီးတို့အား ဂဇော်ဖိုး လှိုင်လှိုင်ပေးထားသူ ဖြစ်လေ၏။

စင်စစ် ဦးညိုတုတ်မှာ ယုတ်မာညစ်ညမ်းလှသော သူရဲအာဏာရှင် အောက်လမ်းဆရာတစ်ဦး ဖြစ်သော်လည်း မြို့ပေါ်တွင် မိမိအတွက် လူအပေါင်း မခက်စေခြင်းငှာ တစ်ကြောင်း၊ ၎င်း၏ ရည်ရွယ်ချက်အတိုင်း အစစအရာရာ လွယ်ကူစွာ ဖြစ်မြောက်နိုင်စေရန် တစ်ကြောင်း၊ ဗိန္ဓောဆရာဟူသော အမည်ကို ယူထား၍ အရေးတကြီး လုပ်စရာရှိသော ညများတွင်ကား တစ်မြို့လုံးက ကျောစိမ့်အောင် ကြောက်ထားသော ငိုသံကြားတောင်ပေါ်ဝယ် မဖွယ်သော အမှုကို လွတ်လပ်ချောင်ချိစွာ ပြုမူနေထိုင်လျက် ရှိခဲ့သူဖြစ်လေ၏။

အထူးသဖြင့် ထိုမြို့လေးရှိ ပစ္စည်းရှင် သမီးပျိုကလေးများမှာ မိန်းမချော၊ မိန်းမလှလေးတွေ များလျက် ၎င်းတို့မှာ ရိုးသားသော မိဘများမှ ဆင်းသက်ပေါက်ဖွားလာကြသူများ ဖြစ်သည့်အလျောက် အိမ်ရှေ့လမ်းမကိုမျှ လမ်းထွက်၍ မလျှောက်ဝံ့သော အိမ်တွင်းပုန်းမ အရိုးခံမကလေးတွေ ခေတ်မမီရာသူကလေးတွေ ဖြစ်နေပြီးလျှင် မည်သည့်အပျိုအရွယ်ကလေးမှ လျှပ်ပေါ်လော်လီသည့် မျက်နှာထား အမူအရာမရှိပဲ၊ မိဘမောင်ဘွားတို့နှင့် လိမ္မာပိပြားစွာ နေထိုင်တတ်ကြသူများဖြစ်ရာ ၎င်းတို့အား မြင်ချင်တွေ့ချင်သော မြို့ရှိကာလသားများမှာ ဘာသာရေးနှင့်ဆိုင်သော အခါကြီး ရက်ကြီးဖြစ်သည့် ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်တိုင်လပြည့်နေ့ စသည်ဥပုသ်နေ့များတွင် ကျောင်းကန်ဘုရား၊ ဇရပ် တန်ဆောင်းများတွင် မိဘသားချင်းတစ်စုတို့ စုရုံးလာရောက်ကာ ဥပုသ်သီတင်း ဆောက်တည်တတ်ကြသည်ကို လိုက်ကြည့်မှသာလျှင် မြင်ရတတ်လေ၏။

ထိုသို့သော အခါမျိုးတွင်ကား တစ်နှစ်လုံး အိမ်တွင်းပုန်းကြခြင်းဖြင့် ဝါဝင်းသော အသားအရေကလေးများနှင့် မပြုမပြင် နဂိုယဉ်သော ပင်ကိုယ်ချော မိန်းမပျိုကလေးတွေကို တော့တော့တင်တင် တွေ့မြင်ရသူ လူပျိုကာလသားတို့မှာ အစွဲကြီးစွဲသွားရာကြကာ တချို့မှာလည်း မိဘချင်းအကြောင်းသင့်လျက် သားသမီးချင်း လက်ဆက်ပေးသည်ကို ခံရ၍ အချို့မှာလည်း မိဘချင်းအကြောင်း မညီညွတ်၍ သမီးပျိုကလေးများကို အောင်သွယ် ဒလံများနှင့် စေစားရာကြတော့သည်။

သို့ရာတွင် ရိုးသားလိမ္မာသူ မိန်းမပျိုကလေးတွေသာ များရကား မိဘမျက်ကွယ်တွင် ချစ်သူရှာခြင်း၊ ချစ်သူကို မိဘမသိပဲ လက်ခံဆက်သွယ်မှုမှာ မပြုကောင်းသော ကံငါးပါးကို ကျူးလွန်ရမည်ထက် ရှက်ကြောက်ထိတ်လန့်နေရှာကြသောကြောင့် အောင်သွယ်ဒလံတို့မှာ တပ်လန်၍သာ သွားရလေရာ တချို့ကာလသားများမှာ မိဘချင်းလည်း စေ့စပ်မရ၊ ကိုယ်တိုင်ကြိုးစားရန်လည်း အချက်မရ၊ အောင်သွယ်များနှင့် ကြံ၍လည်း အကွက်မလယ်ကြပဲ စွဲလန်းသည့်အာရုံကလည်း အတော်မသတ်နိုင်အောင် ရစ်ပတ်ချုပ်ချယ်ခြင်း ခံနေရရှာသဖြင့် အကြံအစည် အမျိုးမျိုးထုတ်ကာ ကြိုးစားရာကြရာတွင် အချို့နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းတတ်သော ကာလသားများမှာ ဗိန္ဓောဆရာ ဦးညိုတုတ်အား ပီယဆေးအတွက် အစွမ်းအစ ထွက်လိုထွက်ငြား စုံစမ်းသမှုပြုကြ၍ ဦးညိုတုတ်ကလည်း ဝင်လာသော လာဘ်ကို မပယ်လိုသဖြင့် မိမိ၏ အောက်လမ်းပညာနှင့် စီမံထားသော ပီယဆေးများကို တိုးတိုးတိတ်တိတ် လက်သိပ်ထိုး ပေးသောကြောင့် အချို့ကာလသားများမှာ အကယ်ပင် ဆေးအစွမ်းပြ၍ ရသူရသွားကြသည်တွင် တစ်စတစ်စနှင့် အကြံကုန် လက်ပမ်းကျနေသော ကာလသားများ ရပ်ကွက်တွင် ဦးညိုတုတ်ပီယဆေး တန်ခိုးထက်မြက်ပုံကို ကြော်ငြာမကမ်းရပဲ နာမည်ကြီးလျက် ရှိရကား ချစ်သူအတွက်နှင့် အကြံခက်သော လူပျိုလူရွယ်တိုင်း ဆရာကြီးဦးညိုတုတ်ကို ကြည်ညိုစွာ လာရောက်ဆည်းကပ်၍ မပြတ်အောင် ပူဇော်ပသလျက် ရှိကြရလေ၏။

သို့ ဆေးနှင့် ဝါးနှင့် ကူ၍ ချစ်သူနှင့်နီးရအောင် ကြံဆောင်ကြသော်လည်း အများအားဖြင့် အလယ်အလတ်တန်းစား မိန်းမပျိုကလေးများကိုသာ အဆက်အသွယ် အသွားအလာ လွယ်ကူသောကြောင့် ကြံစည်ခွင့် အချက်ရ၍သွားကြသော်လည်း အိမ်ထဲက အိမ်ပြင်သို့ ထွက်ခဲ့သော်လည်း အထက်တန်းကျသည့် ကြွယ်ဝချမ်းသာသူတို့၏ သမီးပျို အချောအလှကလေးများ အတွက်မူ မည်သူမှ မတိုးနိုင် မကြံနိုင်နှင့် လက်မှိုင်ချရလျက် မိဘချင်း ကြေနပ်မှသာ ရသော ဓမ္မတာကဲ့သို့ ရှိခဲ့လေ၏။

သို့ရာတွင် လွန်ခဲ့သော တစ်နှစ်ကျော်လောက်အခါမှစ၍ ဗိုင်းကောင်းကျောက်ဖိ ပိရိလိမ္မာ ဣန္ဒြေရှင်မြင့်ကြရှာသော အိမ်တွင်းပုန်း အမျိုးသမီး အပျိုအရွယ်ထဲတွင် နာမည်အကြီးဆုံး၊ ရုပ်အချောဆုံး၊ ပစ္စည်းအပေါဆုံး မိန်းကလေးအချို့မှာ မည်သည့်ကပ်မျိုး ဆိုက်ရှာကြသည်မသိ၊ အချို့မှာ အိမ်တွင်းက အိမ်ပြင်မထွက်ရရုံသာမက အပြင်ကဝင်လာသူတို့နှင့် အဆက်အသွယ်မရှိပဲ အရုက်တကွဲ အကျိုးနည်း အဖေမဖော်နိုင်ပဲ သားသမီးမွေးကြရှာပြီး၊ အချို့မှာလည်း မိမိကိုယ်ကိုပင် စွန့်ပစ်ကာ အသက်ကို အရှက်နှင့် လဲသွားကြရှာ၏။

ယင်းသို့ ဣန္ဒြေရှင် အပျိုကလေးများ၏ မကြားဝံ့မနာသာ အဖြစ်မျိုးမှာ အဘယ်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်ရသည်ဟု မည်သူမှ အတတ်မဆိုနိုင် ကာယကံရှင် မိန်းမပျိုကလေးများမှာလည်း မိမိတို့အဖြစ်ကို မိမိတို့ပင် မသိ၊ မိဘလုပ်သူတို့က ရိုက်မောင်း၊ ပုတ်မောင်း၍ မေးလည်း မပြောနိုင်၊ ချော့ချော့မော့မော့ မေး၍လည်း မဖြေနိုင်၊ လှိုင်လှိုင်ကြီးသာ ငိုကြွေးနေရှာကြလျက် အချို့မှာ အသက်ကိုပင် စွန့်ရှာသည့် အခြေသို့ အရောက်ခံကြသလောက် မည်သူတစ်ဦးတစ်ယောက်မျှ မည်သူနှင့် ကြူးလွန်မိကြသည်ဟု ထုတ်ဖော်ဝန်ခံခြင်း မပြုနိုင်ကြသည်က ကံတူအကျိုးပေးသကဲ့သို့ ဖြစ်ကြရတော့၏။

ကလေးမများက လျှပ်ပေါ်လော်လီ၍ ဖြစ်ရသည်ဟု ထင်ရန်လည်း တစ်ခက်၊ မည်သူမည်ဝါနှင့် ကျူးလွန်မိပါသည်ဟု မေးမရကြသည်က တစ်ခက်နှင့် ဤထူးဆန်းသော အဖြစ်အပျက်များမှာ မြို့ကလေး အေးချမ်းခဲ့သည်နှင့်အမျှ ရစရာမရှိအောင် ဖြစ်နေကြရတော့၏။

"ဟေ့… ဘိုးဖျော့တို့ ညက ငါ့အိမ်ကို ဘယ်သူလာလဲဟေ့…"

ဟု နံနက်နေထန်းဖျားလောက်ရှိမှ ရောက်လာသော ဦးညိုတုတ်က မေးလေ၏။ ဘိုးဖျော့နှင့် ငတေကြီးတို့ကား ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်း သောက်လျက် ရှိ၏။

"သြော်… ဆရာပြန်လာပြီ၊ ကျွန်တော်တို့ လက်ဖက်ရည်သောက်ရင်း မျှော်နေကြတယ်။ လာ ဆရာ… ဟောဒီမှာ ပဲပြုတ်ပန်းကန်ကလေး ဦးဦးဖျားဖျား ဆရာစားဖို့ ခွဲထားတယ်"

တုတ်။ ။ "အေး… အေး စားတာပေါ့။ ဒါနဲ့ ဘယ်သူများ လာမေးတုန်းဟေ့…"

ဖျော့။ ။ "တခြားလူတွေတော့ မလာပါဘူးဆရာ၊ ထွန်းမောင်တို့တဲ့ ဆရာ့ကောင်ကလေးတစ်ကောင်တော့ လာမေးတယ်။ ကျွန်တော်လဲ နံနက်မှလာ အခု ဆရာကြီးမရှိသေးဘူးလို့ ပြောလိုက်တာနဲ့ စိတ်ပျက်ပြန်သွားလေရဲ့"

တုတ်။ ။ "ဒီကောင်ကလေးလဲ ငါ့ကို သိပ်ကပ်နေတယ်။ ငွေတွေ ကန်တော့တာလဲ များလှပြီ။ သူကြိုက်နေတဲ့ ကောင်မလေးကလဲ သူ့ကို ပြန်ပြီး ကြိုက်ပါတယ်တဲ့။ ဒါပေတဲ့ နှစ်ဦးနှစ်ဖက် မိဘတွေ သဘောမမျှလို့ ခိုးရာလိုက်ပါ ခေါ်တာ မရဘူးတဲ့၊ ကောင်မလေးက အတော် ခေါင်းမာနေတယ်တဲ့။ ဒါနဲ့ ငါ့ကို လာကပ်နေတာကလား"

ဟု ပြောကာ ပဲပြုတ်တစ်ဇွန်းစားရင်း လက်ဖက်ရည်ပန်းကန်ကို ပါးစပ်နားတေ့လေ၏။

တေ။ ။ "သြော်… ဒါကြောင့်ကိုး၊ ကောင်ကလေးလက်ထဲမှာလဲ ငွေစက္ကူတွေ တထပ်ကြီးကိုင်လို့…"

တုတ်။ ။ "ဟင် ဟုတ်လား၊ အေးလကွာ ကောင်ကလေးလဲ အတော်စွဲနေတယ်။ ဆရာ့ကို ငွေပေးပေါင်းလဲ များလှပြီ။ ကောင်ကလေး မိဘများက အတော်ပစ္စည်းပေါတယ်"

ဖျော့။ ။ "ဒါနဲ့များ ကောင်မလေး မိဘများက ဘာကြောင့် သဘောမတူရတာလဲ ဆရာ"

တုတ်။ ။ "သိပါဘူးကွာ၊ အရင်တုန်းက လူကြီးချင်း မြေယာတစ်ခုအတွက်နဲ့ စကားများကြဆို ထင်ပါရဲ့၊ ဒါပေတဲ့ ကောင်ကလေးနဲ့ ကောင်မလေးကတော့ မေတ္တာမပျက်ဘူး"

ဖျော့။ ။ "ဒါဖြင့် လုပ်ပေးလိုက်ပါ ဆရာရယ်"

တုတ်။ ။ "အေး လုပ်ပေးဖို့ပါပဲ ဒါထက် ကောင်မလေးဟာ ဒီမြို့ပေါ်မှာဖြင့် အလှဆုံး အချောဆုံးလို့ ထွန်းမောင်က ဆိုတယ်။ သူ့ရည်းစားမို့ ပြောသလားတော့ မသိဘူး။ ငါလည်း မမြင်ဖူးသေးဘူး။ တကယ်လို့သာ သူပြောသလို အချောဆုံး အလှဆုံးဆိုရင် ငါ ထွန်းမောင်အတွက် လုပ်မပေးလိုဘူး"

ဖျော့။ ။ "ဘာပြုလို့တုန်း ဆရာရဲ့"

တုတ်။ ။ "မင်းတို့လဲ ဆရာ့အကြောင်း သိကြသားနဲ့ကွယ်"

ဖျော့။ ။ "ကောင်ကလေးငွေတွေလဲ ဆရာရတာ မနည်းဘူးဆို၊ ဒီလိုဖြင့်…"

တုတ်။ ။ "အေးလကွာ၊ ဒါပေတဲ့ ကောင်မလေးဟာ သူတို့ပြောသလောက် မလှရင်လဲ ငါ အရေးမကြီးပါဘူး။ တကယ်လို့ လှနေရင်သာ… ဒါပေတဲ့ကွာ ငါအလိုပြည့်ရင် ထွန်းမောင်လက် ပြန်ပေးလိုက်ရုံပေါ့"

ကြီး။ ။ "ဟုတ်တယ်ဆရာ၊ ဒါမှ ကောင်ကလေးအလိုလဲ ပြည့်၊ ဆရာ့အလိုလဲ ပြည့်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိမယ်"

တုတ်။ ။ "အေးလေကွာ ကြည့်လုပ်တာပေါ့။ ဟော... ဟော့ ပြောရင်း ဆိုရင်း ထွန်းမောင်ကလေး လာနေပြီ အသာနေကြ၊ အင်း တယ်ခြေလှမ်းသွက်ပါကလား ဘာများ အရေးကြီးလာသလဲ မပြောတတ်ဘူး"

ထိုအခိုက်တွင် အသားဖြူဖြူ မျက်လုံးကောင်းကောင်း နှာတံပေါ်ပေါ် ရင်အုပ်ကားကား အရပ်မြင့်မြင့်နှင့် သူငယ်တစ်ယောက် ဦးညိုတုတ်အိမ်ထဲသို့ အရေးကြီး သုတ်ပြာနှင့် ဝင်လာလေ၏။

ထွန်းမောင်။ ။ "ဆရာ ကျွန်တော် ညကလာမေးသေးတယ် မရှိဘူးဆိုလို့"
တုတ်။ ။ "အေး ဆရာခုပဲ ရောက်သကွဲ့၊ မင်း ပျာရီးပျာယာပဲ ဘာများ အရေးကြီးလာသလဲဟေ့"
မောင်။ ။ "ကြီးတယ် ဆရာ ဒါကြောင့် ပြေးလာတာပဲ"
တုတ်။ ။ "ဆိုစမ်းပါဦး"
မောင်။ ။ "မလှရီတို့ အဖေအမေများက ဝါဆိုဦးများ ရှင်ပြုပဉ္စင်းခံ လုပ်ဖို့ မြို့တက်ပြီး ပရိက္ခရာကုန်တွေ သွားဝယ်ကြတယ်။ မနေ့က သွားကြတယ် ဆရာရဲ့။ အိမ်မှာ မလှရီနဲ့ အဖော်မိန်းမကြီး တစ်ယောက်သာ ကျန်ရစ်တယ်။ အင်မတန် အခွင့်သာနေတာပဲ"
တုတ်။ ။ "ဒါဖြင့် မင်း ကောင်မလေး ခေါ်ပြေးပါတော့လားလို့"

မောင်။ ။ "ခေါ်လိုက်တာမှ ဆရာရယ်၊ သူနဲ့တွေ့တိုင်း ခေါ်တာပဲ။ စာနဲ့ရေးခေါ်တာတွေတော့ ထည့်လို့တောင် မပြောနိုင်တော့ဘူး။ သူကိုက ဘယ်လိုများ ခေါ်င်းမာမှန်း မသိဘူး။ သူတို့မျိုးရိုးမှာ ခိုးရာလိုက်ဖူးသူ မရှိဘူးတဲ့။ သူ့လက်ထက်မှ အမျိုးဂုဏ်မပျက်ပါရစေနဲ့တဲ့။ ဒါမျိုးတွေနဲ့ချည်း ခုခံနေတာပဲ"
တုတ်။ ။ "တကယ်မချစ်လို့ ထင်ပါရဲ့ကွာ"
မောင်။ ။ "ချစ်ပါတယ် ဆရာ ချစ်လိုက်တာမှ တုန်နေတာပဲ။ သူချစ်တာ ကျွန်တော်သိတယ်ဆရာရဲ့၊ ခိုးရာမလိုက်လို့ မချစ်ဘူး မထင်ပါနဲ့တဲ့ မရီဟာ ကိုထွန်းမောင်ကလွဲပြီး ဒီတစ်သက်မှာ ဘယ်သူ့အချစ်မှ လက်မခံဘူး။ မိဘသဘောမတူရင် မိဘတစ်သက် ထိုင်စောင့်ပါမယ်။ ဘယ်အရွယ်ကျမှ ပေါင်းရပေါင်းရ စောင့်ပါ့မယ်။ ခိုးရာကိုတော့ မလိုပါရစေနဲ့လို့ ပြောနေတော့ ခက်တယ်ဆရာရဲ့။ သူတစ်သက်လုံး စောင့်နိုင်ပေမယ့် ကျွန်တော်က မစောင့်နိုင်ဘူးဗျ။ အတင်းအဓမ္မဆွဲခေါ်ဖို့ရာလဲ သူက အိမ်က အိမ်ပြင်မထွက်တော့ မခက်ဘူးလား ဆရာ။ ဒါကြောင့် ဆရာ့ကို အားကိုးတာပဲ။ ဆရာရဲ့ ဆေးအစွမ်းနဲ့ မလှရီ ကျွန်တော့်ဆီ အလိုလို လာအောင် လုပ်ပေးနိုင်ရင် ဆရာ့ကို နောက်ထပ် ငွေတစ်ထောင် ကန်တော့ပါ့မယ်။ အခုလဲ ငွေငါးရာ ပါပါတယ် ဆရာ ကြည့်စမ်းပါဦး"

ဦးညိုတုတ်သည် မျက်မှောင်ကြီးကုတ်ကာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ကို သပ်ရင်း စဉ်းစားလျက်ရှိလေ၏။ တစ်ချက်တစ်ချက် ကိုထွန်းမောင်လက်မှ ငွေစက္ကူများကို မျက်စိရောက်သွားလျက် တစ်ချက်တစ်ချက် ပြီးစီးခဲ့သော မိမိအကြံအစည်များနှင့် မိမိအောင်သေအောင်သား စားခဲ့ရဖူးသည်များကို ပြန်လည်စဉ်းစားနေမိပြီး၊ တစ်ခါတစ်ခါလည်း ငနီ၊ ငနက်၊ ငနွားတို့နှင့် နောက်ဆုံးမွေးသည့် ရဲရဲတောက်တပည့် သံတိုင်တို့ အစွမ်းများကို သွား၍ သတိရလျက် ရှိလေ၏။ အထူးသဖြင့်ကား သူရဲ့ သံတိုင်အား မိမိတပည့်များအနက်မှ အစွမ်းအထက်ဆုံးဟု ယူဆထားသည့်အတွက် တစ်ပွဲတစ်လမ်း ပွဲဦးစမ်းစေရကောင်းမလားဟု စိတ်ကူးနှင့် ဇယားချ၍နေလေ၏။ ထွန်းမောင်ကား မလှုပ်မယှက် ငြိမ်သက်စွာ စဉ်းစားနေသော ဆရာဦးညိုတုတ်ကို ကြည့်ကာ အားမလို အားမရ ဖြစ်နေရှာလေ၏။

"ဘယ့်နယ်တုန်းဆရာရယ်၊ ကျွန်တော် ဆရာ့အပြင် အားကိုးစရာ မမြင်ဘူး။ ဆရာ့ကို အင်မတန် အားထားနေရပါတယ်။ တဆိတ် ကျွန်တော့်ကို သနားသဖြင့် ကူညီပါဆရာရယ်။ ဆရာ့ကျေးဇူးကို မမေ့ပါဘူး။ အခု ငွေငါးရာတင်မက နောက် ကန်တော့မယ့် ငွေတစ်ထောင် ဆရာ့ကို ညနေတစ်ခါတည်း ပုံပြီး ကန်တော့ပါမယ်။ ဒါနဲ့လဲ မပြီးသေးပါဘူး။ နောက် ဆရာလိုတယ်ဆိုရင် ဘာမဆို ကျွန်တော် တာဝန်ယူပြီး ဖြည့်စွမ်းပေးပါမယ်"

ဟု ရေငတ်သလို အထပ်ထပ် ပြောလေ၏။ ဦးညိုတုတ်မှာ အင်းမလှုပ် အဲမလှုပ် တွေဝေမြဲ တွေဝေနေရာမှ ထွန်းမောင်ကို ခပ်တည်တည် လှည့်ကြည့်ကာ...

"အေး ဆရာလဲ ဒါကို စဉ်းစားနေတာပဲကွဲ့"

"ဒါဖြင့် ခပ်မြန်မြန်ကလေး ကျေးဇူးပြုပါဆရာရယ်။ သူ့မိဘများ မရှိတုန်း ကြံရမှ အစစခရီးရောက်မယ် ဆရာရဲ့"

"အေးလကွယ် မင့်အလို ပြည့်ပါမယ်။ သို့သော် ဆရာ့မှာ တပည့်တွေ ရှိသေးတယ်။ သူတို့လုပ်ပေးမှ ဒီကိစ္စ အောင်မြင်မှာကွဲ့"

"ဟောဒီ ကိုဘိုးဖျော့တို့ ကိုငတေကြီးတို့လား ဆရာ၊ အို သူတို့အတွက်လဲ ကျွန်တော် ကျေးဇူးသိမှာပေါ့ဆရာရဲ့။ ကိုဘိုးဖျော့နဲ့ ကိုတေကြီးလဲ ငွေတစ်ရာစီ ကျေးဇူးဆပ်ပါမယ်"

ဘိုးဖျော့နှင့် ငတေကြီးတို့မှာ ငွေတစ်ရာဟူသောအသံသည် မျက်လုံးတွင် အရောင်တွေ တဝင်းဝင်းဖြာ၍ လာလေ၏။ ဦးညိုတုတ်ကား အင်းမလှုပ် အဲမလှုပ်နေရာမှ တစ်နေရာသို့ စူးစိုက်ရင်း...

"ဒီကောင် နှစ်ကောင်တွင် မကဘူး။ မင်းမမြင်နိုင်တဲ့ ငါ့ရဲ့ တပည့်က လေးငါးယောက် ရှိသေးတယ်ကွဲ့။ သူတို့ကမှ ကောင်မလေးကို ဆရာ့ဆီ ရောက်အောင် ခေါ်လာနိုင်မယ်။ ဘိုးဖျော့နဲ့ ငတေကြီးတို့ကတော့ ကောင်မလေး လာတုန်း လမ်းမှာ အနှောင့်အယှက်တွေ့ရင် ကာကွယ်ဖို့ မလှမ်းမကမ်းက မယောင်မလည် လိုက်ဖို့ပဲ"

"ဟာ... ဒါဖြင့် ဆရာသဘောကျသလိုသာ အမိန့်ရှိပါခင်ဗျာ၊ အားမနာပါနဲ့"

"အေး... ဒီလိုရှိတယ်ကွဲ့၊ မင်းပြောတဲ့ ငွေများကိုလဲ ဒီနေ့ညနေယူခဲ့ ဆရာရဲ့ တပည့်များအတွက် ကျွေးမွေးထားရတဲ့ တစ်နှစ်စာစရိတ်လဲ မင်းကခံရလိမ့်မယ်။ အဲဒီအတွက်ကတော့ များများမဟုတ်ပါဘူးကွာ တစ်နှစ်လုံးအတွက် လေးငါးခြောက်ရာလောက်ဆို တော်ပါပြီ"

"အို ဒါလောက်များ စောစောက ပြောရော ဆရာရယ်။ ကျွန်တော့်မုန့်ဖိုးအတွက် အဘွားက ပေးထားတဲ့ စပါးတွေကို ရောင်းထားတာ ငွေသုံးထောင်ကျော် ကိုယ်ပိုင်ရှိပါတယ်။ မိဘပစ္စည်း မထိပဲ ရနိုင်ပါတယ်"

"နို့ပြီး ဒါတင် မကသေးဘူး။ ဆရာ့အတွက် မင်းက ကတိခံရမယ်။ ငွေရေးကြေးရေး မဟုတ်ဘူးကွဲ့၊ တခြားကိစ္စလေ၊ ဆရာလိုတာ တစ်ခုခုကို ကြည်ဖြူစွာ ပေးပါမယ်ဆိုတဲ့ ကတိပဲ။ အဲဒီကတိကို ထားနိုင်မလား"

"ဟာ ဒါကလေးများ ခက်တာလိုက်လို့ ဆရာရယ်။ ဆယ်ခါ ကတိခံနိုင်တယ်။ စိတ်ချပါ"

"မဟုတ်သေးဘူးကွဲ့ အခုလွယ်လွယ် ကတိခံပေမယ့် နောင်ခါ ခဲခဲယဉ်းယဉ်း ဖြစ်ချင်ဖြစ်နေတတ်သေးတယ်။ မင်းစိတ်ကို နိုင်ရဲ့လား"

"နိုင်ပါတယ် ဆရာရယ်။ ဆရာလိုတယ်ဆိုရင် ဘာဖြစ်ဖြစ် ကျွန်တော် သဘောတူ ကြည်ဖြူစွာ ဆောင်ရွက်ပေးပါမယ်"

"အေး... အေး ဒါဖြင့် ကောင်းပြီ၊ မင့်ကောင်မလေးကို ဒီနေ့ ခေါ်ချင်သလား"

"အမယ်လေး ကျေးဇူးပါပဲ ခင်ဗျာ။ မြန်မြန်နေရာကျလေ ကျွန်တော် ဝမ်းသာလေပါပဲ။ ဒီနေ့ရရင် ဒီနေ့ တစ်ခါထဲ ဝေးရာခေါ် ပြေးမှာပဲ ဆရာရဲ့"

"ကဲ ကဲ... ဒါဖြင့် ကောင်းပြီ ဒီကနေ့ညနေ မင်းငါ့ဆီလာခဲ့ နို့ပြီး ငါနဲ့အတူတူ နေဝင်ရီတရော အချိန်ကို ငိုသံကြားတောင်ပေါ် လာခဲ့"

"ခင်ဗျာ ငိုသံကြားတောင် အမယ်လေး၊ ဒီတောင်ပေါ် ဘာကိစ္စ သွားမှာတုန်း ဆရာရယ်။ ဒီတောင်ဟာ အင်မတန် ကြောက်စရာကောင်းတယ် မဟုတ်လား။ တခြားနေရာဆို မကောင်းဘူးလား ဆရာရယ်"

"မင်း မသိပါဘူးကွာ၊ ဒီတောင်ပေါ်မှာ ငါ့တပည့်သူရဲတွေနဲ့ ငါနေတဲ့ အိမ်ကလေးတစ်ခုလဲ ရှိတယ်။ မင့်ကိစ္စတွေကို ဟိုသွားလုပ်မှ အောင်မှာ၊ ဒါနဲ့ မင်းကြောက်သလား"

"ဟာ ကျွန်တော် ဒါလောက် သွေးမနည်းပါဘူး။ သို့ပေသိ အင်မတန် လူပြောများတဲ့ တောင်ဆိုတော့ ဘေးအန္တရာယ် ပေါ်ပေါက်လာရင် ကျွန်တော်တို့ထက် မလှရီအတွက် ခက်ပြနေမလားလို့"

"အံမာလေးကွာ ခုထဲက စိုးရိမ်တတ်လှပါပကော၊ ကဲကဲ ဆရာပြောမယ်ကွဲ့၊ အဲဒီတောင်ပေါ်မှာရှိတဲ့ နာနာဘာဝ တစ္ဆေသူရဲတွေဟာ ဆရာရဲ့ တပည့်တွေချည်းပဲကွ၊ ဆရာက မချောက်မလှန့်ကြနဲ့ လို့ တားထားရင် ချွတ်ချွတ်သံမှ မကြားရပါဘူး"

"ဩ်... ဒီတောင်ပေါ်က နာနာဘာဝတွေကို ဆရာနိုင်တယ်ဆိုပါတော့။ ဒါဖြင့် ဆရာ အဲဒီတောင်ပေါ် တစ်ညည တစ်ခါတစ်ခါမြင်ရတဲ့ မီးစိမ်း၊ မီးနီ၊ မီးဝါတွေဟာကကော ဘာတုန်းဆရာရဲ့ စုန်းကဝေတွေ တောက်စားတာလဲ မဟုတ်နိုင်ဘူး။ နတ်မီးပေါက်လို့ တချို့ကပြောကြတယ်။ အဲဒါလဲ ဆရာရဲ့ နတ်တပည့်တွေလား"

"အေးလေကွာ ဆိုပါတော့။ ဒီငိုသံကြားတောင် တစ်တောင်လုံးအပေါ်မှာ ဆရာက အာဏာရှင်ပဲဟေ့။ ဘာမှ မကြောက်ပါနဲ့ နောက်ဆုံးကွာ မင့်ကောင်မလေးကို အဝေးခေါ် ပြေးလဲ သူ့မိဘများ လိုက်ရှာလို့ တစ်နေ့ပြန်တွေ့မှာ ဒီတောင်ပေါ်မှာသာ အေးအေးနေကြရင် ဘယ်သူမှလဲ လိုက်မရှာဝံ့ဘူး။ တကယ်လို့ လာရှာတောင် ငါ့တပည့်သူရဲတွေကို ချောက်လှန့်လွှတ်စေမှာပဲ။ ဆရာအလုံးစုံ ဖွင့်ပြောလိုက်မယ်ကွာ။ ဒီတောင်ပေါ်ကို ဘယ်သူမှ မလာဝံ့အောင် ငါ့တပည့်သူရဲကြီးများနှင့် တောင်ပေါ်မှာ နဂိုရှိ နာနာဘာဝများကို ပေါင်းပြီး အချောက်အလှန့်ခိုင်းထားတာပဲ။ ဒါတင်မကသေးဘူး။ ကန်ပက်လန်သင်္ချိုင်းမှာရှိတဲ့ သူရဲတစ္ဆေတွေကိုလဲ ငါ့တပည့်သူရဲတွေနဲ့ ပေါင်းပြီး ဆူညံသောင်းကျန်းစေတယ်။ သေတွင်းကန်ကို စောင့်တဲ့ သူရဲကြီးအမှူးရှိတဲ့ တစ္ဆေသူရဲတွေကို အဆက်အသွယ်ထားပြီး ကန်ထဲဆင်းသမျှလူကို စားစေတယ်။

ဒါကြောင့် ဒီတဝိုက်မှာ အထူးလူကြောက်များနေတာပဲ။ ပထမမူလ ရှေးတုန်းက ငိုသံကြားတောင်မှာ နတ်ရဲကြမ်းတာတော့ အမှန်ပဲ။ ဒါပေတဲ့ ကာလကြာတော့ မကြမ်းပါဘူး။ လူတွေသာ ရှေးကနာမည်ကြီးဖူးတာနဲ့ လန့်နေကြတာ အခုလဲ ဒီနတ်သူရဲ မရှိဘူး။ သူ့တပည့်တစ္ဆေ၊ သူရဲအနည်းငယ်လောက်သာ ကျန်ပါတယ်။ ဆရာ့ရဲ့ တပည့်သူရဲတွေကို ဒီတောင်မှာ နေရာထိုင်ခင်းချထားလို့ ခုမှပြန်ပြီး သောင်းကျန်းလာတာပါ။ မင်းတို့မြို့က လူတွေကတော့ ရှေးကအတိုင်း ဆိုးလာတယ်ထင်တယ်။ စင်စစ်မဟုတ်ဘူး။ ဆရာ့တပည့်တွေရောက်မှ ပိုဆိုးလာတာပဲ၊ အဲဒီလို ဖွင့်ပြောတော့ သိရောမဟုတ်လား။ မင်းကိုယုံလို့ ပြောတာနော်။ ဘယ်လိုမှ မပေါက်ကြားစေနဲ့ အကယ်၍ ပေါက်ကြားရင် မင်းလဲ အသက်ရှင်တော့မယ် မဟုတ်ဘူး"

ထွန်းမောင်မှာ ဆရာကြီးကို တစိမ့်စိမ့်ကြောက်လာ၏။ ငါလူပေါင်းများပြီ ထင်တယ်။ ဒါကြီးမျိုးဟာ ဆုပ်လဲစူး စားလဲရှူးဆိုသလို အပေါင်းခက်တဲ့ ဟာကြီးမျိုးပဲ။ သူပြောတာတွေဟာ တကယ်လား လုပ်ဇာတ်လား ဟုတ်သလောက်လဲ ဟုတ်ပါလိမ့်မယ်။ သို့သော်လဲ ငါကြောက်အောင် (အပို ဖင်ခေါင်းကျယ်) သဘောနဲ့ ဖြီးနေတာလား။ ဟယ် ဘာပဲဖြစ်ဖြစ်လေ ငါက အလိုရှိလို့ သူ့ကိုကပ်ရမှ သူမိုက်ကြေးခွဲတာတော့ ခံရမှာပဲဟု အောက်မေ့ကာ...

"ကျွန်တော့်အတွက် စိတ်ချပါ ဆရာရယ်"

ဟု အာမခံလိုက်ရလေ၏။

"အေး ဒါဖြင့် မင်းစကားအတိုင်း ယူစရာရှိတာ အပြည့်အစုံယူပြီး ညနေလာခဲ့တော့ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

ထွန်းမောင်မှာ ချစ်ရည်းစား မလှရီကလေးနှင့် အမြန်နီးစပ်လိုခြင်းဖြင့် မည်သည့်ဘေးမှ မတွေးမမျှော်နိုင်တော့ပဲ ဦးညိုတုတ်ကို ရဲရင့်စွာ အာမခံ၍ ပြန်ခဲ့လေသတည်း။

ထိုနေ့ညကား အထူးမှောင်မိုက်၍ လရောင် လျှဉ်းကင်းမဲ့လျက် ရှိလေ၏။ လကွယ် အဖိတ်နေ့ဖြစ်လေရာ တညဥ့်လုံးအဖို့ အလင်းရောင်ကို မျှော်လင့်စရာ မရှိတော့ချေ။ ထွန်းမောင်သည် နေဝင်ရီတရော အချိန်ကပင် ဆရာကြီးနှင့်အတူ ငိုသံကြားတောင်ပေါ်သို့ ရောက်လာခဲ့လေ၏။ ဘိုးဗျော့နှင့် ငတေကြီးတို့ကား ထွန်းမောင်ပေးထားသော မိုက်ကြေးများနှင့် မြို့စွန်ရှိ ဂဇော်ဆိုင်တွင် အမြည်းမြိုင်မြိုင်နှင့် ဒူးနန့် ကျန်ရစ်၏။ ၎င်းတို့အလုပ်ကား ညဥ့်လူခြေတိတ်မှ အခါရသောကြောင့် အချိန်ကာလကို ငံ့လင့်ရင်း အာခေါင်တွင်းသို့ ဂဇော်တစ်ပုလင်းပြီး တစ်ပုလင်း လောင်းထည့်နေကြလေ၏။

ထွန်းမောင်မှာ ဆရာဦးညိုတုတ်နှင့်အတူ ငိုသံကြားတောင်ပေါ်တွင် ဦးညိုတုတ်၏ အလုပ်ဌာနဖြစ်သော ယာယီစံတဲနန်းကလေးကို ကြည့်လျက် တစ်ချက်တစ်ချက် နာခေါင်းရှုံ့၍ နေမိလေ၏။ မလှမ်းမကမ်းမှ လူရိုးအစုအပုံကြီးများကို လည်းကောင်း၊ ပျဉ်ခေါင်းတလားတို့ဖြင့် ပြီးသော တဲအိုကလေးကို လည်းကောင်း အပြန်ပြန်ကြည့်ကာ ဦးညိုတုတ်ကို တဖြည်းဖြည်း ရွံရှာစက်ဆုပ်မိလေ၏။ နေဝင်ရိုးရီအချိန်ဖြစ်၍လည်း မိမိအနီးတွင် မဲခနဲ ရိပ်ခနဲ ဖြတ်သန်းသွားသော ကြီးမားသည့် အကောင်အထည်သဏ္ဍာန်ကြီးများကို မကြာခဏ မြင်ရခြင်းဖြင့် မည်မျှသတ္တိကောင်းသော်လည်း ခေါင်းနဘမ်းကြီး၍ ကြက်သီးများ တဖျန်းဖျန်းထလျက် ရှိသောကြောင့် လိုလိုမယ်မယ် ယူလာသော ခါးကြားမှ ဓားမြှောင်ကို မကြာမကြာ အားကိုးအားထားအဖြစ်နှင့် စမ်းသပ်မိတော့၏။

ဦးညိုတုတ်လည်း စကြာလည်သလို လည်နေသော စကောထဲမှ ခေါင်းခွံများကို စက်ဆုပ်ဖွယ်ကောင်းသော မျက်နှာထားကြီးဖြင့် မနားမနေ မန်းမှုတ်၍ နေလေရာ ခေါင်းခွံအမျိုးမျိုးထဲမှ မီးစိမ်း၊ မီးနီ၊ မီးဝါတွေလည်း ဖြာခနဲ ဖြာခနဲ အဆက်မပြတ် တောက်လောင်နေလေ၏။ တဲကလေး ပတ်ဝန်းကျင်တပိုက်ကား ၎င်းမီးရောင်များကြောင့် အလင်းရောင်အတန်ငယ်ရလျက်ရှိ၏။ ထွန်းမောင်လည်း မနီးမဝေးမှ ထိုင်ကာ ဦးညိုတုတ်လုပ်သမျှကို ကြည့်ရင်း မြို့ပေါ်မှ ညအခါ မြင်ရသော မီးရောင်များအကြောင်းကို စဉ်းစားလျက်ရှိ၏။

"ဩော်... လက်စသတ်တော့ မီးရောင်ဟာ ဒီကိုယ်တော်ကြီးရဲ့ အတတ်ပဲကိုး"

ဟု တိုးတိုးရေရွတ်ဆိုမိပြီးလျှင် ဤမီးရောင်တို့မှာ ဦးညိုတုတ် အလုပ်လုပ်သောအခါတိုင်း ဖြစ်ပေါ်လာသည်ဟုလည်း ဆင်ခြင်မိလေ၏။ သို့နှင့် အချိန်ကား တစ်စတစ်စ ကုန်ခဲ့လေ၏။ ဦးညိုတုတ်လည်း မန်းမှုတ်ခြင်းအလုပ်ကို ကြေနပ်သောမျက်နှာဖြင့် ရပ်စဲကာ ထိုင်ရာမှ ထပြီး ထွန်းမောင်အနီးသို့ လာခဲ့လေ၏။

"ကဲ မောင်ထွန်းမောင် မင်းသတ္တိအတော်ရှိပုံရတယ်။ ငါ့တပည့်တွေကို ကြည့်မလား"

ဟု ပြုံးတုံးတုံး မျက်နှာထားကြီးနှင့် မေးလေ၏။ ထွန်းမောင်မှာ မကြည့်ဝံ့ပါဘူးဟု မဆိုချင်သောကြောင့်...

"ရိုးရိုးပြရင်တော့ ကြည့်ချင်ပါရဲ့ ဆရာ၊ ချောက်လှန့်နေရင်တော့ ကျွန်တော်လဲ ဒေါသခပ်ကြီးကြီးရယ်"

"ဟားဟား နာနာဘာဝကို ဒေါသကြီးနေလို့ အလကားပေါ့ကွဲ့၊ ကဲလေ ရိုးရိုးပဲ ပြတာပေါ့ မချောက်မလှန့်စေရပါဘူး"

ဟုဆိုကာ တစ်ဖန် တဖက်သို့ မျက်နှာမူလျက်...

"ကဲဟေ့ ငနီတို့ ငနက်တို့ ငနွားတို့ လာကြ ငါ့အနားရပ်နေကြစမ်း၊ ဟောဒီက ငါ့တပည့်ကလေးကို မင်းတို့ပုံ ပြလိုက်စမ်း"

ဟု ပြောလိုက်ရာ ထွန်းမောင်၏ မျက်စိတွင် ကြီးမားထွားကြိုင်းသော ဆင်ရေတမျှ ကြမ်းထူလှသော ကိုယ်ကြီးတွေနှင့် စီကာ ရပ်နေကြသည့် သူရဲနီ၊ သူရဲနက်၊ သူရဲငနွား ချိုနှစ်ဖက်ပေါက်သော သူရဲများကို ပြတ်သားစွာ မြင်ရလေ၏။ ထွန်းမောင်မှာ ရွံကြောက်ကြီးဖြစ်ရာမှ ဣန္ဒြေရရ ဟန်မပျက် ကြည့်နေရတော့၏။

"ကဲ ကဲ မင်းတို့ သံတိုင်နဲ့ အတူလိုက်သွား ကူညီစရာရှိရင် ကူညီခဲ့"

ဟု ဆိုသည်တွင် သူရဲသုံးကောင် ဖျတ်ခနဲ ပျောက်ကွယ်သွားလေ၏။ ဦးညိုတုတ်လည်း သံတိုင်ကို ခေါ်ပြန်၏။ သူရဲသံတိုင်မှာ ယခင်သူရဲသုံးကောင်ထက် ရက်စက်ကြမ်းကြုတ်ပုံရ၏။ ထက်မြက်ပုံလည်း ရ၏။ အလုံးအထည်လည်း ကြီး၏။ ထူထဲကြမ်းတမ်းသော အရေပေါ်တွင် ငေါငေါထောင်၍ နေသော အမွေးများမှာ ချွန်မြသော အပ်ကြီးများကို စိုက်ထားဘိအလား အရောင်တလက်လက် ရှိတော့၏။ ခေါင်းမှာလည်း အပ်သွားကြီးတွေကဲ့သို့ အချွန်အတက်ထောင်သော အမွေးများအလယ်တွင် တွတ်တွတ်နီရဲသော အသားပို အမောက်ကြီးတစ်ခုပါလျက် မျက်နှာကြီးမှာ အသဃမှခိခေါ် မြင်းခေါင်းသဏ္ဌာန်လို နှုတ်သီးကြီးမှာ စူငေါငေါနှင့် လွှသွားကဲ့သို့ အစွယ်များနှင့်တကွသော သွားကြီးများအပြင် ပြူးကျယ်သော မျက်လုံးကြီးမှာ လေးထောင့်ဝိုင်းကြီးဖြစ်၍ အစိမ်းနရောင်တွင် ရဲရဲတောက် မျက်ဆံကလေးမှာ ကြာကြာမကြည့်နိုင် စူးရှလှလေ၏။

ထွန်းမောင်ကား သံတိုင်ကို ကြာကြာ မကြည့်ရဲတော့သလောက် ဖြစ်လာ၏။ ကြောက်စိတ်လုံးလုံး ရှိသည် မဟုတ်သော်လည်း မြင်ရချက် ဆိုးဝါး၍ အဆင်မပြေလှသော သတ္တဝါကို ကြာကြာကြည့်မြင်လိုစိတ် မရှိဖြစ်မိ၏။ ဦးညိုတုတ်သည် သံတိုင်အား ခန့်ညားအောင်မြင်သော အသံကြီးနှင့် မလှရီအိမ်ကို လမ်းညွှန်ကာ မလှရီကို လိပ်ပြာရော လူပါ ခေါ်လာရန် အမိန့်တော်ပြန်လေ၏။ သံတိုင်လည်း ခေါင်းညွှတ်ကာ ဝန်ခံလေ၏။ ဦးညိုတုတ်က...

"ကဲ သွားတော့ မလှရီ ရေကြည်တစ်ပေါက် မစင်ရအောင် ငါ့ထံ အရောက်ဆောင်ကြဉ်းခဲ့ရမယ်၊ ငနီတို့ တစ်စုကိုလဲ မင်းနဲ့အတူ ခေါ်သွား၊ ငါ့လူနှစ်ယောက်ကလဲ နောက်နားက လိုက်ပြီး စောင့်ရှောက်လိမ့်မယ်။ ကဲ သွားတော့"

ဟု နောက်ထပ်ပြောလိုက်ပြီးနောက် သံတိုင်လည်း ပျောက်သွားလေ၏။

အချိန် ညဉ့်နက်လာလေပြီ၊ ထွန်းမောင်သည် မိမိလက်ပတ်နာရီကို လက်နှိပ်ဓာတ်မီးရောင်နှင့် ထိုးကြည့်ရာ ဆယ့်နှစ်နာရီခွဲနေသည်ကို တွေ့ရလေ၏။ ဦးညိုတုတ်နှင့် ထွန်းမောင်တို့လည်း တဲအိုရှေ့မှောင်ထဲသို့ စူးစိုက်ကြည့်ကာ မလှရီကို မျှော်စောင့်လျက်ရှိလေ၏။ ထွန်းမောင်၏ စိတ်ထဲတွင်ကား မလှရီလာလျှင် ဤတောင်ပေါ်တွင် နေသင့် မနေသင့် စဉ်းစားလျက်ရှိရာ နာနာဘာဝသူရဲတစ္ဆေတွေကြား၌ မလှရီကို မထားလိုသော စိတ်များကြောင့် ဆရာဦးညိုတုတ်ကို တော်အောင်ကြည့်ပြောကာ တော်သင့်ရာသို့ ခေါ်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားလေ၏။

"ဟေ့ အိပ်ချင်ပြီလားကွဲ"

"ဟာ ဘာ အိပ်ချင်မလဲ ဆရာ ဇေနဲ့ပဲ"

"လာလုပါပြီကွဲ၊ ဟော ဟော ပြောရင်းဆိုရင်း မှောင်ထဲက တလှုပ်လှုပ်ဟာ ဘာလဲ"

ထွန်းမောင်သည် ဆရာဦးညိုတုတ်ပြရာဆီသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ ကြောက်မက်ဖွယ် အဆင်းသဏ္ဍာန်ရှိသော သူရဲသံတိုင်သည် သတိအလျဉ်းမရ အိပ်မွေ့ချခံရသူကဲ့သို့ ဖြစ်နေသော မလှရီကလေးအား လက်ယပ်ခါ ယပ်ခါဖြင့် ဆွဲညို့ခေါ်ဆောင်လာနေသည်ကို တွေ့ရလျက် မလှရီ၏ နောက်နားမှာမူ ဘိုးဗျော့နှင့် ငတေကြီးတို့ ငြိမ်သက်စွာ လိုက်ပါလာသည်ကို တွေ့ရလေ၏။

လက်နှိပ်ဓာတ်မီးရောင်မှာ အလျားလိုက် ထိုးကြည့်သဖြင့် ရှေ့ဆက်နောက်ဆက် လာနေကြသော အချင်းအရာစုကို အလုံးစုံ မြင်ရပြီးလျှင် စိတ်ညို့ခံရသူပမာ မျက်စိစုံမှိတ်ကာ ဆံပင်ဖားလျားနှင့် ကပိုကရို လိုက်ပါလာရသော မလှရီကလေးမှာ နဂိုက လှရာတွင် ယဉ်စစသနားစရာ အသွင်ကလေး ဆောင်နေရှာတော့၏။

အစက သာမညဟုသာ ထင်ခဲ့သော ဦးညိုတုတ်မှာ သူရဲသံတိုင်နောက်မှ သတိကင်းစွာ လိုက်ပါလာရသော မလှရီကို မြင်လိုက်ရသည် တခဏ၌ မိမိစိတ်အာရုံကို ပြင်းပြတုန်လှုပ် ချောက်ချားစေတော့၏။ မူလကပင် မကောင်းမှုကို အားမနာတမ်းပြုခဲ့သော သူယုတ်မာကြီးတစ်ဦးဖြစ်သည့် အားလျော်စွာ ထိုမြို့ကလေးတွင် မိမိတွေ့မြင် ဆက်ဆံရဖူးသော မိန်းမပျိုကလေးများထက် အဆပေါင်းများစွာ သာနေသူ မလှရီကလေးကို အတွေ့နောက်ကျလေခြင်းဟု စိတ်တွင်းက ညည်းညူလိုက်မိပြီး အနီးတွင် ဇောထက်သန်စွာနှင့် မျှော်လင့်နေရှာသော ထွန်းမောင်ကိုပင် သတိမရပဲ လောဘကြောဆွဲ၍ နေတော့၏။

"ဆရာ ဆရာ မလှရီပါလာပြီဆရာ၊ ဟန်ကျတာပဲ ဆရာ့ကျေးဇူးကြီးပါပေတယ်။ ကျွန်တော် ဘယ်လိုနည်းနဲ့မှ ခေါ်လို့မရတာ ဆရာ့အစွမ်းကြောင့် အလွယ်တကူပါလာတာပဲ ဆရာရယ်"

ဟု ထွန်းမောင်က အားရဝမ်းသာပြောလိုက်မှ ဦးညိုတုတ်သတိရပြီး စားမာန်ယစ်သော ခွေးကြီးအလား၊ ထွန်းမောင်ကို မျက်နာထားကြီးနှင့် စိုက်ကြည့်လေတော့၏။ ထွန်းမောင်မှာ ရုတ်တရက် မူပြောင်းလာသော ဆရာကြီးကို အံ့ဩဝမ်းနည်းစွာ ကြည့်လျက်...

"ဆရာ"

ဟု တုန်လှုပ်သော အသံနှင့် ခေါ်လိုက်မိမှ ဦးညိုတုတ်တွင် သတိရပြီး မိမိမျက်နာထားကြီးကို အနိုင်နိုင်ပြင်လိုက်ကာ...

"ဟေ့ မင်းငြိမ်ငြိမ်နေ ဟိုက ဝိဉာဉ်လိပ်ပြာတခြား လူတခြားလာနေရတာ သွားခေါ်လိုက်မယ် ထိလိုက် ကိုင်လိုက်မယ်ဆိုရင် လိပ်ပြာဟာ လန့်ပြီး ပြန်မဝင်တော့ဘူး။ အဲဒီလို လိပ်ပြာပြန်မဝင်ရင် သေရော၊ မင်း ငါ့အမိန့်မရပဲ ဘာမှမပြောနဲ့၊ ဒီနေရာကလဲ မရွေ့နဲ့။ ငါ့စကားနားမထောင်ရင် မင်း ရည်းစား သေလိမ့်မယ်"
ဟု ခပ်တည်တည် အသံကြီးနှင့်ပြောရင်း မျက်လုံးများမှာ မလှရထံမှ မခွာပဲ စိုက်ကြည့်နေလေ၏ ထွန်းမောင်ကား မလှုပ်ဝံ့တော့ပြီ။ ဦးညိုတုတ်စကားကို အထူးယုံစား၍ မိမိ မတော်တဆ မှားယွင်းသွားပါက မလှရီကလေး အသက်ဆုံးရမည်ကို မခံနိုင်ရှာသောကြောင့် အရုပ်ပမာ မလှုပ်ဝံ့ပဲ ငြိမ်နေရရှာတော့၏။

သို့နှင့် တဖြည်းဖြည်း လာနေသော မလှရီမှာ တဲအိုနှင့် နီးသည်ထက် နီးလာလေ၏။ ဦးညိုတုတ် မျက်လုံးများလည်း သားကောင်ကို မြင်သော ကျားရိုင်းကြီးအလား အရောင်များ ဝင်းဝင်းတောက်လျက် ရှိတော့၏။ ထွန်းမောင်ကို ကြည့်လိုက်သောအခါလည်း မိမိဖြီးလုံးတွင် မိနေကြောင်းသိ၍ အားတက်ကာ...

"ဟေ့... မောင် ဆရာပြောတာ သတိထား။ သူငယ်မကို မင်း ဘာမှ သွားမပြောနဲ့ သတိမရှိဘူး။ ပြီးတော့ ဆရာကိုယ်တိုင် သူ့လိပ်ပြာကို ပြန်သွင်းပေးရမယ်။ လိပ်ပြာသွင်းပြီးမှ မင်းရည်းစား မင်းခေါ်ပေတော့ နားလည်လား။ အဲ... အခု ဆရာ သူ့ကို ဟောဒီနောက်က အခန်းထဲသွင်းပြီး (၃) ရက်လုံးလုံး လိပ်ပြာသွင်းရမယ်။ မင်းအပြင်ကစောင့်နေ"
ဟု ပြောရာ ထွန်းမောင်မှာ ဘာမှမပြောသာ၊ ဒါရိုက်တာ စီစဉ်သ၍ ဖြစ်နေရှာ၏။ အစက လိပ်ပြာသွင်းဖို့ အကြောင်းများ မိမိမသိ။ ဆရာကလည်း မပြော၊ မလှရီကလေးပါလာလျှင် ပါလာခြင်း အတူတွဲ၍ အချစ်ပွဲခံမည်သာဟု ကြိမ်းသေပေါက် တွက်ထားမိရာတွင် ယခုကဲ့သို့ အရေးထဲရောက်မှ ဆရာ့အကန့်အကွက် ခံရသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်ရရှာ၏။ သို့သော် ဤအရေးကား ချစ်သူ၏ သေရေး ရှင်ရေး ဖြစ်လေရာ ထွန်းမောင်တွင် တစုံတရာ ဆင်ခြေမဝင်နိုင် ငေးငိုင်၍သာ နေရရှာတော့၏။

"လိပ်ပြာသွင်းတာ သုံးရက်ကြာမယ်။ သုံးရက်မစေ့ခင် မခေါ်ရ မပြောရ မထိရ မကိုင်ရဘူး။ အဲဒါစည်းမစောင့်နိုင်ရင် ကောင်မလေး အသက်မရှင်ဘူး။ အသက်ရှင်သည့်တိုင်အောင် ရူးကြောင်ကြောင် ဖြစ်သွားတတ်တယ် သိရဲ့လား။ သူ့ကို အတွင်းခန်းမှာ သုံးရက် ပိတ်လှောင်ထားပြီး အခန်းထဲကို ဆရာတစ်ယောက်ထဲ ဝင်ပြီး လိပ်ပြာသွင်းမယ်၊ အဲ... သုံးရက်စေ့လို့ အပြင်ထွက်လာတဲ့အခါ ကောင်မလေးဟာ မင်း လူ လုံးလုံးဖြစ်မယ်။ သူ့ကို ခေါ်လာရမလားလို့ ဆူလားပူလားလဲ မလုပ်တော့ဘူး။ မင်းက သေဆိုသေ ရှင်ဆိုရှင်ပဲ၊ ဒီတော့ သုံးရက်မစေ့ခင် မင်းက ဟောဒီအပြင်ဘက်မှာ စောင့်နေ၊ တခါထဲ မနေနိုင်လို့ အိမ်ပြန်ချင်တဲ့အချိန်လဲ ပြန်နိုင်တာပဲ"

ထွန်းမောင်မှာ ဆင်ခြေမတက်နိုင် ဇာတ်ဆရာစီမံသ၍ ငြိမ်ခံနေရ၏။ စိတ်ထဲတွင် ဆရာကြီး၏ မျက်နှာထားကို များစွာ မသင်္ကာလှချေ။ သို့နှင့်လည်း သူ့လက်ခုပ်တွင် ရေအသွင်ဆိုသလို သူပြုပြင်သလို ခံရတော့မည်ဖြစ်သောကြောင့် ခပ်အောင့်အောင့်ပင် ကြိတ်ခံပြီး မိမိကိုယ်ကိုမိမိ အပြစ်တင်၍ နေရှာပြီး ဆရာကြီးလုပ်သမျှကို မတုန်မလှုပ် ကျောက်ရုပ်ပမာ ထိုင်ကြည့်နေရရှာတော့၏။

ဦးညိုတုတ်သည် တဲအိုအတွင်းသို့ ရောက်လာသော မလှရီအား အခန်းငယ်ထဲသို့ ညို့ယူခေါ်သွားပြီး တံခါးပိတ်လိုက်လေ၏။ သူရဲသံတိုင် အမှုးရှိသော ငှက်၊ နေက်စသည်တို့မှာ အခန်းဝတွင် ၎င်းတို့၏ အတ္တဘောကြီးကို ထင်ရှားပြလျက် စောင့်ရှောက်နေကြလေ၏။ ဘိုးဖျော့နှင့် ငတေကြီးတို့ကား

ထွန်းမောင်အနားတွင် စကားဖောင်လှအောင် ပြောနေကြ၏။ ထွန်းမောင်လည်း စိတ်တထင့်ထင့်နှင့်ပင် ဟန်မပျက်နေရင်း တစ်ခါခါလည်း ဘိုးဖျော့တို့ မျက်နှာကဲကို မသိမသာ အကဲခတ်လေ၏။

ဘိုးဖျော့နှင့် ငတေကြီးတို့မှာ ဂဇော်တန်ခိုးအတွက် လျှာအထူးသွက်၍ နေကြပြီး ဆရာကြီးအခန်းထဲ ဝင်သွားသည်ကို တစ်ယောက်နှင့်တစ်ယောက် မျက်စနှင့် မေးငေါ့ပြကြသည်ကို ထွန်းမောင်မြင်လိုက်မိရာ မိမိမသင်္ကာမှုကို ပို၍ ခိုင်မာစေတော့၏။ ငါမိုက်တယ်၊ ငါ ဆပ်ဆော့မိတယ်။ အခု ငါတွေးတဲ့အတိုင်း မှန်ရင် ငါဟာ နွားဖြစ်မှန်းမသိ ဖြစ်နေပြီ။ ငါ့လောက် ရက်စရာကောင်းတဲ့လူ ကမ္ဘာမှာရှိဦးမလား။ ငါတွေးတဲ့အတိုင်းများ မှန်နေရင် ငါမခံဘူးဟု စိတ်ကူးနှင့် ကြိမ်းဝါးနေမိလေ၏။

ဤတွင်မျှမက ဘိုးဖျော့နှင့် ငတေကြီးတို့မှာ တစ်ချက်တစ်ချက် ထွန်းမောင်အား သရော်ပြောင်လှောင်သော မျက်နှာထားနှင့် မထီလေးစား ကြည့်တတ်ကြပြီး၊ အခန်းဝတွင် စောင့်နေသော ငနီတို့ တစ်စုထံသို့လည်း ဂဇော်သံပါပါနှင့်...

"ဟေ့ကောင်တွေ နင်တို့ အပေါက်စောင့်လားကွ"

ဟု လည်းကောင်း၊

"ဟေ့ သံတိုင်၊ မင်းက ဆရာကြီး အားကျပြီး သရေယိုနေသလားကွ"

ဟု လည်းကောင်း အနှောင့်အသွားမလွတ်သော အဖျားမဲသည့် စကားများကို ဆက်ကာဆက်ကာ ကြားရသောအခါ ထွန်းမောင်မှာ ဟုတ်ပါပြီ ငါထင်သလိုပါပဲ ဒီအကောင်ကြီးဟာ အောက်လမ်းဆရာပီပီ ယုတ်မာမိုက်ရိုင်းတာပဲ၊ မလှရီ မလှရီ မင်းကလေး ငါမိုက်တာနဲ့ ရေတိမ်နစ်ရှာပြီ ထင်ရဲ့ဟု အသဲဆတ်ဆတ်ခါအောင် နာကျည်းနေမိရာ၏။

အချစ်သွေးသည် ထိပ်သို့ ရောက်ပြီ၊ ကြောက်ရွံ့စိတ်လည်း မရှိတော့ပြီ၊ ခါးကြားထဲက ဓားကို ဆွဲမိ၏။

"ဟေ့ ဒါဘာလဲ ဘာလုပ်တာလဲ၊ ငါ့ကို နွားလုပ်ကြတာလား"

ဟု ခုနစ်သံနှင့် ထ၍ ပွက်လိုက်မိ၏။ ဘိုးဖျော့နှင့် ငတေကြီးမှာ အံ့အားသင့်လျက်...

"ဘာလဲ မောင်ထွန်းမောင် ဘာဖြစ်တာလဲ"

ဟု ပျာပျာသလဲ မေးရာ...

"ဘာ ဘာဖြစ်ရမှာလဲ၊ ခင်ဗျားတို့လုပ်တာ ဘာသဘောလဲ"

ဟု ထပ်ဆူပြန်၏။

တခဏကြာသော် ဦးညီုတုတ်ထွက်လာလေ၏။ မျက်နှာကား ခပ်ပြောင်ပြောင် ထားလျက်...

"ခုနင်က ဘာဖြစ်ကြတာလဲဟေ့။ ဒီလိုဆိုရင် ကောင်မလေး ဒုက္ခဖြစ်လိမ့်မယ်"

ဟု မျက်နှာထားနှင့်ပြောရာ ထွန်းမောင်ကား ဦးညီုတုတ်ကို မှုန်ကုတ်အောက်သိုးသော မျက်နှာထားနှင့် ကြည့်နေမိလေ၏။

ဦးညီုတုတ်သည် ထွန်းမောင်အား အဓိပ္ပါယ်ပါသော ပြုံးခြင်းဖြင့် ပြုံးကြည့်လိုက်ကာ...

"မောင်ထွန်းမောင် အခု ဆရာလုပ်နေရတဲ့ အလုပ်တွေဟာ မင့်အတွက် လုပ်နေရတာ ဖြစ်တယ်။ မင်းစိတ်ထဲမှာ ရှိတဲ့ စိတ်ရိုင်းတွေကို ထုတ်ပစ်လိုက် စိတ်ကောင်းကောင်းထားနေ၊ ပြီးတော့ စောစောက ဆရာ့အပေါ်မှာ မင်းထားတဲ့ ကတိများကိုလဲ စဉ်းစား၊ ဘယ်အလုပ်မျိုးမဆို ဆရာစား ရှိတယ်ကွဲ့"

ဟုပြောလျှင် ထွန်းမောင်သည် ငြိမ်မခံနိုင်သည့်အဆုံး၌ ခံပြောမည်အပြုတွင် ဦးညိုဘုတ်က လက်ဝါးနှင့်ကာ၍ တစ်စုံတစ်ရာ မန်းမှုတ်လိုက်သည်တွင် ထွန်းမောင်မှာ ရုတ်တရက် သတိလစ်ပြီး နစ်မြောသွားလေ၏။

ထွန်းမောင်၏ ထက်သန်စိတ်စော၍ ဇောကပ်လျက်ရှိသော ဝိညာဉ်သည် သံတိုင်၊ ငနီ၊ ငနက်၊ ငနွားစသော သူရဲတို့၏ ဝိညာဉ်များနှင့် ပြေးတန်းလိုက်တန်း ကစားနေရသကဲ့သို့ ရှိလေ၏။ တခါတရံ မိမိကို ထွက်ပေါက်မရအောင် ဝိုင်းထားလိုက် တခါတရံ မိမိလက်လွတ်ထွက်ပြေးလာသည်ကို အမိအရ လိုက်ဖမ်းကြနှင့် ပြေးရလွှားရ၍ အမောကြီး မောနေကြောင်း သိရလေ၏။

သို့နှင့် နောက်ဆုံး၌ကား အချိန်ပေါင်းမည်မျှမည်မျှ ရက်ပေါင်းမည်မျှမည်မျှ ကြာသည်မသိ။ ထွန်းမောင်မှာ အိပ်ရာမှ နိုးလာသလို ဘွားခနဲ လန့်၍ နိုးလာပြီးလျှင် မိမိအား စိုးရိမ်စွာ ပွေ့ပိုက်ထားသော မလှရီကလေးကိုပါ တွေ့ရသဖြင့် ကပျာကရာ ထထိုင်ကာ...

"မလှရီ မလှရီ ဘာဖြစ်ကြတာလဲ၊ အခု ကျုပ်တို့ ဘယ်ရောက်လာကြသလဲ"

ဟု မေးမိလေ၏။ မလှရီမှာ ထွန်းမောင် သတိရလာသည်ကို အားရဝမ်းသာ ဖြစ်ရှာသည့် မျက်နှာကလေးနှင့်...

"ကိုထွန်းမောင် သတိရပြီလား၊ မရီ စိုးရိမ်လိုက်တာ ကိုထွန်းမောင်ရယ်"

ဟု အကောင်းပကတိ နဂိုအတိုင်း ချစ်ခင်ယုယစွာ မေးရှာလေ၏။ ထွန်းမောင်မှာ မိမိဆတ်ဆော့မိ၍ ရေတိမ်နစ်ခဲ့ရှာပြီကို အတတ်သိ၏။ သို့သော် မလှရီကလေးမှာ ဟိုအခါက သတိလက်လွတ် နေရှာသည့်အလျောက် မိမိဘယ်ဘဝ ရောက်ခဲ့သည်ကို ယခုအခါ လုံးဝ သိရှိ သတိရဟန် မတူသဖြင့် ထွန်းမောင်၏ အသည်းနှလုံးကို သွေးစက်စက်နှင့် ရေနွေးအဖျောခံရသလို ဖြစ်သွားမိပြီးလျှင် အပြစ်ကင်းရှာသူကလေးအား သနားမဆုံးအောင် ရှိကာ သူ၏ ဝမ်းနည်းစရာ အဖြစ်အပျက်တို့ကို မသိအောင် မိမိကသာ ဖုံးကာထားရန် တာဝန်ယူလိုက်မိတော့၏။

"မလှရီ မလှရီ သူ့အဖြစ်ကို သူသိရင် သူ့ကိုယ်သူတောင် သေချင်ရှာမယ်။ ငါမပြောဘူး။ သူ့အဖြစ်ကို သူကိုယ်တိုင် အသက်ထက်ဆုံး မသိအောင် ငါဖုံးဖိလျှို့ဝှက်ထားတော့မယ်။ ငါမိုက်လို့ ဖြစ်ရရှာတာ။ သူကလေး အပြစ်မဟုတ်ဘူး။ ငါ့အပြစ်ကို ငါသာ ကြိတ်ခံမယ်။ မလှရီကို သေတပန်သက်တဆုံး ထင်းပုံခေါင်းချ ပေါင်းတော့မယ်။ ဟို ခွေးမသားကြီးတော့လားကွာ မကြေဘူး မကြေဘူး။ ဒင်းတစ်နေ့ ခွေးသေ သေရစေ့မယ်။ ဒင်းက အောက်လမ်းဆရာမို့ ပညာစွမ်းနဲ့ မပြိုင်နိုင်ပေမယ့် နိုင်တဲ့နည်းနဲ့ ကလဲ့စားချေမယ်။ ခွေးမသားကြီး သိရောပေ့ါ"

ဟု တစ်ယောက်ထဲ ကြိမ်းဝါးကာ မလှရီကို ဝမ်းနည်းလှိုက်လှဲ အသည်းနာလှသော မျက်လုံးနှင့် ခပ်ပြုံးပြုံးကလေး စိုက်ကြည့်မိတော့၏။

"မရီ ဒီကို ဘယ်သူလိုက်ပို့သလဲဟင်။ ကျုပ်သတိမေ့နေတာကော ဘယ်လောက်ကြာပြီလဲ"

"မသိဘူး ကိုထွန်းမောင် မရီလဲ လူကြီးတစ်ယောက်က ကိုထွန်းမောင်ဆီလိုက်ခဲ့လို့ လာခေါ်တာနဲ့ အို ဘယ်လိုများ လိုက်ချင်မှန်း မသိဘူး။ ဒါနဲ့ ဒေါ်ဦးကြီး အိပ်ပျော်နေတုန်း တိတ်တိတ်ကလေး လိုက်လာခဲ့တာပဲ။ ဒီရောက်တော့ သတိရရခြင်း မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုထွန်းမောင် မေ့ပြီးလဲနေတာ တွေ့ရတာပဲ"

ထွန်းမောင်ကား နားစိုက်ထောင်ရင်း ခေါင်းတစ်ချက် ရမ်းလိုက်မိ၏။ 'မဟုတ်ဘူး၊ ဒီရောက်ရောက်ချင်း ငါနဲ့တွေ့တာ မဟုတ်ဘူး။ မလှရီ ဘာမှမသိရှာဘူး။ ဟို အယုတ်တမာကောင်ကြီး မတရားချင်တိုင်း' ဟု စိတ်ထဲမှ ပြောမိ၏။ ဒေါပွ၏။ ပြေးသတ်လိုက်ချင်၏။ သို့သော် မလှရီမရိပ်မစေရန် စိတ်ကို ချုပ်လိုက်ရ၏။ မိမိတစ်သက်ကား မကြေ၊ မလှရီအပေါ်တွင် အနည်းငယ်မျှ အညှိုးအတွက်မထား၊ မိမိကြောင့် သူ့ခမြာ မတရားခံရသည်ဟု အဆမတန် သနား၏။ အချစ်စစ် အချစ်မှန်ဖြစ်၍လည်း မည်သည့်အဖြစ် ရောက်ရောက် စိတ်မဖောက်ပြားရက်တော့ချေ။

"မရီ အခုလို အိမ်ကထွက်လာတာ သူတို့တော့ ရှာနေကြရော့မယ်။ ကျုပ်တို့ အဝေးပြေးရကောင်းမလား။ အရင်တုန်းကဖြင့် လိုက်ပါလိုက်ပါလို့ ခေါ်လိုက်ရတာ၊ သူက သိပ်ခေါင်းမာတာပဲ"

"အို... ကိုထွန်းမောင်ကလဲ မရီစိတ်လေ ကိုထွန်းမောင်ဆီကို သိပ်လိုက်ချင်တာပဲ၊ အရင်က ခေါင်းမာခဲ့တာတွေကို သတိရတယ်။ ဒါပေမဲ့ အခု တစ်မျိုးဖြစ်နေပြီ၊ မရီစိတ်ကို မရီမနိုင်ဘူး။ ကိုထွန်းမောင် မရီကို ဆေးနဲ့ဝါးနဲ့များ ပြုစားထားသလား"

"ကွယ် မရီကလဲ ကြံကြံစည်စည် အဲဒါသိလား ဆေးကြောင့်မဟုတ်ဘူး။ မေတ္တာကြောင့် မေတ္တာကြောင့်၊ ကိုထွန်းမောင်က မေတ္တာဓာတ်နဲ့ ညှို့ခေါ်လို့ တစ်သက်ခိုးရာမလိုက်ပါဘူးဆိုတဲ့ ကောင်မလေး တစ်ခါထဲ မနေနိုင် မထိုင်နိုင် ပြေးလာခဲ့တယ် မဟုတ်လားကွဲ့"

ဟု ဟန်မပျက် ပြောရသော်လည်း ထွန်းမောင်၏ ရင်ထဲတွင် ဆူပွက်နေတော့၏။ 'ငါ မတရားဘူး သူတို့မျိုးရိုးဂုဏ်ကို စောင့်ထိန်းပြီး လူကဲ့ရဲ့ မခံရအောင် နေရှာတဲ့ မိန်းကလေးကို ငါ မတရား သွေးဆောင်ခေါ်ယူမိတယ်။ ငါ မတရား ပြုမိလို့လဲ ငါ့မှာ ယောက်ျားတကာတို့ မခံနိုင်တဲ့ ဒုက္ခအခက်အခဲကြီးကို ရင်ဆိုင်တွေ့ပြီး ခံလိုက်ရပြီ။ မရီလဲ ငါ့ကြောင့်...' ဟု စဉ်းစားကာ မိမိမိုက်ပြစ်ကို မိမိတစ်သက် ခေါင်းငုံ့ခံရန် သန္နိဋ္ဌာန်ချလိုက်မိတော့၏။ သို့သော် မိမိ ထိုသို့ ပြုမူရခြင်းမှာ ချစ်လွန်းလှသဖြင့် ပြင်းထန်သော အချစ်ဒဏ်ကို မခံမရပ်နိုင်သည့်အပြင် မိဘချင်းလည်း တစ်သက် စေ့စပ်လို့မရ၊ မလှရီကလည်း တစ်သက်ခိုးရာ မလိုက်ဟု နေသောကြောင့် ကြံရာမရသဖြင့် ဉာဏ်ကူရခြင်းမဆ ဖြစ်သည်ကို မိမိတစ်ဦးသာ အသိဆုံးဖြစ်တော့၏။

"ကဲ မရီ သွားကြစို့၊ ဒီနေရာမှာ ကြာကြာနေလို့ မတော်ဘူး"

"အခု ဘယ်ရောက်နေပြီလဲ၊ နောက် ဘယ်သွားမှာလဲ ကိုထွန်းမောင်"

"ဒီက ငိုသံကြားတောင်ခြေရင်းမှာပဲ ကျုပ်တို့အိမ်ကိုပဲ သွားကြပါစို့"

"ဟင် ရက်စရာကြီး တခြားကိုသွားပါ။ ဒီနားလဲ ကြာကြာမနေနဲ့ မရီ ကြောက်တယ်"

"အို ခုမှတော့ မထူးပါဘူး မရီရယ်။ လာပါ အိမ်ရောက်တော့ အခန်းအောင်းနေတာပေါ့"

ဟု ပြောကာ မလှရီကို ချော့မော့ခေါ်ဆောင်လာခဲ့သည်တွင် မြို့ပြင်အရောက်မှာ ထွန်းမောင်၏ မိဘများနှင့် မလှရီ၏ မိဘများ သတင်းကြားနှင့် စုပေါင်းလိုက်လာကြသည်ကို တွေ့ရလေ၏။ နှစ်ဦးနှစ်ဖက်သော မိဘများလည်း ခရီးလွန်ပြီးသားဖြစ်နေသော သားနှင့် သမီးတို့အား အနှောင့်အယှက် မပေးကြတော့ရုံမက ၎င်းတို့မှာ သုံးလေးရက် အရပ်ရပ် နံ့စပ်အောင် ရှာဖွေနေရကြောင်း၊ ယနေ့မှ ဂဇော်သမား လူမိုက် ဘိုးဗျော့က ငိုသံကြားတောင်ခြေတွင် တွေ့မြင်ခဲ့ကြောင်း ပြောမှ ခေါ်ရန် လိုက်လာကြကြောင်း။

ဤမျှ ဆိုးဝါးကြမ်းတမ်းသော ငိုသံကြားတောင်ခြေသို့ သွားရပါမည်လား၊ အခြားနေရာ သွားစရာ မရှိတော့ဘူးလားဟုပင် ဝိုင်းဝန်းအပြစ်တင်ကာ မိဘနှစ်ဖက်တို့ ကြည်ဖြူစွာ ခေါ်သွားကြသဖြင့်

ထွန်းမောင်နှင့် မလှရီလည်း ရှက်ရှက်နှင့် ခေါင်းငုံ့ကာ လိုက်ပါသွားရသည်တွင် ငါတို့ သုံးလေးရက် လိုက်၍ ရှာနေရသည်ဟူသော မိဘများစကားအရ ထွန်းမောင်မှာ ဦးညိုတုတ်အပေါ်တွင် ဒေါသအိုးကို မီးထိုးသလို ဆူဝေသွားစေလျက် လှရီတွင်ကား ငါထွက်လာသည်မှာ ခဏတာကလေးဖြစ်ပါလျက် ဘယ်အတွက် သူတို့က သုံးလေးရက်ရှိပြီ ပြောရပါလိမ့်ဟု မအူမလယ်ကြီးဖြစ်၍နေကာ ထပ်ခါထပ်ခါမေးတိုင်းလည်း သုံးလေးရက်ဟုသာ ဖြေကြသောကြောင့် မကြေမနပ်ဖြစ်နေတော့၏။

သို့နှင့် မိဘများသဘောတူ ပေးစားထိမ်းမြားပြီးနောက် လှရီမှာ သုံးလေးရက် အရှုပ်အထွေးကို မကြေနပ်နိုင်သေးပဲ လင်မယား အိပ်ရာထဲတွင် အေးအေးလူလူ စကားစမြည် ပြောကြတိုင်း…

"ကိုထွန်းမောင် မရီ အိမ်က ထွက်လာတာ ခဏလေးရယ်နော်၊ ပြီးတော့ သူတို့နဲ့ ပြန်တွေ့ကြတာပဲ၊ ဒါကို ဘယ်သူ့မေးမေး မရီတို့ ထွက်ပြေးတာ သုံးလေးရက်ရှိတယ်နဲ့ ခံခံငြင်းနေကြတာပဲ။ ကိုထွန်းမောင်ကော အိမ်က ထွက်လာတာ ခဏလေးပဲ မဟုတ်လား"

ဟု မေးတတ်ရာ ထွန်းမောင်မှာ ရင်ထဲတွင် ဆို့ခနဲ ဖြစ်သွားလျက် ချစ်သူကလေးကို ယုယစွာဖက်ပြီး…

"ဟာ ပြီးတာ ပြီးပါစေ မရီရယ်။ ဒါတွေပြန်ပြီး တွေးမနေစမ်းပါနဲ့၊ အဲဒီတုန်းက ကိုယ်လဲ သူရဲချောက်ခံရလို့ လန့်ပြီး မေ့နေတယ် ဆရာ၊ ဘာမှ မသိဘူး။ သူတို့ပြောတာ ဟုတ်ချင်ဟုတ်မလား မသိဘူး"

ဟု ဖာထေးညာလွှဲနှင့် ပြီးလိုက်ရပြီး ဦးညိုတုတ်၏ မျက်နှာကြီးကိုကား တွေးမိတိုင်း အခဲမကြေနိုင်အောင် ပေါ်လာတော့၏။

ထို့နောက် များမကြာမီ ဂဇော်ဘိုးဗျော့နှင့် ငတေကြီးတို့ ထွန်းမောင်နှင့် အထူးပင် အလွမ်းသင့်လျက် ထွန်းမောင် ရက်ရက်စက်စက် စွန့်ကြဲပေးကမ်းခြင်းဖြင့် ထွန်းမောင်အား ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ကြည်ညိုလာပြီး ၎င်းတို့ဆရာကြီးမှာ ဂဇော်တစ်မတ်ငါးမူးမှ တစ်ပါး စားလောက်သောက်လောက် မကျသောကြောင့် တစ်နေ့တခြား အကြည်ညို လျော့ပါးကာ ဆရာကြီး၏ အကျင့်ယုတ်များကို သစ္စာမဲ့လူမိုက်များပီပီ တစ်ခုမကျန် ဖောက်သည်ချတော့၏။

"ဒီလောက် ယုတ်မာတဲ့လူကြီးကို လူ့ပြည်မှာထားလို့ မတော်ဘူးထင်တယ်။ သူ့အကြောင်းသိရက်နဲ့ ကျုပ်တို့ မြှုထားရင် သူ့ကို အားပေးရာရောက်တယ်။ သူကောင်းသားပျို သမီးပျိုကလေးများကို ပန်းကောင်းအညွှန့်ချိုး မတရားဖျက်ဆီးတာ များပြီ။ ဒီအကောင်ကြီးကို လောကကြီးက ထွက်သွားအောင် လုပ်နိုင်ရင် ခင်ဗျားတို့ တစ်သက် အေးအေးထိုင်စားရအောင် လယ်တစ်ရှဉ်းလုပ်စီနဲ့ ငွေသား ငါးရာစီ ပေးမယ်ဗျာ"

ဟု ထွန်းမောင်က ပြောလျှင် ဘိုးဗျော့နှင့် ငတေကြီးတို့မှာ…

"ဟာ လယ်ရော ငွေရော ယူချင်ပြီလားဗျာ။ ဒါပေမဲ့ ဒီအကောင်ကြီးက ပညာစွမ်း အင်မတန် ထက်တယ်။ သူ့ကို ဘယ်လိုမှ နိုင်အောင် မလုပ်နိုင်ဘူး"

ဟု ပြန်ပြောသောအခါမှ ထွန်းမောင်မှာ စိတ်အားထက်သန်စွာနှင့်…

"အို… ခက်တာလိုက်လို့ဗျာ။ ခင်ဗျားတို့လုပ်မယ်ဆိုရင် ကျုပ်ပြောမယ် ဟောဒီနည်းလေ… …"

ဟုဆိုကာ အနီးသို့ တိုး၍ တီးတိုးပြောလိုက်လျှင် ဘိုးဗျော့နှင့် ငတေကြီးတို့လည်း ပြုံးပြုံးကြီး ဖြစ်သွားကြလေ၏။

သို့နှင့် အချိန်ကြာညောင်း၍ ရက်လပေါင်း အတော်ကုန်လာခဲ့လေ၏။ ထွန်းမောင်သည် အိမ်အောက်တွင် စပါးပေး၊ နမ်းပေး၊ ငွေချေးငွေယူ လာသော ညွှ့်သည်တစ်စုနှင့် အလုပ်ရှုပ်နေစဉ် အိမ်အပေါ်ထပ်၌ လုရီမှာ ခလေးပုခက်လွှဲ၍ နေတော့၏။ မြို့ဆင်ခြေဖုံးရပ်ရှိ ဗိန္ဓောဆရာကြီး ဦးညိုတုတ်၏ ဆိုင်းဘုတ်ကလေးလည်း လောကကြီးအတွင်းမှ ကွယ်ပျောက်သွားလေပြီ။ ဆရာကြီး ဦးညိုတုတ် တောရွာသို့ ဆေးကုလိုက်ရာမှ အဆိပ်မိလို့ သေရှာပြီဟူသော သတင်းမှာ ၎င်းတို့ အိမ်နီးပါးချင်းများထံတွင် စကားသံ မတိတ်သေးမီ ဂဇော်သမား ဘိုးဗျော့နှင့် ငတေကြီးတို့မှာ အကျွတ်တရား ရ၍ လူကောင်းတွေဖြစ်ပြီး ထွန်တုံးကို ကိုယ်တိုင်စီးလျက် တံပြာကြီးတမမနှင့် လယ်ထွန်နေကြသည်ကို တွေ့မြင်ကြရလေသတည်း ဟူသော ထွန်းမောင်၏ တိုင်ကြားစာကို မော်ဆရာမှတ်တမ်းအတွက် အကွက်သင့်သဖြင့် ထည့်သွင်းလိုက်ရပေကြောင်း။

မောင်ကြီးမေတ္တာ
၁၉၄၃-ခု ဧပြီလတွင် ရေးသည်

"ဆရာရဲ့ တဆိတ်မြန်မြန်ကလေး ကြွတော်မူပါ။ ကျွန်တော့်မိန်းမ ကြာရင် သေရပါတော့မယ်။ ကယ်တော်မူပါဦး စုန်းလိုလို၊ နတ်လိုလို၊ အို... တဆိတ် မြန်မြန်ကလေးကြွပါခင်ဗျာ။ ကြာရင် သေပါတော့မယ်"

ဟု ဆပ်ပြာသယ်လင်ပျောက်သလို ဒေါင်းတောက်အောင် ခေါ်နေသော မောင်သော်ကို ကြည့်ကာ ကျွန်တော့်မှာလည်း ဘာကိုလုပ်ရမည်မသိ အလကားနေရင်း ပြာလောင်ခပ်နေမိလေ၏။ ဆရာကြီးက ငါ့တပည့်လိုက်သွားချေဟု ဆေးအစ်နှင့် ဆေးကြိမ်လုံးကို အပ်ပြီးသည့်နောက် ရေသောက်ရမလို ဖိနပ်စီးရမလိုလို ယောင်ယောင်မှားမှားဖြစ်နေပြန်သောကြောင့် ဆရာအပင့်လာသော မောင်သော်လည်း ဘာမှ မပြောပဲ ကျွန်တော့်ကိုဆွဲ၍...

"မြန်မြန်လာပါ ဆရာရဲ့"

ဟု ခေါ်သွားသဖြင့် ကျွန်တော်လည်း ကားယားကားယားနှင့် ပါသွားရာ များမကြာမီ မတ္တရာမြို့ တောင်ပိုင်း မောင်ဝိုင်ခြံအနီးရှိ မကြီးခတို့ နေအိမ်သို့ ရောက်လာလေ၏။ အိမ်ဦးတွင် ဆရာသမားပီပီ တည်ကြည်စွာ ထိုင်မိလျှင်ပင် မကြီးလည်း...

"ဟဲ့... မောင်သော် ဆရာဖို့ ဆေးကွမ်းလက်ဖက်များ ပြင်ပါဟဲ့"

ဟု ငိုမဲ့မဲ့နှင့် ပြောကာ ကျွန်တော့်အနားလာထိုင်ပြီး...

"တဆိတ် ကယ်ပါဦး ဆရာလေးရယ်။ ကျမသမီး ဘာဂြိုဟ်များစီးတယ် မသိပါဘူး။ ကံဇာတာ အထူးနိမ့်လို့ ဖြစ်ရတာပါ။ နို့ ဆရာကြီးတော့ ကြွမလာဘူးတဲ့လား ဆရာရဲ့"

ဟု ငိုမဲ့မဲ့ တရှုံ့ရှုံ့ ပြောရာ ကျွန်တော်လည်း မကြီးခ မျက်နှာမြင်ရုံနှင့်ပင် လူမမာတွင် အတော်ဒုက္ခဖြစ်ပုံရကြောင်း ရိပ်မိကာ...

"ဆရာကြီးက ကျွန်တော်သွားဖို့ အမိန့်ရှိတာနှင့် လက်လာရပါတယ် ခင်ဗျာ"

ဟု ပြောလိုက်သဖြင့် မကြီးခမှာ...

"ဩော်... ဩော် ဒါဖြင့် ဆရာလေး လူမမာကို တဆိတ်ကြည့်ပါဦး ဆရာ၊ ဘာဖြစ်မှန်းလဲ မသိဘူး။ လက်နှစ်ဖက်ဟာ လက်ပြန်ကြိုးတုတ်ထားသလို ရင်အကော့သားနှင့် အမယ်လေး အလိုလေး တတပြီး အော်နေရှာတယ်။ ဘာမှလဲ မေးလို့မရဘူးရှင့်။ ကျမက သမီးရယ် သမီးရယ် ဘယ်လိုဖြစ်တာလဲကွယ်နဲ့ မရမက မေးတဲ့အခါ အမယ်လေး မပြောပါရစေနဲ့ အမေရဲ့။ အမေကယ်နိုင်တဲ့ ကိစ္စလဲ မဟုတ်လို့ အသိ မလုပ်ချင်ပါနဲ့တဲ့။ ဘယ့်နှယ်ပြောလိုက်မှန်း မသိဘူး ဆရာ။ သူ့မှာလဲ မချိမဆန့် ခံနေရရှာရက်သားနဲ့ လင်သားလုပ်တဲ့ ဟောဒီက ကျမသမက် မောင်သော်မေးလို့မှ မပြောပဲ ပေခံနေတယ် ဆရာလေးရဲ့။ ကျမသမီး ကျန်းကျန်းမာမာနဲ့ဆိုရင်တော့ ကိစ္စမရှိပါဘူး။ ခုတော့ မျက်နှာမြင်တုန်း သွေးနသားနုနဲ့မို့ သူ့ဒုက္ခကို မကြည့်ရက်နိုင်အောင် ရှိတော့တာပဲ ဆရာလေးရဲ့"

ကျွန်တော်။ ။ "ဩော် မျက်နှာမြင်တုန်းလား ဖြစ်ရလေ ခင်ဗျာ"
မကြီးခ။ ။ "ဟုတ်ကဲ့ ဆရာလေးရယ် ဒီနေ့ဘာနဲ့မှ မျက်နှာမြင်ပြီးတာ ဆယ်ရက်ရပါသေးတယ်"
ကျွန်တော်။ ။ "အင်း... အင်း ဒီလိုဖြစ်တာ ဘယ်နှစ်ရက် ကြာပြီလဲ"
မကြီးခ။ ။ "မျက်နှာမြင်ပြီး သုံးရက်အရမှာ ကောက်ခါငင်ခါ ဖြစ်လာတာပဲ ဆရာလေးရဲ့"
ကျွန်တော်။ ။ "နေစမ်းပါဦး ခင်ဗျာ။ ဖြစ်ပုံက ဘယ်လိုဘယ်သင်းဆိုတာ သိပါရစေဦး"
မကြီးခ။ ။ "လူနာကို ဝင်ကြည့်ပါ ဆရာရယ်။ ကျမလဲ ရေရေလည်လည် မပြောတတ်ပါဘူး"

ကျွန်တော်။ ။ "မဟုတ်သေးဘူးလေ။ ဘယ်လိုက စလာတယ်ဆိုတာ သေသေချာချာ သိချင်လို့ပါ"

မကြီးခ။ ။ "ဒါဖြင့် ပြောပါ့မယ် ဆရာ၊ ဖြစ်ပုံအစက ဒီလိုပါ။ ကျမ သမီးကလေး မအေးကြည်ဟာ အသက်နှစ်ဆယ်လောက်က ဟောဒီ ကျမသမက် မောင်သော်နဲ့ အကြောင်းပါပါတယ်။ သူယောက်ျားရပြီး အခါလယ်လောက် ရှိတော့ အခု မျက်နှာမြင်တဲ့ ပဋိသန္ဓေရှိတာပါပဲ။ အဲဒီ ပဋိသန္ဓေရှိတဲ့ကြားထဲမှာတော့ ဘာမှ မထူးခြားပါဘူး။ အခု ဟောဒီကလေးကို မွေးဖွားလဲပြီးလို့ သုံးရက်ရတဲ့ ညကျတော့ ကျမတို့လဲ မီးနေစောင့်ရင်း အိပ်ပျော်သွားကြတာကိုး ဆရာရဲ့။ နောက်ကျမတစ်ယောက်ထဲ လန့်နိုးတော့ မအေးကြည် အိပ်တဲ့ခုတင်နားက တိုးတိုးတိုးတိုး စကားပြောသံလိုလို ကြားတာနဲ့ အသာ နားစိုက်ထောင်လိုက်တော့ မအေးကြည် စကားပြောနေသံမှန်း သိရလို့ ဩော်... သူ့ယောက်ျားနဲ့ စကားပြောကြထင်ရဲ့လို့ တယ်ဂရုမထားမိဘူး။ နောက်တော့ မအေးကြည်ပြောတဲ့ စကားထဲမှာ (မလိုက်ပါရစေနဲ့ဦး မောင်ကြီးရယ်၊ သားကလေးလဲ အင်မတန် ငယ်ပါသေးတယ်တဲ့) ပြီးတော့ (ကျမမှာ ကုသိုလ်ဒါနဆိုလို့လဲ ဟုတ်အောင် ဘာတစ်ခုမှ မလုပ်ရသေးဘူး။ ဥပုသ်ကြီးလဲ ဝင်ချင်ပါသေးတယ်။ ဟောဒီ သားဦးကလေးလဲ ရှင်ပြုပါရစေဦး အလွန်ဆုံး ၇-နှစ်ပါ) တဲ့။

နောက်တစ်ခါ ကြားရတာက (မညာပါဘူး မောင်ကြီးရယ်၊ အိမ်ထောင်ပြုရက်သားနဲ့ သားသမီးသံယောဇဉ်ကလေးက တွယ်နေတော့ ခက်တာပဲ မောင်ကြီးရယ်။ ချစ်တယ် ခင်တယ်ဆိုတဲ့ သံယောဇဉ်တရားတွေဟာ လူကို အားကြီး ဒုက္ခပေးတတ်ကြပါကလား) တဲ့၊ ဒါနဲ့ ကျမလဲ မအေးကြည် ဘယ်သူနဲ့များ စကားပြောနေတာလဲ။ မောင်ကြီး မောင်ကြီးနဲ့လဲ ခေါ်ပါတယ်။ မောင်သော်ဖြင့် သူ ဒီလိုမခေါ်ဘူး။ ကိုသော် ကိုသော်နှင့်သာ ခေါ်နေကြအတိုင်း ခေါ်ရမယ်။ ဘယ်သူနဲ့ပြောတဲ့စကားလဲ ယောင်များနေသလားလို့ စဉ်းစားပြီး သူအိပ်တဲ့ အခန်းဝက သွားကြည့်လိုက်ပါတယ်။ မအေးကြည်ဟာ ယောင်တာ မဟုတ်ပဲ ခုတင်ပေါ်မှာ ထိုင်ပြီး သေသေချာချာကြီး လက်ပြခြေပြနဲ့ စကားပြောနေတာ တွေ့ရတယ်၊ အနားမှာတော့ ဘယ်သူမှ မရှိဘူး ဆရာရဲ့၊ ဒါနဲ့ ကျမလဲ ဆက်နားထောင်နေတာ (သီးခံလက်စနဲ့ ဆက်ပြီး နေဖို့ ခွင့်ပေးပါဦး မောင်ကြီးရဲ့၊ ကျမ ဒီသားနဲ့ ဒီလင်ကို အင်မတန်မှ သံယောဇဉ်တွယ်နေပြီ။ ကုသိုလ်ကောင်းမှု ပြုဖို့လဲ ပါရမီဖြည့်ပေးရာ ရောက်အောင် ကျမ တောင်းပန်တဲ့အတိုင်း ၇-နှစ် အနည်းငယ် ဆိုင်းပါဦး မောင်ကြီးရယ်။ တကယ်လို့ သံယောဇဉ်ကြိုးတွေကို သစ်စိမ်းချိုးချိုးခဲ့ပြီး မောင်ကြီးနောက် လိုက်လာရရင်လဲ ကျမ အသည်းနှလုံးတွေ ကျွမ်းလို့ တလွမ်းလွမ်း တဆွေးဆွေး ဖြစ်နေမှာ အမှန်ပဲ။ အဲဒီအခါကျတော့ မောင်ကြီးလဲ ကျမအတွက် စိတ်အနှောင့်အယှက် ဖြစ်ရမှာပဲ) လို့ အနားက လူတစ်ယောက်ကို ဖျောင်းဖျောင်းဖျဖျ ပြောနေသလို ပြောဆိုနေလိုက်တာ ဆရာရယ်။ နောက်ပြီး ငိုသံပါပါနဲ့ (ချမ်းသာပေးပါ မောင်ကြီးရယ်၊ ဒီလိုတော့ အဓမ္မ မပြုပါနဲ့၊ မောင်ကြီးကိုလဲ မချစ်လို့ ခွဲနေတာ မဟုတ်ပါ။ သို့သော်လဲ ကျမမှာ သံယောဇဉ် ကြိုးကလေးတွေက ရစ်လာတော့ ပစ်ပစ်ခါခါ မပြုရက်သေးလို့ ခေတ္တခွင့်ပေးဖို့ တောင်းပန်တာပါ မောင်ကြီးရဲ့) တဲ့ ဆရာလေးရဲ့။ ကျမလဲ ဘယ့်နယ်စကားတွေများ ပြောနေပါလိမ့်လို့ မောင်သော် ခေါ်ပြ၊ တခြားလူတွေ နှိုးပြနဲ့ နောက်တော့ မအေးကြည်ကို ကျမတို့က ချောင်းကြည့်နေတာ တစ်ယောက်ယောက်က ပြောလိုက်သလိုနဲ့ လှည့်ကြည့်ပြီး စကားပြော ရပ်သွားရှာရှင်...။

ကျမလဲ အဲဒီစကားတွေ မအေးကြည် ဘာပြုလို့ ပြောပါလိမ့်မလဲလို့ စိတ်ထဲ ဇဝေဇဝါကြီး ဖြစ်နေမိတယ်။ အဲဒီနေ့ကစပြီးလဲ ညတိုင်း... ညတိုင်း လူခြေတိတ်ရင် ဒီစကားမျိုးတွေချည်း

ပြောနေတာပဲ။ တခါတလေ နေ့ခင်းကြောင်တောင်များတောင် လူလစ်ရင် ပြောတတ်တယ် ဆရာလေးရဲ့၊ ဒီလိုနဲ့ မနေ့ညက ခါတိုင်းလို လူခြေတိတ်ချိန်ကစပြီး ကျမသမီးမှာ တစ်စုံတစ်ယောက်က လက်ပြန်ကြိုးတုတ်ထားသလို လက်မောင်းနှစ်ဖက်ဟာ နောက်ကျောမှာ ယှက်နေပြီး အရိုက်ခံရတော့ အော်ပုံမျိုးနဲ့ နာကျင်လွန်းလို့ ရှုံ့မဲ့အော်နေရရှာတယ်။ သူ့တစ်ကိုယ်လုံးမှာလဲ ရိုက်သူကို မမြင်ရပဲနဲ့ ရိုက်နက်တဲ့ ကြိမ်လုံးရာတွေဟာ အရှိုးအရှိုး ထင်ပြီးနေတာပဲ ဆရာရဲ့။ သွေးသားကလဲ နုနုနဲ့၊ ခုလောက် ဒုက္ခခံနေရရှာတာ သေရှာတော့မှာပဲ ဆရာရယ်။ ဘာမှလဲ မေးလို့မရတော့ ခက်တာပဲ။ ကျမတို့လဲ ဆေးတွေ ပယောဂအစွမ်းပဲဆိုတာ ရိပ်မိလို့ တောင်ဟာလုပ် မြောက်ဟာလုပ်နဲ့ စုံသွားပါပြီ။

ဒီအခြေအနေကကို လျော့တယ် မရှိပါဘူး။ စုန်းပူးတယ်ထင်လို့ ဆံစုနဲ့ ဖမ်းလဲ ကြမ်းမြဲကြမ်းတာပဲ ဆရာရဲ့။ သူရဲတစ္ဆေဝင်တယ် ထင်လို့ နှင်ရင်လဲ အော်မြဲအော်တာပဲ။ မိဆိုင် ဖဆိုင် ခေါ်တဲ့ ရိုးရာနတ်များ ညှိုးသလားလို့ တင်လားမြှောက်လား လုပ်တာလဲ မရ။ စိတ်နောက်သွားသလားလို့ ဆေးသမား ဆရာကောင်းတွေပြလဲ သွေး၊ သည်းခြေ၊ လေငြိမ်လို့ နလုံးအိမ်များ မဖောက်ပြားဘူးတဲ့။ ဘယ်လို ဝတ္တရားနဲ့ ခံစားရတဲ့ ဝေဒနာဆိုတာ ဆရာပဲ အကဲခတ်တော်မူပါတော့"

သော်။ ။ "ဟုတ်ပါတယ် ဆရာ၊ အခု မကြည်တို့အမေ ပြောတဲ့အတိုင်းပါပဲ။ တဆိတ် အကဲခတ်စမ်းပါဦး ဆရာရယ်။ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့လဲ မကြည့်ရက်သလောက်ပါပဲ။ ကဲ... ကဲ အထဲကြွပါ ဆရာ"

ဟုဆိုကာ ရှေ့ကလမ်းပြသောကြောင့် ကျွန်တော်လည်း ဆရာကြီးတာဝန်လွှဲလိုက်သည့်အတိုင်း ဆေးအစ်ကြီးနှင့် ဆေးကြိမ်လုံးကိုယူလျက် တဖက်သော အခန်းသို့ ကူးခဲ့ရာ ဖေးမကိုင်တွယ်ထားသော မိန်းမ သုံးလေးယောက်တို့အလယ်မှ ဖြယ်ပုံသလို ကော့လိမ်လူးလိမ့်ပြီးလျှင် နာကျင်သော ဒဏ်ချက်ကြောင့် အဆက်မပြတ် အော်နေရရှာသော မအေးကြည်ဆိုသူကို တွေ့ရလေ၏။ မအေးကြည်မှ တစ်ချက်တစ်ချက် ရိုက်နက်လိုက်သဖြင့် နာကျင်သော ဒဏ်ရာကြောင့် ကော့လိမ်ကာဖြင့် မျက်လုံးကို စုံမှိတ်ပြီး အံကြိတ်ကာ ဟစ်အော်လျက် ရှိချေ၏။ ကျွန်တော်လည်း ထပ်မံ၍ သေချာစွာ ကြားသိချင်သေးသဖြင့် မောင်သော်အား ထပ်မံမေးမြန်းခိုင်းနေစဉ် မအေးကြည်လည်း သည်းထန်စွာ ဟစ်အော်လျက် တစ်ချက်တစ်ချက် လက်ပြန်ကြိုးချည်ထားသည်နှင့်တူသော လက်နှစ်ဖက်ကို နောက်သို့ ကော့ထားပြီး...

"(အမယ်လေး) မောင်ကြီးရဲ့ နာလှပါပြီ။ ချည်ထားတဲ့ကြိုးကို တဆိတ်ဖြည်ပါဦး မောင်ကြီးရဲ့"

လို့ အော်ပြန်ရာ မောင်သော်လည်း မအေးကြည်၏ နောက်ပြန်ကော့လျက်ရှိသော လက်မောင်းနှစ်ဖက်ကို ရုတ်တရက် ရှေ့သို့ဆွဲယူလိုက်ရာ လက်နှစ်ဖက်မှ တစ်စုံတရာမရှိသော်လည်း ကြိုးနှင့် ခိုင်မာစွာ စည်းတုတ်ထားသကဲ့သို့ မူလနေရာမှ အနည်းငယ်မျှ ဆွဲယူ၍ မရပဲ ရှိလေ၏။ မအေးကြည်မှာလည်း ဟစ်အော်ငိုညည်းရာမှ...

"ကိုသော်ရဲ့ ကျမကိုသနားရင် အနားမလာပါနဲ့ရှင် ဝေးဝေးနေပါ။ ရှင်အနားလာရင် ကျမမြန်မြန်သေရပါလိမ့်မယ်"

ဟုပြောသောကြောင့် မောင်သော်မှာ အကြံရခက်ကာ...

"မကြည်... မကြည် သတိထားပါ။ မင်းဘာဖြစ်တယ်ဆိုတာ ပြောစမ်းပါ မကြည်ရယ်။ ကျုပ်အသက်နဲ့လဲ ကယ်စမ်းပါရစေ။ မင်းကို ဘယ်လိုရန်သူက နှိပ်စက်နေတာလဲ။ ဖွင့်ပြောစမ်းပါ မင်းဒုက္ခရောက်နေတာ ငါ မကြည့်နိုင်ဘူးကွဲ့"

ကြည်။ ။ "အမယ်လေး ကိုသော်ရဲ့ ဝေးဝေးသွားနေစမ်းပါ။ ဒါတွေလာလာ မေးမနေစမ်းပါနဲ့။ ကျမနဲ့ သေကွဲကွဲချင်ရင် ရှင်ဒီနားကို ခဏခဏကပ်ပါ။ ကျမ ဘာပဲဖြစ်ဖြစ် လာမေးမနေနဲ့။ အကြောင်းအကျိုးတွေ ပြောချင်လျက် အပြောခက်လွန်းလို့ပါ။ ကျမမှာ သစ်နစ်ဖက်ကြားပေါက်တဲ့ ဝါးလို အများကြီး အနေကြပ်လှပါတယ်။ (အမယ်လေး) နာလှချည်ရဲ့၊ ကြောက်ပါပြီ မောင်ကြီးရဲ့ မပြောပါဘူး။ ကိုသော် ကိုသော် ရှင် တော်ရာသွားနေစမ်းပါ"

သော်။ ။ "ကဲ ဆရာ ဒါသာကြည့်တော့၊ ဒီလိုချည်းပဲ ဖြစ်နေတယ်။ သွေးနနနဲ့ သူ့တကိုယ်လုံးမှာလဲ ညိုမဲနေတဲ့ ကြိမ်လုံးရာတွေဟာ မရေနိုင်ပါဘူး။ ဒါကြောင့် ဆရာ ဆရာ့ကျေးဇူးတစ်သက်လုံး ဆပ်ပါမယ်။ တဆိတ် မကြည် ချမ်းသာအောင် ကယ်တော်မူပါ"

နံးချိနေရာမှ ရုတ်တရက် ထခုန်ပြီး...

ကြည်။ ။ "သယ် ဘယ်က ဆရာခေါ်လာရပြန်သလဲ။ အခု ပြန်လွှတ်လိုက်၊ နင်တို့ဆရာတိုက်တဲ့ ဆေးကို သောက်မဲ့အစားထင်သလား။ ငါ့များ ရီးတီးယားတားလုပ်ရင် မျိုးပြုတ်စေ့မဟဲ့နော်။ ငါ့ဇာတ်ငါ နိုင်လို့ ခင်းခဲ့တာ။ နင်တို့ ဘာမှ ရှုပ်စရာမလိုဘူး"

ကျွန်တော်။ ။ "အလို တယ်ဆိုတဲ့ စာပါကလား။ ဘယ်လိုအစားထဲကပါလိမ့် ခင်ဗျား"

ကြည်။ ။ "အံမာ မင်းကလား။ ပြောင်သလိုလို ချော်သလိုလို လုပ်တာ၊ မင်းသိနိုင်ရင် ငါဘယ်လို အစားဆိုတာ ပြောပါလားကွ။ ဟေ့ ကိုကိုလေးရ မင်းက မနေ့တနေ့ကမှ ဆရာကောင်းတပည့် ဖြစ်လို့ မာန်ရစ်ပြီး ငါ့ကို စမ်းမယ်ဆိုပါတော့ကွာ။ ကဲကွာရော့ ဟောဒီကြိုးကို ဖြည်စမ်း မင့်အစွမ်း ငါကြည့်ချင်တယ်"

ဟု ဆိုကာ မအေးကြည်သည် ကျွန်တော်ရှိရာသို့ ဘာမျှမပါသော လက်နှင့် ကိုင်ပေါက်လိုက်သည်နှင့် တပြိုက်နက် ကျွန်တော်၏လက်နစ်ဖက်မှာ ရုတ်တရက် ပြန်စွာသော်လည်း မရပဲ လွန်စွာခိုင်မြဲ၍ နေလေတော့၏။

ဤတွင်မှ ကျွန်တော်လည်း ဆရာကြီးတပည့်အဖြစ်နှင့် ပညာရင်နို့ သောက်စို့ခဲ့သည်မှာ ၉ လကျော် ၁၀ လမျှ ကြာသည့်အတွင်း ကျွန်တော်တွေ့ခဲ့ရသမျှတို့ အပေါ်တွင်ဖြင့် ကျွန်တော်က နိုင်နင်းခဲ့သည်ချည်းသာ ဖြစ်လျက် ယခု ရုတ်တရက် အရှက်တကွဲ ပြန်လှန်ပြောဆိုခြင်း ပြုရုံမက ကျွန်တော့်ကိုပင် ပြန်၍ လက်ထိပ်ခတ်ပြပြန်ရာ အလွန်တရာ ရှက်၍ သွားမိပေ၏။ သို့နှင့် ထိုသတ္တဝါကို နှိမ်နင်းမှသာ ဖြစ်ချေတော့မည်ဟု စနေသော လက်နစ်ဖက်နှင့်ပင် ဆရာကြီးပေးလိုက်သော ဆေးကြိမ်လုံးနှင့် နောက်ပြန်ရိုက်လိုက်ရာ ကျွန်တော်၏လက်များမှာ ရှေးအခါအတိုင်း လွတ်လပ်သွားလေ၏။ ထိုတွင်မှ မအေးကြည်လည်း ဟား ဟား ဟား ဟားနှင့် ရယ်လိုက်ကာ...

"အေး အေး ဒီလိုတော့ အတော်ကြီးပဲ။ သို့သော်လဲ မင်းကို ငါမကြောက်ဘူး။ ကိုကိုလေးရာ မင်းဘာလုပ်လုပ် ငါဂရုမစိုက်ဘူး"

ဟုပြောလျှင် ကျွန်တော်မှာ ဤမျှ လူပါးဝစကားပြောလှသော နာနာဘာဝသတ္တဝါကို မခံချင်စိတ်တွေသာ တိုးပွားလျက် ရှိသောကြောင့် ချည်မန်းကွင်းနှင့် လည်ပင်းကို စွပ်ရန် ချိန်ရွယ်လိုက်ရာ မအေးကြည်မှာ ချည်မန်းကွင်းကို အစွပ်မခံပဲ ရုန်းကန်ဖယ်ရှား၍ နေသောအခါ ကျွန်တော်လည်း ရယ်မောကာ...

"ဟေ့... မင်းတကယ်စွမ်းရင် ငါ့ချည်မန်းကွင်းကို ရှောင်နေရသလားကွ"

ကြည်။ ။ "ဟေ့ မင်းကိုကြောက်လို့ ရှောင်တာ မဟုတ်ဘူးကွ။ ငါ့ကိုယ်ကို မြင်မှာစိုးလို့ ဖယ်နေတာ မင်းပညာ တကယ်စွမ်းရင် ငါမဖယ်အောင် လုပ်စမ်းပါတော့လား"

ဟု ပြောသောအခါ ကျွန်တော် အနီးအနားရှိ မိန်းမများကို ကိုင်ချုပ်ထားရန် မျက်ရိပ်ပြ၍ ၎င်းတို့လည်း မအေးကြည်ကို မလှုပ်မရှားနိုင်အောင် ချုပ်ကိုင်ပေးသောကြောင့် ချည်မန်းကွင်းနှင့် အတင်းစွပ်လိုက်ရာ မအေးကြည်မှာ ချည်မန်းကွင်း စွပ်မိလျက် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုတွင်မှ ကျွန်တော်က...

"ကဲ ချည်မန်းကွင်း စွပ်ပြီးပါပကော နင်ဘာပြောချင်သေးသလဲ"

ဟု မေးလိုက်သောအခါ မအေးကြည်လည်း နုံးညံ့သိမ်မွေ့လှသော မျက်နှာထားနှင့် ကျွန်တော့်အား မသိမမြင်ဖူးသော လူတစ်ယောက်ကို ကြည့်သလို ကြည့်လျက် လက်ပြန်ကြိုးတုတ်ထားသည်နှင့် တူသော လက်နစ်ဖက်ကို ကော့ကာ အနီးအနားရှိ မိန်းမများကို...

"မလှတို့ မညွန့်တို့ ဟိုလူက ကျမကိုကြည့်ပြီး ဘာမေးနေတာလဲ ကျမနဲ့လဲ ဘယ်တုန်းကမှ မသိမကျွမ်းဖူးဘူး။ ရူးများနေသလား သနားပါတယ်ရှင်"

ဟုဆိုရာ ကျွန်တော့်မှာ မအေးကြည် ရုတ်တရက် ပြောင်းလဲသွားပုံကို ကြည့်လျက် ခေတ္တ ငေးကြည့်နေမိလျှင် မောင်သော်နှင့် မကြီးခတို့လည်း...

"ဟဲ့ ဟဲ့... သမီး မအေးကြည် သတိရလာသလား။ ဒီဟာ တခြားမဟုတ်ဘူး။ ညည်းကို ဆေးကုဖို့ ပင့်ထားတဲ့ ဆရာဟဲ့။ မဟုတ်တဲ့စကားတွေ ပြောမနေပါနဲ့"

ကြည်။ ။ "(ရှိခိုးလျက်) ဪ မသိလို့ပါ ဆရာ၊ အခွင့်လွှတ်ပါ"

ဟု ပြောမှ ကျွန်တော့်တွင် ပကတိ မအေးကြည် ဖြစ်နေပြန်သည်ကို သိရသဖြင့် ချည်မန်းကွင်း မစွပ်မိခင် လျှင်မြန်စွာ ရှောင်တိမ်းလိုက်သော အစွဲကောင်ကိုသာ များစွာအံ့သြချီးမွမ်းမိလေ၏။

"အင်း တော်တော်လည်တဲ့ အကောင်ပါကလား"

ဟု တွေးကာ ဤကဲ့သို့ ကြာရှည်နေ၍ မတော် ထိုအစွဲကို အကြပ်အတည်းခေါ်မှ ဖြစ်တော့မည်ဟု ဒေဝစက္ခုမျက်ကွင်းဆေးကို ကျွန်တော်၏ မျက်လုံးများတွင် ကွင်းပြီးနောက် အိမ်တွင်းသို့ လျှောက်ကြည့်လိုက်သောအခါ မအေးကြည်၏ ခေါင်းရင်းဘက်တွင် ကြိမ်လုံးကို ကိုင်ကာ လက်ပိုက်ရပ်နေသော ယောကျ်ားပျိုတစ်ယောက်၏ သဏ္ဌာန်ကို မြင်ရလေ၏။ ထိုသူတွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာကား လွန်းများကြိုး ပုဆိုးတောင်ရှည် ဆီးလျက် ရွှေချည်ငွေချည်တို့ဖြင့်ပြီးသော ထိုင်မသိမ်းအင်္ကျီကို ဝတ်ပြီးလျှင် ရှည်လျားမဲနက်သော ဆံပင်များကို ဖားလျားချပြီးနောက် ရဲရဲတောက်သော ရှုံနီထည်ကို ခေါင်းတွင် နစ်ဖက်မိတ်ချပေါင်းထားလေ၏။ အသားဝါဝါ နုတ်ခမ်းမွေးရေးရေးပါသဖြင့် အလွန်တရာ ကြည့်၍ ခန့်ညားသလိုလို ရှိလေရာ ကျွန်တော့်မှာ ထိုအစွဲကောင်သတ္တဝါကို ကြည့်၍လှသဖြင့် မျက်စိအာရုံကျ၍ နေမိလေတော့၏။

ထိုနောက်မှ ဟယ် ဒီသတ္တဝါဟာ ငါ့ကို အတော်ပမာမခန့်လုပ်တယ်။ အခုလဲ ချည်မန်းကွင်းစွပ်တာကို မမိအောင် တမင်ရှောင်နေတာပဲ။ အင်း ဒါလောက်တောင် ရှိတာ ဒင်း

ဘာကောင်မို့လို့ ခံနိုင်မလဲ။ ကဲ ချည်မန်းကွင်းကို ပြန်ချွတ်ပြီး ဒီတစ်ခါ ထပ်စွပ်တော့မယ်။ ကိုင်း ကိုင်း မြတ်စွာဘုရားနှင့်တကွ ရတနာမြတ်သုံးပါး၊ သိကြား၊ ပြဟ္မာ၊ စတုလောကပါလ နတ်မင်းကြီးလေးပါးနှင့်တကွ သာသနာတော်စောင့်နတ်များ၏ အမိန့်တော် အထက်ဆရာ့ဆရာကြီးများ၏ အမိန့်၊ ငါ့အမိန့် ဤသူငယ်မကို အနှောင့်အယှက် ပြုနေသော အစွဲရှင် အမြန်ရောက်စေဟု ဆေးကြိမ်လုံးနှင့် ရိုက်၍ ခေါ်လိုက်ရာ...

ယခင်မြင်ရသော ကြိုးပုဆိုးနှင့် လူသည် ပူလောင်လှသော သဏ္ဍာန်ဖြင့် တစ်ကိုယ်လုံး လူးလှိမ့်ရုန်းကန်နေပြီးလျှင် ထိုခဏတွင်လည်း မူလရုပ်မှ တစ်စတစ်စ ညှိုးကွယ်ပျောက်ကာ မျက်နှာကြီးမှာ ဖားပြုတ်ကြီးကဲ့သို့ ဗျစ်ထူဖောင်းကြွ အဖုတွေထလျက် ခြေကြီးလက်ကြီးများမှာ ပုကွတုတ်တို အဟုတ်ကို အကြည့်ဆိုးသွားပြီးလျှင် ခေါင်းတွင်လည်း ဆံပင်ဟူ၍ တစ်ပင်မျှမရှိ ဦးရေပြောင်ကြီးမှသာ အရောင်တလက်လက် ထွက်၍နေပြီးနောက် အမွေးကြမ်းကြီးတွေ ကြိုးတိုးကြဲတဲပေါက်ပေါက်နေသော ကိုယ်ကာယကြီးမှာလည်း အဝတ်အစား ဗလာအချည်းနှီးဖြစ်လျက် တစ်ကိုယ်လုံးမှာ ထုံးမှုန့်တွေနှင့် ပက်ထားဘိအလား မွဲတဲတဲ ပြာခြောက်ခြောက်နှင့် ကြောက်စရာ့သဏ္ဍာန်မျိုးကြီး ဖြစ်သွားသည်ကို မြင်ရပြီးလျှင် ထိုအကောင်ကြီးမှာလည်း ကျွန်တော်၏ အာဏာအတွင်း ဆုတ်ဆိုင်းခြင်းမရှိပဲ မအေးကြည်ကိုယ်ထဲသို့ ပူးဝင်သွားသည်နှင့် တပြိုင်နက် ကျွန်တော်လည်း လက်က ချည်မန်းကွင်းနှင့် စွပ်ချလိုက်ရလေ၏။

ထိုတွင်မှ အမြင်မကောင်းလှသော ကြောက်စရာ့သဏ္ဍာန်ကြီးသည် မီးတောက်မီးလျှံထနေသော ချည်မန်းကွင်း၏ တန်ခိုးအာနိသင်ကို ကြောက်လှသဖြင့် ရှုံ့တွတွန့်လိမ် အငြိမ်မနေနိုင်အောင် ရှိလေတော့၏။

ကျွန်တော်။ ။ "ဟေ့ သတ္တဝါ မင်း ဘာကောင်လဲ၊ သူရဲလား၊ သဘက်လား၊ မင်းတကယ်မိုက်အားကိုးတဲ့ အကောင်ကိုး"

ဟု မေးလိုက်ရာ မအေးကြည်လည်း ထိုသတ္တဝါကြီး ပူးဝင်နေပြီဖြစ်သောကြောင့် အံကိုက်ကာ...

"အံမာ ဟန်တွေ ပန်တွေလုပ်ပြီး မေးခွန်းထုတ်မနေပါနဲ့ ကိုယ့်လူရာ၊ မင်းကို ကြောက်တာ မဟုတ်ဘူး။ မင်းလက်က ဆေးကြိမ်လုံးနဲ့ ချည်မန်းကွင်းကို လန့်တာပါ"

ဟု ဆိုသောအခါ မကြီးခမှာ ရင်ဘတ်စည်တီးနှင့်...

"ဟဲ့... ဟဲ့ အလိုလေး သမီးရဲ့၊ ဘယ့်နှယ့်ပြောတာတုန်း ညည်းကို ဆေးကုတဲ့ ဆရာပါဆိုနေ"

ဟု စိုးရိမ်စွာ ပြောလေရာ...

ကျွန်တော်။ ။ "နေပါစေခင်ဗျာ။ မအေးကြည်က ပြောရှာတာမဟုတ်ပဲ သူ့အစွဲကောင်က ပြောနေတာပါ"

ဟု ဆိုသော်လည်း မကြီးခမှာ ကျွန်တော်ကဲ့သို့ အစွဲကောင်ကို မြင်ရရှာသည် မဟုတ်သဖြင့် မအေးကြည်က ပြောသည်ထင်သဖြင့် လွန်စွာအားနာလျက် အဆက်မပြတ် ကျွန်တော့်အားသာ တောင်းပန်နေရှာလေ၏။ ကျွန်တော်လည်း အစွဲကောင်ကြီး၏ မခန့်လေးစားပြောဆိုမှုကို များစွာခံရခက်လှသဖြင့် ဆေးကြိမ်လုံးနှင့် အချက်ပေါင်းမြောက်များစွာ ရိုက်နှက်မိရာ ပယောဂကောင်ကြီးလည်း အသံနက်ကြီးနှင့် တညီးညီး အော်ဟစ်၍သာ ဒုက္ခဝေဒနာကို ခံစား၍ နေလေ၏။ ကျွန်တော်လည်း ထိုအကောင်ကြီး မခန့်လေးစား ပြောသည့်အတွက် ရှက်ရှက်နှင့် ကြိမ်ဒဏ်ချက်ပေါင်းများစွာ ရိုက်နှက်နေမိရာတွင် သတ္တဝါကြီးလည်း နာကျင်စွာ တညီးညီး အော်နေရာမှ တစ်စတစ်စ မောဟိုက် ပင်ပန်းသွားဘိအလား ငြိမ်သက်သွားပေတော့၏။

ကျွန်တော်။ ။ "ဟော့ မင်းဘာကောင်လဲ"
မအေးကြည်။ ။ "မပြောနိုင်ဘူး"
ကျွန်တော်။ ။ "မပြောရင် ရိုက်ရလိမ့်ဦးမယ်"
မအေးကြည်။ ။ "ရိုက်လေ"
ကျွန်တော်။ ။ "နာပြီးမှ ပြောရတာထက် မနာခင်မှာ ပြောရင် မကောင်းဘူးလား။ နင့်ကိုရိုက်ရုံမကဘူး မျက်စဉ်းလဲ ခပ်ရလိမ့်မယ်"
မအေးကြည်။ ။ "ခင်ဗျား ကောင်းတယ်ထင်သလို လုပ်ပါလေ ကျုပ်တော့ မပြောဘူး"
ကျွန်တော်။ ။ "ဘာပြုလို့ ဒါလောက် ခေါင်းမာသလဲ။ ပြောလိုက်တဲ့အတွက် ဘာများ နစ်နာသွားမှာတုန်း။ ငါလဲမင်းကို မနှိပ်စက်လိုဘူး။ ဒီတော့ အေးအေးနဲ့ ပြောတုန်း နားဝင်စမ်းပါ"
မအေးကြည်။ ။ "အိုဗျာ ဘာမှ ထပ်ချွဲနေစရာ မရှိဘူး။ ခင်ဗျားသိအောင် လုပ်နိုင်လုပ် ကျုပ်တော့ ဖွင့်မပြောဘူး"
ကျွန်တော်။ ။ "အင်း တယ်ဆိုးတဲ့ သတ္တဝါကြီးကိုး။ ကဲ... ကဲ မင်း ဘယ်လိုအမျိုးလဲ သူရဲလား၊ သူဘက်လား"
မအေးကြည်။ ။ "ဒီလို အောက်တန်းစားမျိုးဖြင့် စောစောကတည်းက ခင်ဗျားကို ကုန်းရုန်းလိုက်မှာပေါ့"
ကျွန်တော်။ ။ "ဒါဖြင့် ဘာလဲ"
မအေးကြည်။ ။ "အို မပြောပါဘူးဆိုမှ မရမက မေးနေပြန်ပြီ"
ကျွန်တော်။ ။ "ကဲ... ဒါလောက်တောင်ရှိမှ မျက်စဉ်းခပ်ပေးရသေးတာပေါ့"

ဟုဆို၍ ဆေးအစ်ကြီးအတွင်းမှ သဒ္ဒါခဲသမျှ ချင်းချင်းလှသော ပယောဂမျက်စဉ်းဆေးလုံး တစ်လုံးကို ဂမုန်းစေ့ပွင့် စိမ်ထားသော ရေနှင့် ရွှေချအင်းနံထားသော ဆေးကျောက်ပြင်တွင် တင်၍ သွေးကာ ဆေးဒန်းမြင်းသီလာ ကျောက်ခွက်ငယ်တွင် ထည့်ပြီး မျက်စဉ်းခပ်ပေးမည် ပြုလျှင် မအေးကြည်မှာ ထိုင်ရာမှ ဖွတ်ရုန်းထပြေးမည်ပြုရာ အနီးရှိ လူအများ ဝိုင်းအုံ ချုပ်ကိုင်၍ မျက်လုံးကို အတင်းဖြဲစေပြီး အဆိပ်ပါ မျက်စဉ်းကို ခပ်လိုက်ရာ မအေးကြည်မှာ ငယ်သံပါအောင် ကုန်းအော်လျက် မျက်လုံးမှ ပူစပ်သောဒဏ်ကို သည်းမခံနိုင်သဖြင့် ဆွေ့ဆွေ့ခုန်ဖြစ်နေလေ၏။

"အမယ်လေး စပ်လှချည်ရဲ့၊ ပူလှချည်ရဲ့ ရှင်ချိရေ ရှင်ချိရဲ့ နင့်အတွက်နဲ့ မောင်ကြီး ဒုက္ခခံရတာတွေ မြင်လား၊ ဟဲ့ အမိုက်မကလေးရဲ့"
ဟု လေးလေးတွဲတွဲ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုလိုက်သော အသံကြီးမှာလည်း အနီးရှိ လူအပေါင်းတို့မှာ အဓိပ္ပါယ်ကို နားမလည်သဖြင့် မျက်စိသူငယ်နှင့် ကြောက်ရွံ့စွာ နားထောင်နေကြလေ၏။

ကျွန်တော်။ ။ "ကဲ နောက်တစ်ခါ ထပ်ခပ်ရဦးမှာလား။ ပြောရမဲ့စကားကို ဒါလောက် နမြောရသလား"
မအေးကြည်။ ။ "လုပ်ဗျာ လုပ်ချင်သလောက် လုပ်၊ မပြောနိုင်ဘူး"
ကျွန်တော်။ ။ "ကဲ ဒီလိုနေလို့တော့ မဖြစ်ဘူး။ သူ့မှာလဲ ဒုက္ခဝေဒနာ ခံစားနေရရုံ ရှိမှာပဲ။ ကျွန်တော်လဲ ကြာကြာနှိပ်စက်နေရရင် ငရဲကြီးနေလိမ့်မယ်။ ဆရာကြီးဆီ ခေါ်သွားမှပဲ"
မကြီးခ။ ။ "ဆရာလေး သဘောကျသလိုသာ ကြည့်လုပ်ပါတော့ ဆရာ"
ကျွန်တော်။ ။ "ကဲ ဒါဖြင့် ခင်ဗျားတို့က မအေးကြည်ကို ချည်မန်းကွင်း မကျွတ်အောင် တွဲမပြီး ဆရာကြီး တဲအိမ်ကို လှည်းနဲ့ တင်ခေါ်သွားရလိမ့်မယ်"
မကြီးခ။ ။ "ကောင်းပါပြီ ဆရာလေးရယ်။ ဟဲ့... မောင်သော် လှည်းခေါ်ပါဟဲ့ ဒီလိုနဲ့ မဖြစ်ဘူးတဲ့"

ဟု ပြောဆိုလိုက်ရာ မယားအတွက် ရတက်များနေရှာသော မောင်သော်လည်း ကပျာကယာ လှည်းခေါ်လာပြီး ကျွန်တော်နှင့်အတူ မအေးကြည်ကို ချုပ်ကိုင်ဆွဲခေါ်၍ လှည်းပေါ်သို့တင်ကာ ဆရာကြီး တည်းခိုနေထိုင်ရာသို့ လာကြလေ၏။ မည်သည့်အစွဲဟု မေးမြန်း၍ မရနိုင်သည့် အစွဲကောင် သတ္တဝါမှာလည်း မအေးကြည်ကို ပူးဝင်လျက် လိုက်ပါလာခဲ့လေသတည်း။

သို့နှင့် ဆရာကြီး တည်းခိုသော နေအိမ်သို့ ရောက်လျှင် ကျွန်တော်လည်း မအေးကြည်ကို အိမ်ပေါ်သို့ တွဲခေါ်ခဲ့ရန် မှာကြားခဲ့ပြီး ဆရာကြီးကို အကျိုးအကြောင်း ပြောနှင့်ရန် အိမ်ပေါ်သို့ တက်ခဲ့လေ၏။ ဆရာကြီးလည်း ထိုအခိုက်တွင် အိမ်ရှင် ဦးဘထွားတို့နှင့် အိမ်ရှေ့ဝရံတာတွင် စကားပြောနေခိုက်ဖြစ်၍ အစွဲကောင် ခေါင်းမာစွာ ခုခံနေသောကြောင့် ဆရာကြီးထံသို့ ခေါ်ခဲ့ရကြောင်းနှင့်တကွ အဖြစ်အပျက်များ အကျဉ်းချုံး၍ ပြောပြသောအခါ ဆရာကြီးလည်း...

"အေး အေး ငါ့တပည့်နှင့် ကိစ္စမပြီးလို့ရှိမှ ဆရာကြီး တာဝန်ကျပေသကိုး။ ကဲ... ကဲ ဘယ်မလဲ လူနာ"

ဟု ဆိုရာ ကျွန်တော်လည်း မကြီးခတို့ အိမ်ပေါ် မရောက်လာသေးသဖြင့် လမ်းမဘက်သို့ လှည့်ကြည့်လိုက်သောအခါ မကြီးခတို့နှင့်အဖော်မိန်းမတစ်စုမှာ မအေးကြည်ကိုအိမ်ပေါ် သွားရန် အတင်းရုန်းနေသည်ကို မြင်ရလျှင် ကျွန်တော် ဆရာကြီးအား ထိုအခြင်းအရာကို ပြ၍...

"ဟိုမှာ ပယောဂကောင်က အင်မတန် ခေါင်းမာနေပါတယ်။ မလိုက်ဘူးလို့ ရုန်းကန်နေတုန်းပါ ဆရာကြီး" ဟု ပြောသဖြင့် ဆရာကြီးလည်း ဝရံတာမှနေ၍ လှမ်းကြည့်ကာ...

"ဟဲ့... ဥစ္စာစောင့်မောင်နှမ လာခဲ့ကြ"

ဟု လှမ်းခေါ်လိုက်သောအခါ မအေးကြည်မှာ ရုန်းကန်ဖယ်ရှားနေရာမှ ဆရာကြီးအား ကြောက်ရွံ့တုန်လှုပ်စွာ မော့ကြည့်ပြီး ရန်သူနှင့် မျက်နှာမမူဝံ့သလို သူ့အား ဆွဲထားသူများကို တအားရုန်းဖယ်ကာ ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ပြေးလေ၏။

မောင်သော်နှင့်တကွ အခြားယောကျာ်းများလည်း မအေးကြည် ပြေးသွားသောနောက်သို့ ထပ်ချပ်ပြေးလိုက် ဖမ်းကြမည်ပြုရာ ဆရာကြီးလည်း...

"ဟေ့... ဟေ့ သူငယ်တို့၊ အမောခံပြီး မလိုက်ကြနဲ့၊ သူ ဘယ်လောက်ပြေးနိုင်သလဲ ပြေးပေစေ။ မင်းတို့အသာကြည့်နေကြ"

ဟု ဆိုထားသဖြင့် လိုက်ဖမ်းမည့် သူများလည်း အသာကြည့်နေကြရလေ၏။

အကာအကွယ်မရှိသော လယ်ပြင်ကြီးအတွင်းမှာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးသွားသော မအေးကြည်လည်း အိမ်ဝမှ ဆရာကြီးက ဖနောင့်နှင့်ကြမ်းကို တစ်ချက်မျှ ဆောင့်လိုက်သည်တွင် ၎င်းအား နောက်မှ တစ်စုံတစ်ယောက်က တုပ်ဆွဲလိုက်သည့်အလား ပြေးနေရာမှ ပက်လက်လန်၍ လဲသွားလေ၏။

ထို့နောက် ဆရာကြီးနှုတ်မှ တစ်စုံတစ်ခု တိုးတိုး ပြောလိုက်ပြန်သောအခါ လယ်ကွင်းထဲတွင် လဲနေသော မအေးကြည်လည်း ဒယီးဒယိုင် အားယူ၍ ထလျက် တစ်စုံတစ်ယောက်က တုပ်ဆွဲခေါ်သလို ဆတ်ကနဲ ဆတ်ကနဲနှင့်ပင် ဆရာကြီးရှိရာသို့ ရောက်လာလေ၏။ ကျွန်တော်နှင့်တကွ ကြည့်ရသူတို့မှာ ဆရာကြီးအစွမ်းကို အံ့မခန်းအောင် ဖြစ်နေကြလေသတည်း။

မအေးကြည်လည်း ဆရာကြီးရှေ့တွင် ရှိသေစွာ ဆစ်ဒူးတုပ်၍ ထိုင်လေ၏။ မျက်နှာတွင်ကား အားမတန် မာန်လျှော့ရသည့်ပမာ သက်ပြင်းကြီး မကြာမကြာချ၍ နေလေတော့၏။

ဆရာကြီး။ ။ "ဟဲ့ ဥစ္စာစောင့်မောင်နမ၊ ဘာဖြစ်ကြတာလဲ"
ကြည်။ ။ "မပြောပါရစေနဲ့ ဆရာကြီးရယ်"
ကြီး။ ။ "မပြောလို့မဖြစ်ဘူး ပြောရလိမ့်မယ်။ ဘယ်အတွက် ဒီသူငယ်မကို နှိပ်စက်နေရတာလဲ"
ကြည်။ ။ "အင်မတန်လဲ ကြောက်လှပါတယ်။ မပြောပဲနေလို့ ကိစ္စပြီးရင်လဲ မပြောပါရစေနဲ့တော့ ဆရာကြီးရယ်"
ကြီး။ ။ "ကောင်းပြီး မပြောချင်ရင် ဒီသူငယ်မကို ဘယ်တော့မှ မနှောင့်ယှက်ပါဘူးဆိုတာ သစ္စာရေ သောက်ရလိမ့်မယ်"
ကြည်။ ။ (ငိုလျက်) "အမယ်လေး ဒီလို သစ္စာရေမျိုးတော့ ချမ်းသာပေးပါ။ မသောက်ပါရစေနဲ့"
ကြီး။ ။ "အို ဒါဖြင့် ဘာလုပ်ရမှာလဲ။ တစ်မျိုးနဲ့လဲ မရ၊ တစ်မျိုးနဲ့လဲ မရ၊ ဘာဖြစ်လို့ နှောင့်ယှက်နေရသလဲ။ ကဲ... အချိန်ကြာတယ် ပြောရင်ပြော"
ကြည်။ ။ (ငိုလျက်) "တောက်... ခက်လိုက်တဲ့ ဖြစ်ပုံရယ်။ ဘယ်ဒုက္ခမျိုးနဲ့ လာကြုံပါလိမ့်မလဲနော်။ သြော်... မယ်ချို မယ်ချို ငါချစ်သလို မချစ်တဲ့ အမိုက်မကလေး"
ကြီး။ ။ "ကြာတယ်ကွယ် ပြောစမ်း"
ကြည်။ ။ "ကျွန်တော် ဥစ္စာစောင့်ပါခင်ဗျား"
ကြီး။ ။ "အေး... အေး မင်းဥစ္စာစောင့်မှန်း သိတယ်"
ကြည်။ ။ "အေးကြည်ဟာ ကျွန်တော့်နမလေးပါ။ အရင်ဘဝက မောင်ခိုနဲ့ မယ်ချိုဆိုတဲ့ မောင်နမပါပဲ။ မတ္တရာမြို့အနီး ကမာလဲတောင်ခြေနှင့် ရွှေတောင် ငွေတောင်အနီးမှာ လယ်ယာလုပ်ကိုင် အသက်မွေးနေပါတယ်။ ကျွန်တော်ကလဲ အိမ်ထောင်မပြု မယ်ချိုကလဲ လင်သားမယူ၊ မောင်နမနှစ်ယောက် ချစ်ခင်ကြင်နာစွာ လုပ်ကိုင်စားသောက်နေတုန်း ရွှေတောင် ငွေတောင်က ဥစ္စာစောင့်များက ပစ္စည်းနဲ့ မျှားခေါ်သွားပြီး ဥစ္စာတိုက်တံခါးကြီး ပိတ်ထားလို့ မောင်နမနှစ်ယောက်စလုံး အယူမှားပြီး ဥစ္စာစောင့်ကြီးတွေ ဖြစ်နေရပါတယ် ဆရာကြီးခင်ဗျား"
ကြီး။ ။ "သြော်... အင်း အင်း၊ နို့ ဒီသူငယ်မကို နှိပ်စက်နေတာကတော့ ဘာကြောင့်လဲ"
ကြည်။ ။ "ဒီလိုပါ ခင်ဗျာ။ ကျွန်တော့်နမ မယ်ချိုဟာ နှစ်ပေါင်းများစွာ ဥစ္စာစောင့်ဘဝမှာ စောင့်ရှောက်နေရတော့ လူ့ပြည်၊ လူ့ရွာသွားပြီး ဒါန သီလများ အားထုတ်ချင်တဲ့ ဆန္ဒ ပေါ်လာတဲ့အတွက် မောင်ကြီးရယ် လူ့ပြည်ခဏသွားပါရစေ။ ကုသိုလ်ဒါနများ ပြုလုပ်လို့ ဥပုသ်သီတင်းများ စောင့်သုံးပြီး ပြန်လာပါ့မယ်လို့ မကြာခဏ ပူဆာလှတာနှင့် နမကလေး ချစ်လွန်းလို့ မခွဲနိုင်သော်လဲ သူ့အလိုဆန္ဒမှ ခဏပြည့်ဝပါစေတော့လို့ လူ့ပြည်သွားလိုက ခေတ္တသွား၊ သားတစ်ယောက်ရရင် ပြန်ခဲ့လို့ မှာ လွှတ်လိုက်မိပါတယ်။ ဒါနဲ့ ဟောဒီ မတ္တရာမြို့မှာ လူဝင်စားလာဖြစ်ရှာတဲ့နောက် မအေးကြည်ဆိုတဲ့ အမည်နဲ့ပင် လင်ယောကျာ်း ရရှိမှုမက သားတစ်ယောက်လဲ ဖွားမြောက်ပြီးပါပြီ။

ဒီတော့ သူထားတဲ့ ကတိရက် အချိန်စေ့လို့ လာခေါ်တဲ့အခါ သူ့မှာ ဒီလင်၊ ဒီသားကို ခွဲမထားခဲ့နိုင်ပါဘူးလို့ ခုခံငြင်းဆန်နေပါတယ်။ အခါခါ လာခေါ်သော်လည်း ကျွန်တော့်ကို မသနားပဲကိုး။ ကျွန်တော်ကတော့ နမလေး တစ်ယောက်ကယ်လို့ မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ပါလျက် သူပူဆာလှတဲ့အတွက် မခွဲချင်ပဲနဲ့ သူ့စိတ်

ကြေနပ်ပါစေတော့လို့ ခေတ္တခဏ ခွဲလွှတ်ထားရတယ်။ ကိုယ်ကတော့ နေ့ရှိသမျှ နမကလေးရယ်လို့ တလွမ်းလွမ်း တသသနှင့် သူထားခဲ့တဲ့ ကတိအတိုင်း အချိန်အခါကျရင် ပြန်လာလိမ့်မယ်ထင်ပြီး အမျှော်ကြီး မျှော်နေခဲ့ရတယ် ခင်ဗျ။ ယခုတော့ သားတစ်ယောက်လည်း ရပါပြီ။ ကျွန်တော့်နမလဲ ကျွန်တော် လွမ်းလှပြီ။ သူကလဲ လင်နှင့်သားကို သံယောဇဉ်မကင်းတော့ ချက်ခြင်းကြီး မလိုက်နိုင်ဘူးတဲ့။ ဒါနဲ့ မရမက ခေါ်နေရတာပါ"

ဆရာကြီး။ ။ "ကဲ သူငယ်မရဲ့ အမေနဲ့ သူငယ်မရဲ့ ခင်ပွန်းသည်များ ဉစ္စာစောင့်ပြောတဲ့စကား ကြားကြပြီလား"

မကြီးခ။ ။ "ကြားပါပြီ ဆရာကြီးရဲ့ ကျမသမီးနဲ့ မခွဲနိုင်ပါ သူက ဘဝခြားနေပါပြီ။ ကျမမှာတော့ ဒီသမီးကလေးကို ကိုးလလွယ်လို့ ဆယ်လမွေးရတဲ့ ရင်သွေးအစစ်ပါ ဆရာကြီးရယ်။ ဘယ်ခွဲနိုင်မှာလဲ။ အိမ်ထောင်ချထားတာတောင် ကျမသမီးလေး မခွဲနိုင်လို့ ကိုယ့်မျက်စိအောက်မှ လင်မယားနှစ်ယောက်စလုံး ခေါ်ထားပါတယ်။ တဆိတ် ဒီရန်ကို ကာကွယ်ပေးတော်မူပါ ဆရာကြီးရယ်"

သော်။ ။ "ကျွန်တော်လဲ သူ့နောက် မထည့်နိုင်ဘူး ဆရာကြီးခင်ဗျ။ သူက တစ်ဘဝက မောင်ပါ။ ကျွန်တော်ကတော့ ကာမပိုင် လင်ယောက်ျားပါ။ ကျွန်တော့်မိန်းမ ကျွန်တော်ပိုင်ပါတယ်။ မထည့်နိုင်ပါဘူး ခင်ဗျား။ နောက်ထပ် မနှောင့်ယှက်နိုင်အောင်သာ ကာကွယ်ပေးတော်မူပါ"

ဆရာကြီး။ ။ "အေး... အေး သူငယ်မကလေးကလဲ ယခုဘဝမှာ တွေ့ကြုံခင်မင်ကြရတဲ့ မင်းတို့ သံယောဇဉ်ကို ခင်တွယ်နေပြီ။ ကဲ... ဉစ္စာစောင့်မောင်ခိုကလဲ သူ့ချစ်ခြင်း မခွင်းကောင်းပါဘူး မခေါ်ပါနဲ့..."

ကြည်။ ။ "အလိုလေး ဘယ့်နယ် အမိန့်ရှိလိုက်ပါလိမ့် ဆရာကြီး။ ဒီနမသက်ကလေးကို ကြာရှည် မခွဲထားနိုင်တော့ဘူး ခင်ဗျ။ ခေါ်သွားပါရစေ"

ဆရာကြီး။ ။ "မဖြစ်ဘူးလေ။ ဒီစိတ်တွေ ဖယ်ရှားမှပေါ့။ ကဲ... ကဲ နောက်ကို မနှောင့်ယှက်ပါဘူးဆိုတာ သစ္စာရေ သောက်သွားရလိမ့်မယ်"

ကြည်။ ။ (ငိုလျက်) "အမယ်လေး ချမ်းသာပေးတော်မူပါ သစ္စာရေလဲ မသောက်ပါရစေနဲ့။ ကျုပ်နမလဲ ပြန်ခေါ်ပါရစေ"

ကြီး။ ။ "မခေါ်ရဘူး။ သစ္စာရေ သောက်ရမယ်"

ကြည်။ ။ "မတော်ပါဘူး ဆရာကြီးရယ်။ ကျွန်တော်ဘယ်လောက်ချစ်တဲ့ နမဆိုတာ ဆရာကြီးလဲ သိသင့်ပါတယ် ချမ်းသာပေးတော်မူပါ"

ကြီး။ ။ "ဟေ့ နောက်ထပ် စကားမပြောနဲ့တော့။ ရော့ ဟောဒီ သစ္စာရေကို သောက်ပေတော့ နောက်လဲ မနှောင့်ယှက်လာနဲ့"

ကြည်။ ။ "ကျွန်တော့်နမ မခေါ်ရဘူးဆိုတဲ့ သစ္စာရေမျိုးတော့ မသောက်ပါရစေနဲ့ ခင်ဗျာ"

ကြီး။ ။ "သောက်ရမယ် ဒီသစ္စာရေ မသောက်ရင် တနေ့သဉ္ဇတော့ မင်းအတင်းခေါ်ချင် ခေါ်သွားမှာ မင်းတို့နာနာဘာဝဆိုတာ မယုံရဘူး။ သစ္စာရေ သောက်သွားမှ ဖြစ်မယ်"

ကြည်။ ။ "မသောက်ဘူး မသောက်ဘူး မသောက်ပါရစေနဲ့"

ကြီး။ ။ "ကိုင်း... ကိုကိုလေး မင့်လူ ဒီလို စကားရှည်နေလို့ မဖြစ်ဘူး။ အတင်းအကြပ် ခိုင်းမှ ဖြစ်တော့မယ်။ ဆေးကြိမ်နဲ့ ရိုက်ပြီး ဟောဒီ သစ္စာရေ တိုက်ပေတော့"

ဟုဆိုကာ ရေခွက်ကို ပေးသဖြင့် ကျွန်တော်လည်း ဆရာကြီး အမိန့်အတိုင်း ဆေးကြိမ်နှင့် ရိုက်၍ သစ္စာရေတိုက်လေရာ ဉစ္စာစောင့် မောင်ရွှေခိုလည်း ဆေးကြိမ်၏ ဒဏ်ချက်ကြောင့် အပြင်းအထန် ဟစ်အော်လူးလိမ့်၍ ဝေဒနာ ခံစားနေရရှာလေ၏။

ကျွန်တော်။ ။ "ဟော့ ဒါလောက်နာရင် သစ္စာရေ သောက်လိုက်ပါတော့လား"

ကြည်။ ။ "မသောက်ဘူး မသောက်နိုင်ပါဘူး ရိုက်ချင်သလောက် ရိုက်ပါ။ ကျုပ်နမကို ကျုပ်ခေါ်ချင်တာပဲ ခင်ဗျားတို့ နည်းနည်းမှ တရားတဲ့လူစုမဟုတ်ဘူး"

ကျွန်တော်။ ။ "သယ် ဘာစကားတွေ များနေရတာလဲ။ ကဲ... သောက်တော့မလား ဟောဒါ ဆေးကြိမ်လုံးကွ၊ ဟောဒါက ငါ့ဖနောင့်"

ကြည်။ ။ "အမယ်လေး ကြောက်လှပါပြီ။ အလိုလေး သေရချည့်ရဲ့ တယ်နိုပ်စက်တဲ့ ဆရာတွေပါကလား။ မတရားဘူးနော် ခင်ဗျားတို့ နိုင်တိုင်း ညှဉ်းဆဲတာ တော်သလား"

ကျွန်တော်။ ။ "ဟော့ တယ်စကားတတ်ပါကလား။ မင့်ကို မတရား ညှင်းဆဲချင်လို့ မဟုတ်ဘူး။ တို့အမိန့်ကို မနာခံလို့ လုပ်နေရတာ မင်းသာ ခုလောက် ခေါင်းမမာရင် တို့က လက်ဖျားနဲ့မှ တို့မှာ မဟုတ်ဘူး။ ကဲ... ကဲ... နောက်ထား အနာမခံချင်ရင် ဒီသစ္စာရေကို မြန်မြန်သောက်ပါ"

ကြည်။ ။ "အမယ်လေး မတိုက်နဲ့ မတိုက်နဲ့ ဘယ်နည်းနဲ့မှ မသောက်နိုင်ဘူး"

ကျွန်တော်။ ။ "ကိုင်း... မသောက်ရင် နာပေဦးတော့မောင် ကဲ... ကဲ... မှတ်ပလား အမယ်လေး မတနဲ့လေ။ ဒါနဲ့မှ မရရင် မျက်စဉ်းခပ်ရဦးမယ်"

ကြည်။ ။ "အမယ်လေး နာလှပါပြီခင်ဗျာ။ အလိုလေး ကြောက်လှပါပြီ ဆရာကြီးရဲ့။ နမရေ နမရဲ့ မယ်ချို အမိုက်မကြီးရဲ့ မောင်ကြီးဒုက္ခ မြင်ရဲ့လားကွဲ့။ နမမိုက်ကြောင့် နင့်မောင်ကြီး အရိုက်ခံရတာ ကြည့်ရက်သလား အမိုက်မလေးရဲ့... ငါ့နမကို ချစ်လွန်းလို့ ဒါလောက် အနာခံပြီး ခေါ်နေတာပါ။

နင့်လင်နဲ့ ပျော်ပျော်ကြီး နေချင်ရက်တာများ မောင်ကြီး ဝမ်းနည်းလှချည်ရဲ့။ အမယ်လေး ရက်စက်ပါပေတယ် မယ်ချိုရယ်။ ကောင်းကြပါပေရဲ့။ အင်း... သိပေ့ါ သိပေ့ါ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာဟာ သူ့လင်ကို ချစ်တဲ့ ထောင့်ငါးရာအချစ်ကို မတိုးခွေ့ မဖြိုဖျက်နိုင်ပါကလား။ မိစိမ်းကားကြီးရဲ့ ငါကတော့ နမကလေး ချစ်တဲ့အရေးကြောင့် ဘေးဒုက္ခအတန်တန် အန္တရာယ် အမျိုးမျိုးကို ဖွတ်တိုးလို့ သည်းခံပြီး မင်းပြန်လာရအောင် ကြိုးစားပါရက်ကနဲ့ မင်းတကယ့်ကို ရက်စက်အားပါပေရဲ့ကွယ်... အမိုက်မရယ်။ မောင်ကြီးလဲ အရိုက်ခံရတာ နာလှပါပြီ။ အမယ်လေး... အားလျော့လိုက်ပေ့ါနော်။ သြော်... အမိုက်မကလေး... မောင်ကြီးနဲ့ဖြင့် ဝေးချေပေ့ါ။ အစကတော့ မောင်ကြီးနှင့် ဘယ်တော့မှ မခွဲပါဘူးတဲ့။ ခုတော့ မောင့်ထက်ပိုပြီး ချစ်ရမဲ့လူ ရှိနေမှကိုးနော်။ တော်တယ်ကွယ်... တော်တယ်... တော်တယ်။ မင်းလိမ္မာပါပေတယ်။ နမကလေး လိမ္မာလို့ မောင်ကြီးကို တစ်ပတ်ရိုက် သွားတာပေ့ါနော်။

ကိုင်း... ကိုင်း... သူကမှ ပြတ်သေးတာ ကျုပ် ဘာမပြတ်စရာ ရှိသလဲ။ ကဲ... ဒီနေ့ကစပြီး နမကလေးတစ်ယောက် ရှိတယ်လို့ သဘောမထားပါဘူး။ သွားတော့မယ်။ မယ်ချို မယ်ချို မင်းကိုတော့ မခေါ်ပါဘူးကွယ် ခေါ်ချင်ပေမယ်လို့ ဆရာ့ဆရာများက သစ္စာရေ မရမက တိုက်ပြီးမှ လွှတ်မှာမို့ မင်းအတွက်တော့ လက်လျော့လိုက်ပါပြီ။

မင်းအတွက် ငါ့မှာလဲ ၅၂၈ သွယ် မေတ္တာအရင်းခံပြီး ဒါလောက် ဒုက္ခရောက်ခံလို့မှ ခံရကျိုး မနပ်တာ ငါ့နမလဲ ငါကဲ့သို့ ၅၂၈ သွယ် အချစ်မျိုးနဲ့ ပတ်သက်ပြီး ဒုက္ခကြီး ဆက်ကာဆက်ကာ တွေ့ပါစေလို့ မောင်ကြီးက အချစ်ကြီးလို့ အမျက်ကြီးပြီး နမမိုက်ကလေးကို ကျိန်စာတိုက်လိုက်မကွဲ့။ မောင်ကြီးဟာ နမနဲ့ မခွဲချင်ပဲ ခွဲရလို့ စိတ်ဆင်းရဲနေရသလို ငါ့နမမှာလဲ စိတ်ဆင်းရဲရပါလိမ့်မယ်။ မောင်ကြီးဖြင့် ငါ့နမကြီးကို ချစ်ရက်နဲ့ နမက စိမ်းကားတော့

ဆရာများတိုက်တဲ့ သစ္စာရေ သောက်ရတော့မယ်။ နောက် လာမခေါ်ရတော့ဘူးနော်။ အမယ်လေး ပြောရင်းပြောရင်း မောင်ကြီးဖြင့် ဝမ်းနည်းလှချည်ရဲ့။ မင့်လင် မင့်သားနဲ့ ပျော်ပျော်ကြီး နေရစ်ပေတော့ အမိုက်မကြီးရဲ့"

ဟု တမဲ့မဲ့ ရှိုက်ငင်ငိုကြွေးရှာလေရာ မအေးကြည်သာ ထိုအခါက သတိရနေပါမူ လင်သားကို စွန့်ခွာလျက် မောင်ရွှေခိုနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမည် အမှန်ဖြစ်လေ၏။ သို့ရာတွင် ဥစ္စာစောင့် မောင်ရွှေခိုပြောသော စကားများမှာ နမဖြစ်သူ မအေးကြည်ကို ပူးဝင်၍ ပြောနေသောကြောင့် ထိုစကားများ ပြောချိန်၌ မအေးကြည်၏ နဂိုစိတ်များ ပျောက်လျက် သတိလစ်နေခိုက် ဖြစ်လေသတည်း။

ကျွန်တော်နှင့်တကွ နားထောင်ရသူတို့မှာလည်း မောင်ရွှေခိုအတွက် ဝမ်းနည်း၍ သနားစိတ်ဖြင့် မျက်ရည်များ လည်လျက် ရှိကြလေ၏။

သို့ရာတွင် ကိုယ်မချိ အမိသော်လဲ သားတော်ခဲဆိုသောစကားကို မောင်ရွှေခိုကို သနားသဖြင့် သစ္စာရေ မတိုက်ပဲထားကလည်း စိတ်မချရ။ တစ်နေ့တွင် မအေးကြည်၏ လိပ်ပြာကို နှုတ်ယူသွားမှာ စိုးရိမ်ရသဖြင့် စိတ်ချချနေနိုင်ရန် အလျင်အမြန် သစ္စာရေကို တိုက်ရလေ၏။ ဥစ္စာစောင့် မောင်ရွှေခိုလည်း အထက်နည်းအတိုင်း ဖွဲ့နွဲ့ငိုကြွေးရင်းပင် နောက်ဆုံး၌ သစ္စာရေကို တချိုက်ချိုက်နှင့် ချောမောစွာ မော့ချလိုက်ပြီးလျှင် မျှော်လင့်ချက် ကုန်ခန်းသဖြင့် ပင်ပန်းနွမ်းဟိုက်ကာ ခေါင်းငိုက်စိုက် ကျသွားရှာလေသတည်း။

ထိုတွင်မှ ဆရာကြီးလည်း မောင်ရွှေခိုအား တရားဓမ္မ ဟောပြဆုံးမပြီးလျှင် ချည်မန်းကွင်းကို ဖြေလွှတ်လိုက်သောအခါ မအေးကြည်မှ သတိရ၍လာလေ၏။ ထိုခဏ၌ မောင်ရွှေခိုမှာ ကြွက်မနိုင် ကျီမီးရှို့ဆိုသည့် စကားကဲ့သို့ မကြီးခနှင့် မောင်သော်တို့အား လူကို မမြင်ရပဲ ထိုင်နေကြရာမှ လဲသွားအောင် ခြေနှင့် တစ်ချက်စီ ကန်လျက် တစ်အိမ်လုံး သွက်သွက်ခါအောင် တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် ဆင်းသွားပြီး မအေးကြည်တို့ စီးလာသော လှည်းမှ နွားနစ်ကောင်ကိုလည်း တခဏချင်း ဗိုင်းခနဲ လဲသေသွားအောင် လိပ်ပြာနှုတ်ယူသွားလေ၏။ ကြည့်နေသူများလည်း အံ့အားသင့်ခြင်း၊ ကြောက်ရွံ့ခြင်းဖြင့် အချင်းချင်း လက်တို့၍ နေကြကုန်၍ ဆရာကြီးလည်း...

"အင်း ကုလားမနိုင် ရခိုင်မဲ့ ဆိုသလို ဖြစ်နေပြီ တယ်... ငါ ခေါ်ရိုက်ပြန်ရ၊ အေးလေ သူလဲ နမချစ်တဲ့ အရှိန်ကြောင့် ကရဏာဒေါသ ဖြစ်သွားရှာတာကလား။ ကဲ... ကဲ... ငါ့တပည့် ကိုကိုလေး သူငယ်မကိုလဲ အကွယ်အကာ အင်းအိုင် ခလှဲ့ လက်ဖွဲ့များ ပေးပါဟဲ့။ ပုသိမ်ကြီးက မဝင်းကြည်တို့ သားအမိကို ထိုးပေးခဲ့တဲ့ မနသသီဟာ အင်းတော်ကြီးလဲ ငယ်ထိပ်က စီးထိုးပေးလိုက်ပါ"

ဟု ပြောသဖြင့် ကျွန်တော်လည်း ဆရာကြီး အမိန့်ရှိသမျှ တစ်စမကျန် ပြုလုပ်ပေးလိုက်ရလေ၏။

မကြီးခနှင့် မောင်သော်တို့မှာ ဆရာကြီးကို ကျေးဇူးတင်မဆုံးဖြစ်ကာ ထိုနေ့မှစ၍ ဥစ္စာစောင့် မောင်ရွှေခို၏ နှိပ်စက်ခြင်းမှ လွတ်မြောက်ကာ မိမိသားဦးကလေးနှင့် ပျော်ရွှင်ကြည်လင်စွာ နေနိုင်ခွင့် ရရှာလေ၏။

ထိုအဖြစ်အပျက်များ ပြီးစီးသည့်နောက် ကျွန်တော်လည်း မကြီးခတို့ထံသို့ မကြာခဏ အလည်အပတ်ရောက်သောအခါ မကြီးခလည်း ဆရာကြီး၏ ဂုဏ်ကျေးဇူးကို အထူးသဖြင့် ချီးကျူး၍ မကုန်နိုင်အောင် ရှိရှာလေ၏။

ကျွန်တော်က မအေးကြည် သားကလေးနှင့် ပျော်ရွှင်ကျီဆယ်နေသည်ကို လာတိုင်းပင် တွေ့မြင်ရသဖြင့် မောင်ရွှေခိုက မအေးကြည်ကို ချစ်ရာပုံကို တွေးမိပြီး သနားစိတ်ဝင်လာကာ...

"မအေးကြည် ခင်ဗျားမောင်ကြီးလဲ ခင်ဗျားကို ဒီလိုပဲ ချစ်ရှာမှာပေါ့နော်"

ဟုဆိုလျှင် မအေးကြည်လည်း...

"ဩော်... ဟုတ်ကဲ့ ဆရာ မောင်ကြီးချစ်တာကတောင် သာပါလိမ့်ဦးမယ်ရှင်။ တကယ်ဆိုတော့ ကျမက ရိုင်းရာကျပါတယ်။ သို့ပေတဲ့ ဒီဘဝမှာလဲ လင်နဲ့သားနဲ့ မိနဲ့ဘနဲ့ဆိုသလို ကိုယ်နဲ့ပတ်သက်တဲ့ သံယောဇဉ်က အမျှင်တွယ်နေလေတော့ မောင်ကြီးကို တကယ်တမ်း မစိမ်းကားပေတဲ့ စိမ်းကားရတဲ့ အနေမျိုး ရောက်ရတာပဲရှင်။

ယခုလဲ သူ့ခမျာ သစ္စာရေကြောင့် မခေါ်ရပေတဲ့ ခဏခဏ လာစကားပြောရှာတယ်။ တစ်ခါတလေများ သူ့ဥစ္စာသိုက်ကြီးအတွင်းမှာ ထားတဲ့ ပစ္စည်းဘဏ္ဍာများ ဘယ်သို့ ဘယ်ပုံ တိုးပွားတယ်။ ဘယ်နေရာထားတဲ့ ကျောက်သေတ္တာကြီးကို ဒီနေ့ဖြင့် ဘယ်နေရာရွှေ့လိုက်တယ် ဘယ်သိုက်ဆရာလာလို့ ဘာဖြစ်တယ် ဆိုတာတွေ အကုန်လာလာပြောရှာတယ်။ တစ်ခါတလေလဲ ဩော်... ငါ့မှာတော့ တစ်ယောက်တည်း တလွမ်းလွမ်း တဆွေးဆွေးနဲ့ နေလိုက်ရတာ သူ့မှာတော့ သားနဲ့ လင်နဲ့ ပျော်လို့ပါကလား။ အင်း ငါမှားတယ် ငါမှားတယ် နင် လူ့ပြည်သွားဖို့ အခွင့်တောင်းတုန်းက ခွင့်ပေးမိတာ အင်မတန်မှ မှားသွားတာပဲလို့ ဆိုဆိုပြီး ငိုတာပဲရှင့်။

တစ်ခါတလေတော့ ကျမမျက်နှာကို ဒေါသတကြီးနဲ့ သေသေချာချာကြည့်ပြီး ငါဖြင့် နင်ကစားတဲ့ ပတ္တမြားလုံးကလေးတွေနှင့် နင်ပန်တဲ့ ရွှေပန်းခိုင် ငွေပန်းခိုင်ကလေးတွေ ကြည့်ကြည့်ပြီး နေ့ရှိသမျှ ငါ့နမကလေးလာရင် မပေဟာင်းမနွမ်းရအောင် တိုက်ချွတ်ထားလိုက်ရတာ နင်ကတော့ ငါ့သတိရသလောက် ငါလွမ်းသလောက် ငါချစ်သလောက် ရက်စက်စိမ်းကားတယ်။ ရှိစေတော့ကွယ် ငါမှားမိပေသကိုး။ ငါ စိတ်ဆင်းရဲရသလို နင်လဲ မပြတ်မပြတ် စိတ်ဆင်းရဲစေရဦးမယ်။ ဒီတော့မှ ဩော်... ငါ့မောင်ကြီးဟာ ငါဒုက္ခဖြစ်သလို ဖြစ်ရှာမှာပဲ ဆိုတာ နင်သိမယ်တဲ့။ ဘယ့်နယ်အဓိပ္ပါယ်နဲ့ ကြိမ်းကြိမ်းသွားမှန်း မသိပါဘူးရှင်" ဟု ပြောတတ်စမြဲ ဖြစ်လေ၏။

သို့နှင့် ကျွန်တော်လည်း နောက်ဆုံးတစ်ခေါက် မအေးကြည်တို့ အိမ်ရောက်ခဲ့ပြီးမှ နောက်ထပ် မရောက်ပဲရှိခဲ့ရာတွင် မကြာမီ စဥ့်ကူးမှ လူနာတစ်ဦးက ဆရာကြီးနှင့် ကျွန်တော့်အား ပင့်ခေါ်လာသဖြင့် လိုက်ပါသွားကြရမည် ဖြစ်သောကြောင့် မတ္တရာမြို့က အသိအကျွမ်း တပည့်တပန်းများ လိုက်လံနှုတ်ဆက်သောနေ့တွင် မအေးကြည်တို့ အိမ်သို့လည်း ဝင်ခဲ့ရာ ကျွန်တော့်မှာ သွားခါနီးမှ စိတ်မကောင်းစရာ အကြောင်းတစ်ခုကို တွေ့ရပြန်လေ၏။

အကြောင်းမူကား အခါတိုင်း မအေးကြည်၏ ရင်ခွင်တွင် ပျော်ရွှင်နေသော ၎င်း၏သားငယ်ကလေးမှာ ကြာယပ်တွန့်တွေ ဆင်ထားသော ဘိုင်စကယ်အလောင်းစင်ကလေးပေါ်တွင် စင်းစင်းကလေး သေနေရှာသည်ကို တွေ့ရလျက် မိခင်ဖြစ်သူ မအေးကြည်မှာလည်း ရင်ဘတ်ကို စုံထု၍...

"အို... အပုရဲ့ သားကြီးရဲ့ အမေ့ကို ခွဲထားခဲ့တော့မလားကွဲ့"

ဟု လူးကာလိမ့်ကာ အရူးပမာ ငိုကြွေးလျက်ရှိသည်ကို မြင်ရလေရာ ကျွန်တော်လည်း ဝမ်းနည်းစွာနှင့် မောင်သော်အနီးသို့ ကပ်ကာ...

"ဘာရောဂါနဲ့ ဆုံးရှာသလဲ ခင်ဗျ။ ကျွန်တော်တို့တောင် မသိရပါကလား"

ဟုပြောလျှင် မောင်သော်လည်း ဝမ်းနည်းစွာ ခေါင်းကြီးခါလျက်…

"ဆရာရယ် မောင်ရွှေခိုရဲ့လက်ချက် ထင်တာပဲ။ မနေ့ညက သူ့အမေရဲ့ ရင်ခွင်ထဲမှာ ခါတိုင်းလို အကောင်းသားနေလျက်မှာ အိမ်ရှေ့ကလဲ ခွေးတွေအူပြီးရော အိမ်ပေါ်လဲ ဂျုံးဂျုံးဒိုင်းဒိုင်း အသံတွေ ကြားလို့ ကလေးတစ်ချက်ထဲ လန့်အော်လိုက်တာပဲ အမေကလဲ လေ့ကားက မဲမဲကောင်ကြီး ဆင်းသွားတာ မြင်လိုက်ရသတဲ့"

ဟု လေးလေးတွဲတွဲ တစ်လုံးချင်း ပြောပြသောအခါ ကျွန်တော့်မှာ မောင်ရွှေခို၏ လက်ချက်ပဲဟု အတတ်စွဲချင်၍ လာရာတွင် (နင်လဲ ငါစိတ်ဆင်းရဲသလို ဆင်းရဲဒုက္ခတွေကြုံစေရမယ်။ ငါ့နမမှာ ငါကဲ့သို့ ၅၂၈ သွယ်သော ချစ်မေတ္တာမျိုးနဲ့ ပတ်သက်ပြီး ဒုက္ခကြီး ဆက်ကာဆက်ကာ တွေ့ပါစေ) ဟု မောင်ရွှေခို ကျိန်ဆဲခဲ့သည်ကို ပြေး၍ သတိရလိုက်သောအခါ 'အင်း… ဧကန္တ သူ့လက်ချက်ပါပဲ၊ တယ်လဲ အမျက်ကြီးရှာပါကလားနော်။ ဩော်… မောင်ရွှေခို မောင်ရွှေခို' ဟု စိတ်ထဲက ပြောကာ တဲအိမ်ရှိရာသို့ ဝမ်းနည်းစွာ လှည့်ပြန်ခဲ့ရပါကြောင်း။

**'မှော်ဆရာမှတ်တမ်း' အမှတ်(၁) ပြီး၏။**